မိုးသက်ငြိမ်းထက်

# တကယ်ခူးတော့ စူးမိတယ်



# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၅၇၆၀၅၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၆၆၈၀၆၀၇ |
| မျက်နှာဖုံးပန်းချီ | - | ခန့်မင်းထက် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုး (မြ - ၀၃၉၀၀) |
| | | ၈၈ (၃ထပ်-ညာ)၊ ၃၈လမ်း ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့် | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| အတွင်းပုံနှိပ်သူ | | အမှတ်(၈၀/၁)၊ သံလွင်လမ်း၊ |
| | | ပဟန်းမြို့နယ်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွေး |
| ထုတ်ဝေခြင်း | - | ဒုတိယအကြိမ် |
| | | ၂၀၀၇ ခုနှစ် ဇူလိုင်လ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |


**မိုးဆက်လင်းထက်**

ခေတ်အဆက်ဆက် တက္ကသိုလ်တိုင်းမှာ...

ကြုံတွေ့နေကျ ဇာတ်လမ်းလေးတွေထဲကတစ်ပုဒ်ပါ...။

မပြောပုဆိုး ရိုးရိုးလေးလို့...

မှတ်ယူချင်လည်း ဖြစ်ပါတယ်ဗျာ...။

“အဘ အမည်”

“ဒိုးဂွင်း”

“ရှင့်အဖေနာမည်မေးနေတာ”

“ဟုတ်. . . ဟုတ်ပါတယ်၊ ကျွန်တော့်အဖေနာမည် ဦးဒိုးဂွင်းပါ”

ခေါင်းမှာ အုပ်ဆောင်းအဖြူကြီးဆောင်းထားတဲ့ နပ်စ်မက စုတ်တစ်ချက်သပ်ပြီး စိတ်ပျက်တဲ့အမူအရာနဲ့ ဆက်မေးတယ်။

“ထားပါတော့. . . ရှင့်နာမည်ပြော”

“သဒိုးတေဇ”

သည်တစ်ခါတော့ မျက်နှာက ရှုံ့ပါရှုံ့သွားတယ်၊ နှာခေါင်းရှုံ့၊ လည်ခါခေါင်းခါနဲ့ အနီရောင်ကြက်ခြေခတ်ထားတဲ့ စာအုပ်ကလေးမှာ ဆက်ရေးတယ်။

“နေရပ်လိပ်စာပြောပါ”

“နွားထိုးကြီးမြို့နယ်၊ ကျွဲကြီးကျေးရွာ”

နပ်စ်မ ခေါင်းဆတ်ခနဲ ထောင်သွားတယ်. . .။

“ဒီမှာ. . . ရှင် လာနောက်နေတာလား. . ဒါ နောက်စရာမဟုတ်ဘူး”





အသံက သူ့လုပ်စာစားနေရသလိုပဲ မာလိုက်တာ။ သူ့ရင်ထဲမှာ ဘင်းခနဲဖြစ်သွားတယ်။

“အစ်မမေးလို့လည်း ဖြေရသေးတယ်. . .၊ ဒါ ကျွန်တော့်ဇာတိပဲ”

နပ်စ်မ စိတ်ရှုပ်စွာ သူ့လည်ပင်းသူကုတ်ရင်း. . .

“ဒုက္ခပါပဲ. . . ဘယ်လိုလူနဲ့ လာတွေ့နေလဲမသိဘူး. . .၊ ထားတော့ ထားတော့. . . ရှင် အခုလောလောဆယ် နေတဲ့နေရာကိုမေးတာ၊ အဲဒီနေရာကိုပဲဖြေ”

“ဒဂုံမြို့သစ်. . .၊ ဟို. . . ဓမ္မာရုံကြီးရှိတယ်၊ ကွမ်းယာဆိုင်အကြီးကြီးရှိတယ်၊ အဲဒီဘေးက လမ်းကို ဝင်ပြီးပြီးချင်း ညာဘက်လေးအိမ်ကျော်”

“ရပြီ. . . ရပြီ. . .၊ ကျွန်မသဘောပေါက်သွားပြီ၊ ကိစ္စမရှိဘူး ဆက်မပြောနဲ့တော့နော်. . .၊ တောင်းပန်ပါတယ်. . . ဟူး. . . စိတ်ရှုပ်လိုက်တာ”

ဖြစ်သွားရပြန်ပြီ၊ သူပဲမေးလို့ အတိအကျပြောရသေးတယ်၊ လူကို ဘာများမှတ်နေလည်း မသိဘူး၊ ပြီးတော့ သူ့ရှေ့ကို ခုနအချက်အလက်တွေ ရေးထားတဲ့ ကြက်ခြေခတ်အနီလေးနဲ့ စာအုပ်လေးထိုးပေးတယ်။

“ဒါ. . . ဒါ. . . ဘာလုပ်ရမှာလဲဟင်”

“ယူသွား. . . ပြီးရင် ဟိုအခန်းလေးထဲ ဝင်သွားလိုက်၊ အထဲမှာ ဆရာဝန်ရှိတယ်. . . သူ့ကိုပေးလိုက်”

“ကျွန်. . . ကျွန်တော်က ဘာလုပ်ဖို့ ဆရာဝန်နဲ့တွေ့ရမှာလဲဟင်”

နပ်စ်မမျက်လုံး ကွမ်းသီးလုံးခန့် ပြူးထွက်သွားတယ်လို့ ထင်လိုက်ရပါတယ်။

“ဘာရှင့်. . . ရှင် ဒီကိုလာတာ ဆရာဝန်နဲ့ပြဖို့လာတာမဟုတ်ရင်. . . ဘာလုပ်ဖို့လဲ. . . အပျော်ခရီးထွက်လာတာလား. . . တကတည်း အူကြောင်ကြောင်နဲ့”

“နေပါဦး. . . ခင်ဗျားတို့က ကျွန်တော့်ကို ဆရာဝန်နဲ့ပြခိုင်းနေရအောင် ကျွန်တော်က ဘာမှမဖြစ်တာ”

"ဘာ. . . ဘယ်လို. . . ရှင်ဘာမှမဖြစ်ရင် ဒီကိုဘာလာလုပ်တာလဲ၊ ရှင်ခွေးမနလား"

[illegible]နေတော့၊ ငြိမ်ခံနေလျှင် ရောင့်တက်မည်။ သဒိုးတေဇတို့ကို ဒါမျိုးလာ[illegible]တော့ ဘယ်ရမလဲ၊ စောစောကတည်းက ပြောချင်နေတာ၊ သူ့ကို တကူးတကန့် ထွက်လည်းခေါ်သေးတယ်၊ ပြီးတော့ မေးချင်ရာမေးလို့ အားရမှ ပေါက်[illegible]ဟိန်းလားနဲ့။

"ဒီမှာ. . . ကျွန်တော့်ကို ခင်ဗျားတို့က ဘာများထင်နေလဲ၊ ခေါ်လည်း ခေါ်သေးတယ်၊ လူကို ပေါက်လား[illegible]ကားနဲ့၊ အရူးသလေး ဘာလေးနဲ့၊ ကျွန်တော်မရူးဘူး၊ ခင်ဗျားတို့သာ ရူးနေတာ. . ."

"အလိုတော်. . . ဒုက္ခပါပဲ၊ ရှင်ဘယ်လိုလူလဲ. . . ဒါ ဆေးခန်းနော်၊ ရှင်ဘာထင်နေလဲ. . . ဆေးခန်းဆိုရင် ဆေးမကုလို့ ရှင်က ဘာလုပ်ချင်လို့လဲ. . .၊ ရုတ်ရုတ် ရုတ်ရုတ်တော့ လာလုပ်မယ်မကြံနဲ့နော်၊ ဖုန်းတစ်ချက်ဆက်လိုက်တာနဲ့ ရှင်ဘဝပျက်သွားမယ်. . . ဘာမှတ်လဲ"

"ဘာဗျ. . . ခင်. . . ခင်ဗျားနော်၊ ကျွန်တော် ခင်ဗျားတို့ကို ဘာစော်ကားလို့လဲ. . . ခင်ဗျားပဲ ကျွန်တော့်ကို မေးချင်ရာမေးပြီး ခင်ဗျားလုပ်ချင်တိုင်း လုပ်နေတာ"

နပ်စ်မ သူ့မျက်နှာကို တစ်ခါမှမမြင်ဖူးသည့် သတ္တဝါတစ်ကောင်လို ကြည့်ပြီး. . .။

"ဒါနဲ့. . . ရှင် ကျွန်မဆီ ဘာလာလုပ်တာလဲ"

"သူ. . . ခေါ်လာတာ"

သူလည်း ဒါမျိုးတော့ ဘယ်ရမလဲ၊ သူ့ကို ခုနထွက်ခေါ်တဲ့ အသားမည်းမည်း ကုလားမကြီးကို လက်ညှိုးထိုးပြလိုက်တာပေါ့။

နပ်စ်မအကြည့်က သူ့ဆီကနေ ခုနကုလားမကြီးဆီ ရောက်သွားတယ်။

"နာနီ. . . သူ့ကို ဘယ်ကခေါ်လာတာလဲ"

"ဆရာမလေး. . . နာနီနော်. . . သူ့ကို အပြင်ခုံမှာတွေ့လို့နော်. . .





ခေါ်လာတာ၊ နာနီနော်. . . ဘာမှမသိဘူး"

ကုလားမကြီးလည်း အခုတော့ သူမဘုတ်သဂါနဲ့ အ[illegible]ကြောက်အကန်ငြင်းနေတော့တယ်။ သူ ခေါင်းကော[illegible]။ အဲဒီအချိန်မှာပဲ နပ်စ်မက သူ့ဘက်ပြန်လှည့်ပြီး

"ဒါနဲ့. . . ရှင် ဒီဆေးခန်းကို ဘာလာလုပ်တာလဲ"

"ကျွန်တော့်အသိနဲ့လိုက်လာတာ"

"ဘာ. . . ရှင့်အသိတစ်ယောက်နဲ့"

"ဟုတ်တယ်. . . ကျွန်တော်က ဘာလို့ဒီကိုလာရမှာလဲ၊ ကျွန်တော်က အကောင်းကြီး၊ ခေါင်ခေါင်ကိုမြည်လို့. . . ကျွန်တော့်အသိဖျားလို့ အဖော်လိုက်လာတာ"

"ဟင်. . . ဒါဆို ရှင့်အသိက ဘယ်မှာလဲ"

"သူ ကွမ်းသွားဝယ်နေတယ်. . . ကျွန်တော့်ကို ဒီမှာပဲစောင့်နေ ဘယ်မှမသွားနဲ့ဆိုတာနဲ့ ကျွန်တော်အပြင်မှာ သူပြန်အလာထိုင်စောင့်နေတာ၊ အဲဒါကို ဒီက မနာနီက လာဆိုပြီး ကျွန်တော့်ကို ခင်ဗျားဆီခေါ်လာတာ"

"ဟရေ့. . . ဘယ်က နာနီ[illegible]. . . နာနီ. . . ကောင်းလေးနော်၊ နင် ငါ့နာမည်မဖျက်နဲ့"

အရေးထဲ နာနီကတစ်မျိုး သူ့ခေါင်းကို တဗျင်းဗျင်း အားရပါးရ ကုတ်ပစ်လိုက်သည်။ ကိုသာအေးကလည်း ဘယ်အထိများ သွားဝယ်နေလည်းမသိ၊ ဒီကကောင်မှာတော့ ဘုမသိဘမသိ ဒုက္ခရောက်နေပြီ. . .။

"ကျွတ်. . . ဒါဆို ရှင် အစောကြီးကပြောပါလား၊ ဘာလို့ ကျွန်မမေးတာတွေ လျှောက်ဖြေနေလဲ. . . ဒုက္ခပါပဲ. . . အလုပ်ရှုပ်ရတဲ့အထဲ ဘယ်လိုလူနဲ့ လာတွေ့နေလဲမသိဘူး"

"သိဘူးလေ. . . ခင်ဗျား ကျွန်တော့်အကြောင်းတွေ သိချင်နေတယ်ထင်လို့"

"ရှင့်အကြောင်းတွေ ကျွန်မက ဘာလို့အားအားယားယားသိချင်နေ

ရမှာလဲ. . .၊ ဟင်း. . .ဒုက္ခ. . .ဒုက္ခ၊ ကဲ. . .ကဲ. . .ကဲ. . .အဲဒါဆို သွား သွား. . .အပြင်မှာပဲ သွားထိုင်စောင့်နေ၊ ရှင့်မိတ်ဆွေလာမှပဲ ဒီကို လွှတ်လိုက်”

“ဟုတ်ကဲ့. . .ဩော်. . .ဒါနဲ့ ဒီစာအုပ်က”

သူ့လက်ထဲက ကြက်ခြေခတ်စာအုပ်လေးကို ထောင်ရင်း မေးလိုက်တော့. . .။

“ပေး ပေး. . .ရပြီ. . .သွားတော့. . .သွားတော့. . .ဟူး”

စာအုပ်ပေးမယ်လုပ်ပြီးမှ. . .

“ဟာ အစ်မ. . .ကျွန်တော့် ဘဖေနာမည် ဦးဒိုးဝွင်းဗျ. . .ဒူးဝွင်း မဟုတ်ဘူး. . .ဒီမှာ စာလုံးပေါင်းမှား. . .”

သူလည်း စာအုပ်ပေါ်က အဖေနာမည်နေရာ လက်ညှိုးထောက်ပြလိုက်တယ်။ အဲဒီနပ်စ်မလုပ်မှပဲ ရွာမှာ အေးအေးဆေးဆေးနေနေတဲ့ အဖေနာမည်ပဲ ပြောင်းရမလိုဖြစ်နေတယ်။

“ဟုတ်ပါပြီရှင်. . .ဟုတ်ပါပြီ၊ မောင်ကြီးကို ကျွန်မ တောင်းပန်ပါတယ်. . .နောက် ဒီလိုမဖြစ်စေရပါဘူးနော်. . .ကြွပါတော့ရှင်”

နပ်စ်မ သူ့ကိုပြောရင်း သက်ပြင်းချကာ ကျောရိုးမရှိတဲ့သတ္တဝါကြီးလို ကုလားထိုင်ပေါ် ပုံကျသွားတော့တယ်။ သူလည်း အပြင်ပြန်ထွက်လာခဲ့တော့တယ်။ တော်သေးတာပေါ့၊ ကံမကောင်းရင် နေရင်းထိုင်ရင်း ဆေးထိုးပါခံရကိန်းရှိတယ်။ ရွာမှာဆို နေမကောင်းရင် အဖေနာမည်တွေဘာတွေတောင် ပြောနေစရာမလိုဘူး။ ဆေးမှုးလေးနဲ့တင် ပြီးတာ။ အခုတော့ ဘာတွေမှန်းမသိ၊ သူတို့မှီ ရှုပ်ရှုပ်ယှက်ယှက် အလုပ်မရှိအလုပ်ရှာလွန်းတယ်။ ကိုသာအေးရေ ခင်ဗျားပြောတော့ ရန်ကုန်မြို့ကြီးက ပျော်စရာကြီးဆို၊ အခုတော့ တယ်မလွယ်ပါလားဗျာ. . .။

❀ ❀ ❀

“သတိုး . . .မင်း နေရာတကာ အူလည်လည်လုပ်မနေနဲ့. . .ဒါ ရန်ကုန်ကွ. . .မင်းတို့တောလိုမဟုတ်ဘူး၊ နေရာတကာ ရိုးသားနေလို့မရဘူး၊ နည်းနည်းပါးပါးလည်း တွေးတတ်ခေါ်တတ်ဦးမှပေါ့”

“ဟာဗျာ. . .ကိုသာအေးကြီးကလည်း ကျွန်တော်လည်း ဘယ်သိမလဲဗျ. . .အဲဒီကုလားမကြီးက ရှင့်အလှည့်ရောက်ပြီ လာ. . .ဆိုတော့ လိုက်သွားရတာပေါ့. . .ကျွန်တော်က ဒီလိုဘယ်ထင်ပါ့မလဲ”

“ဟင်း. . .မလွယ်ပါလား သတိုးရယ်၊ မင်းက နာမည်ကတော့ ထိပ်က. . .လူနဲ့ကိုမလိုက်ဘူး”

“ဟာ. . .ကိုသာအေးကြီးကလည်း နာမည်နဲ့ ဘာဆိုင်လို့လဲဗျ၊ အဲဒီနာမည်က အဘိုးအသိတစ်ယောက်ဆိုလား. . .မြို့က ဝန်ထောက်ကြီးတစ်ယောက် ရွာကိုလာရင်း ပေးသွားတာတဲ့. . .အဖေတို့ကလည်း အဲဒီနာမည် ကြိုက်လို့ပေးထားတာ”

ကိုသာအေးကြီး သူ့ကို ဘာမှဆက်မပြောတော့ဘဲ ခေါင်းကုတ်ဖင်ကုတ်နဲ့ ဝေါင်သွားတယ်။ ခဏလောက်နေတော့မှ. . .

"ငါပြောတာ. . အဲဒီလိုမဟုတ်ဘူး သတိုးရာ၊ မင်းလည်း တက္ကသိုလ်ကျောင်း လာတက်တဲ့ကောင်ပဲ၊ နည်းနည်းပါးပါး လည်လည်ဝယ်ဝယ်လေး နေဖို့ ပြောတာကွ. . . ရန်ကုန်မြို့ကြီးမှာ တက္ကသိုလ် လာတက်တဲ့သူ တစ်ယောက်အနေနဲ့ နည်းနည်းတော့ ပါးနပ်ဖို့လိုတယ်ကွ. . . မင်းအခုလုပ် နေပုံနဲ့ဆို ခက်ပဲ့ကွာ"

"တော်ပြီဗျာ. . . ခင်ဗျားတို့က ဒါပဲလာလာပြောနေတယ်၊ ခင်ဗျားတို့ ရန်ကုန်အထာတွေ မသိဘူးဗျာ. . . ကျွန်တော်နေတတ်သလိုနေတာ. . . ရိုးသားမှုဆိုတာ နေရာတိုင်းမှာ မတိမ်ကောပါဘူးဗျာ"

ကိုသာအေးကြီး ခေါင်းခါလည်ခါနဲ့ ဘာမှဆက်မပြောတော့ပေ။

"ဒါနဲ့ မင်းဘယ်နေ့ ကျောင်းစတက်ရမှာလဲ"

"အင်း. . . ရှေ့အပတ် တနင်္လာနေ့ထင်တာပဲ"

"အေးလေ. . . မင်းလည်း တက္ကသိုလ်ကျောင်းတော်ကြီးရောက်သွား ရင်တော့. . . အရာရာ လည်လာပါလိမ့်မယ်ကွာ. . . ငါကတော့ မင်းလို တက္ကသိုလ်တွေဘာတွေ တက်ဖူးတာတော့မဟုတ်ဘူး. . . ဒါပေမဲ့ မင်းကို တစ်ခုတော့ ပြောလိုက်ပါရစေ၊ အရာရာကို ကိုယ်က မှန်တယ်ထင်တိုင်း စွတ်ရွတ်မလုပ်နဲ့. . . ရန်ကုန်ဆိုတာ နေတတ်ရင် ကျေနပ်စရာတွေချည်းပဲ ဆိုပေမယ့်. . . လူပေါင်းစုံနေတဲ့ မြို့ကြီးပဲကွ၊ အရာရာသတိထားပေါ့ကွာ၊ တောမှာလိုတော့ ရှေ့ခုနစ်အိမ်၊ နောက်ခုနစ်အိမ် သိရုံလောက်နဲ့တော့ မပြီးဘူး ဟေ့ကောင်"

"အေးပါဗျာ"

သူတို့ လမ်းဆုံလက်ဖက်ရည်ဆိုင်လေးမှ ထတော့ ည(၉း၀၀)နာရီ တောင် ထိုးနေပြီ။ ဒါပေမဲ့ ကားတွေ၊ လူတွေ အုံကြွနေဆဲပါပဲ၊ ရွာမှာ သည်လိုအချိန်ဆို မီးခိုးကိုတိတ်လို့. . .။

❀ ❀ ❀

ဒဂုံတက္ကသိုလ်ကျောင်းဝင်းကြီးထဲ စတင်ခြေချမိလိုက်သည်နှင့် သတိုး စတင်တွေ့ကြုံရသောပြဿနာမှာ ကိုယ့်စာသင်ခန်းကို ဘယ်လိုသွားရမှန်းမသိခြင်းပင်။ တောင်ကြည့်မြောက်ကြည့်နှင့် ယောင်လည်လည်ဖြစ်နေသည်။ ကတ္တရာလမ်းမကြီးအတိုင်း လျှောက်လာလိုက်သည်။ လမ်းဘေးဝဲယာတွင် အစိမ်းရောင် ဆိုင်းဘုတ်လေးတွေနှင့် မေဂျာနာမည်တွေရေးထားတာ တွေ့လိုက်ရတော့ တစ်ခုချင်း လျှောက်ဖတ်ကြည့်သည်။ သူသင်ကြားရမည့်မေဂျာကို မတွေ့ပေ။ တစ်နေရာအရောက် ကျောင်းသားရေးရာဟု ရေးထားသော ဆိုင်းဘုတ်တစ်ခုသွားတွေ့သည်။ သည်နေရာမှာမေးရင်တော့ သိနိုင်သည်။ သူတွေးပြီး လမ်းလေးအတိုင်း ညာဘက်ချိုးဝင်လိုက်၏။ ဝင်ဝင်ချင်း ဒဂုံတက္ကသိုလ်ဟုရေးထားသော ဆိုင်းဘုတ်ကြီးတွေ့လိုက်ရတော့ ပျော်သွားသည်။ ဒါ ကျောင်းသားရေးရာ ဖြစ်နိုင်သည်။ တွေးရင်း အဲဒီဆိုင်းဘုတ်ကြီးနောက်က အဆောင်ထဲ လှမ်းဝင် လိုက်တော့သည်။

ဝင်ပြီးပြီးချင်း အုပေါက်ဝမှာတင် သကိုးကြောင်သွားသည်။ ဘယ်

သွားလို့ သွားရမှန်းမသိဖြစ်သွား၏။ လေးထောင့်ပုံသဏ္ဍာန်အဆောင်ကြီး ဖြစ်နေသည်။ အကြီးကြီးပဲ၊ ရွာက ဘုန်းကြီးကျောင်းဝင်းလောက်ရှိတယ်။ အခန်းတွေကလည်း ပေါပါဘိ။ သတိုး ဘယ်အခန်းက ကျောင်းသားရေးရာ မှန်းမသိပေ။ စိတ်ရှုပ်သွားသည်။ ခေတ်ပေါ်အဝတ်အစားပေါင်းစုံ ဆင်မြန်း ထားသော ကျောင်းသား၊ ကျောင်းသူတွေကြားထဲတွင် သတိုး ကိုယ့်ပုံစံကို ပထမဆုံးသတိပြုမိလိုက်သည်။ ရွာဘုရားပွဲတုန်းကဝယ်ထားသည့် ဖလံထည် ရှပ်အင်္ကျီအဖြူနှင့် အကွက်ကျဲလုံချည် အဖြူတစ်ထည်၊ လွယ်အိတ်ကလည်း ကိုယ့်ရွာထွက် ဆွမ်းခံထွက်ရင်လွယ်နေကျ ဂျပ်ခုတ်အဖြူရောင် သူ့ပုံစံက တက္ကသိုလ်ကျောင်းသားနဲ့မတူဘဲ ကွက်စိပ်ဆရာလိုလိုဖြစ်နေသည်။ သတိုး အားငယ်သွားတာတော့အမှန်ပင်။ သို့သော် မတတ်နိုင်၊ သူ ရွာကပါလာသော အဝတ်အစားများတွင် ဒါအသားနားဆုံးဖြစ်သည်။ သတိုး လွယ်အိတ်ကို စလွယ်သိုင်း၍ ခြေဦးတည့်ရာ အရှေ့စကြိုအတိုင်းဆက်လျှောက်လာခဲ့သည်။ တချို့အခန်းများတွင် အလှူပေးနေသလို လူတွေကြိတ်ကြိတ်တိုးနေ၏။ ဆိုင်းဘုတ်လေးတွေတော့ ရေးထားသည်။ ဖတ်ရင်း လျှောက်လာ၏။ ကျောင်းသားရေးရာကို အခုထိမတွေ့သေးပေ။ လျှောက်ရင်း အခန်းတစ်ခန်း ရှေ့ရောက်တော့ လူရှင်းနေတာတွေ့ရ၏။ သည်နေရာမှာ သွားမေးရင်တော့ သိနိုင်သည်ဟုတွေးပြီး လှည့်ဝင်လိုက်သည်။ မှန်တွေကာထားသော အခန်း နောက်မှ ဝတုတ်တုတ်အစ်မကြီးတစ်ယောက်ကို လက်ဝါးလောက်ရှိသည့် အပေါက်ကလေးအတွင်းမှ ခေါင်းငုံ့၍. . .

“အစ်မ. . . အင်္ဂလိပ်စာမေဂျာ ဘယ်လိုသွားရမလဲဟင်”

မိန်းမဝဝကြီး သူ့ကိုတစ်ချက်လှည့်ကြည့်သည်။ ထမင်းစားလက်စ ဇွန်းကို စတီးချိုင့်ထဲ ‘ဂွပ်’ခနဲချ၍. . .

“ဒီက ပြန်ထွက်သွားလိုက်၊ ကတ္တရာလမ်းရောက်ရင် ဟိုဘက်ခြမ်းက လမ်းဘေးမှာ ဆိုင်းဘုတ်တွေ့လိမ့်မယ်”

ခပ်ပြတ်ပြတ်ပြောပြီး ခုနချလိုက်သည့်ဇွန်းကို ကောက်ကိုင်လိုက်က





ထမင်းကို ရန်သူလို နှိမ်နင်းနေတော့သည်။ ဒါကြောင့် ဒီလောက်ဝနေတာ ဖြစ်မှာ. . .။

ကတ္တရာလမ်းကိုကူးလိုက်တော့ ဆိုင်းဘုတ်လေးမှာ အင်္ဂလိပ်စာဟု ရေးထားတာ တွေ့လိုက်ရ၏။ တခြားမေဂျာတွေလည်း ရေးထားတာတွေ့ သည်။ သူ ဆက်ဖတ်မနေတော့၊ မြေလမ်းကလေးအတိုင်း လျှောက်ဝင်လာ လိုက်သည်။ ညာဘက်ခြမ်းမှာလည်း အဆောင်တွေရှိသည်။ ဘယ်ဘက်ခြမ်း မှာလည်း တွေ့ရ၏။ ဘယ်အဆောင်က အင်္ဂလိပ်စာဌာနလဲ၊ စိတ်ပျက် သွားရပြန်ပြီ။ လမ်းလယ်ကောင်ကြီးမှာ မတ်တတ်ကြီးရပ်၍ ဘယ်လိုဝင်မှန်း မသိ ဖြစ်သွား၏။

“တီ. . .”

အနောက်မှ ကားဟွန်းသံ ရုတ်တရက်ကြားလိုက်ရတော့ ရင်ထဲ ဒိန်းခနဲဖြစ်သွားပြီး လန့်ဖျပ်ခုန်ရှောင်လိုက်ရသည်။ ကိုးရိုးကားရားဖြစ်သွား သောသူ့ကို ကားထဲမှ ကောင်မလေးတစ်အုပ် ဝိုင်းလောင်သွားကြ၏။ သူ တော်တော်ရှက်သွားသည်။ ဒါပေမဲ့ မတတ်နိုင်။ သူဘာမှပြန်မပြောရဲပေ။ သူ့ရှေ့မှာ ခြင်းတောင်းကိုင်ဖြတ်သွားသော ဆရာမတစ်ယောက်ကိုတွေ့တော့ ပျော်သွားပြီး နောက်မှပြေးလိုက်သွားကာ. . .

“ဆရာမ ဟို. . . အင်္ဂလိပ်စာမေဂျာက ဘယ်အဆောင်လဲဟင်”

ဆရာမက သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်၍. . .

“ဒီအဆောင်ပဲ”

ဆောင့်ကြီးအောင့်ကြီးပြောက . သူ့ညာဘက်က အဆောင်ကိုညွှန်၍ ခြေဆောင့်ထွက်သွား၏။ ဘယ်လိုပါလိမ့်၊ သူမေးလိုက်သောစကားတွင် ဘာ အမှားပါသွားလို့လဲ၊ သူခေါင်းကုတ်၍ အဆောင်ထဲ လှမ်းဝင်မလို့အလုပ် ခုန ဆရာမက လမ်းတစ်ဝက်မှာရပ်တန့်၍ သူ့ကိုလှည့်ကြည့်ကာ. . .

“ဒီမှာ. . . ဖိုးသူတော်ပေါက်စ၊ မြဲမြဲမှတ်ထား. . . ငါက ဆရာမ မဟုတ်ဘူးဟဲ့. . . နောက်တစ်ခါ လူကြည့်ပြီးပြော. . . အခုမှ ကျောင်းသူပဲ

ရှိသေးတာ. . . အသက်က (၃၀)တောင်မပြည့်သေးဘူး"

သူ တော်တော်အူကြောင်ကြောင် ဖြစ်သွားတာတော့ အမှန်ပင်၊ ကျောင်းသူတဲ့၊ လက်ထဲမှာလည်း ခြင်းတောင်းနဲ့၊ အသက်ကလည်း သူတို့ ရွာအထက်တန်းကျောင်းက ဆရာမလောက်ရှိမည်။ ဘယ်လိုဖြစ်ပြီး သည် အရွယ်ကြီးတောင် ကျောင်းသူဖြစ်နေရတာလဲ၊ သူ အူလည်လည်ဖြစ်သွား သော်လည်း ဘာမှဆက်မပြောရဲဘဲ ထွက်လာခဲ့လိုက်တော့သည်။ ခုန ဆရာမ ခေါ်ခံရလို့ တင်းပြီးကျန်ခဲ့တဲ့ ကျောင်းဆွေးကြီးကတော့ သူ့ကိုကြည့်ရင်း မျက် စောင်းထိုး ကျန်ခဲ့လေရဲ့။ ဩော် လူတွေ. . . လူတွေ. . . အသက်ကြီးတယ် ထင်ခံရရင် မကြိုက်ကြပါလား"

စကြိုလမ်း ထောင့်ချိုးလေးတွင် ဈေးဆိုင်လေးတွေ့လိုက်ရတော့ သူ သေချာသွားအောင် မေးကြည့်လိုက်၏။

"ဟုတ်တယ်. . . ဒါပဲ"

သေချာသွားတော့မှ သူပျော်သွား၏။ သူ စာသင်ရမယ့်အခန်းကို ရောက်ပြီ။ ရင်ထဲမှာ ခွန်အားတွေပြည့်လာသလိုပင်၊ သူ ရင်တွေလည်းတော် တော်ခုန်သွားသည်။ သူ တက္ကသိုလ်ပညာတွေ စတင်သင်ကြားရတော့မည်။ ဘာတွေသင်ရမည်နည်း။ သူ့အပျော်လွန်ကာ တပြုံးပြုံးလျှောက်လာလိုက် တော့သည်။

"ဟင်. . . "

သူသင်ရမည့် မေဂျာလည်းဟုတ်ပြီ။ စာသင်ဆောင်လည်း ဟုတ်ပြီ၊ ဒါဆို သူသင်ရမည့်အခန်းက ဘယ်အခန်းလဲ၊ သူအူသွားပြန်သည်။ အပျော် စိတ်လေးတွေ ရုတ်ခြည်း မှေးမှိန်သွားရပြန်ပြီ။ စကြိုလမ်းဘစ်ခုမှာတင် အခန်းသုံးလေးခန်းရှိနေသည်။ သူ ဘယ်အခန်းဝင်သင်ရမှာလဲ၊ ဟူး. . သူ သက်ပြင်းချ၍သာ ရပ်နေလိုက်ရတော့သည်။ တွေ့တဲ့အခန်းကိုလည်း စွတ် ရွတ်မဝင်ရဲပေ။ တော်ကြာ အခန်းမှားလျှင်ဒုက္ခ၊ သတိုး တက္ကသိုလ်ဆိုတာ ကြီးကို အခုမှ မျက်ဝါးထင်ထင်တွေ့လိုက်ရ၍ အရာရာကြောက်နေ၏။





တက္ကသိုလ်မှာ အခန်းမှားဝင်လျှင်လည်း ပြဿနာမရှိဘူးဆိုတာ မသိပေ၊ သူသိတာ ရွာက စာသင်ကျောင်းလောက်ပဲသိသည်။ ရွာကကျောင်းမှာဆို အခန်းမှားဝင်လျှင် ရိုက်ခံရသည်။ ဆူခံရ၏။ နောက်ဆုံး အခန့်မသင့်လျှင် ကျောင်းအုပ်ကြီးရုံးခန်းပါ ရောက်ရတတ်၏။ သတိုး တက္ကသိုလ်ကိုလည်း ရွာကျောင်းလိုထင်နေမိတော့သည်။ ဒါကြောင့် မသေချာလျှင် ဘာမှမလုပ် ရဲပေ။ သတိုး ဘေးဝဲယာ တစ်ချက်လှည့်ကြည့်လိုက်၏။ တစ်ယောက်ယောက် ကိုမေးလျှင် သိနိုင်သည်။ မေးလျှင်လည်း ယောကျ်ားလေးအချင်းချင်းပဲ မေး ရဲသည်။ မိန်းကလေးတွေတော့ သိပ်မမေးရဲ၊ ခုနကတင် ကျောင်းသူနဲ့ဆရာမ မှားပြောမိ၍ ဟောက်ခံခဲ့ရသည်။ ခဲမှန်ဖူးသော စာသူငယ်လို လေးခွမြင်ရင် ကြောက်နေမိသည်။

သူ့ရှေ့ ခပ်လှမ်းလှမ်းမှ ကောင်တစ်ကောင်လှမ်းမြင်လိုက်ရသည်။ ပုံစံကတော့ သူဖော်မပြတတ်သောပုံစံပင်။ လက်မှာ ငါးဆူးတောင်တွေလို အချွန်အတက်တွေ အပြည့်ပတ်ထားသည်။ ဆံပင်က နေလောင်ထား၍ ထင်သည် နီကြောင်ကြောင်ဖြစ်နေ၏။ လည်ပင်းမှာလည်း သေနတ်ကျည်ဆံ တွေလိုအရာတွေ ဆွဲထားပြီး၊ လူ့အရိုးလိုဟာတွေလည်း ဆွဲထား၏။ ဖိနပ် ကလည်း ခြေထောက်ကို မြွေမျိုထားသလိုဖြစ်နေသည်။ စပါးကြီးအရေခွံ လိုလို ဘာလိုလို၊ ဘောင်းဘီမှာလည်း ဘိုးလုံးတွဲလောင်းနှင့် ဘာတွေဆွဲထား လည်းမသိပေ။ သူ သည်ကောင့်ဝတ်စားဆင်ယင်မှုကို တော်တော်အံ့ဩသွား ၏။ ရွာမှာပြသည့် ဗီဒီယိုရုံတွင်ကြည့်ဖူးသော ဂြိုဟ်သားပုံပေါက်နေသည်။ လူစင်စစ်က ဂြိုဟ်သားပုံထွက်နေသော ထိုပုဂ္ဂိုလ်ကိုပင်သွားမေးရတော့မည်။

"ဒီ. . . ဒီမှာခင်ဗျ"

"ချွင်. . . ချလွင်. . . ဝွပ်"

ထိုပုဂ္ဂိုလ် သူ့ကို ချာခနဲလှည့်ကြည့်လိုက်တော့ ခန္ဓာကိုယ်မှအသံမျိုးစုံ ထွက်သွား၏။ သူဆွဲလွဲထားသော အရာတွေကပဲဖြစ်မည်။ လှည့်ကြည့်လိုက် တော့မှ မျက်နှာကိုသေချာမြင်လိုက်ရသည်။ ကာတွန်းထဲမှ သူခိုးပုံစံမျက်မှန်၊

မျက်နှုံးအစပ်မှ နားအထိ ဖောက်ဆွဲထားသောကြိုး၊ နှာခေါင်းမှ ဖောက်ထားသောကွင်း၊ နားမှာလည်း အပေါက်သုံးပေါက်နှင့် နားကွင်းတွေ ရှုပ်ယှက်ခတ်နေသည်။ ဝင့်ကြီးလိုက်တဲ့ကောင်ပါလား။ ဘယ်ဘာဝက အကုသိုလ်ကြောင့် သည်လိုဝင့်ခံနေရပါလိမ့်။

"ဟို. . . အင်္ဂလိပ်စာမေဂျာက ဘယ်အခန်းလဲဟင်"

ထိုပုဂ္ဂိုလ် သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်၍. . .

"အဟဲ. . . အိုင်က ကျောင်းသားမဟုတ်ဘူး. . . ယူ မှားနေပြီ၊ ဒီကို အိုင့်ကောင်မလေးဆီလာတာ"

အိုင်တွေရော၊ အင်းတွေရော စုံသွားသည်။ ရုပ်ကိုက စာကလေးကုန်းသီးမှန်ထားသလိုဖြစ်နေ၏။ သူ့ကိုလည်း အထင်သေးသည့်မျက်လုံးတွေနဲ့ ကြည့်နေလိုက်သေးသည်။

သူ အဲဒီကောင်ကို ဘာမှဆက်မပြောတော့ဘဲ လှည့်ထွက်ခဲ့တော့သည်။ အခန်းတစ်ခန်းရှေ့မှ လည်ခေါင်းတုံးအဖြူကို သပ်သပ်ရပ်ရပ်ဝတ်ထားသော လူတစ်ယောက်ကို တွေ့လိုက်ရတော့ အားတက်သွား၏။ ရုပ်ကလည်း တည်တည်ကြည်ကြည်နှင့် ခန့်ခန့်ညားညား၊ သည်လူကတော့ တက္ကသိုလ်ကျောင်းသား ဖြစ်နိုင်သည်။ သူလှမ်းသွားပြီးမေးလိုက်တော့ အခန်းသုံးခန်းထဲမှ ကြိုက်ရာအခန်းကို တက်နိုင်ကြောင်း၊ နောက်မှ (Roll)နံပါတ်အလိုက် အခန်းခွဲမည်ဖြစ်ကြောင်း သေချာရှင်းပြ၏။ သူပျော်သွားသည်။ ဒါကြောင့်. . .

"ဟို. . . အစ်ကိုက [illegible]မေဂျာကလဲဟင်"

သူလည်း ထိုသူကိုကျေးဇူးတင်သွားကာ အားရဝမ်းသာ မိတ်ဆက်စကားဆိုလိုက်၏။ ထိုသူက သူ့ကိုပြုံးကြည့်ကာ. . .

"ကျွန်တော်က သချင်္ချာဆရာပါ"

ဟင်. . . သူ တော်တော်အားနာသွားသည်။ ပြီးတော့ လန့်လည်းလန့်သွား၏။ ဆရာတဲ့. . .၊ မတော် သူ့ကိုမကျေနပ်၍ ထဆူနေလျှင်ဒုက္ခ။

"ဟို. . . ဟို. . . ကျွန်. . . ကျွန်တော်မသိလို့ပါ ဆ. . . ဆရာ. . .





ခွင့်လွှတ်ပါနော်"

ဆရာက သူ့ပခုံးကို ရင်းနှီးနွေးထွေးစွာဖက်ကာ. . .

"ရပါတယ် ငါ့ညီရာ၊ ဆရာနဲ့တပည့်ဆိုတာ တက္ကသိုလ်မှာ ညီရင်းအစ်ကို မိတ်ဆွေတွေလိုပါပဲကွာ. . . ရပါတယ်"

သူ ဆရာ့ရဲ့စကားကိုကြားရတော့ ရင်ထဲမှာ အပူလှိုင်းတစ်ခုစီးဝင်လာသလို နွေးခနဲဖြစ်သွား၏။ စိတ်ထဲမှာလည်း အားအင်တွေပြည့်ဖြိုးလာသလိုပင်၊ ဆရာက သူ့ပခုံးကို ခပ်ဖွဖွတစ်ချက်ပုတ်ကာ သွားဦးမယ်ဟုပြော၍ ထွက်သွားတော့သည်။ သတိုး အခုမှပင် ဟင်းခနဲ သက်ပြင်းချနိုင်သွား၏။ ကိုသာအေးရေ. . . တက္ကသိုလ်ဆိုတာ ထင်ထားတာထက် ကြီးကျယ်ခန်းပြားလွန်းပါလားဗျာ. . .။

❀ ❀ ❀

ဒဂုံ တက္ကသိုလ်ထဲတွင် သူ ကန်တင်းစထိုင်ဖူးခြင်းသည် ကျောင်းတက်ပြီး (၄)ရက်မြောက်နေ့တွင်ဖြစ်ပေသည်။ သူနဲ့ ကျောင်းစတက်သည့်နေ့ကတည်းက တစ်ခုံတည်းထိုင်သည့် အေးကိုနှင့် ဝေယံတို့ပါ ပါသည်။ အခုလောလောဆယ် သူ့မှာ သူငယ်ချင်းနှစ်ယောက်ရထား၏။ အေးကိုက သဘောကောင်းပြီး အစအနောက်သန်သည်။ ဝေယံကတော့ သူဌေးသားဖြစ်၏။ ကျောင်းသို့ ကိုယ်ပိုင်ကားနှင့်ကျောင်းတက်နိုင်သောလူတန်းစားထဲတွင်ပါသည်။ ငွေကို ဖောဖောသီသီသုံးနိုင်၏။ သို့သော် မာနမကြီး၊ အားလုံးကိုတန်းတူဆက်ဆံပြီး ပျော်ပျော်နေတတ်သည်။ သူ့ကိုလည်း နှစ်ယောက်စလုံးက ခင်ကြသည်။

ကန်တင်းစရောက်ရောက်ချင်း လူက မနေတတ်မထိုင်တတ်ဖြစ်နေရသည်၊ တစ်ခါမှ လက်ဖက်ရည်ဆိုင်မှာ သည်လောက်လူအများကြီး မတွေ့ဖူးတော့ ပွဲခင်းထဲရောက်နေသည့် မျောက်တစ်ကောင်လို ကြောင်တောင်တောင်ဖြစ်နေ၏။ စားပွဲထိုးလာမေးတော့ ဘာမှာလို့ မှာရမှန်းမသိပေ။ သူကိုသာအေးနှင့် ညဘက် တစ်ခါတလေ လက်ဖက်ရည်ဆိုင်ထိုင်လျှင် လက်ဖက်ရည်သာ မှာသောက်ကြပြီး တခြားဘာမှမစားဖြစ်၍ လက်ဖက်ရည်





ဆိုင်လိုဟာမျိုးကို ဘာတွေရလို့ရမှန်းမသိပေ။ အေးကိုနဲ့ဝေယံကတော့ စုံနေအောင် မှာကြသည်။ သူကတော့ သူတို့မှာတာတွေကို ပါးစပ်လေးဟပြီး ကြည့်နေဖို့ပဲတတ်နိုင်သည်။ သူတို့လိုမမှာတတ်ပေ။ မှာတတ်ရင်လည်း မမှာရဲ၊ တော်ကြာ ပိုက်ဆံအများကြီးကုန်သွားလျှင် ဒုက္ခ၊ သူ့မှာ အပြန်ကားခချန်ရဦးမည်။ အိတ်ထဲမှာ နှစ်ရာလားကျန်တော့သည်။ အိမ်ကပါလာတာနှစ်ရာ့ငါးဆယ်၊ မနက်က ကားခနုတ်လိုက်လျှင် သိပ်တော့မကျန်တော့၊ ဒါကြောင့် ရေနွေးကြမ်းခွက်သာ ကောက်ကိုင်လိုက်သည်။

"သတိုး. . . ဘာမှမစားတော့ဘူးလား"

"ဟင့်အင်း. . . မစားတော့ဘူး"

"ဘာလဲ. . . မဆာလို့လား"

"အင်း. . . ဆာလည်း မဆာဘူး၊ ပြီးတော့ ပိုက်ဆံလည်းကုန်မှာစိုးလို့"

ပွင့်လင်းလွန်းသော သူ့စကားကြောင့် နှစ်ယောက်လုံးကြောင်တောင်တောင်ဖြစ်သွားတာတော့ အမှန်ပင်။ သို့သော် ခဏပါပဲ၊ ဝေယံက ဟက်ခနဲထရယ်ပြီး. . .

"သတိုးရယ်. . . မင်းကလည်း ဆာရင်စားပါကွာ၊ ငါတို့မှာ ပါပါတယ်"

ဒါမျိုးကျ သူလက်မခံပေ။ သူ့မှာ တစ်ပြားမှမရှိတာမှမဟုတ်တာ၊ နှစ်ရာကျန်သေးတာပဲ၊ မရှိရင်တော့ တစ်မျိုးပေါ့။ အခုတော့ ရှိနေရက်သားနဲ့တော့ သူ သူများကျွေးတာမစားချင်ပါ။ ထမင်းချိုင့်က ထမင်းကတော့ နေ့လယ်ကတည်းကကုန်သွားပြီ။ ဒါကြောင့် သူ တစ်ခုခုတော့ မှာရမည်။

"ဟင့်အင်း. . . ရတယ်၊ ငါ့မှာ နှစ်ရာတော့ကျန်သေးတယ်၊ အဲဒါ အပြန်ကားခ ငါးဆယ်ချန်ပြီး ေ ျန်တစ်ရာ့ငါးဆယ်နဲ့ စားလို့ရမယ့်ဟာ. . . ငါ့ကိုမှာပေးကွာ"

သူ့စကား ဘာများရယ်စရာ ပါသွားလို့ပါလိမ့်။ ဟိုနှစ်ကောင် အငြိမ့်က လူပြက်ပြက်လုံးကြားတော့ ရယ်သလိုမျိုး ဝါးခနဲထရယ်လိုက်ကြတာ တော်တော်နဲ့မပြီးတော့ဘူး. . .။

"သတိုး. . . မင်းကိုတော့ ငါတို့ အရမ်းခင်သွားပြီကွာ. . . မင်းက ရိုးသားလွန်းပါလားကွာ. . . ဒါပေမဲ့ နေရာတကာ ကိုယ့်စိတ်ထဲရှိတာမပြော ရဘူးကွ၊ တချို့နေရာတွေမှာ ဟန်ဆောင်တတ်ရတယ်"

သတိုး ဘာမှပြန်မပြောဘဲ ရယ်ကျဲကျဲလေးသာ နေနေလိုက်သည်။ သူကြားနေကျ စကားတွေဖြစ်သောကြောင့် သိပ်တော့မထူးဆန်းတော့ပေ။ ရန်ကုန်ရောက်ကတည်းက သူနဲ့ ထိတွေ့ဆက်ဆံဖူးသည့် လူတိုင်းသည်စကားမျိုးတွေသာ အပြောများကြ၏။ သူ့အတွက် မဆန်းတော့ပြီ။ ဒါနဲ့ သူလည်း လက်ဖက်ရည်တစ်ခွက်မှာလိုက်တော့၏။

စားပွဲထိုးလေး လာချပေးသော လက်ဖက်ရည်သည် သူ့အတွက် တက္ကသိုလ်မြေတွင် ပထမဦးဆုံးဝယ်စားဖူးသော အစားအစာဖြစ်၏။ လက်ဖက်ရည် တစ်ကျိုက်သောက်ချလိုက်ချိန်တွင် ရင်ထဲ၌ လန်းဆန်းတက်ကြွသွားတယ်လို့တောင် ထင်လိုက်မိ၏။ တစ်ဝိုင်းကျော်မှ ဂစ်တာတီးနေသော ကျောင်းသားအုပ်ထံမှ သီချင်းသံကိုကြားနေရသည်။ လက်ဖက်ရည်ခွက်၊ ကျောင်းကန်တင်း၊ အရောင်အသွေးစုံလင်သော မိန်းမလှလေးများ သူကြည့်ရင်း ရင်ထဲ ဘာကြောင့်မှန်းမသိပျော်လာသည်။ ရွာက သာဂိတို့၊ စိန်မောင်တို့ကို ပြန်ရောက်ရင် ကြွားရပေဦးမည်။ တက္ကသိုလ်ဆိုတာ အဲသည်လို ပျော်ရွှင်စရာတွေနဲ့ဖွဲ့စည်းထားကြောင်း သည်ကောင်တွေကို သိစေချင်ပါသည်။

❀ ❀ ❀

## ကျောင်း

သားတိုင်း ပျော်ရွှင်ရင်ခုန်နေကြသော မောင်မယ်သစ်လွင်ကြိုဆိုပွဲသည် သတိုးလိုကောင်အတွက် ဘာမှမဆိုင်သလိုဖြစ်နေတော့သည်။ ဆရာကန်တော့ပွဲအပြီးနောက် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဆက်လုပ်သည်။ သူတို့မေဂျာက အခန်းကျယ်တစ်ခုတွင် စုပြီးလုပ်ကြခြင်းဖြစ်သည်။ အင်္ဂလိပ်စာ ကျောင်းသား၊ ကျောင်းသူများ မောင်မယ်သစ်လွင်ကြိုဆိုပွဲဆိုပြီး အဝတ်စအပြာကြီးနှင့် ရွှေရောင်စာလုံးတွေ ရေးကပ်ထားကြသည်။ အအေးတိုက်ပြီး၊ ဒံပေါက်ကျွေးသည်။ စားပြီးသောက်ပြီးသွားတော့ သတိုးအတွက် အလုပ်မရှိသလိုဖြစ်သွား၏။ ကျောင်းသူကျောင်းသားတွေ ရှုန်းကြွရှုပ်ခတ်နေတာကိုကြည့်ပြီး သတိုးအံ့ဩနေ၏။ ဘာတဲ့ ကွင်းနဲ့ကင်း ရွေးကြမည်ဆိုလားပဲ၊ ရွေးပြီးဘာလုပ်ကြဦးမည်မသိ။ သတိုးကတော့ နားပည်းမလည်၊ သိလည်း ဘာမှမသိ၍ တစ်ယောက်တည်းသာ အခန်းထောင့်လေးက ခုံတွင်ထိုင်နေလိုက်သည်။ ဘာမှမဆိုင်ပါပဲနှင့် ရွာတုန်းက ကထိန်ပွဲကိုသွားသတိရသည်။ သာဂိတို့၊ စိန်မောင်တို့နှင့် ဒိုးပတ်တီး၍ကခဲ့ဖူးသည်။ အခု မောင်မယ်သစ်လွင် ကြိုဆိုပွဲတွင်လည်း ဒိုးပတ်၊ အိုးစည်နှင့်ကြိုလို့ရရင်ကောင်းမယ်ဟု သူသန်ရာ

သန်ရာ တွေးနေမိသည်။ ခဏနေတော့ အေးကို သူ့အနားရောက်လာပြီး လက်ထဲမှာလည်း လက်ဝါးလောက်စာရွက်ကလေး ကိုင်လာသည်။

"ရော့ သတိုး. . . ဒါ မင်းအတွက်"

စာရွက်လေးကိုင်၍ ထိုးပေးသော အေးကိုလက်ကို သတိုးကြောင်ကြည့်နေကာ. . .

"ဘာလဲ. . . ဗျ"

"ဟာ. . . ကွင်းရွေးဖို့လေ"

"ဘာလဲ. . . ဘောလုံးကွင်းလား"

အေးကိုစိတ်ညစ်သွားသည်။

"သတိုးရာ မင်းအလှည့်ကျမှပဲ ဘောလုံးကွင်းဖြစ်တော့တယ်၊ ကွင်းဆိုတာ (Queen)အလှဘုရင်မ ရွေးမှာကွ"

သတိုး အူကြောင်ကြောင်ဖြစ်သွားသည်။

"ရွေးပြီး. . . ဘာလုပ်ဖို့လဲ"

အေးကို ဆက်မရှင်းပြတတ်အောင်ဖြစ်သွားသည်။ သူ့ခေါင်းကိုသာ သူပွတ်ပြီး. . .

"ဒီကောင်နဲ့တော့ ခက်ပြီ. . . ဒီလိုကွာ မင်းကြိုက်တဲ့ကောင်မလေး တစ်ယောက်ကိုရွေးပြီး ဒီစာရွက်လေးမှာ နာမည်ရေးလိုက်"

"ဟာ. . . ရှက်စရာကြီးဗျာ၊ မလုပ်ပါနဲ့. . . ရေးရဲဘူး၊ အဲဒီကောင်မလေးက မကျေနပ်ရင် ပါးလာရိုက်နေဦးမယ်"

အေးကို ဘာဆက်ပြောလို့ပြောရမှန်းမသိဖြစ်သွားသည်။ သူ့ပုံစံက ငိုလည်းငိုချင်သွားပုံရသည်။ သို့သော် လက်မလျှော့သေး. . .

"ဘာမှမဖြစ်ဘူး. . . ရေးမှာသာရေး. . . ငါတာဝန်ယူတယ်၊ မင်းကို ဘာမှလာမလုပ်စေရဘူး စိတ်ချ၊ တက္ကသိုလ်မှာ ဒီလိုပဲ ထုံးစံရှိတယ်ကွ၊ ဒါ ကွင်းနဲ့ကင်းရွေးတာ. . . ကွင်းကို ယောကျ်ားလေးတွေကရွေးရပြီး၊ ကင်းကို မိန်းကလေးတွေက ရွေးရတာ"





သတိုး အံ့ဩသွားသည်။

"အဟုတ်. . ."

"အဟုတ်. . . အဟုတ်. . . ရော့ ရေး"

သတိုး သူ့လက်ထဲရောက်လာသော စာရွက်လေးကိုကြည့်ပြီး ကြောင်နေသည်။ သူယူသာယူလိုက်တာ ဘာရေးရမှန်းမသိပေ။ သူကြိုက်တဲ့ မိန်းကလေးလည်းမရှိ နောက်ပြီး ဘယ်မိန်းကလေးနာမည်မှလည်းသူမသိပေ။ သို့သော် သတိုး အနည်းငယ်တော့သဘောပေါက်သွားသည်။ ကွင်း(Queen) ဆိုတာ ဘုရင်မ၊ ဘုရင်မဆိုတော့ အလှဘုရင်မပေါ့။ ဒါကို သူတို့တွေက ရွေးရမှာတဲ့၊ အင်း. . . ကွင်းတော့ ဟုတ်ပါပြီ။ ကင်းဆိုတာကရော မီးကင်းစောင့်ခိုင်းဖို့ လူရွေးတာတော့မဖြစ်နိုင်၊ အလှဘုရင်ရွေးတာဖြစ်မည်။ ဒါကတော့ သူတို့နှင့်မဆိုင် မိန်းကလေးတွေနှင့်သာ ဆိုင်သောအလုပ်ဖြစ်သည်ဟု တွေးနေလိုက်သည်။

"ဟေး. . . ဝမ်းစမိုး"

အုန်းခနဲထွက်လာသော ကျောင်းသား၊ ကျောင်းသူတွေအသံ ကြားတော့ သတိုး တွေးနေရာမှလန့်သွားသည်။ အဲဒီအချိန်မှာ ဝေယံ သူ့ဆီ အူယားဖားယားပြေးလာ၍. . .

"ဟော့. . . ဟော့ကောင် သတိုး၊ မင်းဘယ်သူ့ကိုရွေးလဲဟင်"

"ဟော့အေး. . . ဘယ်သူ့မှမရွေးရသေးဘူး"

"အေး. . အဲဒါဆို အတော်ပဲ၊ ချိုလေးနွယ်ကိုရွေးကွာ. . နော်. . နော်"

ချိုလေးနွယ်ဆိုတာ ဖြူသလား၊ မည်းသလားတောင် သတိုးမသိပေ။ ဒါပေမဲ့ ယောင်တောင်တောင်နဲ့ခေါင်းညိတ်ပြလိုက်၏။ ဝေယံပျော်သွားပြီး ခုန်ပေါက်ထွက်သွားကာ ခုနအော်နေသည့် လူအုပ်တွေထဲ ပြန်ရောက်သွားသည်။

သူလည်း စဉ်းစားရခက်နေတဲ့အတူတူ ဝေယံပြောသည့် ချိုလေးနွယ်ကိုသာ စာရွက်ကလေးပေါ် ရေးချလိုက်တော့သည်။ ခဏနေတော့ အေးကို ပြန်ရောက်လာ၏။

"ဟော့ကောင်. . . ရေးပြီးပြီလား"

"အင်း. . ."

သူ အေးကိုကို စာရွက်ကမ်းပေးလိုက်တော့ အေးကို သူ့စာရွက်ကို တစ်ချက်ကြည့်၍. . .

"အမယ်. . . မင်းက အလာကြီးပဲကွ၊ ငါလည်း ချိုလေးနွယ်ပဲ ရမယ် ထင်နေတယ်"

သည် ကွင်းနဲ့ကင်းရွေးတဲ့ကိစ္စလေးလောက်ကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးရွေးသလောက် စိတ်လှုပ်ရှားနေသော သည်ကောင်တွေကို ကြည့်ပြီး သတိုး နားမလည်ဖြစ်နေတော့သည်။ နောက်တော့ အေးကို သူ့စာရွက်လေးကိုဆွဲယူကာ ခုနအုပ်စုဆီ လှည့်ထွက်သွားတော့သည်။ အေးကို တစ်ကိုယ်လုံး ချွေးတွေရွှဲနေတာတွေ့ရတော့ သတိုး စိတ်မသက်မသာဖြစ်သွားရသည်။ မစားသာပါလား အေးကိုရယ်. . .။

လူတော်တော်များများ ထင်ကြေးပေးသလိုပင် ချိုလေးနွယ် ကွင်းရသွားပါသည်။ ကင်းကိုတော့ သူရထက်ဆိုသောကောင် ရသွားကြောင်းတွေ့ရ၏။ ကင်းနဲ့ကွင်းကို လက်တွဲပြီး လမ်းလျှောက်ခိုင်းခြင်း၊ စုံတွဲသီချင်းဆိုခိုင်းခြင်းတို့ လုပ်ခိုင်းကြ၏။ ပြီးတော့ ပူပေါင်းတွေ အလယ်ထားပြီး တစ်ယောက်နဲ့တစ်ယောက် ဖင်ချင်းပေါက် ဖောက်ခိုင်းကာ ရယ်စရာလုပ်ခိုင်းကြပြန်၏။ သူကြည့်နေရင်း ရှာကမျောက်ပွဲကို သွားသတိရသည်။ အခုလည်း လုပ်ခိုင်းသမျှလုပ်နေရသော ကင်းနဲ့ကွင်းခမျာ ချွေးတွေလည်းပျံနေ၍ တော်တော်လည်း ရှက်နေတာတွေ့ရ၏။ ဒါကို လူတွေက ဝိုင်း၍လက်ခုပ်တီး ရယ်ပွဲဖွဲ့နေကြသည်။ ကောင်မလေးဆို ရှက်၍ခေါင်းငုံ့နေသည်။ ကင်းဆိုတဲ့ကောင်ကတော့ ပြုံးဖြီးဖြီးကြီးနှင့်ရှက်ရဲရဲကြီးဖြစ်နေ၏။ ဩော်. . . ကင်းနဲ့ကွင်းဖြစ်ရတာလည်း မလွယ်ပါလားနော်၊ မျောက်ပွဲလို ဝိုင်းကြည့်ခံရပြီး အရယ်ခံနေရပါလား။

❀ ❀ ❀

"ငါတို့မေဂျာမှာ ကွင်းရသွားတဲ့ ချိုလေးနွယ်က တခြားမေဂျာကွင်းတွေထက် လှတယ်ကွ"

"အင်း. . . တင်မိုးလွင်မော်ဒယ်လ်သင်တန်းကို တက်ဖူးတယ်လို့ ကြားဖူးတာပဲ"

"ဟို. . . ကင်း. . . သူရထက်ကလည်း ချိုလေးနွယ်ကို စိတ်ဝင်စားနေတယ်လို့ပြောနေကြတယ်ကွ"

"ဒါတင်ဘယ်ကမလဲကွ. . . မနက်က ဖလော်က ကော်တစ်အုပ်တောင် အခန်းရှေ့လာကြည့်နေကြတာ မင်းအမြင်ပဲလေ"

ကင်းနဲ့ကွင်း ရွေးပွဲအပြီး နောက်တစ်နေ့တွင် တစ်ဦးနဲ့တစ်ဦးအမြင်ဖလှယ်ပွဲကို ကန်တင်းမှာပဲကျင်းပကြသည်။ ကိုယ့်မေဂျာက ကွင်းအကြောင်းတင်မဟုတ်၊ တခြားမေဂျာက ကွင်းတွေအကြောင်းပါ ဝေဖန်ကြသည်။ ချိုလေးနွယ်ကိုတော့ ဒဂုံတက္ကသိုလ်တစ်ခုလုံးတွင် အလှဆုံးဖြစ်နိုင်သည်ဟု အေးကိုက ဆုံးဖြတ်သည်။ ဝေယံကတော့ ချိုလေးနွယ် မနက်က သူ့ကို နှစ်ခါလောက်လှည့်ကြည့်တာ အခုထိ ရင်ခုန်တာမပျောက်သေးဟုတင်ပြ၏။ အမှန်တော့ ချိုလေးနွယ်က သူ့နောက်တန်းက သူ့သူငယ်ချင်းကိုလှည့်စကား

ပြောရင်း သူ့ကိုပြောင်စပ်စပ်လုပ်ပြနေသည့်ဝေယံကို မျက်စောင်းထိုးသွားခြင်းဖြစ်သည်။ ဒါကို ဝေယံက သူလိုရာဆွဲပြော၏။ အေးကိုကတော့ ချိုလေးနွယ်၏ ညာဘက်ပါးပြင်ပေါ်က စံပယ်တင်မှဲ့လေးကို အရမ်းချစ်သည်ဟုပြောသည်။ အခုတော့ ကန်တင်းမှာ ဝေယံနဲ့အေးကိုတင်မဟုတ် နောက်ကျောင်းသားနှစ်ယောက်ပါ ပါလာသည်။ မောင်မယ်သစ်လွင်နေ့က အေးကိုတို့နှင့် ခင်လာခြင်းဖြစ်၍ အေးကိုက သတိုးနှင့်ပါ မိတ်ဆက်ပေး၏။ တစ်ယောက်က ရဲဆွေလတ်၊ နောက်တစ်ယောက်က အောင်ကိုဦး. . .။

သတိုးကတော့ ထုံးစံအတိုင်း ထိုဝိုင်းတွင် နားထောင်သူသက်သက်ဖြစ်သည်။ ကျန်တဲ့သူတွေလိုလည်း ဘာမှမဝေဖန်တတ်၍ ဆိတ်ဆိတ်သာနေသည်။ သူများတွေပြောတာသာ ပါးစပ်လေးဟ၍ ဟိုလူကြည့်လိုက်၊ သည်လူကြည့်လိုက်နှင့် လိုက်နားထောင်နေလိုက်သည်။ အေးကိုတို့ပြောတဲ့စကားများတွင် Green Day သီချင်းတွေ အကြောင်းလည်း ပါသည်။ မက်ဒေါနားက အသက်ကြီးသွားသော်လည်း လှနေသေးကြောင်း၊ M.K က ဘယ်အကျီက ဘယ်လိုအဆင်ဆန်းကြောင်းတွေလည်းပါသည်။ အကျီနှင့် ဘောင်းဘီ တစ်ဆင်စာကို ငွေတစ်သိန်းကျော်လောက် ပေးရကြောင်းတွေလည်းပါသည်။ သတိုး သည်ကောင်တွေပြောတာကို နားထောင်နေရတာ အိပ်မက်ထဲလမ်းလျှောက်နေရသလိုဖြစ်နေသည်။ သူတို့ပြောတဲ့နေရာတွေကိုလည်း မရောက်ဖူးပေ၊ အခုမှ ကြားဖူးသည်။ ကုန်တိုက်ကြီးတွေမှာ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများနှင့် ဟင်းချက်စရာများပါ တစ်နေရာတည်းဝယ်လို့ရကြောင်းသိရတော့ အံ့သြမိသည်။ TV ကြော်ငြာတွေထဲမှာသာ မြင်ဖူးသည်။ သည်လောက်ကြီးကျယ်မှန်းမသိ၊ အဲဒီလောက်ပစ္စည်းအများကြီးတင်ထားတော့ ကုန်တိုက်ကြီးက အကြီးကြီးဖြစ်မယ်ဆိုတာတော့ ခန့်မှန်းမိသည်။ ရောက်ဖူးချင်သော်လည်း ကိုယ်နဲ့မဆိုင်သလိုဖြစ်နေ၍ ဘာခံစားချက်မှတော့မရှိပေ။

"သတိုး. . . မင်းကရော ဘယ်လိုလဲ"





သတိုး ဝေယံအမေးကြောင့် ရုတ်တရက် ကြောင်တောင်တောင်ဖြစ်သွားသည်။ သူက သူ့အတွေးနှင့်သူ မျောနေခြင်းဖြစ်သည်။ ဒါကြောင့် ဘာမေးလို့မေးမှန်းမသိပေ။ ဝေယံမျက်နှာကိုသာ ကြောင်စီစီနှင့်ကြည့်၍. . .

"ဘာ. . . ဘာကိုလဲဟင်"

"ချိုလေးနွယ် လှလားလို့"

"ဟင်. . . ဩော်. . . အင်း. . . လှ. . လှပါတယ်"

"ဟဲ. . . ဟဲ. . . ငါ ချိုလေးနွယ်ကိုလိုက်ရင် ကောင်းမလားလို့ကွ. . အဲဒါ မင်းသဘောက"

ဝေယံ ချိုလေးနွယ်ကိုလိုက်ဖို့ကိစ္စ ကျန်တဲ့ကောင်တွေနှင့် တိုင်ပင်ကြည့်တော့ ချက်ကျာဆိုပြီး မြှောက်ပေးကြ၏။ ဒါကြောင့် နောက်ဆုံး သူ့ဘေးနားက သတိုးကိုသတိရ၍ ဘာရယ်မဟုတ် မေးလိုက်ခြင်းပင်။

"ကောင်း. . . ကောင်းပါတယ်၊ ကောင်းသားပဲ"

ယောင်နနနှင့်အကြံပေး၏။ ဝေယံကတော့ သူ့ဘက်က လေးယောက်စလုံးပါနေ၍ အရှုံးဘုံမြှောက်ဖြစ်သွားတော့၏။ ရုပ်ကြီးဖြီးပြီး နောက်ဆုံးတစ်ဝိုင်းလုံးအတွက် ဒကာခံသွားလေတော့သည်။ ဘာပဲဖြစ်ဖြစ် သတိုးအတွက်တော့ လက်ဖက်ရည်တစ်ခွက်စာလောက် ပိုထွက်သွားသည်။ ခဏကြာတော့ သူတို့အားလုံး ကန်တင်းမှ ထထွက်လာခဲ့ကြတော့သည်။

**ကျောင်း** ထဲသို့ နေရောင်ခြည်သည် လင်းပစွာမကျရောက်သေးပေ။ မြူလား၊ နှင်းလား မကွဲပြားသော အလွှာတစ်ခုက ခပ်ပါးပါးဖုံးအုပ်နေသေး၏။ တစ်ချက်တစ်ချက် အဝေးက ချိုးငှက်တွန်သံကြားနေရသည်။ ကျောင်းအဆောင် ခေါင်မိုးတစ်ခုပေါ်မှ ခိုတစ်အုပ်ထပြန်သွားကြ၏။ ကျောင်းသား၊ ကျောင်းသူတွေကတော့ အခုမှ ကျောင်းကားဆိုက်၍ ပြုံဆင်းလာကြ၏။ ခဏနေတော့ ကန်တင်းတစ်ခုလုံး ငြိမ်သက်နေရာမှ ဆူညံသွားတော့သည်။ သတိုး လူတွေကိုလိုက်ကြည့်နေရာမှ ခေါင်းကို ခပ်ပြင်းပြင်းတစ်ချက်ကုတ်၍ သက်ပြင်းတစ်ချက်ချလိုက်၏။ သူတော်တော်စိတ်ညစ်နေ၏။ မနက်ကကိစ္စကို တော်တော်ဒေါသထွက်နေ၏။ ကိုယ့်ကိုယ်ကိုလည်း ဒေါသထွက်၏။ သူ့မှာ သူများတွေလို ငွေပို ငွေလျှံမရှိ၍ ဒါမျိုးအဖြစ်နဲ့ကြုံလိုက်ရတော့ တော်တော်ခံစားသွားရသည်။ လွန်ခဲ့တဲ့တစ်နာရီလောက်က သူ့မှာရှိသည့် ပိုက်ဆံနှစ်ရာ့ငါးဆယ်သည် အခု တစ်ပြားမှကိုမရှိခြင်းပင်။ အခုလောလောဆယ် ပိုက်ဆံမရှိတဲ့သူ သေမယ်ဆိုရင် ချက်ချင်းလက်ငင်းသင်္ဂြိုဟ်ရမှာ သတိုးတစ်ကောင်တည်းရှိမည်။ ဒါကြောင့် စိတ်ညစ်ညစ်နှင့် ကန်တင်းထွက်လာ၍ အလကားရသော ရေနွေး





ကြမ်း ထိုင်သောက်နေလိုက်ပြီး သူ့ဆီက ပိုက်ဆံနှိုက်သွားသော ခါးပိုက်နှိုက်ကို မေတ္တာပို့နေလိုက်သည်။ သေချင်းဆိုး၊ ကာလနာကြီး သတိုးကျိန်ဆဲရင်း ဘယ်နှအိုးမြောက်မှန်းမသိသော ရေနွေးအိုးထဲမှ ဘယ်နှခွက်မြောက်မှန်းမသိတော့သော ရေနွေးကြမ်းကိုငှဲ၍ စိတ်ရှိလက်ရှိ ငွပ်ခနဲမော့ချလိုက်တော့သည်။

"ဖူး. . . ဖရူး. . . အား. . . တေပြီ"

သတိုးတစ်ကိုယ်လုံး ဗျင်းခနဲဖြစ်သွား၏။ အငွေ့တထောင်းထောင်းထနေသောရေနွေးကြမ်းသည် သတိုးလျှာကို မညှာတာပေ၊ သတိုး မျက်ရည်ပါ ဝေ့ခနဲတက်လာ၍ ခုနမှုတ်ထုတ်လိုက်သောအရှိန်ကြောင့် နှပ်ပါထွက်သွားသည်။

"ဟင်. . . ခင်. . ခင်ဗျား. . . လူတစ်ယောက်လုံးလာနေတာ မမြင်ဘူးလား၊ မိုက်. . . မိုက်ရိုင်းလှချည်လား"

သတိုး ပြန်မပြောနိုင်အား။ သူ့ကိုရန်တွေ့နေသောသူကို မော့တောင်မကြည့်နိုင်ပေ။ ကောင်မလေးတစ်ယောက်အသံမှန်းတော့သိသည်။ အပူကြောင့်ထွက်လာသော နှာခေါင်းမှ အရည်တွဲလောင်းကို ဘယ်လိုလုပ်ရမှန်းမသိဖြစ်သွားသည်။ ခေါင်းမော့လို့လည်းမရ၊ လက်နဲ့ကိုင်ပြန်ရင်လည်း ပေကျံကုန်မည်။ ဘာနဲ့သုတ်လို့ သုတ်ရမှန်းမသိဖြစ်နေသည်။ ပုဆိုးအောက်နားစနှင့် လှမ်းသုတ်ရန်စဉ်းစားပြီး လှမ်းမလိုက်တော့. . .

"ဟင်. . . ခင်ဗျား. . . ခင်ဗျား. . . နှမချင်းမစာမနာ ယုတ်မာလှချည်လား"

သတိုးခေါင်းထဲတွင် ပူခနဲဖြစ်သွားပြီး အောက်စကို ဖျတ်ခနဲပြန်ချလိုက်၏။ ခက်တော့နေပြီ၊ ဘယ်လိုလုပ်ရမှန်းမသိတော့ပေ။ တွဲလောင်းကလည်း တဖြည်းဖြည်း ဝိတ်ပိုလေးလာ၍ စည်းချက်ညီညီ အပေါ်အောက်ခုန်နေလေသည်။ သူ ခေါင်းကြီးငုံ့ထားတော့ သူ့ရှေ့ကဟာလေး သူ့ဖြစ်အင်ကို သိပုံမပေါ်ပေ။ ကြာတော့ နှာခေါင်းကယားကျိကျိဖြစ်လာသည်။ ခြေထောက်အစုံကို မြင်နေရခြင်းကြောင့် ဟိုကောင်မလေး ထွက်မသွားသေးကြောင်း

သိရ၏။ ခြေကျင်းဝတ်မှာ ရွှေအလုံးကလေးတွေနှင့် ကြိုးလေးပတ်ထားကြောင်းလည်း သတိပြုမိလိုက်သေး၏။

သူအခုချိန် မထိန်းနိုင်ဘဲ နှာခေါင်းမိရင် ဖြူလွှသောခြေချောင်းလေးတွေနှပ်ချိုးရာဇဝင်နဲ့ ငြိသွားမည်။ အဲဒါမှ ငယ်ထိပ်မိုးကြိုးပစ်တာထက် ဆိုးသွားမည်။ စဉ်းစားနေစဉ်မှာပင် မျက်ဝန်းအစပ်မှနေ၍ စားပွဲအစွန်က အရာတစ်ခုကို သွားမြင်လိုက်သည်။ စဉ်းစားမနေတော့၊ သူလှမ်းယူပြီး အားရပါးရသုတ်ပစ်လိုက်တော့သည်။

"နှီး. . . ရှီး. . . ရွှတ်"

သူ့ကို ခုနဒုက္ခပေးနေတဲ့ ရန်သူတွေကို ယူလိုက်သောအရာနဲ့ စိတ်ရှိလက်ရှိ နှိမ်နင်းပစ်လိုက်တော့သည်။ အခုမှ ပေါ့သွားတာပဲ. . .။ "ဟူး"သတိုးစိတ်လက်ပေါ့ပါးစွာ သက်ပြင်းချ၍ ခေါင်းမော့လိုက်တော့. . .

"ဟင်. . ."

သူ့ကို ခုန ကက်ကက်လန်အောင် ရန်တွေ့သည့်ကောင်မလေး မရှိတော့ပြီ။ ဘယ်. . . ဘယ်ရောက်သွားပါလိမ့်။ ဘယ်အချိန်က ထွက်သွားမှန်းတောင်မသိလိုက်ချေ။ သတိုး ဘေးဝဲယာလျှောက်ကြည့်သည်။ ကောင်မလေးတွေတော့တွေ့သည်။ သို့သော် ဘယ်သူမှန်းမသိချေ။ သူက အသံရယ်၊ ခြေထောက်ရယ်သာ သိလိုက်သည်။ ပိန်သလား၊ ဝသလားတောင် မသိလိုက်ရပေ။

"ဟာ. . . ဘယ်လိုလုပ်လိုက်တာလဲ အစ်ကိုရာ၊ နှပ်ချိုးညှစ်ချင်ကျွန်တော့်ပြောရောပေါ့ဗျာ. . . တစ်ခုခုယူပေးမှာပေါ့၊ အခုတော့ လက်သုတ်ပဝါကြီးနဲ့ဗျာ"

စားပွဲထိုးကောင်လေးအသံကြားမှ သူ့လက်ထဲမှာကိုင်ထားသော လက်သုတ်ပဝါ အနီကွက်ကလေးကို သတိရလိုက်သည်။ လက်သုတ်ပဝါလေးကတော့ ဟိုဒင်းတွေနဲ့ လုံးထွေးနေလေပြီ။ သူ ကောင်လေးကို တောင်းပန်တဲ့အကြည့်နဲ့ကြည့်ပြီး. . .





"ဟို. . . ကို. . . ကိုတောင်းပန်ပါတယ် ညီလေးရယ်၊ ဟို. . . ကိုအန္တရာယ်ကိုမလွှယ်နိုင်လို့ပါ. . . ပြန်. . . ပြန်လျှော်ပေးမယ် နော်"

သူ့ပါးစပ်ထဲရှိတာတွေပြောပြီး ရှက်ရမ်းရမ်းကာ တောင်းပန်လိုက်ရသည်။ ကောင်လေးက စိတ်ပျက်စွာ သူ့ကိုကြည့်ပြီး. . .

"ရပါတယ်ဗျာ. . . ထားလိုက်ပါတော့. . . ပေး. . ပေး"

ပြောပြီး သူ့လက်ထဲက လက်သုတ်ပါဝါကို လက်ညှိုးနဲ့လက်မကြားမှာအဖျားစလေးကိုအသာညှပ်ပြီး ကြွက်သေကောင်ပုပ်ကို မီးညှပ်နဲ့မသလို မသွားတော့သည်။ သူလည်း အားနာနာနဲ့သာ ကြည့်နေရုံကလွဲပြီး ဘာမှမတတ်နိုင်ချေ။ သူ စိတ်ပျက်လက်ပျက် ခေါင်းကိုသာဖိကုတ်နေလိုက်တော့သည်။ အတော်လေးကြာတော့ နှုတ်ခမ်းဝတွင် ပူသလိုလိုဖြစ်လာ၏။ သတိုး ကိုယ့်နှုတ်ခမ်းကို လက်နဲ့စမ်းကြည့်လိုက်သည်။ လက်ညှိုးနှင့်လက်ခလယ်ကြားတွင်အဖတ်တစ်ဖတ်ကို သွားမိသည်။ ကြည့်လိုက်တော့ ငရုတ်သီးစိမ်းအဖတ်လက်သုတ်ပဝါက ပါလာတာဖြစ်မည်။ ပြဿနာက မပြီးသေးချေ။ သားနဲ့မယားနဲ့ပါ ခေါ်လာလေသည်။ သတိုးနှုတ်ခမ်းပေါ်ကအရာတွေကို လက်နဲ့လိုက်သုတ်ပစ်လိုက်သည်။ သုတ်လေ ပူလေဖြစ်လာ၏။ လက်ရော ခေါင်းပါအတော်လှုပ်ရှားလိုက်ရသောကြောင့်လည်း အတော်မောသွား၏။ မျက်နှာတစ်ပြင်လုံးလည်း ပူထူလာလေပြီ၊ ကြာတော့ မခံနိုင်တော့။ မျက်နှာပေါ်ကအပူငွေ့က မျက်လုံးများကိုပါ တက်ဟပ်နေပြီ။ ပထမ မျက်ရည်တစ်စက်ပေါက်ခနဲကျလာ၏။ သတိုး ယောင်ပြီး လက်ခုံနဲ့ဖမ်းသုတ်လိုက်၏။ အကြီးအကျယ်မှားသွားပြီဆိုတာ သိလိုက်ရချိန်မှာ ဒုတိယမျက်ရည်တစ်စက် ပုဆိုးပေါ် ပေါက်ခနဲကျ၏။ သည်တစ်ခါတော့ လက်မောင်းက အင်္ကျီစနဲ့သုတ်လိုက်တော့၏။ မျက်စိနှစ်လုံးလည်း ပူပြီးပိန်းနေပြီ။ သတိုး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ညာလက်ရော၊ ဘယ်လက်ပါ ဘယ်တစ်လုံး၊ ညာတစ်လုံးမရိုးရအောင်သုတ်နေ၍ တစ်ယောက်တည်း ရှုပ်ယှက်ခတ်နေလေ၏။ ထိုးစံအတိုင်း မျက်ရည်တောင်မဟုတ် နှပ်ပါ ဝမ်းဆက်ပြန်ဖြစ်လာပြီ။ သူ့ပုံစံက

ကန်တင်းအလယ်ကောင်မှာ မသာအိမ်ကလူလိုဖြစ်နေသည်။ တောကဘကြီး သေတုန်းကတောင် အဲဒီလောက် မျက်ရည်မထွက်ခဲ့။ အခုမှ ဒုက္ခလှလှတွေ့ နေလေပြီ။ ခုန စားပွဲထိုးလေးကတော့ တိုင်အကွယ်လေးကနေ သတိုးအခြေ အနေကိုကြည့်၍ နားမလည်နိုင်သလိုဖြစ်နေတော့သည်။ သည်လူ ဘယ်လို ဖြစ်လို့ လူလယ်ကောင်လာပြီး ချုံးပွဲချနေရလောက်အောင် ဝမ်းနည်းစရာ ကြုံနေရသလဲဆိုတာ စဉ်းစားမရဖြစ်နေ၏။ ခုနလည်း လက်သုတ်ပဝါနဲ့ နှပ်ချီးကို ပယ်ပယ်နယ်နယ် ညှစ်ပြီးပြီ၊ အခုလည်း ဘာဆက်လုပ်ဦးမလဲဆို တာ အသာကြည့်နေလိုက်၏။

သတိုးအခြေအနေက တဖြည်းဖြည်း ဆိုးသထက်ဆိုးလာ၏။ လက် မောင်းအကျီစတွေလည်း မျက်ရည်ရော၊ နှပ်ပါ ပေကျံစိုရွှဲနေပြီး နောက်ဆုံး လွယ်အိတ်ကြိုးပါမနေရတော့ပေ။ ကန်တင်းမှ တချို့လူတွေတောင် သတိုးကို သတိထားမိလာပြီ။ အမှန်တော့ အမြန်ထထွက်ပြီး အနောက်က ရေတိုင်ကီ မှာ မျက်နှာသွားဆေးလျှင် သက်သာနိုင်သည်။ သို့သော် လူက အရင် ကတည်းက အူတူတူဖြစ်နေတာ၊ သည်နေ့ ပိုက်ဆံပါ ခါးပိုက်နှိုက်ခံလာရတော့ ဒါမျိုးကို လားလားမျှမတွေးမိချေ။

နောက်ဆုံး သတိုးမရတော့။ အခြေအနေက အဆိုးရွားဆုံးဖြစ်လာပြီ။ မျက်လုံးနှစ်လုံးလုံး ဖွင့်မရတော့သည့်အခြေအနေ ဆိုက်နေပြီ။ မျက်နှာတစ်ခု လုံးလည်း မျက်ရည်တွေရွှဲနေပြီး အကန်းလုံးလုံးဖြစ်နေလေပြီ။ သတိုး ဆုံး ဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာ ချပစ်လိုက်တော့သည်။

"ကယ်ကြပါဦးဗျို့ . . . အား . . . ကယ်ကြပါဦး . . . ပူ . . ပူလို့ပါ . . အား"

သတိုး၏ ပြကားနေအောင် အော်ချက်ကြောင့် ကန်တင်းတစ်ခုလုံး ရုတ်ခြည်းတိတ်ဆိတ်သွားတော့သည်။ သူ့ကို ကြောင်စီစီနှင့်အားလုံးဝိုင်းကြည့် ကြ၏။ ကျောင်းသားတစ်ယောက် မျက်လုံးကြီးပိတ်ပြီး လက်ကားယား၊ ခြေ ကားယားနှင့် ငုတ်တုတ်ထိုင်အော်နေတာကို အားလုံးနားမလည်နိုင်သလို





ဖြစ်သွား၏။ ခဏကြာတော့မှ . . .

"မြွေ . . . မြွေကိုက်တာလား မသိဘူး"

"ဟာ . . . လုပ်ပါဦး၊ ဟိုမှာ ဝက်ရူးပြန်နေတာထင်တယ်"

"ခြေ . . . ခြေမချိုးဟေ့ . . . မညာနဲ့နော်"

"ကားခေါ် . . . ကားသွားခေါ် . . . ဒါမျိုး အမြန်ဆေးရုံပို့မှ အသက် မီမှာ . . . အဲဒါ တက်နေတာ"

သတိုးနား ချက်ချင်း ကျောင်းသားတွေဝိုင်းသွားသည်။ ကန်တင်း တစ်ခုလုံးလည်း အုန်းအုန်းကျွက်ကျွက်ဖြစ်ကုန်၏။

"ရေ . . . ရေပေးပါ . . . ရေ"

သတိုးကတော့ ဘာမှမမြင်၊ မျက်လုံးကြီးစုံမှိတ်ပြီးသာ လိုချင်တာ တဆာဆာအော်နေသည်။

"ရေ . . . ရေ . . . ရေပေးပါ"

"ဟာ . . . ရေ . . . ရေတဲ့ဟေ့၊ ရေအမြန် . . . အမြန်ယူခဲ့စမ်း"

ကျောင်းသားတစ်ယောက် သောက်ရေအိုးမှ ရေအမြန်ပြေးခပ်ပြီး လာပေး၏။ သတိုး ရေခွက်ကို အငမ်းမရယူပြီး မျက်ပေါ်လောင်းချလိုက် တော့၏။ မျက်နှာတစ်ခုလုံး အေးခနဲဖြစ်သွားသောကြောင့် ဝေဒနာအနည်း ငယ် သက်သာသွား၏။ သို့သော် အရှင်းမပျောက်သေး . . .

"နောက် . . . နောက်တစ်ခွက် . . . လုပ်ပါဦးဗျာ"

"ဟေ့ . . . နောက် . . . နောက်တစ်ခွက်တဲ့ဟေ့၊ ရ . . . ရမယ်နော်"

အားလုံးက ဘာမှခြေခြေမြစ်မြစ်မသိသေး၍ သတိုးခိုင်းတာသာလုပ် ပေးနေရသည်။ ကျောင်းသားတွေအားလုံး ဝိုင်းနေသော်လည်း ဘာမှန်းညာ မှန်းမသိ ယောင်တောင်တောင်ဖြစ်နေကြ၏။ ခုနကျောင်းသားကပဲ ရေ အမြန်ပြေးခပ်ပေး၏။ သတိုး ပထမတုန်းကအတိုင်း မျက်နှာပေါ် ရေလောင်းချပြီး လက်နဲ့တစ်ချက်သပ်ကာ နောက်တစ်ခွက်ထပ်တောင်း ပြန်သည်။ အပူရှိန်က မသေသေးဘဲကိုး။ ခုနကျောင်းသားပဲ ပြေးခပ်ရ

ပြန်သည်။ (၃)ခေါက်လောက် မနားတမ်း ခေါက်ပြန်ပြေးလိုက်ရတော့ ရေခပ်တဲ့ကျောင်းသား လျှာထွက်စ ပြုနေပြီ၊ သို့သော် ဘာမှန်းညာမှန်းမသိ ယောင်တောင်တောင်ဖြစ်နေပြီး နောက်တစ်ခွက်ကို သတိုးက မခပ်နိုင်းဘဲ သတိုးလက်ထဲမှခွက်ကိုလုကာ ပြေးခပ်ပြန်သည်။ နောက် သတိုးဆီ ခွက်ပြန်လာပေးတော့ လျှာကထွက်နေပြီ၊ ရင်ဘတ်ကလည်း ဖိုထိုးသလို ဖြစ်နေ၏။ အဲဒီကျောင်းသားလည်း မဟန်နိုင်တော့ဘဲ သတိုးဘေးနား ခြေပစ်လက်ပစ် ပုံကျသွားတော့၏။ ရေက ဘယ်အထိသွားခပ်ရသလဲတော့ မသိချေ။ လူက ဟောဟဲဆိုက်ပြီး လေးဖက်တောင် ကောင်းကောင်း ထောက်မရချင်တော့။ သတိုးကတော့ အတော်အခြေအနေကောင်းသွားပြီ၊ ရေလည်း လေးခွက်လောက်နဲ့ မျက်နှာသစ်လိုက်တော့ အတော်လေး လန်းဆန်းသွား၏။ မျက်စိနှစ်လုံးလည်း ကောင်းကောင်းဖွင့်လို့ရသွားပြီ၊ သတိုး သူ့ကိုဝိုင်းကြည့်နေသူတွေကို သွားဖြီးကာ ရှက်ပြုံးကြီးနှင့်ရယ်ပြလေ သည်။ အားလုံးကတော့ သတိုးပုံမှန်ပြန်ဖြစ်လာ၍ စိတ်အေးသွားလေသည်။

သို့သော် လူတို့သဘာဝအတိုင်း ဝိုင်းဝန်း၍ပြုစုကြတော့၏။

"ဘာ. . . ဘာဖြစ်သွားတာလဲဟင်"

"သက်သာလား. . . ဘာအကောင်ကိုက်သွားတာလဲ"

"ခင်ဗျား. . . တော်တော်ခံစားရပုံရတယ်၊ ဘာဖြစ်တာလဲဟင်"

တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြတော့၏။ သတိုးကတော့ ရယ်ကျဲကျဲနှင့် ပုဆိုးပြင်ဝတ်ကာ အဖြစ်မှန်ကို အတိုချုံး၍တစ်ခွန်းတည်းပြောပြ လိုက်တော့သည်။

"မျက်စိထဲ. . . ငရုတ်သီးဖတ် ဝင်သွားလို့ဗျ"

"ဘာ. . ."

"ဟာ. . ."

"ဟင်. . ."

". . . . ."





"ဗျာ. . ."

အားလုံး ဘာပြောလို့ပြောရမှန်းမသိဖြစ်သွားချိန်မှာ သတိုးအသံ ကြားတော့ လူတစ်ယောက် သတိလစ်သွားတော့သည်။ သူ့ခမျာ အာမေဋိတ် သံကိုတောင် ခပ်ဟဟလေးပဲ အော်နိုင်ရှာသည်။ ဖုတ်ခနဲမှေ့သွား၏။ သတိုး ကို ရေခပ်ပေးသောလူငယ်ပင်ဖြစ်လေသည်။

သည်တစ်ခါတော့ ရေခွက်ကို ကောက်ကိုင်လိုက်သူမှာ သတိုးပင် ဖြစ်ပါသည်။

“သတိုး . . . မင်း ကျူရှင်တက်မှာလား”

“ကျူရှင် . . . ဟုတ်လား”

“ဟုတ်တယ် . . . တက်မယ်ဆိုရင် တစ်ခါတည်းစာရင်းပေးထားမလို့”

“အင် . . . အဲ . . . တော်တော်ကုန်မလားဟင်”

အေးကိုစိတ်ပျက်စွာ သတိုးကိုကြည့်ပြီး . . .

“သတိုး . . . မင်း ဒီလောက်ဆင်းရဲနေတာလည်း မဟုတ်ပါဘူးကွာ . . နေရာတကာ တောအတွေး တောအတွက် လိုက်တွက်မနေစမ်းပါနဲ့ . . . ဒါ ပညာရေးကိစ္စကွ . . . မင်း ဒီလောက်နဲ့မွဲမသွားပါဘူး . . . အခုဟာကလည်း အငြိမ်းစားဆရာမကြီးတွေက စေတနာထားပြီး ငါတို့ကို ပညာသင်ပေးတဲ့ သဘော၊ လခလိုသဘောမျိုး ယူတာမဟုတ်ဘူး၊ စေတနာနဲ့သင်ပေးတာ . . . ငါတို့ကလည်း ဆရာ ဆရာမကြီးတွေကို ပြန်ကန်တော့တဲ့သဘောပဲ . . . တစ်ယောက်နည်းနည်းစီစုပြီး သူတို့အသုံးတည့်တာလေးတွေ ပြန်ဝယ်ပေးမှာ”

အေးကိုမျက်နှာကြည့်ပြီး သတိုးတစ်ချက်တွေသွားတယ်၊ ပြီးမှ . . .

“အေးပါကွာ . . . ငါက မသိလို့မေးတာပါ၊ မင်းတို့တက်ရင် တက်မှာ





ပေါ့၊ ဒါနဲ့ . . . ဘယ်မှာသင်ကြမှာလဲ”

“အင်း . . . အခုလောလောဆယ်တော့ မြို့ထဲက ဝေယံတို့တိုက်ခန်း အလွတ်တစ်ခုမှာ စီစဉ်ထားတယ်၊ လူလည်းမနေတော့ ငါတို့လွတ်လွတ်လပ်လပ် သင်လို့ကြားလို့ရတာပေါ့ကွာ”

သတိုး ဘာမှထပ်မပြောတော့ဘဲ ခေါင်းသာညိတ်ပြလိုက်သည်။ ခဏနေတော့ ဝေယံ၊ ရဲဆွေလတ်နဲ့ အောင်ကိုဦးတို့ ရောက်လာကြ၏။ ကျူရှင်တက်ဖို့ကိစ္စပြောဖြစ်ကြရင်း စသင်မည့်ရက်ကို ဆုံးဖြတ်ကြသည်။ ပြောပြီး ခဏကြာတော့ ဝေယံက သတိုးနဲ့အေးကိုကိုကြည့်၍ . . .

“ချိုလေးနွယ်ကို ငါရည်းစားစာပေးမလို့ စဉ်းစားထားတယ်၊ အဲဒါ မင်းတို့ကိုတိုင်ပင်ချင်လို့ . . . ဘယ်လိုလဲ”

ဝေယံ့စကားလည်းဆုံးရော ရဲဆွေလတ်က ဝင်ပြောတယ် . . .

“ငါ ဒီကောင့်ကိုပြောတယ် . . . စောသေးတယ်လို့ . . . အဲဒါ ဒီကောင်မရတော့ဘူးလုပ်နေတယ်၊ ပြီးတော့ ချိုလေးနွယ်က ဒီကောင့်ကိုဆိုနည်းနည်းမှ ကြည့်ရတာမဟုတ်ဘူး၊ အဲဒါ မင်းတို့လည်းပြောကြဦး”

အောင်ကိုဦးကလည်း “ဟုတ်တယ်”ဆိုပြီး ရဲဆွေလတ်စကားကို ထောက်ခံနေတယ်။ အဲဒီကျမှပဲ အေးကိုရုပ်က ချက်ချင်းပြောင်းသွားပြီး သူ့မေးစေ့မှာ နှစ်ပင်တည်းပေါက်နေတဲ့အမွေးကို ထဆွဲတော့သည်။ ပြီးမှ ခေါင်းကို ဆတ်ခနဲ ဆတ်ခနဲ သုံးခါလောက်ညိတ်ပြီး ဆတ်ခနဲ ဆတ်ခနဲ လေးကြိမ်လောက်ခါလိုက်ကာ . . .

“အင်း . . . အချစ်မှာ နှစ်မျိုးနှစ်စားရှိတယ် ဝေယံရ . . . ဒီလိုကွာ”

သွားပြီ၊ သည်နေ့ အတန်းတစ်ချိန်လောက်တော့ အသာလေးလွတ်တော့မယ်ဆိုတာ သတိုးနားလည်လိုက်သည်။ သူ ထထွက်လို့လည်း ရမယ်မဟုတ်မှန်းသိတော့ စားပွဲပေါ်က လန်ဒန်တစ်လိပ်ကောက်၍ မီးညှိလိုက်၏။

အေးကိုကတော့ ပြောလက်စ စကားကိုရပ်ကာ ရေနွေးတစ်ခွက်သောက်သည်။ လည်ချောင်းကို နှစ်ချက်လောက်ရှင်းကာ အမွေးနှစ်ပင်ကို

ညုပ်ကာညုပ်ကာဆွဲရင်း ဆက်ပြော၏။

"ရယူခြင်းနဲ့ ချစ်တဲ့အချစ်. . . ပြီးတော့ ပေးဆပ်မှုနဲ့ချစ်တဲ့အချစ်. . . အဓိကကတော့ အဲဒီနှစ်ချက်ပဲ၊ သတ္တလောကကြီးအားလုံး အချစ်နဲ့မှမကင်းကြတာ. . . ဟုတ်တယ်မဟုတ်လား"

ပြောပြီး သူ့စကားကို စိတ်ဝင်စားမှုရှိမရှိ အားလုံးကို တစ်ချက်ဝေ့ကြည့်တယ်။ သတိုးတစ်ယောက်မှလွဲ၍ အားလုံးခေါင်းညိတ်ပြကြ၏။ အေးကို အားတက်သွားပြီး ဆက်ပြောသည်။

"အေး. . . အဲဒီတော့ အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးဆိုတဲ့စကားလည်းရှိတာပဲ. . . အချိန်နဲ့ဒီရေက လူကိုမစောင့်သလို အချစ်ကလည်း စောင့်မနေတတ်ဘူးကွ. . . အဲဒီတော့. . ."

စကားကိုခဏရပ်၏။ နှုတ်ခမ်းကို လျှာနဲ့တစ်ချက်သပ်ကာ ဆေးပေါ့လိပ်ကို မီးညှိပြီး ဆက်ပြောသည်။

"အဲဒီတော့ အချစ်နဲ့ပတ်သက်ရင် စောသေးတယ်ဆိုတာ No. . . မြန်လေကောင်းလေပဲ. . . ဒီမှာ ဝေယံ"

အေးကိုအသံကြားတော့ ကျောင်းအုပ်ကြီးခေါ်သံကြားရတဲ့ ကျောင်းသားတစ်ယောက်လို ဝေယံဆတ်ခနဲဖြစ်သွားတယ်။ အေးကို ငါးခူပြုံးပြုံးပြီး ငါးသလောက်မျက်နှာနဲ့. . .

"မင်း. . . မေးချင်သပဆို. . . မေးစေဗျာ"

ဝေယံမျက်နှာက အဖေက မုန့်သွားစားဖို့အခေါ်ခံရတဲ့ ကလေးတစ်ယောက်လို ဝင်းခနဲဖြစ်သွားပြီး. . .

"ဟား. . . မင်းစကားက အဖိုးတန်လိုက်တာကွာ၊ ငါလည်း အဲဒါပြောတာကွ၊ ဒီကောင်တွေ. . . နားမလည်ဘူး"

"ဟာ. . . ငါတို့ပြောတာက"

ရဲဆွေလတ်နဲ့ အောင်ကိုဦးကို အေးကို ဟန်ပါပါလက်ကာပြပြီး

"မင်းတို့ပြောချင်တာ ငါသိတယ်၊ မလိုဘူး. . . နိုး. . . လုံးဝမလိုဘူး၊





ဒီကောင့်ဆုံးဖြတ်ချက်မှန်တယ်. . . ချသာချ သူငယ်ချင်း၊ (Love is ever right) အချစ်ဟာ အမြဲမှန်ကန်တယ်ကွ. . . ချ"

ဟိုနှစ်ကောင်လည်း ဘာဆက်ပြောလို့ ပြောရမှန်းမသိတော့သလို ခေါင်းကုတ်လိုက် ဖင်ကုတ်လိုက်နဲ့ ငြိမ်သွားတယ်။ ပြောလည်း ဘုန်းကြီးရှူးနဲ့ လှေလူးကို ရမှာမဟုတ်ဘူးဆိုတာ ရိပ်မိသွားတယ်ထင်တယ်။ အသာသာ ကြည့်နေလိုက်တော့သည်။ ဝေယံကတော့ သခင်အားရ ကျွန်ပါးဝသွားလေပြီ။

"ဟီး. . . ဟီး. . . အားကိုးပါရစေ သူငယ်ချင်းရယ်. . . အားကိုးပါရစေ. . . ဒီမှာ ငါ ရည်းစားစာတောင် အဆင်သင့်ပါလာပြီကွ"ဟုပြောကာ သူ့လွယ်အိတ်ထဲက ပန်းရောင်စာအိတ်လေး ထုတ်ပြ၏။

"ဟုတ်ပြီ. . . အဲဒီတော့"

"အဲဒီတော့. . . ပွဲက ဒီနေ့သိမ်းပြီပေါ့ အေးကိုရာ"

"ဟား. . . ဟား. . . ဟား. . . ဟား. . ."

"ဟား. . . ဟား. . . ဟား. . . ဟား. . ."

နှစ်ကောင်စလုံး ထိန်းမနိုင်သိမ်းမရ အူမြူးနေကြလေပြီ။

ရဲဆွေလတ်နဲ့ အောင်ကိုဦးကတော့ ခေါင်းပါခါခါ လည်တခါခါနဲ့ အရူးနှစ်ကောင်လိုကြည့်ပြီး စိတ်ညစ်နေကြသည်။

သတိုးကတော့ ထုံးစံအတိုင်း တေမိ. . .။

**နံပါတ်** တစ်အစီအစဉ်အရ အေးကိုနှင့်ဝေယံက ချိုလေးနွယ် အခန်းထဲမှထွက်လာလာချင်း နောက်မှမသိမသာကပ်လိုက်လာရန်။

နံပါတ်နှစ်အစီအစဉ်အရ ရဲဆွေလတ်နှင့်အောင်ကိုဦးတို့နှစ်ယောက်က ချိုလေးနွယ်ရှေ့မှပိတ်လျှောက်၍ ချိုလေးနွယ်ခြေလှမ်းများ ထက်ဝက်မက ကျဆင်းရေး ဆောင်ရွက်ရန်။

နံပါတ်သုံးအစီအစဉ်အရ သတိုးက ခပ်လှမ်းလှမ်းမှနေ၍ ချိုလေးနွယ် အကယ်၍များ ရဲဆွေလတ်နှင့် အောင်ကိုဦးကို ဖောက်ထွက်လာလျှင် နောက်ဆုံးခံတပ်အဖြစ် မသိမသာတားဆီးထားရန်။

နံပါတ်လေးအစီအစဉ်ကတော့ အဲဒီအချိန်အတောအတွင်း ဝေယံက ချိုလေးနွယ်ကို ရည်းစားစာပေးရန်(သို့)ရည်းစားစကားပြောရန်တို့ဖြစ်သည်။

အစီအစဉ်ချမှတ်သူမှာလည်း အေးကိုပင်ဖြစ်၏။ အစီအစဉ်အားလုံးကိုလည်း သူ့ဟာသူချမှတ်ပြီး၊ သူ့ဟာသူအတည်ပြုကာ ကျန်သူတွေအားလုံးကို တာဝန်တွေခွဲဝေပေးလိုက်တော့သည်။ ဝေယံကတော့ မျက်ခွက်ကို ထန်းလျက်အိုးမှောက်ထားသလို ဖြစ်နေတော့သည်။ သတိုးတို့သုံးယောက်ကတော့ နောက်လိုက်သက်သက်ဖြစ်သောကြောင့် ဘာဝေဖန်အကြံပြုခွင့်မှ





မရှိ။ အခြေအနေအံ့ရ ပြောလည်းရမှာမဟုတ်တော့တဲ့အတူတူ ခေါင်းညိတ်လက်ခံလိုက်ရသည်။ သတိုးဆို ရင်ထဲမှာ ကုလားဘုရားလှည့်နေပြီ၊ ရဲဆွေလတ်နဲ့ အောင်ကိုဦးဆို သူတို့ရင်ခုန်သံ သူတို့ပြန်ကြားနေရတယ်တောင် ထင်နေမိသည်။ သုံးယောက်လုံး ခြေဖျား လက်ဖျားတွေအေး၍ မျက်ခုံးလှုပ်နေကြ၏။ သို့သော် သူတို့အခုချိန်မှတော့ နောက်ဆုတ်မရတော့ပြီ၊ ပေါက်တဲ့နဖူး မထူးတော့ပြီဟုသာ သဘောထားလိုက်ရတော့၏။ ဝေယံနှင့်အေးကိုတို့ကတော့ မှိုကျင်းတွေ့ထားသလို မျက်နှာတွေကဖြီးဖြဲနေ၏။ သတိုးတို့မှာသာ အတန်းဆင်းချိန်ကိုစောင့်၍ ရင်တမမဖြစ်နေရတော့သည်။ ဟိုနှစ်ကောင်ကတော့ မြူးလို့ခုန်လို့။

ခဏကြာတော့ အတန်းဆင်းသွားလေပြီ၊ ဆရာမထွက်သွားပြီး တော်တော်ကြာကြာအထိ ချိုလေးနွယ် မလှုပ်သေးပေ။ စာထိုင်ကူးနေပုံရသည်။ ဝေယံနဲ့အေးကို တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ စိတ်ပျက်နေကြသည်။ သို့သော် သူတို့အစီအစဉ်ကို ဘယ်နည်းနဲ့မှအပျက်ခံချင်ပုံမရပေ။ ကျောင်းစွာပင် ကြောင်ချောင်းချောင်းနေကြ၏။

စောင့်ရကျိုးနပ်ပါသည်။ ချိုလေးနွယ် စာကူးလို့ ပြီးသွားပုံရသည်။ ကျောပိုးအိတ်သေးသေးလေးထဲ စာအုပ်တွေထည့်၍ ဆွဲယူလိုက်သည်။ ပြီးနောက် သေးဘီတစ်ချက်ကြည့်ပြီး ထဘီကိုပြင်ဝတ်ကာ အင်္ကျီခါးစကိုတစ်ချက်ဆွဲချ၍ ခြင်းတောင်းဆွဲ ထွက်လာတော့သည်။ တစ်ခန်းလုံးလည်း လူလေးငါးယောက်လောက်ပဲရှိတော့၏။ ထမင်းစားနားချိန်ဆိုတော့ လူရှင်းနေသည်။ သည်လိုနဲ့ ချိုလေးနွယ် အခန်းအပေါက်ဝနား ရောက်လာတော့သည်။

ချိုလေးနွယ်ထွက်လာတာတွေ့လိုက်ရတော့ ဝေယံတစ်ယောက် ဆတ်ခနဲဖြစ်သွားတာကို အေးကိုမြင်လိုက်တော့ မျက်နှာတစ်ချက်မဲ့သွားပြီး. . .

"ဝေယံ. . . ဘာမှမကြောက်နဲ့ ငါရှိတယ်"

အသံကို ကျိတ်ပြီးပြောကာ ရဲဆေးတင်ပေး၏။ ဝေယံကလည်း မချိမချိပြုံးကာ. . .

"အေးပါကွာ"

ပြောပြီး ချိုလေးနွယ်နောက် မသိမသာကပ်သွားလိုက်သည်။ ရဲဆွေလတ်နဲ့ အောင်ကိုဦးကတော့ တာဝန်ကျေသည်။ ကော်ရစ်တာမှာ ပိုက်ဆံအိတ်ပျောက်သလိုလိုလုပ်ကာ ဟိုရှာသည်ရှာနှင့် လမ်းပိတ်ကာ အလုပ်ရှုပ်ပြနေသည်။ ချိုလေးနွယ် ရဲဆွေလတ်တို့ကို ကျော်တက်ဖို့ကြိုးစားသည်။ ထင်သလောက်မလွယ်ပေ။ လမ်းကို နှစ်ယောက်လုံးပြည့်လုနီးပါး အလုပ်ရှုပ်ပြကာ ဟိုကြည့်သည်ကြည့်နှင့် ဖြည်းဖြည်းချင်းလျှောက်နေ၏။ ချိုလေးနွယ် အမြန်နှုန်း သိသိသာသာနှေးသွားပါသည်။ သည်အချိန် ဝေယံ့အတွက် အကွက်အကွင်းအကောင်းဆုံးဖြစ်သည်။ တစ်ဖက်ဂိုးတိုင်အတွင်း ဘောလုံးကို သွင်းခွင့်အကောင်းဆုံးဖြစ်သော တိုက်စစ်မှူးတစ်ယောက်၏အချိန်ဖြစ်သည်။ သို့သော် ဝေယံ ဇောချွေးတွေပြန်နေသည်။ နဖူးတွေ့ ဒူးတွေ့ကျ စီစဉ်ထားတာတွေ ဘယ်ကစလုပ်ရမှန်းမသိဖြစ်နေ၏။ ဒူးနှစ်ဖက်လည်း တုန်နေပြီး လမ်းတောင် ကောင်းကောင်းလျှောက်လို့မရချင်တော့. . .။ အေးကို ဝေယံ အခြေအနေမြင်တော့. . .။

"ဟေ့ကောင်. . . သူတောင်းစား. . . မင်းကွာ အခုလိုအချိန်ရောက်မှ"

"အေးကို. . . ငါ. . . ငါ"

သွားပြီ၊ အေးကို စိတ်ညစ်သွားပြီ၊ အတော်လည်း စိတ်ဓာတ်ကျသွားသည်။ သူ့လူသူကြည့်ပြီး စိတ်ဓာတ်အကြီးအကျယ် ကျသွားသည်။ တကယ်တမ်းကျ ဘာမှသုံးစားလို့မရမှန်း နားလည်သွား၏။

"တောက်. . . မင်းကွာ. . . ဖိုးသင်းမျောက်ပဲ"

အေးကို မချိတင်ကဲဖြစ်သွားပြီး ဝေယံကို အတင်းတွန်းလွှတ်၏။ ဝေယံကလည်း ကျားနဲ့ရသည့်ခွေးလို ဖင်တရွတ်သီနေသည်။ ခြေကန်ပေးကာ. . .

"အေးကို. . . ငါ. . . ငါ"

"တောက်. . . မင်းကွာ. . . တကယ့်အရေးမှာ"





အေးကို ဘယ်လိုမှတွန်းထုတ်မရတော့။ ဝေယံ အကြောက်အကန်ဖြစ်နေ၏။ အချိန်က တဖြည်းဖြည်းကြာလာပြီ။ ရဲဆွေလတ်နဲ့ အောင်ကိုဦးတို့လည်း ရှာရလွန်းလို့ ခေါင်းတွေလည်း မူးနောက်လာသည်။ နောက်တန်း အခြေအနေ ဘာမှမထူးသေးကြောင်း သိလိုက်ရတော့ အတော်စိတ်ပျက်သွား၏။ သို့သော် သူတို့အပိုင်းကိုတော့လုံးဝမပျက်စေရ၊ သေရင်သေပါစေ ပြောင်လက်နေသော သမံတလင်းကို အသဲအမဲ မူးနောက်နေအောင်ရှာနေလိုက်၏။ ချိုလေးနွယ်ကတော့ သူ့ရှေ့က ကုန်းကွကွနှင့် ခေါင်းချင်းဆိုင်ဟိုဘက်ဒီဘက် လူးလားခေါက်ပြန်နေသော ကောင်နှစ်ကောင်ကိုအံ့ဩသလိုဖြစ်နေ၏။ ကိုယ့်အရိပ်တောင် ကိုယ်မြင်နေရသည့် သမံတလင်းပေါ်မှာ ဘာရှာနေတာလည်း စိတ်ဝင်စားနေသည်။ ရုပ်တွေကလည်း အူကြောင်ကြောင်နဲ့ ရွှေနဲ့တူတာဆိုလို့ မူးလို့ရှူဖို့တောင် ရှိမယ့်ပုံမပေါ်၊ ရွှေပျောက်တာတော့မဟုတ်နိုင်၊ ပိုက်ဆံအိတ်ပျောက်ရင်လည်း သည်လောက်ရှင်းနေတာ တွေ့ဖို့ကောင်းပြီ၊ အခုတော့ သရဲမရဲစီးသလို ဘာလုပ်နေမှန်းမသိ စိတ်ညစ်လှပြီ၊ ချိုလေးနွယ်တွေးရင်း ကြည့်နေမိ၏။

အေးကို ဝေယံ့ကို တစ်ချက်ဆွဲလှည့်ပစ်လိုက်၍. . .

"ဒီမှာ. . . ဟေ့ကောင်၊ မင်းပေးချင်လှပါချည်ရဲ့ဆိုလို့ ငါတို့အားလုံး လုပ်ပေးနေတာ. . . မင်းအခုမှ ဇာတိပေါ်မလာနဲ့. . . မင်းကွာ မင်း"

"ဟာ. . . အေးကို. . . ငါ. . . ငါ. . . ကြောက်တယ်ကွ"

ဝေယံ့အသံတွေက ဟီနိုးဘတ်စ်ကားစက်သံလို တုန်ခါနေ၏။ တစ်ကိုယ်လုံးလည်း ဒိန်းတလိန်းနတ်ပူးသလိုဖြစ်နေသည်။

အေးကို နောက်ဆုံး ဒေါသထွက်သွားကာ ဖြစ်ချင်ရာဖြစ် ဝေယံကို ချိုလေးနွယ်နောက်သို့ အားကုန်တွန်းထည့်ပိုက်တော့သည်။

"အင့်. . ."

ညည်းသံသဲ့သဲ့နှင့်အတူ ဝေယံ ချိုလေးနွယ်နောက် တစ်တောင် လောက်အကွာသို့ စွေ့ခနဲရောက်သွား၏။

အနောက်မှအသံကြားတော့ ချိုလေးနွယ် ဖျတ်ခနဲလှည့်ကြည့်၏။ ချိုလေးနွယ်အကြည့်ကြောင့် ဝေယံ တီကောင်ဆားတို့သလို တွန့်ခနဲ ကွေးကောက်သွားပြီး ဖြန်းဖြန်းမြည်အောင် လန့်သွားပုံရသည်။ လက်ထဲမှ စာအိတ်ကိုလည်း နောက်ကျောဘက်သို့ ဖျတ်ခနဲကွယ်ပစ်လိုက်၏။

"ချူ. . . ချူ. . . လေး. . . နွယ်"

ဝေယံ စကားသံတောင် သိပ်မပီချင်တော့ပေ။ ချိုလေးနွယ် ဝေယံ့ကိုလည်းမြင်ရော ချေးပုံတွေ့သလို မျက်နှာတစ်ခုလုံးရှုံ့မဲ့သွားသည်။ ဝေယံတို့က အဲဒီလိုအခြေအနေကောင်း၏။ ဝေယံအလိုလိုကမှ ချိုလေးနွယ်ကို ကျားထက်ကြောက်နေရာ ချိုလေးနွယ်၏ နဂါးမျက်စောင်းလည်း အထိုးခံရရော ပြောဖွယ်မရှိတော့ပေ။ ကြောက်ချက်က တရှုတ်သီသွားသည်။ ချွေးသီးချွေးပေါက်တွေ ပေါက်ပေါက်မြည်အောင် ကျလာသည်။

"ကျွတ်. . . နင် ဘာလာလုပ်တာလဲ"

ချိုလေးနွယ် ညည်းညူစွာ စုပ်တစ်ချက်သပ်၍ ဝေယံ့ကိုမကြည့်ဘဲ မျက်နှာထားတင်းတင်းဆိုသည်။ ချိုလေးနွယ်ဆိုတဲ့ မိန်းကလေးကလည်း ဝေယံတို့ကို လုံးဝကြည့်ရတာမဟုတ်။ ကျောင်းစတက်ကတည်းက (၇)ရက်သားသမီး စိတ်မချမ်းသာအောင် လိုက်နောက်ပြောင်နေတဲ့ဟာတွေ၊ အေးကိုဆိုတဲ့ကောင်ဆို ပိုလို့ပင်ကြည့်မရ၊ ရုပ်ကိုက ကြွက်စုတ်ရေနစ်ထားတဲ့ရုပ်၊ ပြောင်စပ်စပ်နဲ့ စပရိန်မျက်နှာ၊ အခုလည်း ဝေယံ့ကို သူပဲမြှောက်ပေးတာဖြစ်နိုင်တယ်။ အနောက်မှာ ပေကပ်ကပ်နဲ့ရပ်နေတာသာကြည့်၊ ချိုလေးနွယ် တစ်ကိုယ်လုံး အလိုလိုနေရင်း ဒေါသတွေလွှမ်းသွားသည်။

"ချို. . . ချိုလေးနွယ်. . . ငါ. . . ငါ. . . နင့်ကို ဟို. . . စာ. . . စာ"

"တော်တော့. . . ဆက်ပြောရင် ဒီမှာကြည့်"

ချိုလေးနွယ် ဝေယံ့မျက်နှာကို တင်းတင်းကြည့်ပြီး လက်ဝါးထောင်ပြ၏။ ပြီးတော့ လှည့်ထွက်မည်အလုပ်. . .

"ချို. . . ချို. . . လေး. . . နွယ်. . . ငါ. . . ငါ"





"ငါတကယ်ပြောနေတာနော်. . . နောက်နေတယ်မထင်နဲ့၊ နင် ငါ့ကို နောက်ချင်တိုင်းနောက်. . . ပြောင်ချင်တိုင်းပြောင်. . . ပြီးမှ ဒါမျိုးလာလုပ်လို့မရဘူး. . . နင် ငါ့ကို ဘာမှတ်လဲ"

ချိုလေးနွယ် ခါးထောက်၊ ရင်ကော့ကာ တကယ်လုပ်မည့်ပုံ ချာ လှည့်ပြော၏။ ဝေယံ ချိုလေးနွယ်ကိုကြည့်ပြီး အရမ်းအံ့သြသွား၏။ ချို နွယ် သည်လိုပုံစံမျိုး ဆက်ဆံလိမ့်မည်ဟု လုံးဝထင်မထားချေ။ ပျော့ပျောင်းနူးညံ့သယောင်ရှိသည့် ချိုလေးနွယ်ပုံစံက အခုတော့ ကျားရိုင်းမလေးအသွင်ဆောင်နေပြီ။ ဝေယံ အထင်နဲ့အမြင်လွဲမှားသွား၍ ကြောင်ပြီး ချိုလေးနွယ်ကိုသာ မျက်လုံးပြူးကြည့်နေလိုက်၏။ သတိုးတို့ကတော့ အခြေအနေမကောင်းမှန်းသိတော့ တစ်ယောက်နဲ့တစ်ယောက် လက်ကုတ်၍ တော်ရာမှာ အသာကပ်နေလိုက်တော့သည်။

အေးအေးဆေးဆေးမနေသူက အေးကိုပင်၊ သူက ဝေယံကို မချိတင်ကဲဖြစ်နေသည်။ ချိုလေးနွယ်ကိုလည်း ဒေါသထွက်သွား၏။ သင်းက ဘာမို့လို့ သည်လောက်ဖြစ်နေရတာလဲဆိုတဲ့ အတွေးနဲ့ ဒေါသလည်းထွက်သွား၏။ ဝေယံကိုလည်း အတော်ဒေါသထွက်နေသည်။ ဝေယံ့နေရာမှာ သူဆိုလျှင် ရည်းစားစာကို မရမကပေးပြီးပြီ။ အခုတော့ သည်ကောင်က ပြောသမျှငုံ့ခံ၍ စာအိတ်ကိုကျောမှာကွယ်ထားကာ ကြောက်ဒူးတုန်နေသည်။ အေးကို သူ့ဇာတ်ကို သူနိုင်အောင်ကမည်ဆိုတဲ့အထာနဲ့ ဝေယံနှင့်ချိုလေးနွယ်ဆီ လှမ်းသွားလိုက်တော့သည်။

အေးကိုလှုပ်ရှားမှုက မြန်သည်။ ဝေယံနောက်ကျောတွင် ကွယ်ထားသော ရည်းစားစာကို ဖျတ်ခနဲဖမ်းလုလိုက်သည်။ ဝေယံ ရုတ်တရက်ဆိုတော့ ကြောင်သွားပြီး ပြန်လု၏။ အေးကိုကလည်း ယောင်ပြီးပြန်လုသည်။

"ဟေ့ကောင်. . . ပေးကွာ"

"မပေးဘူး. . . ပေး"

"ဟာ. . . ပေးဆိုကွာ"

"ပေးဘူး"

"ပေးဆို"

အေးကိုနှင့်ဝေယံ စာအိတ်ကို သူရကိုယ်ရ အပြိုင်ကြဲကြတော့သည်။ နှစ်ယောက်စလုံး ဘာရယ်မဟုတ် စာအိတ်ကိုသာရရှိရေးအတွက် အသေခံလုနေတော့သည်။ ရုတ်တရက် ပြောင်းလဲသွားသောအခြေအနေကြောင့် ချိုလေးနွယ်တောင် ကြောင်တောင်တောင်ဖြစ်သွားသည်။ စာအိတ်ကို လွန်ဆွဲသလိုဆွဲနေသော သူ့ရှေ့က အဲဒီနှစ်ကောင်ကိုလည်း နားမလည်နိုင်သလိုဖြစ်သွား၏။ အေးကို အတင်းဆွဲလု၏။ ဝေယံ အသားကုန်ပြန်ဆွဲသည်။ သူရကိုယ်ရ အပြိုင်လုနေကြသည်။ တစ်ချိတွင် အေးကိုဘက် စာအိတ်ပါသွားပြီး ချိုလေးနွယ်ကိုင်ထားသော ခြင်းထဲထည့်မည်အပြု ဝေယံ ယောင်တောင်တောင်နှင့် အတင်းပြန်လု၏။ သူတို့ကိုယ်သူတို့ ဘာတွေလုပ်လို့လုပ်နေမှန်း သိပုံမပေါ်။ အေးကိုလက်ထဲကစာအိတ် ဝေယံဆီ ပြန်ပါသွားသည်။ အေးကို ဒေါသထွက်သွားသည်။ သူက အကောင်းနဲ့လုပ်ပေးတာကို စေတနာ နားမလည်တဲ့ကောင်ဆိုပြီး ဝေယံကို ပျစ်ပျစ်နှစ်နှစ်ဆဲကာ ပြန်လုသည်။ သည်တစ်ခါတော့ ဝေယံလည်သွားသည်။ ဘယ်ဘက်လက်မှစာအိတ်ကို ညာဘက်လက်သို့ ဖျတ်ခနဲ ပြောင်းလိုက်တော့သည်။ အေးကို လုလိုက်သောလက်မှာ အရှိန်လွန် ဟန်ချက်ပျက်ကာ ကျော်ထွက်သွားပြီး ဝေယံ့ခါးကိုအမှတ်မထင် ထိုးမိလိုက်လေသည်။

"အွတ်ကျွ. . . အွတ်ကျွ. . . ပလုပ်တုတ်. . . ဖြန်း"

"ဟာ. . ."

"ဟယ်. . ."

ပတ်ဝန်းကျင်အသံတွေ ရုတ်ခြည်းတိတ်ဆိတ်သွားတော့သည်။ သူတို့အားလုံး ကမ္ဘာတစ်ခုထဲရောက်နေသလို ဖြစ်သွားတော့သည်။ အေးကိုနှင့် ဝေယံလည်း ခဏကြာတော့မှသတိဝင်လာကာ သူတို့ရှေ့မှာ ညာဘက်ပါးကို လက်ဝါးလေးနဲ့အုပ်ပြီး မျက်လုံးနှစ်ဖက်လုံး ကျွတ်ထွက်မတတ် ပြူး၍ကြည့်





နေသော ချိုလေးနွယ်ကိုမြင်လိုက်ရတော့သည်။ ချိုလေးနွယ်တစ်ယောက် လောကကြီး ဘာဖြစ်လို့ဖြစ်သွားမှန်းတောင် သိလိုက်ပုံမပေါ်ပေ။ သူမလည်း သူ့ရှေ့ကစာအိတ်ကို အသက်တမျှအရေးကြီးသလို တစ်ဦးနဲ့တစ်ဦးလုနေကြတာကို ကြောင်ကြည့်နေရင်းမှ ညာဘက်ပါးတစ်ခြမ်း ပူခနဲဖြစ်သွားပြီး မျက်လုံးနှစ်လုံးပါ ပြာဆင်းသွားသည်။ ပထမတော့ ကိုယ့်ကိုယ်ကိုဘာဖြစ်လို့ဖြစ်မှန်းမသိလိုက်ပေ။ နောက်မှ သူပါးရိုက်ခံလိုက်ရကြောင်း သိလိုက်ရသည်။ ဟုတ်ပါသည်။ ဝေယံ ချိုလေးနွယ်ပါးကို ယောင်ပြီး အသားကုန်ဆော်ထည့်လိုက်ခြင်းဖြစ်သည်။

ဝေယံက ခါးတို့လျှင် ယောင်တတ်တဲ့အကျင့်ရှိသည်။ သူယောင်လျှင် ညာဘက်လက်ရော ဘယ်ဘက်လက်ပါ ယမ်းထွက်သွားပြီး ပါးစပ်ကလည်း ပေါက်ကရအော်တတ်သောအကျင့်မှာ ငယ်စဉ်ကပင်ဖြစ်သည်။ ဒါကို အေးကို မသိပေ။ ဝေယံကလည်း တိုက်ဆိုင်မှုမရှိတော့ တစ်ခါမှမပြောဖူး။ အခုတော့ အားလုံး ငါးပါးမှောက်ကုန်ပြီ။ နှစ်ကောင်လုံး ဘာပြေးလုပ်လို့ ဘာပြေးကိုင်ရမှန်းမသိဖြစ်သွားသည်။ ချိုလေးနွယ်မျက်နှာက ရဲရာမှ နီလာပြီး နောက်ဆုံး မည်းနက်သွားကာ မျက်ရည်တွေပါကျလာသည်။ သည်လို ယောကျ်ား တစ်ယောက်က ပါးရိုက်လိုက်တာကိုလည်း တစ်သက်နဲ့တစ်ကိုယ် အိပ်မက်ပင်မမက်ဖူး၍ ဘာပြန်ပြောလို့ပြောရမှန်းတောင် မသိဖြစ်သွားသည်။ ပြီးမှ ဒေါသအိုးသည် ထိန်းမနိုင်သိမ်းမရဖြစ်ပြီး ယမ်းပုံမီးကျပေါက်ကွဲထွက်လာကာ မျက်လုံးနှစ်လုံးလုံး ဒေါသကြောင့် ဘာမှမမြင်တော့ပေ။ မျက်လုံးနှစ်လုံး စုံမှိတ်၍ သူ့ရှေ့က မည်းမည်းမြင်ရာ လက်ထဲမှခြင်းဖြင့်ရိုက်ပြီး အသံကုန်ညစ်ကာ အော်ချလိုက်တော့သည်။

"လာ. . . ကြ. . . ပါ. . . ဦး. . . ရှင်"

သတို့ အားလုံး မော်ကွန်းထိန်းရုံးခန်းကထွက်တော့ ညနေတောင် အတော်စောင်းနေပြီ။ နောက်ဆုံးချိန်က နှစ်ချိန်ဆက်ဖြစ်သောကြောင့် အတန်းကိုသွားမနေတော့ဘဲ အဆောင်ရှေ့ အုတ်ခုံတစ်ခုကိုသာ ထွက်လာလိုက်တော့သည်။

"အေးကိုရာ. . . မင်းကွာ"

"ငါလည်း မင်းအဲဒီလိုယောင်တတ်တာ ဘယ်သိပါ့မလဲကွ"

"ငါ. . . ချိုလေးနွယ်ကို မျက်နှာဘယ်လိုပြရမှန်းတောင် မသိတော့ဘူးကွာ"

"ရှေ့တည့်တည့်က ပြပေါ့ကွ"

"သေချင်းဆိုး"

ပြဿနာတက်လာတာတောင် အေးကိုဆိုတဲ့ကောင်က ပြောင်စပ်စပ်ဖြစ်နေသေးသည်။ ဝေယံကတော့ အဓိကတရားခံဆိုတော့ အတော်လေး အပိုးကျိုးနေ၏။

"ချိုလေးနွယ် ငါ့ကိုအတော်မုန်းသွားပြီလား မသိဘူးကွာ"

အရင်တုန်းကပဲ သူ့ကိုချစ်နေသလိုလို မျက်နှာပေးနှင့်ပြောတော့





ရဲ့ဆွဲလတ်က အမြင်မတော်တော့ပေ. . .။

"အရင်ကတည်းက မင်းကိုသတ်ပစ်ချင်နေတာကွ၊ အခုတော့ အရှင်လတ်လတ် မြေပါမြှုပ်ပစ်ချင်စိတ်ပေါက်သွားမှာက ကျိန်းသေတယ်"

အဲသည်လိုပြောလိုက်တော့ မျက်နှာလေးက ငါးဖောင်ရိုး ထမင်းဝတ်နေတဲ့ရုပ်နဲ့၊ ဟိုးအဝေးကြီးကို ရီဝေဝေကြီးကြည့်ပြီး. . .

"ကိုယ်မှားသွားပြီ. . . ချိုလေးရယ်၊ မင်း ကိုယ့်ကိုခွင့်လွှတ်နိုင်ပါစေ"

"ခွေးမသား"

အားလုံးပြိုင်တူပါပဲ၊ ဘယ်သူမှတောင် နောက်ကျမကျန်ခဲ့ဘူးထင်တယ်။ သတိုးတောင် ဝေယံ့ကို တော်တော်အမြင်ကတ်သွားတယ်။ အဲသည်လို ဝိုင်းပြီးအားပေးလိုက်ကြတော့ မျက်လုံးလေး ကလယ်ကလယ်နဲ့ဘာမှ မပြောရှာဘူး၊ သူတို့အားလုံး ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သွားရာက အေးကိုက နေပြီး. . .

"ဝေယံ. . . မင်းမိဘခေါ်ဖို့ကိစ္စ ဘယ်လိုလုပ်မလဲ"

ဝေယံ အဲသည်အချိန်ကျမှ မော်ကွန်းထိန်းပြောလိုက်တာ သတိရလိုက်သလိုဖြစ်သွားတယ်။ ပြီးတော့ မျက်နှာလည်းတော်တော်ပျက်သွားတယ်။

"ငါ့အိမ်ကို ဘယ်လိုပြောရမှန်းမသိဘူးကွာ. . တက္ကသိုလ်ရောက်မှ မိဘခေါ်ခံရတယ်ဆိုတော့ လူကြားလို့မှမကောင်း. . . ငါ့အဖေသိရင် ငါ့ကို သတ်လိမ့်မယ်"

"အင်း. . . ဒါပေမဲ့ ဘယ်တတ်နိုင်မလဲကွာ၊ မော်ကွန်းထိန်းကိုယ်တိုင် ပြောလိုက်တာဆိုတော့ မင်းမခေါ်လို့ဘယ်ရမလဲ. . . သည်လောက်နဲ့ပြီးသွားတာတောင် ကျေးဇူးတင်ရဦးမယ်၊ အခုဟာက တစ်ဖက်ကမကျေနပ်ရင် အသရေဖျက်မှုနဲ့ မင်း ထောင်တောင်ကျနိုင်တယ်၊ ချိုလေးနွယ်ကလည်း မော်ကွန်းထိန်းဖျန်ဖြေပေးလို့ ဒီလောက်နဲ့ပြီးသွားတာ. . . နို့မို့ဆို မင်း မလွယ်ဘူး"

"အဲဒါတော့ အဲဒါပေါ့ကွာ၊ ဒါပေမဲ့ အမေတို့ကိုငါဘယ်လိုပြောရမလဲ

ကွ၊ ပြီးတော့ ချိုလေးနွယ်ဆီခေါ်သွားရမှာကွ. . ဟိုရောက်လို့ ချိုလေးနွယ်က ငါ့အမေကို ပေါက်ကရတွေထပ်ပြောလိုက်ရင် ပြဿနာ. . . ငါဒီလိုဖြစ်တယ် ဆိုတာသိရင် အိမ်ပေါ်က ဆင်းရလိမ့်မယ်"

အေးကို သက်ပြင်းရှည်တစ်ချက်ချ၍. . .

"မလွယ်ပါလား ဝေယံရယ်. . . အင်း. . . နောက်ထပ်တစ်နည်း ကြံကြည့်သေးတာပေါ့ကွာ. . . ဒီနေ့ ကြာသပတေးဆိုတော့ တနင်္လာနေ့မှခေါ်လာရမှာဆိုတော့ ကြားထဲ ကြံလို့ဖန်လို့ရပါသေးတယ်ကွာ. . . စိတ်မပျက်ပါနဲ့ . . . အခုကိစ္စက ချိုလေးနွယ်ဆီ မင်းမိဘကိုခေါ်သွားရမယ်. . ပြီးတော့ ချိုလေးနွယ်ရှေ့မှာ မင်းက မင်းမိဘကို နောင်ဒီလိုမဖြစ်စေရပါဘူးလို့ ကတိပေးပြီးရင်ပြီးပြီပဲ၊ အဲဒီတော့ အင်း. . . "

အေးကိုရုပ်က ထုံးစံအတိုင်းပြန်ဖြစ်လာပြန်သည်။ မရှိတဲ့အမွေးကိုပဲ တွင်တွင်ဆွဲနေတော့သည်။ ဝေယံက ရေနစ်နေသူဆိုတော့ အခုချိန်မှာ အေးကိုက သူ့အတွက် ကောက်ရိုးတစ်မျှင်ပင်။

"လုပ်. . . လုပ်ပါဦး သူငယ်ချင်းရယ်. . . မင်းရဲ့ အကြံကောင်း ဉာဏ်ကောင်းလေးတွေ. . . လုပ်ပါဦး"

လက်အုပ်ကလေးတောင် ချီသွားပြီး အေးကိုကို ဖအေတမျှလေးစားသွားပုံရသည်။ အေးကိုကတော့ မျက်နှာကိုချီထားလိုက်တာ ပြန်ချမယ့်ပုံ မပေါ်တော့။ ခေါင်းတညိတ်ညိတ်လုပ်၍. . .

"အင်း. . . မင်းအမေကို သူက မြင်ဖူးတာမှမဟုတ်တာ. . အကယ်၍ မင်းအမေအရွယ် မိန်းမကြီးတစ်ယောက်ကို မင်းအမေဆိုပြီး သူ့ဆီခေါ်သွားရင်. . . "

"ဟေး. . . ဟုတ်လိုက်လေ သူငယ်ချင်းရာ. . . ဟုတ်လိုက်လေကွာ၊ ငါပူထူနေလို့ မစဉ်းစားမိဘူး. . . ဟဲ. . . ဟဲ. . . မင်းပြောသလိုဆို လွယ်လွယ်လေးပဲကွ. . . အခုဟာက မော်ကွန်းထိန်းရှေ့မှာမှမဟုတ်တာ. . . သူ့ဆီပဲ ခေါ်သွားရမှာဆိုတော့. . . သူမသိရင်ပြီးတာပဲ ဟေး"





အေးကိုစကားတောင် မဆုံးလိုက်၊ ဝေယံသဘောပေါက်သွားပြီး ထကတော့သည်။ ပြီးတော့ အေးကိုကိုလည်း နှစ်ခါလောက် ကစ်(စ်)ပေးပစ်လိုက်၏။ အတော်ပျော်သွားပုံရသည်။

"ကဲ. . . ဒါဆို ငါတို့ကို လက်ဖက်ရည် မင်းတိုက်"

"ဟား. . . တိုက်မှာပေါ့ဆရာရယ်. . . တိုက်မှာပေါ့"

"အကုန်လုံးကိုနော်"

"OK"

သူတို့အားလုံး ကန်တင်းကိုချီတက်ခဲ့တော့သည်။ လမ်းမှာ ရဲဆွေလတ်က သတိုးကို တိုးတိုးကပ်၍. . .

"ဒီတစ်ခါ. . . ငါတို့ မပါမိစေနဲ့နော်"

သတိုး အသာခေါင်းညိတ်ပြလိုက်သည်။

"အေးပါကွာ. . . စိတ်ချ"

ဝေ့ခန့်

တိုက်ခတ်လာသော လေပွေတွင် သစ်ရွက်ခြောက်များလွင့်ပါသွားသည်ကို ငေးကြည့်နေရင်း သတိုးရင်ထဲ လွမ်းလွမ်းဆွေးဆွေးဖြစ်သွားသလို ခံစားမိသည်။ အမေနှင့်ရွာကို လွမ်းနေသည်။ သတိုး ရန်ကုန်မှာမပျော်၊ ရွာမှာပဲပျော်သည်။ စိမ်းမြသော လယ်ကွင်း၊ အုံ့မှိုင်းသော ရွာလမ်းကလေးနှင့် အေးချမ်းသာယာနေသော သူ့ရွာလေးကို သူလွမ်းနေသည်။ အမေလည်း သည်အချိန်ဆို သူ့ကိုလွမ်းနေမှာ သူသိသည်။ ယခုလို အိမ်နှင့်တစ်ခါမှ အကြာကြီးမခွဲဖူး၊ သားကို ရန်ကုန်မြို့ကြီးမှာ ပညာတတ်ကြီးဖြစ်စေချင်သော အမေ့ရင်ထဲကခံစားချက်ကို သတိုးနားလည်ပါသည်။ ဖြစ်အောင်လည်း ကြိုးစားမည်ဟု သန္နိဋ္ဌာန်နှင့် သတိုးရွာမှထွက်လာခဲ့သည်။ လယ်ယာမြေသာ အဓိကထား လုပ်ကိုင်စားသောက်သည့် သူတို့မိသားစုအတွက် သတိုးတစ်ယောက် ရန်ကုန်တွင် ကျောင်းလာတက်ခြင်းမှာ ဝန်ထုပ်ဝန်ပိုးအတော်ဖြစ်သော်လည်း ပညာတတ်ကြီးဖြစ်စေချင်သော အမေ့ရဲ့ဆန္ဒကို သတိုး တားမရချေ။

"အမေတို့မျိုးရိုးထဲမှာ ဒီသားလေးတစ်ယောက်ပဲ ပေါက်ပေါက်မြောက်မြောက်ရှိတာပါအေ. . . ကျန်တာတွေ မြိုးမြဲပြီး ငါ့သားလေးကို ပညာတတ်ကြီးဖြစ်အောင် ထားတာပါ"





အမေ့ရဲ့စကားသံကို သတိုးနားထဲတွင် အခုထိကြားယောင်ဆဲ၊ ရွာက ထွက်ခါနီး ဘူတာမှာလိုက်ပို့တုန်းက မျက်ရည်များကြားကပြုံးပြသည့် အမေ့ရဲ့အပြုံး၊ သတိုး အခုထိအမှတ်ရနေတုန်းပါ။ အခုတော့ သူ အမေသိပ်ရောက်စေချင်သည့် တက္ကသိုလ်ကြီးကိုရောက်နေလေပြီ။ သတိုး သူ့ရှေ့က ငေးလက်စ လက်ဖက်ရည်ခွက်ကိုငေးကြည့်နေမိသည်။ ကန်တင်းအတွင်းမှာကျောင်းသား၊ ကျောင်းသူတွေ ကိုယ့်အဖွဲ့နဲ့ကိုယ် ပုံစံအမျိုးမျိုး ပြုံးပျော်နေကြသည်။ သူကတော့ သည်နေ့တစ်ယောက်တည်းပင် သောကြာနေ့လည်းဖြစ်၊ ကျူတိုရီရယ်လည်းမရှိသောကြောင့် အေးကိုတို့ တစ်ယောက်မှကျောင်းမလာ၊ သတိုးတစ်ယောက်တည်းဖြစ်နေသည်။ ပထမအချိန်တက်ပြီး ဒုတိယအချိန်မရှိတဲ့အတွက် ကန်တင်းထွက်လာလိုက်သည်။ ပုံမှန်အားဖြင့် သတိုးတစ်ယောက်တည်း ကန်တင်းထိုင်လေ့ထိုင်ထသိပ်မရှိ။ သူငယ်ချင်းတွေနဲ့သာ အထိုင်များသည်။ ဒါတောင် တစ်ခါတစ်ရံသာ၊ အဟန်းတက်တာများသည်။ သူ့ဘဝက သူများတွေလို တက္ကသိုလ်မှာ အပျော်တစ်ဝက် ပညာတစ်ဝက်နှင့် လာတက်နိုင်တာမဟုတ်၊ Class လည်း သိပ်မလစ်၊ အတန်းကို တတ်နိုင်သလောက် မှန်အောင်တက်သည်။ အဓိကအကြောင်းရင်းက ပညာတတ်ဖြစ်ဖို့အရေးကြီးသည်။ ဒါမှအမေ့ဆန္ဒပြည့်ဝမည်။ သူလည်း လူတစ်လုံးသူတစ်လုံး လောကအလယ်မှာ ရပ်တည်နိုင်မည်ဖြစ်သည်။

သတိုးတွေးရင်း လက်ဖက်ရည်တစ်ငုံသောက်၍ မီးသေနေသော ဆေးပေါ့လိပ်ကို ကောက်ကိုင်လိုက်သည်။ မီးခြစ်ပါမလာသောကြောင့် စားပွဲထိုးလေးထံမှ မီးခြစ်တောင်း၍ မီးညှိလိုက်စဉ် သတိုးအမှတ်မထင် ရှေ့တစ်ဝိုင်းကျော်က ကောင်မလေးတစ်ယောက်ကို သတိထားမိလိုက်၏။ ထိုကောင်မလေးကတော့ သူ့ကို ဘယ်အချိန်ကတည်းက ကြည့်နေလည်း မသိပေ။ သူ့ကို စိတ်ဝင်တစား စိုက်ကြည့်နေလေသည်။

သတိုး အိုးတိုးအန်းတန်းဖြစ်သွားပြီး မျက်စိကို ချက်ချင်းလွှဲပစ်လိုက်၏။ သတိုး 'မ'နဲ့ပတ်သက်ရင် ယခုအရွယ်ထိ အတွေ့အကြုံလုံးဝမရှိ၊ ခြေမနဲ့

လက်မတောင် မွေးကတည်းကပါလာလို့ ပတ်သက်နေရခြင်းဖြစ်သည်။ အခုလို ကောင်မလှလှလေးတစ်ယောက်က စိုက်ကြည့်နေတော့ လက်ဖျား ခြေဖျားတွေအေး၍ ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ သို့သော် သတိုးကြာကြာ မနေနိုင်၊ အသာခိုး၍ နောက်တစ်ခေါက် ပြန်ကြည့်လိုက်သည်။

ဟင်. . . သတိုးတစ်ကိုယ်လုံး ကျဉ်စက်နဲ့တို့လိုက်သလို ဖြစ်သွား ပြန်၏။ ကောင်မလေးက အခုထိ သူ့ထံမှ မျက်လုံးမဖယ်သေးပေ၊ သတိုး ခေါင်းပဲယားသလိုလို၊ ဖင်ပဲအောင့်သလိုလိုဖြစ်လာကာ သူ့ပုံစံက မျောက် လက် ငါးပိထိသလို ယောက်ယက်ခတ်သွားတော့သည်။

သတိုး ဒုတိယအကြိမ် ကောင်မလေး၏အကြည့်ဒဏ်ကို မခံနိုင်၍ မျက်လွှာချပစ်လိုက်ရသည်။ ဘယ်လိုကောင်မလေးပါလိမ့်၊ လူကိုကြည့်နေ လိုက်တာ မျက်လုံးတွေကစူးရှလိုက်တာ။

ကြာတော့ အိမ်သာပဲပြေးတက်ရမလိုလို၊ ထမင်းပဲ ပြေးစားရမလိုလို ရင်ထဲ မတင်ကျကြီးဖြစ်လာတော့သည်။

သတိုး တတိယအကြိမ် သူ့ရှေ့ကောင်မလေးကို ကြည့်ချင်လာပြန် သည်။ ဆံပင်တိုတိုလေးနှင့် တီရှပ်အင်္ကျီအဖြူလေးဝတ်ထားသော ယောကျ်ား ဆန်ဆန်ကောင်မလေးကို သတိုးမြင်ချင်လာပြန်သည်။ သတိုး မြေကြီးကိုသာ ရှေ့ထွက်မတတ် တွင်တွင်ကြီးစိုက်ကြည့်နေရာမှ မျက်လုံးကို အသာလေး ထောင့်ကပ်ပစ်လိုက်တော့ ကောင်မလေး၏ ထဘီနားစလေး တစ်ချက် အလှုပ်မှာ ခြေကျင်းဝတ်နားက ခြေသလုံးဖြူဖြူလေးတွေပါ တစ်စွန်းတစ်စ တွေ့လိုက်ရသည်။

"ဟင်. . ."

သတိုးရင်ထဲ ဒိုင်းနမိုက်တပ်ခွဲလိုက်သလို အုန်းခနဲမြည်ဟည်းသွား၏။ တစ်မျိုးမထင်ကြပါနဲ့၊ သူတွေ့လိုက်တာက ကောင်မလေး ခြေသလုံးက ရွှေချိုလုံးလေးတွေတပ်ထားသော ကြိုးဝေးပင်၊ သတိုး သည်ခြေထောက် လေးနှင့် သည်ကြိုးလေးတွေကို ရင်းရင်းနှီးနှီးသိသလိုဖြစ်သွားပြီး ရင်လည်း





အတော်ခုန်သွားသည်။ ပြောမပြတတ်အောင် ရင်ခုန်ခြင်းပါ။ သူအမြဲတမ်း သတိရနေတဲ့ ခြေကျင်းဝတ်လေးနဲ့ခြေထောက်ဖြူဖြူလေးပေါ့၊ သူ ဟိုတစ်ခါ သည်ဆိုင်မှာပဲ ရေနွေးနဲ့မှုတ်ထုတ်လိုက်မိတဲ့ ကောင်မလေးပဲဖြစ်မည်။ သတိုး အရမ်းပျော်သွားသည်။ သည်ကောင်မလေးကို သူတွေ့ချင်နေတာကြာပြီ၊ တောင်းလည်း တောင်းပန်ချင်သည်။ တမင်သက်သက် သူလုပ်လိုက်တာ မဟုတ်ကြောင်း ရိုးသားစွာ ရှင်းပြချင်နေသည်။ အခုတော့တွေ့ပြီ၊ သည် ကောင်မလေးမှ သည်ကောင်မလေးအစစ်ပါ။

ထိုအချိန်တွင် အတွေးနယ်ချဲ့နေရင်း ခြေထောက်ကို မျက်တောင် မခတ် ငူငူကြီးစိုက်ကြည့်နေသော သတိုးကို ကောင်မလေးတော်တော်အံ့ဩ သွား၏။ သူ့အောက်ပိုင်းကို အားမနာပါးမနာ စိုက်ကြည့်နေတာတွေ့တော့ [illegible]က်လည်းရှက်သွားပြီး သတိုးကို ကြောက်လည်း တော်တော်ကြောက် သွားသည်။ ဟိုတစ်ခါတုန်းကလည်း ရေနွေးနဲ့ သူ့ကိုမှုတ်ထုတ်ခဲ့တဲ့ကောင် ဆိုတာကိုလည်း သည်မှာထိုင်ကတည်းက သူသိသည်။ ဒါကြောင့် အမြင် ကတ်ကတ်နဲ့ စိုက်ကြည့်ပစ်လိုက်၏။ သူ့ကို ပါးစပ်ထဲက ရေနွေးနဲ့လည်း ထွေးထုတ်သေးတယ်၊ မတောင်းပန်တဲ့အပြင် လက်သုတ်ပဝါနဲ့ သူ့အညစ် အကြေးတွေတောင် လူရှေ့မှာ ရွံ့စရာကောင်းလောက်အောင် ညှစ်ပြသေး၏။ ပြီးတော့ နှမချင်းမစာမနာ သူကမကျေနပ်လို့ပြောတာကို ပုဆိုးအောက်နားစ ဆွဲပြီး မဖွယ်မရာလုပ်ပြဖို့ကြိုးစားတဲ့ကောင်၊ လူပုံက မအူမလည်ရုပ်နဲ့ အကျင့်တော်တော်ယုတ်တဲ့ကောင်၊ အခုလည်း သူ့အောက်ပိုင်းအလှကို အငမ်းမရ. . . အို. . . တောက်. . .။

ကောင်မလေး သူ့အတွေးနဲ့သူတွေးရင်း သတိုးကို ကုတ်ဖဲ့ပစ်ချင် လောက်အောင် အမြင်ကတ်သွားလေရဲ့၊ သတိုးက အဲဒါကို လားလားမှ မရိပ်မိ၊ သူသိတာက ခြေထောက်၊ ဒါပဲ၊ အဲဒါကြောင့် အဲဒီခြေထောက်လေး ကိုပဲ ပြုံးပြုံးကြည့်နေလိုက်တာ မျက်လုံးနှစ်လုံးက မီးလာခါစ မီးလုံးလိုပဲ ဝင်းဝင်းတောက်နေတာ။

ကောင်မလေးက သူ့ခြေထောက်ကို ဖျတ်ခနဲ ထဘီအောက်သွင်းပြီး ဖုံးပစ်လိုက်တော့ သတိုးရင်ထဲ ဟာခနဲဖြစ်သွားတယ်။ ဖြစ်သွားတာမှ သူတောင်းစား ခွက်ပျောက်သလို ယောက်ယက်ခတ်သွားတာ။ နောက်ဆုံးတော့ သတိုး ကောင်မလေးမျက်နှာကို ဆတ်ခနဲမော့ကြည့်လိုက်တယ်။

"ဟင်. . ."

သတိုး အတော်ကလေးလန့်သွားတယ်။ သူ့ကို နဂါးတစ်ကောင်လို မျက်လုံးမျိုးနဲ့ကြည့်နေတဲ့ ကောင်မလေးကို အတော်ကြောက်သွားပြီး တွန့်ခနဲ တောင်ဖြစ်သွားတယ်။ သတိုး တော်တော်လည်းအံ့ဩသွားတယ်။ ဘယ်လိုပါလိမ့်၊ သူ့ကို ရန်သူကြည့်သလိုကြည့်နေပါလား။ ဒါပေမဲ့ သတိုး ကောင်မလေးကို တောင်းပန်ဖို့ကိစ္စသတိရလိုက်တော့ ထိုင်ခုံကထပြီး ကောင်မလေးဆီ သွားမယ်လို့ကြံရွယ်ရှိသေးတယ်၊ ကောင်မလေးက သူ့ကိုကြည့်ရင်း တောက်တစ်ချက်ခေါက်ကာ ဆတ်ခနဲ ထထွက်သွားတာမြင်ရတော့ ထိုင်ရမလို ထရမလို တန်းလန်းကြီးဖြစ်သွား၏။ အဲဒီအချိန်မှာ စားပွဲထိုးလေးက ပန်းကန်ပြားလေးတစ်ခုကိုင်ပြီး ကောင်မလေး ထထွက်သွားတဲ့ စားပွဲနားရောက်လာရော. . .

"ဟာ. . . အစ်မ. . . စိုးမြင့်ကျော်"

စားပွဲထိုးလေးက ကောင်မလေးကိုလှမ်းခေါ်ရင်း ပြောလက်စစကားရပ်သွားပြီး ခေါင်းကုတ်ကာ နားမလည်နိုင်သလိုဖြစ်သွားသည်။ သတိုးတစ်ယောက် အဲဒါလည်းတွေ့ရော အတိုင်းမသိပျော်သွားပြီး စားပွဲထိုးလေးကို ဖက်နမ်းချင်စိတ်ပေါက်သွားအောင် ကျေးဇူးတင်သွား၏။ သူ စားပွဲထိုးလေးကြောင့် ကောင်မလေးနာမည်ကို မှတ်မထင် သိသွားရလေပြီ၊ ဘာတဲ့. . . ကောင်မလေးနာမည်က အဆန်းလေးပဲ. . . စိုးမြင့်ကျော် တဲ့။

သတိုး အသဲထဲစွဲနေအောင် မှတ်ပစ်လိုက်၏။

စိုးမြင့်ကျော်ဆိုသော ထမင်းကြော်တစ်မျိုးကို တက္ကသိုလ်နယ်မြေတွင်ခေါ်သော နာမည်တစ်ခုမှန်း သတိုးလုံးဝမသိပေ။



"အေးကို . . . ကြံစမ်းပါဦးကွာ. . . ဒီနေ့မှ ချိုလေးနွယ်ဆီ ငါ့မိဘတစ်ယောက်ခေါ်မသွားရင် မလွယ်ဘူးနော်"

"မင်းကို ငါအစောကြီးကတည်းကပြောသားပဲ၊ အမေအရွယ်မိန်းမကြီးတစ်ယောက်လောက် စီစဉ်ထားပါလို့. . . အခုတော့ အဲဒီလို မစီစဉ်နိုင်တော့လည်း မင်းထိုက်နဲ့မင်းကံပေါ့ ဝေယံရာ"

"ငါလည်း မစီစဉ်ဘဲနေပါ့မလားကွာ. . . ဒါပေမဲ့ တစ်ယောက်မှ အဆင်မပြေလို့ပေါ့ကွ. . . လုပ်ပေးမယ့် ငါ့အဒေါ်တစ်ယောက်ကလည်း မနေ့ကမှ သူ့ယောက်ျားနောက် အရေးပေါ်လိုက်သွားရလို့ အခု ဒီမှာမရှိဘူးဖြစ်နေတယ်. . . မြန်းခနဲဖြစ်သွားတော့ ငါလည်း ဘယ်သူ့အကူအညီထပ်တောင်းရမှန်း မသိဘူးဖြစ်သွားတာကွ၊ အခုတော့ ဒုက္ခပဲကွာ"

"ဒါဆို. . . ချိုလေးနွယ်ကို တစ်ရက်ထပ်စောင့်ခိုင်းလိုက်ပေါ့ကွာ"

"ဟာ. . . အဲဒါတော့မဖြစ်ဘူး အေးကို. . . ချိုလေးနွယ်က ပြောလို့ဘယ်လိုမှရမှာမဟုတ်ဘူး သေချာတယ်. . . အခုတောင် ငါ့မိဘကိုတွေ့ဖို့အတန်းထဲမှာ အဆင်သင့်စောင့်နေတယ်လို့ ခုန စောကြည်ကြည်ဝေ ငါ့ကိုပြောသွားတယ်ကွ. . . အဲဒါနဲ့ ငါလည်းအတန်းထဲမသွားရဲတော့ဘဲ မင်းဆီကို

လာစောင့်နေတာပေါ့ကွာ. . . လုပ်ပါကွာ. . . ကြံပါဦး သူငယ်ချင်းရာ"

အေးကိုလည်း အခုတစ်ခါတော့ တော်တော်အကြံအိုက်သွားပုံရတယ်။ မုတ်ဆိတ်မွေးနှစ်ပင်ကိုတောင် မဆွဲအားတော့ဘူး။ ရုပ်ကလည်း တစ်ခုခုကို လေးလေးနက်နက် စဉ်းစားသွားတယ်။ ခဏနေတော့မှ. . .

"အင်း. . . နောက်ဆုံးတော့ နည်းလမ်းတစ်ခုပဲရှိတော့တယ် ဝေယံ"

အေးကိုစကားကြောင့် ဝေယံမျက်နှာက ခွေးငတ် အိမ်သာတွေ့သလို ဝင်းခနဲပဲ၊ ကမျောသောပါးနဲ့. . .

"ပြော. . . ပြော. . . စမ်းပါဦး သူငယ်ချင်းရာ"

"မုန့်ဆိုင်တစ်ခုခုက မင်းအမေအရွယ် အဒေါ်ကြီးတစ်ယောက်ကို အကူအညီတောင်းကြည့်ဖို့ပဲ ရှိတော့တာပဲကွာ"

ဝေယံ တစ်ချက်တော့ တွေခနဲဖြစ်သွားပြီး. . .

"ဖြစ်. . . ဖြစ်နိုင်ပါ့မလား သူငယ်ချင်းရာ. . . တော်ကြာ ချိုလေးနွယ်နဲ့သိနေတဲ့ဆိုင်က ဖြစ်နေရင် ကျားမြီးဆွဲပြေးတာထက် ဆိုးသွားမယ်နော်"

ဒါကတော့ သူမရောက်နိုင်သေးတဲ့ အဆောင်တစ်ခုခုမှာရှိတဲ့ မုန့်ဆိုင်က စီစဉ်ရမှာပေါ့ကွာ. . . အခုချိန်မှာ ဒီ့ထက်ကောင်းတဲ့နည်းလမ်း မရှိလောက်တော့ဘူး သူငယ်ချင်း"

ဝေယံ အတော်လေးစဉ်းစားသွားတယ်။ အခုတစ်ခါတော့ ချိုလေးနွယ်နဲ့ ပြဿနာထပ်တက်ချင်ပုံမပေါ်။ ပြီးတော့ ချိုလေးနွယ်နဲ့ပြဿနာထပ်ဖြစ်မှာကိုလည်း အတော်လေးကြောက်နေပုံရတယ်။ ဒါပေမဲ့ နောက်ဆုံးတော့ အေးကိုအကြံက အသင့်တော်ဆုံးဖြစ်နေတော့ လက်ခံလိုက်တယ်။

"ဒါဆိုလည်း. . . ချကွာ. . . သွားမယ်"

ဝေယံ့လက်မောင်းကို အေးကိုဖမ်းဆွဲပြီး. . .

"နေဦးလေ. . . ဆန္ဒမစောပါနဲ့. . . ဖြည်းဖြည်းပေါ့ သူငယ်ချင်းရာ၊ ဒါမျိုးက လောလို့မရဘူးလေ"

အခုမှ အေးကိုလည်း မုတ်ဆိတ်မွေးဆွဲရမှန်း သတိရသွားတယ်ထင်





တယ်။ ထုံးစံအတိုင်း ပြန်ဖြစ်သွားတယ်။ အတော်လေး ဆွဲလို့ဝသွားမှ. . .

"အခုလောလောဆယ် ကန်တင်းသွားမယ်. . . ငါတို့နှစ်ယောက်ကို မင်း လက်ဖက်ရည်လိုက်တိုက်"

"ပြောစရာလိုသေးလို့လား. . . သူငယ်ချင်းရာ"

အဲဒီအချိန်မှာပဲ သတိုးတစ်ယောက် သူနဲ့ခပ်လှမ်းလှမ်းမှာ ကောင်မလေးတစ်ယောက်ကို ကျောင်းသူတစ်အုပ်နဲ့အတူ သွားတွေ့တယ်။ သတိုးတစ်ယောက် အပျော်လုံးဆို့ပြီး နေရာမှာတင် လဲသေသွားမှာတောင်စိုးရတယ်၊ ဘယ်သူရှိမလဲ စိုးမြင့်ကျော်လေးပေါ့. . .

"ဟေ့ကောင် သတိုး သွားမယ်လေ"

"စိုးမြင့်ကျော်"

သတိုး ကောင်မလေးနာမည်ကို လွှတ်ခနဲ ညည်းမိလိုက်တယ်။ လူကလည်း ကျောင်းအလယ်လမ်းမမှာ မှင်တက်ပြီး ငေါင်ကြောင်ကြောင်နဲ့ရပ်သွားတယ်။

"အေးပါကွာ. . . မင်းကြိုက်တာ ကျွေးပါ့မယ်၊ လာ သွားမယ်"

သတိုးအာရုံထဲ ဘာမှမကြားတော့ပေ။ သူသိတာ သူ့ရှေ့က ကောင်မလေး စိုးမြင့်ကျော်. . .။ သတိုး လွတ်သွားမှာစိုးလို့ အားရပါးရလှမ်းခေါ်မလိုဖြစ်သွားပြီးမှ ကိုယ်ရှိန်သတ်လိုက်ရ၏။

"စိုးမြင့်ကျော်. . . လွတ်သွားလို့မဖြစ်ဘူး"

ဟိုနှစ်ကောင် အူကြောင်ကြောင်ဖြစ်သွားတယ်။

"ဟေ့ကောင် သတိုး. . . မင်းဘာတွေလျှောက်ပြောနေတာလဲ"

"စိုး. . . စိုးမြင့်ကျော်"

"ဟင်. . . ဟေ့ကောင်သတိုး"

သတိုးမရတော့။ သည်တစ်ခါတော့ အလွတ်မခံတော့။ တကယ်တောင်းပန်မှုဖြစ်မည်။ ဟိုတစ်ခါဖြစ်ထားတဲ့ ရေနွေးကိစ္စကို သူတောင်းပန်ဖြစ်အောင် တောင်းပန်ရမည်။ ဘာကြောင့်မှန်းမသိ အဲဒီကောင်မလေး စိတ်

ဆိုးမှာ သူမခံနိုင်ဖြစ်နေသည်။ ကောင်မလေးတွေအုပ်စုကလည်း လမ်းလျှောက်တာ အတော်မြန်ပုံရသည်။ သူနဲ့ အတော်ဝေးဝေးရောက်သွား၏။ သတိုး ဆုံးဖြတ်ချက်ကို အမြန်အကောင်အထည်ဖော်ပစ်လိုက်၏။

"ဟေ့ကောင် သတိုး. . . ဘယ်. . . ဘယ်. . . သွားမလို့လဲ"

"ဟာ ဒီကောင်. . . ဘာဖြစ်တာလဲ"

သတိုး ကောင်မလေးနောက်ကို ပြေးလိုက်သွားသည်။ အေးကိုနဲ့ဝေယံ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး. . .

"ဒီကောင်. . . ဘာဖြစ်သွားတာလဲ"

"သိဘူးလေ. . . ငါလည်း မင်းနဲ့အတူရှိနေတာပဲ၊ လက်စသတ် ဗိုက်ဆာလို့ထင်တယ်"

"မဖြစ်နိုင်ဘူး. . ဒီကောင်ဗိုက်ဆာရင် ငါတို့နဲ့အတူလိုက်စားမှာပေါ့။ ပြီးတော့ စိုးမြင့်ကျော်ဆိုတာ ငါတို့တောင်မကြိုက်လို့ တစ်ခါတလေမှစားတာ၊ ဒီကောင်လည်း တစ်ခါမှ အဲဒီလိုမှာမစားဖူးပါဘူး၊ အခုဘယ်က. . ဘယ်လို"

"မသိဘူးကွာ. . . ဦးနှောက်ခြောက်ရတဲ့အထဲ တွေးမနေနိုင်ဘူး၊ လာကွာ. . . သွားရအောင်"

နှစ်ကောင်လုံး သတိုးအပြုအမူကြောင့် အူကြောင်ကြောင်နဲ့ ကန့်တင်းသာ ဆက်လက်ထွက်လာလိုက်တယ်. . . သတိုးကိုတော့ အရိပ်တောင်မမြင်ရတော့ပေ။

✿ ✿ ✿

"သတိုး ကောင်မလေးအုပ်စုနဲ့ အတော်နီးသွားတော့ ကိုယ်ရှိန်သတ်ပစ်လိုက်သည်။ ပြေးလိုက်လာရတော့ အတော်လေးလည်း မောသွား၏။ ခဏလောက် အမောဖြေလိုက်သေးသည်။ ပြီးမှ သူတို့နောက်က အသာလိုက်သွားလိုက်၏။

အတော်ကလေး လျှောက်လာခဲ့ပြီးတော့ ကောင်မလေးတွေက အဆောင်တစ်ခုရဲ့ ထောင့်ချိုးလေးကို ဝင်ချသွား၏။ သတိုးအခုထိ ဘာမှ မလုပ်ရသေးပေ။ သည်အတိုင်းကြီးပဲ နောက်ကလိုက်နေသည်။ ကောင်မလေးကတော့ သူ့သူငယ်ချင်းတွေနှင့် စကားတပြောပြော လျှောက်နေလိုက်တာ သူလိုက်တာ လုံးဝမသိပေ။ ခဏနေတော့ သူ့သူငယ်ချင်းတွေ သူ့ကိုနှုတ်ဆက်ပြီး အခန်းတစ်ခုရှေ့မှာ ကျန်ခဲ့လေသည်။ ကောင်မလေးတစ်ယောက်တည်း ဆက်ထွက်သွား၏။ သတိုးအတွက်တော့ သည်အချိန်က အကောင်းဆုံးပင်၊ ကောင်မလေးဘေးမှာ ဘယ်သူမှမရှိတော့ ပြောရဆိုရတာလွတ်လပ်သွားသည်။ သတိုး လွယ်အိတ်ကိုစလွယ်သိုင်း၍ ပုဆိုးတစ်ချက်ပြင်ဝတ်ကာ ကိုယ့်ကိုယ်ကို အားပေးပစ်လိုက်သည်။

"ဟို. . . မ. . . မစိုးမြင့်ကျော်"

"..."

"မ...မစိုးကျော်မြင့်"

"အဲ..."

"..."

ကောင်မလေး သူခေါ်တာကို ဂရုမစိုက်၊ လှည့်လည်းမကြည့်တော့ အတော်လေး ကသိကအောက်ဖြစ်သွားကာ အယောင်ယောင်အမှားမှားတွေ ဖြစ်ကုန်သည်။ လျှာပါလိပ်သွားလို့ နာမည်ပါ ဇောက်ထိုးဖြစ်သွားသည်။

"မ...မ...မစိုးမြင့်ကျော်"

သည်တစ်ခါ အသံနည်းနည်းကျယ်သွားတော့ ကောင်မလေး ဆတ်ခနဲ လှည့်ကြည့်၏။ သတိုးကိုလည်းမြင်ရော နှေ့ခင်းကြောင်တောင် သရဲခြောက်ခံရသလို ဖြစ်သွားတယ်။

"ဟင်...ခင်...ခင်ဗျား"

"အဟဲ...အဟီး...ဟုတ်ကဲ့"

သတိုးပါးစပ်ပေါက် နားချိတ်မတတ် ဖြဲကားပြုံးပြပစ်လိုက်တယ်။ ကောင်မလေးက ကြွေးရှင်ကိုပြုံးပြသလို ပြုံးပြနေသော သတိုးကိုကြည့်ပြီး ကြောင်စီစီဖြစ်သွားတယ်။

"အဟဲ...ဟို...ဟာ...ကျွန်...ကျွန်တော်...တောင်းပန်ပါတယ်...မ...မစိုးမြင့်ကျော်ရယ်"

"ဟင်..."

အဆုံးအစမရှိတဲ့ သတိုးစကားကြောင့် ကောင်မလေးကြောင်သွားတယ်။ နားမလည်နိုင်သလိုလည်းဖြစ်သွားတယ်။ ပြီးတော့ သူ့ကို မစိုးမြင့်ကျော်တဲ့၊ ကောင်မလေး ဒေါသထောင်းခနဲထွက်သွားတယ်။ ဒါ တမင်သက်သက် လိုက်စော်ကားတာ။

"ဒီမှာ...ခင်ဗျား...ကျွန်တော့်ကို ဘာလိုက်နှောင့်ယှက်တာလဲ၊ ပါး...ပါးကျိုးသွားချင်လား"





ကောင်မလေးရဲ့ ဆတ်ဆတ်ကျဲအမူအရာကြောင့် သတိုးဆက်ပြောမယ့်စကားတွေ လည်ချောင်းကတစ်ဆင့် ဗိုက်ထဲပြန်ခုန်ချသွားတယ်။

"ဒီမှာ...ခင်ဗျား ဒီ့ထက်ပိုပြီးနှောင့်ယှက်မယ်ဆိုရင်...ကျွန်တော့် အဆိုးမဆိုနဲ့နော်"

"မ...မဟုတ်...ရပါဘူး...မ...စိုး...စိုးမြင့်ကျော်ရယ်"

"ဘာဗျ...ခင်...ခင်ဗျားနော်...ပြောလေကဲလေပါလား"

သတိုး သူ့ကိုယ်သူ ဘာများကဲမိလို့လည်းဟု စဉ်းစားရကျပ်သွားပုံရတယ်။ ကောင်မလေးရဲ့မျက်နှာလှလှလေးကလည်း အခုတော့ တင်းနေလိုက်တာ ပြတ်ထွက်သွားမှာတောင် စိုးရတယ်။

"ဟို...ဟို...ကျွန်တော် ဘာ...ဘာများကဲလို့လဲဗျာ"

"တောက်...ခင်ဗျားနော်"

ကောင်မလေးက သူ့လက်သီးဆုပ်သေးသေးလေးကို ထောင်ပြပြီး ရှေ့ကို ဖျတ်ခနဲတိုးလာတော့ သတိုးတော်တော်လန့်သွားတယ်။ နောက်ကို ခြေတစ်လှမ်းလောက်ဆုတ်လိုက်တော့ နံရံကို အိမ်မြှောင်လိုကပ်သွားတယ်။

"ကျွန်..ကျွန်တော်...ကို အထင်မလွဲပါနဲ့...မစိုးမြင့်ကျော်ရယ်၊ ကျွန်...ကျွန်တော် ခင်ဗျားကို တမင်လိုက်နှောင့်ယှက်တာမဟုတ်ပါဘူးဗျာ၊ ကျွန်တော်ဟိုတစ်ခါ ခင်ဗျားကို ရေနွေးနဲ့ထွေးလိုက်မိတဲ့ကိစ္စ ရှင်းပြချင်လို့ပါ"

ကောင်မလေး နည်းနည်းယောင်စီစီဖြစ်သွားတယ်။ အဲဒီကျတော့ သတိုးလည်း နည်းနည်းကြောက်စိတ်ပြယ်သွားပြီး အရဲစွန့်ကာထပ်ပြောတယ်။

"အဲဒါ...ကျွန်...ကျွန်တော် တမင်လုပ်တာမဟုတ်ဘူး၊ အမှတ်မထင် ရေနွေးသောက်လိုက်တာ အရမ်းပူသွားလို့...အဲဒါ"

သတိုး သူဖြစ်ပျက်သမျှကို လက်ရော၊ ခြေရော၊ ခေါင်းရော ရှုပ်ယှက်ခတ်နေအောင် ရှင်းပြလိုက်တယ်။ အဲဒီတော့မှ မချွေချောလေးမျက်နှာ အနည်းငယ်ပျော့ပျောင်းလာတယ်။ ဒါတောင် မယုံသင်္ကာဟန်လေးနဲ့...

"ခင်ဗျားပြောတာ...တကယ်နော်"

သတိုးကို ပုတ်သင်ညိုက အဖေခေါ်သွားရမယ်။ ခေါင်းညိတ်ပြလိုက်တာ ဘယ်နှကြိမ်ရှိမှန်းတောင်မသိလိုက်. . .

"တကယ်ပါဗျာ. . . ယုံပါ မစိုးမြင့်ကျော်"

"ဘာဗျ. . . ခင်ဗျား ကျွန်တော့်ကို ဘာလို့အဲဒီနာမည်ခေါ်ခေါ်နေရတာလဲ"

"ဟင်. . . ခင်ဗျားနာမည် စိုးမြင့်ကျော်ဟုတ်ဘူးလား"

"ဘာ. . . ခင်ဗျားကို ကျွန်တော့်နာမည် စိုးမြင့်ကျော်လို့ ဘယ်သူပြောလဲ"

"ဟို. . . ဟိုဟာ. . . ဟို"

သတိုး ဘာဆက်ပြောရမှန်းမသိဖြစ်သွားတယ်။

"ပြော. . . ဘယ်သူပြောလဲ"

ကောင်မလေး သူ့ရှေ့မှာ ဖင်ကိုင်လိုက်၊ ခေါင်းကိုင်လိုက်ဖြစ်နေတဲ့ သတိုးကို အသံမာမာနဲ့ နောက်တစ်ခွန်းထပ်မေးလိုက်တယ်။ သတိုး ကောင်မလေးကိုကြည့်ပြီး မျက်စိမျက်နှာပျက်သွားတယ်။ အခုမှ ပြေလည်ရုံရှိသေးတယ်၊ နာမည်ကိစ္စနဲ့ ကောင်မလေး ဒေါသပြန်ထွက်လာတာကို နားမလည်နိုင်သလိုဖြစ်သွားပြီး။

"ဟို. . . ဟို. . . စား. . . စားပွဲထိုးလေး ဟိုတစ်နေ့က ခင်ဗျားကို အဲဒီနာမည်လှမ်းခေါ်သံ ကြားလိုက်လို့"

"ဟင်. . . "

သည်တစ်ခါ ကြောင်တောင်တောင်ဖြစ်သွားရတာက ကောင်မလေးပါ။ သူ့ရှေ့ကကောင်ကို ဘယ်လိုနားလည်ရမှန်းမသိဖြစ်သွားတယ်။ သတိုးပုံစံက တကယ်အတည်ပြောနေတဲ့ပုံ၊ တကယ် သူ့နာမည်ကို အဲဒီနာမည်ထင်နေပုံ၊ သူ့ကို နောက်နေတဲ့ပုံစံမျိုး လုံးဝမပေါက်တော့ ကောင်မလေးတော်တော်အံ့ဩသွားတယ်။ တက္ကသိုလ်ကျောင်းသားဖြစ်ပြီး စိုးမြင့်ကျော်ကိုတောင်မသိတဲ့ သူ့ရှေ့က သတိုးကို အတော်ကလေးနားမလည်နိုင်သလို





ဖြစ်သွားတယ်။ နောက်တော့ ရှင်းပြနေလည်းအပိုပဲဆိုတဲ့အမူအရာနဲ့ ဘာမှဆက်ပြောမနေတော့ဘဲ စိတ်ပျက်လက်ပျက်နဲ့ သတိုးရှေ့က လှည့်ထွက်ခဲ့တော့တယ်။

"ဟာ. . . နေ. . . နေပါဦး မစိုးမြင့်ကျော်ရယ်"

ကောင်မလေးလှည့်အထွက် သတိုး နောက်က ကမန်းကတန်း အဲဒီနာမည်ကြီးခေါ်လိုက်တော့ ဆတ်ခနဲတုန်သွားပြီး. . .

"ခင်ဗျား. . . ကျွန်တော့်ကို အဲဒီနာမည်မခေါ်နဲ့"

"အဲဒီနာမည်မခေါ်ရင် ကျွန်တော်က ဘယ်နာမည်ခေါ်ရမှာလဲ"

"ကျွတ်. . . ဒုက္ခပါပဲ"

နှစ်ယောက်လုံး ကိုယ့်အတွေးနဲ့ကိုယ် အူကြောင်ကြောင်ကိုယ်စီနဲ့ ခေါင်းကို ပြိုင်တူကုတ်မိလိုက်ကာ. . .။

"ခင်ဗျား. . . ကျွတ်. . . ကျွန်တော့်. . နာမည်. . အဲဒါမဟုတ်ဘူး"

ကောင်မလေး သတိုးကို ပြောရခက်၊ မပြောရခက်တဲ့ပုံစံဖြစ်သွားပြီး

"ခင်. . . ခင်ဗျား. . . တကယ်မသိတာလား"

"ဘာကိုလဲဟင်"

သတိုးရဲ့ပုံစံကိုကြည့်ပြီး ကောင်မလေး အတော်ရယ်ချင်သွားတယ်။ တကယ်ဘာမှမသိတဲ့ပုံပေါက်နေတဲ့ သတိုးကို စိတ်ဆိုးဖို့လည်း အတော်ခက်သွားတယ်။ စိတ်တောင် ဘယ်လိုခေါင်းစဉ်တပ်ပြီး ဆိုးရမှန်းမသိဖြစ်သွားပြီး အတော်ရယ်ချင်သွားတာနဲ့. . .

"ခစ်. . . ခစ်. . . ခစ်. . . ခင်ဗျားက အတော်တုံးတာပဲ"

"ဟင်. . . ဘယ်. . . လို"

"ဟုတ်တယ်. . ခင်ဗျားလောက်တုံးတဲ့လူ ဒီကျောင်းမှာရှိမှာမဟုတ်ဘူး"

"ဘာဗျ. . . ခင်ဗျား ကျွန်တော့်ကို အသားလွတ်ကြီးပါလား"

"ခစ်. . . ခစ်. . . ခစ်. . . ခင်ဗျားက ငတုံးပြောခံရတော့ စိတ်ဆိုးတတ်သားပဲ. . . အဲဒီ စိုးမြင့်ကျော်ဆိုတာ ကျွန်တော့်နာမည်မဟုတ်ဘူးဗျ"

"ဟင်. . . ဒါဆို. . . ဘာ. . . ဘာလဲဟင်"

"ထမင်းကြော်. . . ထမင်းကြော်နာမည်"

ကောင်မလေးရဲ့ ရွှဲ့ထေ့ထေ့စကားကြောင့် သတိုးအတော်အံ့ဩသွားတယ်။

"ထမင်းကြော်. . . ဟုတ်လား"

"ဟုတ်တယ်. . . မသေမချင်းမှတ်ထား. . . အဲဒါ အဲဒါ ကုန်းဘောင်ကြီးကြော်နဲ့ ထမင်းနဲ့ရောထားတဲ့ ထမင်းကြော်. . . မှတ်ထား"

"အဲ. . ."

သတိုး အခုမှအတော်ရှက်သွားပြီး မျက်နှာတစ်ခုလုံး ဘယ်ထားလို့ထားရမှန်းမသိဖြစ်သွားတယ်။ ကောင်မလေးကတော့ သတိုးမုံစံကိုကြည့်ပြီး အားရပါးရရယ်ကာ လှည့်ထွက်သွားတော့တယ်။ သတိုးတစ်ကောင်သာ ရှက်စိတ်ကြောင့် ပတ်ဝန်းကျင်ကိုမေ့ပြီး လမ်းလယ်ကောင် မတ်တတ်ရပ်ကျန်ခဲ့တယ်။ ခဏနေတော့မှ သတိဝင်လာပြီး ကောင်မလေးထွက်သွားတာတွေ့လိုက်တော့ ကမန်းကတန်းလှမ်းခေါ်ကာ. . .

"ဟို. . . ဟို. . . ခဏလေးနေပါဦးဗျာ"

ကောင်မလေးရပ်ပြီး သတိုးကိုလှည့်ကြည့်တယ်။

"ဘာ. . . လဲ"

"အဲဒါဆို. . . ခင်ဗျားနာမည်က ဘယ်သူလဲဟင်"

ကောင်မလေးက သူ့သွားတက်ဖြူဖြူလေးပါပေါ်အောင် ပြုံးပြလိုက်တယ်။ ကောင်မလေးရဲ့ လှပတဲ့အပြုံးလေးကိုလည်းမြင်ရော သတိုးလောကကြီးကို မေ့သွားတယ်။ တစ်ခါမှမခံစားဖူးတဲ့ခံစားချက်ကြောင့် ရင်ထဲလှိုက်ခနဲဖြစ်သွားတယ်။ လူက ဘာဖြစ်လို့ ဖြစ်သွားမှန်းမသိအောင် ကောင်မလေးမျက်နှာကိုသာ ရုတ်တရက် ငေးကြည့်နေမိတော့တယ်။

"သဲလင်းဖြူ"

ကောင်မလေး လှည့်ထွက်သွားတယ်။ သတိုး မိနစ်အနည်းငယ်ကြာ





သွားသည့်တိုင် ကောင်မလေးကို ငေးကြည့်နေတုန်းပဲ။ ဘယ်ဘက်ရင်အုံကမင်းကြောင့် ဝုန်းဒိုင်းကျဲနေပါလား ကောင်မလေးရယ်. . .။

အင်္ဂလိပ်စာအဆောင်ရှေ့ရောက်တော့ ရဲဆွေလတ်ပြောသောစကားကြောင့် သတိုး တော်တော်အံ့ဩသွားသည်။ အေးကိုနှင့်ဝေယံ ပါမောက္ခရုံးခန်း ရောက်သွားပြီတဲ့။ ဘယ်ကဘယ်လိုဖြစ်ပြီး ရောက်သွားမှန်းတော့မသိပေ။ ခုနကမှ အတူတူရှိနေသေးသည်။ အခုဘယ်လိုဖြစ်သွားပြီး ပါမောက္ခဆီရောက်သွားရတာလဲ. . .။

"သေချာလို့လား ရဲဆွေလတ်ရာ. . . ခုနကမှ ငါနဲ့အတူတူ ဒီကောင်တွေရှိသေးတယ်. . . ငါကိစ္စတစ်ခုရှိလို့ သူတို့နဲ့လမ်းခွဲထွက်သွားတာမှမကြာသေးဘူး. . . ဘယ်ကဘယ်လိုဖြစ်ပြီး ရောက်သွားတာလဲ"

"မပြောချင်ပါဘူး သတိုးရာ. . . ဒီကောင်တွေအကြောင်းလည်း မင်းအသိပဲ. . . လုပ်လိုက်ရင် အားလုံးတလွဲချည်းပဲ. . . အခုလည်း ချိုလေးနွယ်အမေကို ဝေယံက သူ့အမေဆိုပြီး ချိုလေးနွယ်ဆီခေါ်သွားတာလေ. . . ဘယ်လိုမှရှင်းမရအောင် ပြဿနာတက်ကုန်တာ"

"ဘယ်. . . ဘယ်လို. . . ချိုလေးနွယ်အမေကို သူ့အမေဆိုပြီးတော့ ခေါ်သွားတာ ဟုတ်လား"

သတိုး ရဲဆွေလတ်အပြောကို ရုတ်တရက် နားမလည်နိုင်အောင်ဖြစ်





သွားလေသည်။ ဘယ်ကဘယ်လိုဖြစ်ပြီး ဝေယံတို့ကိစ္စမှာ ချိုလေးနွယ်အမေက ပါလာတာလဲ၊ သတိုးအတော်အံ့ဩသွားသည်။ ဒါကို ရဲဆွေလတ်ကသိ၍. .

"ဒီလိုကွ. . . ဝေယံက ဒီနေ့ ချိုလေးနွယ်ဆီ သူ့မိဘကိုခေါ်သွားရမှာလေ. . . အဲဒါ ဒီကောင် သူ့မိဘကိုမခေါ်ရဲလို့ လူတစ်ယောက်အစား ခေါ်သွားဖို့ကြံနေတာ မင်းလည်းအသိပဲ"

"အေး. . . အဲဒါ ငါသိတယ်. . . ခုနကတောင် ငါနဲ့အတူတူရှိနေတာ အဲဒီကိစ္စ သူနဲ့အေးကိုတောင် လမ်းမှာပြောနေကြသေးတယ်"

"အေး. . . အဲဒီကိစ္စပဲ. . . ဒီကောင်နဲ့အေးကို မိဘခေါ်ဖို့ကိစ္စတွေ ရှုပ်ယှက်ခတ်နေတုန်း ချိုလေးနွယ်အမေနဲ့သွားတိုးတာပဲ၊ ချိုလေးနွယ်အမေက သူတို့အိမ်ကိစ္စတစ်ခုအရေးကြီးလို့ ချိုလေးနွယ်ဆီလိုက်လာတာ. . . ဒီကောင်တွေနဲ့လည်းတွေ့ရော တိုက်တိုက်ဆိုင်ဆိုင် သူ့သမီးရှိတဲ့အဆောင်ကို သွားမေးလိုက်ဘာ. . . ဒီကောင်တွေကလည်း ချိုလေးနွယ်အမေမှန်းဘယ်သိမလဲ၊ ချိုလေးနွယ်အမေကလည်း ချိုလေးနွယ်ဆီလာတာကိုမပြောဘူး၊ သူ့သမီးကို လူသိမခံချင်ပုံရတယ်. . . အဲဒီမှာတင် ပြဿနာ စတက်တာပဲ"

သတိုး အတော်စိတ်ဝင်စားသွားသည်။

"ပြော. . . ပြောစမ်းပါဦး. . . အဲဒီတော့"

ရဲဆွေလတ် သတိုးက စိတ်ဝင်တစားသိချင်ပုံရတော့. . .။

"လာကွာ. . . ဟိုနားက အုတ်ခုံလေးမှာထိုင်ပြောကြရအောင်"

သတိုး ရဲဆွေလတ်ခေါ်ရာနောက် ကောက်ကောက်ပါအောင်လိုက်သွားသည်။ သူတို့အင်္ဂလိပ်စာမေဂျာအဆောင်က အထွက်ရှိ လမ်းဘေးအုတ်ခုံတုံးလေးမှာ ထိုင်၍ စကားဆက်ပြောကြသည်။

"ဒီကောင်တွေ ဇာတ်လမ်းအစက ဒီလိုကွ. . ."

ရုပ်ရှင်တွေထဲကအတိုင်း နောက်ကြောင်းပြန်ဇာတ်လမ်းကို ရဲဆွေလတ်က အချီအချနှင့် မျက်လုံးကိုအဝေးတက်နေရာသို့ ရီဝေဝေးဝေးကြည့်ရင်း စတင်ရှင်းပြတော့သည်။

ဝေယံနှင့်အေးကိုက သတိုးနဲ့လမ်းခွဲပြီးနောက် ကန်တင်းဘက်သို့ ထွက်လာရာ လမ်းတွင် ခေတ်ပေါ်အဝတ်အစားများဝတ်ဆင်ထားသော ခေတ်မီ အန်တီကြီးတစ်ဦးနှင့်သွားတွေ့လေသည်။ အဲဒီ့အန်တီကြီးမှာ ချိုလေးနွယ်အမေပင်ဖြစ်သည်။

"သားတို့ရေ အန်တီ့ကို အီးမေဂျာအဆောင် ဘယ်နားမှာလဲဆိုတာ ကျေးဇူးပြုပြီးပြောပြပါလားကွယ်"

အေးကိုနှင့်ဝေယံ ရုတ်တရက် ပါဂျဲရိုးနောက်ခန်းမှ မှန်တံခါးကို တစ်ဝက်ကျော်ကျော်ခန့်ချ၍ သူတို့ကိုမေးနေသော အန်တီကြီးကိုကြည့်၍ ကြောင်သွားသည်။ နောက်မှ အသိပြန်ဝင်လာကာ. . .

"ဟို. . . ဒီလမ်းအတိုင်းသွားလိုက်အန်တီ. . . လမ်းဆုံးရင် ညာဘက်ချိုး၊ မြေလမ်းပေါ်ရောက်ရင် ဘယ်ဘက်ခြမ်းကအဆောင်ပဲခင်ဗျ"

ဝေယံရဲ့လမ်းညွှန်ချက်က ကားပေါ်က ခေတ်မီအန်တီကြီးကို ခေါင်းအတော်ရှုပ်သွားစေသည်။ အဲဒီအချိန် ခဏလေးအတွင်းမှာပင် မဟာအတွေးအခေါ်ပညာရှင် အေးကိုက အားလုံးကိုတွက်ချက်အကဲခတ်ပြီးလေပြီ၊ ဒါကြောင့်. . .

"ဟာ. . . မဟုတ်တာ ဝေယံကလည်း မင်းကအဲဒီလိုပြောတော့ အန်တီက ဘယ်သိပ့်ါမလဲကွ. . . လာ အန်တီ. . . သားတို့နောက်လိုက်ခဲ့ သားတို့လိုက်ပို့ပေးမယ်"

ကားပေါ်က အန်တီ့ဖြီးမျက်နှာ ဝင်းခနဲဖြစ်သွားလေသည်။ အေးကိုစကားကြောင့် သဘောအတော်ခွေ့သွားပုံရသည်။

"အေးကွယ်. . သားတို့ကိုကျေးဇူးတင်လိုက်တာ၊ အန်တီတစ်ယောက်တည်းဆို ဘယ်လိုရှာရမှန်းမသိပါဘူးကွယ်. . မင်းတို့နဲ့တွေ့လို့ အန်တီ ကံကောင်းသွားတာပေါ့. . . လာ လာ. . အန်တီ့ကားနဲ့တစ်ပါတည်းလိုက်ခဲ့"

ပြောပြီး နှစ်ကောင်လုံးကို ကားပေါ်ဆွဲတင်တော့သည်။ ကားပေါ်တက်ခါနီး ဝေယံကတစ်ခုခုကိုသဘောပေါက်သလိုရှိနေ၍ အေးကိုမျက်နှာကို





အသာလှမ်းကြည့်၏။ အေးကိုက အသာနေဆိုတဲ့သဘောလုပ်ပြ၍ ကားပေါ်တက်လိုက်သည်။ ကားပေါ်ရောက်တာနဲ့ အေးကိုက ဇာတ်လမ်းစတော့သည်။

"အန်တီ့ကြည့်ရတာ အီးမေဂျာကို ကိစ္စတစ်ခုခုကြောင့်လာတာထင်တယ်"

"အေးကွယ်. . . အန်တီ့လူမှုရေးကိစ္စလေးတစ်ခုကြောင့်ပါ"

"အရင်. . . အန်တီ ဒီကို တစ်ခေါက်မှမရောက်ဖူးဘူးလားဟင်"

"မရောက်ဖူးသေးဘူး သားရယ်. . . အန်တီက လန်ဒန်ကပြန်လာတာ သိပ်မကြာသေးဘူးလေ. . . ဆွစ်ဇာလန်၊ လန်ဒန်နဲ့ ဂျပန်ကို အလုပ်ကိစ္စတွေနဲ့ ခေါက်တုံ့ခေါက်ပြန်သွားနေရတာ တစ်နှစ်မှာ နှစ်လလောက်ပဲ အိမ်ကပ်နိုင်တယ်ကွယ့်"

အေးကို ဆံပင်မွေး မီးထိသလို တွန့်ခနဲဖြစ်သွား၏။ ဝေယံက အေးကိုကို တစ်ချက်လှည့်ကြည့်သည်။ အေးကို အသာနေဆိုတဲ့ပုံစံမျိုး ထပ်လုပ်ပြသည်။

"ဟာ. . . ဒါဆို အန်တီက နိုင်ငံပေါင်းစုံရောက်ဖူးတာပေါ့နော်. . . အားကျလိုက်တာ အန်တီရာ. . . ကျွန်တော်လည်း အန်တီ့လို နိုင်ငံပေါင်းစုံ ရောက်ဖူးချင်တာ. . . အခု ကျောင်းပြီးသွားရင်တောင် ဂျပန်နိုင်ငံဖြစ်ဖြစ် သွားလည်ရင်ကောင်းမလားစဉ်းစားနေတာ. . . ဒယ်ဒီက ဂျပန်မှာလေ. . . မာမီကတော့ အမေရိကားမှာ. . . သူတို့လည်း အန်တီ့လိုပဲ နှစ်ခေါက်လောက်ပဲ ဒီပြန်လာနိုင်တာ အန်တီရ"

အမေရိကားနဲ့ဂျပန်ကို စာလုံးပေါင်းပဲ မှန်အောင်ပေါင်းတတ်ရုံရှိသော အေးကိုက လေထိုးကျွတ်ဖာဆိုင်ဖွင့်ထားသော သူ့အဖေကို ဂျပန်သို့၎င်း မုန့်ဟင်းခါးဆိုင်ဖွင့်ထားသော သူ့အမေကို အမေရိကားသို့ပို့ပစ်လိုက်သည်၊ သို့သော် ဘာပဲဖြစ်ဖြစ် ခေတ်မီအန်တီကြီးနဲ့တော့ လေပေးဖြောင့်သွားကြသည်။

"ဟုတ်လား. . . ဒါဆို မင်းလည်း အဲဒီနိုင်ငံတွေရောက်ဖူးမှာပေါ့. . .

အတော်သာယာတာနော်"

"ဟာ. . . ရောက်ဖူးတာပေါ့ အန်တီရ. . . သားပျင်းရင် ဒယ်ဒီတို့ မာမီတို့နဲ့ တစ်ခါတလေအလည်လိုက်သွားတာ. . . ဂျပန်နိုင်ငံက ခြသေ့်ခေါင်းရုပ်ကြီးဆို အရမ်းလှတာ၊ ကျွန်တော်ငယ်ငယ်က အဲဒီနား တစ်နေ့လုံး သွားသွားဆော့နေတာလို့ မာမီပြောဖူးတယ်. . . ဟဲ ဟဲ"

အေးကိုစကားကြောင့် ချိုလေးနွယ်အမေ ရုတ်တရက် အူကြောင်ကြောင်ဖြစ်သွားသည်။

"ဘယ်လိုကွယ့်. . . အဲဒီ သားပြောတဲ့ခြသေ့်ရုပ်က စင်္ကာပူမှာပါကွယ့်၊ ဂျပန်မှာရှိတယ်လို့ အန်တီဖြင့်မကြားဖူးပါဘူး"

"ဗျာ. . . အဲ. . . ဟို. . . "

အေးကိုပါးစပ်က တောက်တဲ့လှည်းနင်းသံ ထွက်လာလေသည်။ အေးကို ပြောရင်းပြောရင်း လွန်သွားပြီဆိုတာ သူ့ကိုယ်သူသိလိုက်သည်။ ဝေယံက အေးကိုပေါင်ကို တစ်ချက်ဖမ်းကုတ်ရင်းသတိပေး၏။

"အဲ. . . ဟို. . . ကျွန်တော်လည်း ငယ်သေးတော့ ဘယ်နိုင်ငံလဲ မမှတ်မိဘူးဖြစ်သွားတာအန်တီရဲ့. . . ဟုတ်တယ်. . . ဟုတ်တယ်. . စင်္ကာပူ စင်္ကာပူ. . . ကျွန်တော်မှတ်မိပြီ၊ မာမီ ကျွန်တော့်ကို ရေခဲမုန့်တွေတောင် ဝယ်ကျွေးသေးတယ်"

ဟုတ်သော်ရှိ မဟုတ်သော်ရှိ ရုပ်ပျက်ဆင်းပျက်တော့ဖြစ်မသွားချေ။ ချိုလေးနွယ်အမေကလည်း ဘာမှဆက်မပြောတော့ဘဲ အေးကိုတို့နှင့် ရောယောင် လိုက်ရယ်နေလိုက်သည်။

"ဟိုရှေ့က အဆောင်ပဲ ဦးလေးကြီး. . . အဲဒီနားမှာရပ်လိုက်"

ဒရိုင်ဘာက ကားကိုရပ်လိုက်တော့ အားလုံးဆင်းမယ်အလုပ် အေးကို အန်တီကြီးအနား အသာကပ်၍

"ဟို. . . ဟိုဟာ. . . အန်တီ. . . သား. . . သားတို့ကို တစ်ခုလောက် ကူညီပါလား အန်တီရယ်. . . ဟို. . . ဘာမှခက်ခက်ခဲခဲတော့မဟုတ်ပါဘူး





အန်တီကူညီနိုင်မှာပါ"

ချိုလေးနွယ်အမေ အေးကိုစကားကြောင့် အတော်စိတ်ဝင်စားသွားသည်။

"ဘာများလဲကွယ့်. . . "

အေးကို အားတက်သွားပြီး ဝေယံကိုလက်ညှိုးထိုးပြကာ. . .

"ဒီကောင့်ကိစ္စပါ အန်တီရယ်. . . အန်တီသာမကူညီရင် ဒီကောင် ကျောင်းတောင်ထွက်ချင်ထွက်ရမှာ. . . အန်တီလည်း ကုသိုလ်ရ၊ သားတို့လည်း ဒုက္ခတွင်းကလွတ်. . . လုပ်ပါနော်"

"အင်း. . . အန်တီကူညီနိုင်တာဆို ကူညီပါ့မယ်ကွယ်. . . ကဲ. . . ပြောပါဦး မင်းတို့ကိစ္စ"

အေးကို ဖြစ်ပျက်ပုံကိစ္စကို အတိုချုံးရှင်းပြလိုက်၏။

"အဲဒါပါပဲ အန်တီရယ်. . . ဘာမဟုတ်တဲ့ ရည်းစားစာပေးတဲ့ကိစ္စလေးလောက်နဲ့ အဲဒီကောင်မလေးကိုက အဖြစ်သည်းလွန်းတာပါ အန်တီရယ်. . . အမှိုက်ကစ ပြဿဒ်မီးလောင်သွားတာပေါ့၊ အမှန်တော့ လူတိုင်းမှာ ချစ်တတ်တဲ့နှလုံးသားကိုယ်စီနဲ့ပါ၊ အန်တီ ဒါတွေကို သားတို့ထက်ပိုနားလည်မှာပါ အန်တီရာ"

အေးကို ဟုတ်တာရော မဟုတ်တာပါ ကြားကောင်းအောင် စွတ်ရွတ်ပြောချပစ်လိုက်သည်။ ချိုလေးနွယ်အမေကြီးကလည်း သူ့ကို ရှေ့တန်းတင်လိုက်တော့ အတော်သဘောခွေ့သွားပြီး. . .

"ရပါတယ်ကွယ်. . . တက္ကသိုလ်တိုင်းမှာ ဒါမျိုးအဖြစ်လေးတွေကြုံနေကျပဲ. . . အန်တီတို့ငယ်ငယ်တုန်းကလည်း ရှိဖူးတာပဲ၊ ဒါတင်ဘယ်ကမလဲ ဂျပန်မှာရော၊ လန်ဒန်မှာရော၊ ဆွစ်ဇာလန်မှာပါ အန်တီကြုံဖူးတာပေါ့"

ဘာပဲဖြစ်ဖြစ် အားလုံးအဆင်ပြေသွားကြသည်။ ချိုလေးနွယ်အမေကြီးကလည်း သူ့ကိုယ်သူ တဒင်္ဂ ဝေယံ့အမေလုပ်ပေးဖို့ ရှောရှောရှူရှူပင် သဘောတူလိုက်တော့၏။ ဒီလိုနဲ့ အေးကိုနဲ့ဝေယံတို့နှစ်ယောက် ပျော်ရွှင်

မြူးထူးစွာ ချိုလေးနွယ်ဆီကို ချိုလေးနွယ်အမေကြီးကို ဝေယံက သူ့အမေ လုပ်ကာ ခေါ်သွားလေတော့သည်။

အခန်းကိုရောက်တော့ ချိုလေးနွယ်ကို ဘယ်မှလိုက်မရှာရဘဲ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးတွေ့ပါသည်။ ချိုလေးနွယ်ကတော့ အခန်းပေါက်ဝကို ကျောပေးထား၍ ရုတ်တရက် ဝေယံတို့ကိုမမြင်သေးပေ။ စာအုပ်တစ်အုပ်၊ ဘောလ်ပင်တစ်ချောင်းနဲ့ အလုပ်ရှုပ်နေ၏။

"ချိုလေးနွယ်. . . ဒါ ကိုယ့်မေမေလေ. . . မေမေ ဒါ သားပြောပြော နေတဲ့ ချိုလေးနွယ်ဆိုတာပေါ့"

ဝေယံ့အိုက်တင်က အပိုအလိုမရှိ ပီပြင်သည်။ ချိုလေးနွယ်လည်း ရုတ်တရက်ဆိုတော့ ကြောင်ကြည့်နေသည်။ ချိုလေးနွယ်အမေကြီးလည်း ရုတ်တရက် ဘာလုပ်ရမှန်းမသိဖြစ်သွား၏။ ခဏလောက် နှစ်ယောက်လုံး လောကကြီးကို မေ့တော့တော့ဖြစ်သွားပြီးမှ. . .

"သမီး"

"မာမီ"

"ဟင်"

"ဟာ"

ရုတ်တရက်ပြောင်းလဲသွားသော အခြေအနေကြောင့် ဝေယံရော အေးကိုပါ နားမလည်နိုင်ဖြစ်သွားလေသည်။ သို့သော် ဝေယံက လွယ်လွယ် နဲ့တော့ အလျှော့မပေးသေးပေ။ ဇဝေဇဝါနဲ့ထပ်ပြော၏။

"မေမေ. . . ဒါ. . . ဒါ. . . သားပြောပြောနေတဲ့ ချိုလေးနွယ်လေ"

ချိုလေးနွယ်ရော ချိုလေးနွယ်အမေကြီးပါ ဝေယံကို ဖျတ်ခနဲလှည့် ကြည့်၍. . .

"မင်း. . . မင်း. . . ဒါ. . . ငါတို့ကို သက်သက်အရှက်ခွဲတာပေါ့"

ဝေယံ့မျက်နှာက နောက်ချေးပုံ ပုံးခွဲလိုက်သလို ဖွာခနဲဖြစ်သွား၏။

"ဟာ. . . မ. . . မဟုတ်ရပါဘူးအန်တီရယ်. . . သား. . . သား. .





ဘာ. . . ဘာမှမသိပါဘူး"

"ဘာမသိရမှာလဲ. . . မင်းနဲ့ပြဿနာတက်တဲ့သူဆိုတာ ငါ့သမီးပါလို့ ဘာလို့ မင်းအစက မပြောသလဲ"

ရုတ်တရက်ပြောင်းလဲသွားသော ချိုလေးနွယ်အမေ၏မျက်နှာက အတော်ကြောက်ဖို့ကောင်းသွားသည်။ စောစောက ဆွစ်ဇာလန်၊ အင်္ဂလန် တွေပြောနေသည့်မျက်နှာနှင့် တခြားစီဖြစ်သွား၏။ ဝေယံအတော်လန့်သွား ပြီး အေးကိုကို ဘယ်လိုလုပ်ကြမလဲဆိုပြီး လှည့်ကြည့်သည်။

"ဟင်. . ."

အေးကို သူ့နောက်မှာမရှိတော့ပေ။ ဘယ်အချိန်ကတည်းက ထွက် သွားလဲမသိ။ အနံ့တောင်မကျန်ခဲ့။ ဝေယံ အကြီးအကျယ် မျက်နှာပျက် သွား၏။

"ဟို. . . ဟို. . . ဒီလိုပါအန်တီ. . . သား. . . သား. . . ရှင်းပြပါရ စေဦး၊ ဟို. . . သားအစက ဒါတွေ. . . လုံး. . . လုံးဝမသိလို့"

"တော်ပြီ ဝေယံ၊ နင်ဘာမှရှင်းပြနေစရာမလိုတော့ဘူး၊ နင် ငါ့ကို အရှက်ခွဲတာ ဒါနဲ့ဆို နှစ်ခါရှိပြီ၊ အခုတစ်ခါ ငါ့ကိုတင်မကဘူး၊ ငါ့အမေ ကိုပါ ထပ်ပြီးအရှက်ခွဲတယ်. . . ဒီတစ်ခါတော့ နင့်ကို ငါလုံးဝခွင့်မလွှတ် နိုင်ဘူး. . . နင်ရှင်းချင်ရင် ပါမောက္ခရုံးခန်းရောက်မှရှင်း၊ လာ. . . မာမီ ဒီလိုကောင်မျိုးနဲ့ ဖက်ပြီးစကားပြောမနေနဲ့၊ သူ သမီးကို လူလယ်ကောင် မှာလည်း ဟိုတစ်ခါ သူပေးတဲ့ရည်းစားစာမယူလို့ဆိုပြီး ပါးရိုက်ပြီးပြီ. . . သမီးက တစ်ရက်က နှစ်ရက်မဖြစ်ချင်လို့ သူ့မိဘခေါ်ရုံအဆင့်လောက်နဲ့ ကျေနပ်ထားတာ. . . အခုတော့ ဒီကောင်က မာမီကိုပါထပ်ပြီးအရှက်ခွဲတာ"

"ဘယ်. . . ဘယ်လို သမီး. . . သူ့ ရည်းစားစာပေးတာကိုမယူလို့ သမီးကိုပါးရိုက်တာ ဟုတ်လား. . . မင်းတို့ ငါ့ကို အစကပြောတော့ အဲဒီလို မဟုတ်ပါလား"

"မဟုတ်ပါဘူးအန်တီရယ်. . . အဲဒီကိစ္စက ဒီလိုပါ"

"တော်တော့. . ."

ဝုံးကွဲသလို ကျယ်လောင်စွာထွက်လာသော ချီလေးနွယ်အသံကြောင့် အစကတည်းက ကျွားနှစ်ကောင်အလယ်ရောက်နေသော သမင်လိုဖြစ်နေသည့် ဝေယံကို အတော်တုန်လှုပ်သွားစေသည်။ သူဘယ်လိုရှင်းပြရှင်းပြရမည်မဟုတ်မှန်းလည်း နားလည်လိုက်ပြီး တစ်လက်စတည်း သူ့ဘဝပါဆုံးပြီဆိုတာ သိလိုက်ရလေတော့သည်။

"လာ မာမီ. . . ပါမောက္ခဆီသွားမယ်. . . လမ်းရောက်မှ မာမီ့ကို သမီးအကုန်ရှင်းပြမယ်"

အဲဒီအချိန်မှာပဲ အချိန်ကျဆရာမ ရောက်လာသည်။ အကြောင်းစုံသိသွား၍ နောက်ဆုံး ဝေယံ ပါမောက္ခရုံးခန်းသို့ အခစားဝင်လိုက်ရပါတော့သည်။ အခန်းထဲမှအထွက် အပေါက်ဝနားလေးမှာကွယ်၍ နံရံမှာ ပြားနေအောင်ကပ်နေသော အေးကိုကိုပါတွေ့၍ လမ်းကြုံတစ်ပါတည်းခေါ်သွားကြသည်။

သည်တစ်ခါတော့ နှစ်ကောင်လုံး ကြောက်လွန်းလို့ ဒူးတုန်ရုံတင်မက နှုတ်ခမ်းတွေပါ ပြာဆင်းနေသည်။

## ၁၁။

သည်ကောင်မလေးနှင့် ဒုတိယအကြိမ် ပြန်လည်တွေ့ရမယ်ဆိုတာကို အခုလိုအချိန်မျိုးမှာ လုံးဝမျှော်လင့်မထားခဲ့ပါ။ ဒါပေမဲ့ စိတ်ထဲမှာတော့ ပြန်လည်ဆုံတွေ့ချင်နေတာတော့ အမှန်ပင်။ ယောကျ်ားလေးတစ်ယောက်ပုံစံနှင့် ရှင်းလင်းလှပနေသည့် ကောင်မလေးတစ်ယောက်၊ သူ့နာမည်ကိုလည်း 'သဲလင်းဖြူ'လို့ပြောသွားခဲ့သည့် ကောင်မလေး၊ တစ်ကြိမ်တစ်ခါမှမခံစားဖူးတဲ့ စိတ်လှုပ်ရှားမှုကိုလည်း သူ့ကိုပေးခဲ့သည့်ကောင်မလေး၊ အခုတော့ သူ့ရှေ့မှာ မတ်တတ်ရပ်လျက် ပြုံးပြုံးလေးကြည့်နေသည်။ ပြုံးလိုက်တိုင်း ပေါ်ပေါ်လာသည့် သွားတက်ဖြူဖြူလေးတွေကြောင့် မိန်းမောသွားရသည်မှာလည်း ဒါနဲ့ဆို နှစ်ကြိမ်ရှိပြီ။ ဂျင်းဘောင်းဘီအပြာလျော်နှင့် ဂျင်းအကျႌလက်တိုလေးကို ဆင်တူဝတ်ထားတော့ တစ်မျိုးလေးလှနေ၏။ စတွေ့တော့ ရင်ကို ဒိန်းခနဲခုန်သွားတာ လက်ဖျားမှာ ချွေးတောင်ဆို့သွားသည်။ နှလုံးသားက ခုန်ပေါက်လွန်း၍ ပါးစပ်က အတုံးလိုက်ထွက်ကျလာမှာတောင် စိုးရသည်။ အခုလည်းကြည့် သူ့ရှေ့မှာ လူကို ကပိုကရိုလေးခါးထောက်ပြီး ပြုံးကြည့်နေလိုက်တာ ပပဝတီတောင် တပည့်ခံချင်စိတ်ပေါက်သွားမယ့်အလှမျိုး. . .

"ခင်ဗျား. . . ဘာယောင်လည်လည်ဖြစ်နေတာလဲ"

သူ့လိုမအူမလည်လူတစ်ယောက်အတွက် ကျူရှင်ကအပြန် ဟိုကောင်တွေနှင့် လမ်းကွဲလာ၍ လမ်းလျှောက်နေခြင်းပါ။ ဟိုလမ်းဝင် သည်လမ်းထွက်နှင့် ဆူးလေဘုရားကိုပတ်နေတာလည်း လေးခေါက်လောက်ရှိသွားပြီ။ အေးကိုတို့ကို အခုချိန်ထိမတွေ့သေး။ သူလည်း ဆူးလေဘုရားဝန်းကျင်မှ လွဲ၍ ဘယ်မှ လောက်လောက်လားလားမသွားတတ်။ သည်ကောင်မလေး သူ့ကိုတွေ့နေတာတော့ ကြာပြီထင်သည်။ သူနဲ့ ဆူးလေပတ်ဝန်းကျင်မှာပဲ သွားဆုံသည်။

"ခင်ဗျား. . . ဆူးလေကိုပတ်နေတာ ကျွန်တော် အစောကြီးကတည်းက တွေ့နေတာ၊ ဘာလဲ. . . ဘုရားကို လက်ဝဲရစ်ကော လက်ယာရစ်ပါ ပူဇော်နေတာလား၊ ဒါဆိုလည်း ရင်ပြင်ပေါ်က ပတ်လို့ရပါတယ်ဗျာ. . . အခုဟာက လမ်းမကြီးကနေပြီး ကြည့်မကောင်းပါဘူး"

မျက်နှာမှာ ရှိန်းခနဲဖြစ်သွား၏။ ဘယ်လိုကောင်မလေးလဲ၊ လူကို တွေ့လိုက်ရင် လှောင်ဖို့ပဲ. . .။

"ကျွန်တော် ဘုရားဖူးနေတာမဟုတ်ဘူးဗျ. . ."

"ဒါဖြင့် ဘာလုပ်နေတာလဲ"

ပြတီတီအကြည့်နှင့် သရော်သံတွေရောယှက်နေသော စကားသံကြောင့် သူ့ရဲ့ရှက်ဒီဂရီကို ပိုမြင့်သွားစေသည်။

"လူ. . . လူကွဲသွားလို့ဗျ. . ."

"လူကွဲသွားလို့. . . ဟုတ်လား. . . သနားပါတယ်. . . ကျွတ်. . . ကျွတ်. . . ကျွတ်"

ဒါ သူ့ကို သက်သက်နောင်ပြောင်နေတာ၊ ဂျစ်တီဂျစ်ကန်လေးတင် မဟုတ်၊ တော်တော်လည်းမျက်နှာပြောင်မယ့် ကောင်မလေး၊ သူ့ရင်ထဲမှာ တော်တော်ခံပြင်းသွားသည်။

"ဟုတ်တယ်. . . ဘာဖြစ်လဲဗျာ၊ ခင်ဗျားနဲ့ဘာဆိုင်လဲ"

"ခစ်. . . ခစ်. . . ခစ်"





သူ့ရဲ့ ခပ်ဆတ်ဆတ်ဘုတောသံကို စိတ်ဆိုးပုံမရှိဘဲ ရယ်တောင်ရယ်နေလိုက်သေးသည်။ သူ ဘာစကားမှဆက်ပြောမနေတော့ဘဲ နောက်ပြန်လှည့်ထွက်လိုက်သည်။ အဲဒီအခါကျတော့ နောက်ကလိုက်လာပြန်သည်။ ခါတိုင်းအချိန်ဆို သူသာယာနေမည်သေချာသော်လည်း အခုတော့ ရှက်စိတ်၊ ကြောက်စိတ်တွေကြောင့် ခံစားချက်တွေလုံးထွေးနေပြီး ဘယ်လိုကြီးမှန်း မသိဖြစ်နေသည်။ သူ ကောင်မလေးနဲ့လည်း ဆက်ပြီးစကားမပြောရဲတော့ပေ. . .။

"နေပါဦးဗျာ. . . ခင်ဗျားကလည်း. . . မာနကြီးလိုက်တာ"

သူ လူကြားထဲမှာဆိုတော့ ကောင်မလေးကိုလှည့်မကြည့်ဘဲ ခြေဦးတည့်ရာ မဲပြီးလျှောက်နေလိုက်သည်။

"နေပါဦးဆို. . . ခင်ဗျားနော်. . . ကျွန်တော်ပြောနေတာ အခုမရပ်ဘူးဆို အော်ထည့်လိုက်မှာ"

ဗုဒ္ဓေါ ဘယ်လိုဟာလေးပါလိမ့်၊ လူကြားထဲမှာတောင် အော်ဦးမတဲ့၊ ဘာတွေအော်မလို့လဲမသိ၊ ဒါပေမဲ့ တကယ်လုပ်မယ့်ပုံ၊ သူယောင်ပြီး ခြေထောက်တွေကို ရုတ်ခနဲ ရပ်ပစ်လိုက်သည်။

"ဟဲ. . . ဟဲ. . . ဒီလိုမှပေါ့ဗျာ. . . အဲဒီလို လိမ္မာစမ်းပါ"

ပါးလေးတစ်ဖက်ရွဲ့၍ ပြောလိုက်သော အမူအရာလေးကြောင့် သူ ချက်ချင်း အသည်းယားသွားသည်။ ခုန ရှက်စိတ်တွေဘာတွေတောင် သတိမရတော့၊ စိတ်ထဲမှာ အပျော်လေးတွေတောင် ချက်ချင်းကူးလာသလိုပင်။ ဒါပေမဲ့ သူ ဂျစ်တစ်တစ်အကြည့်နဲ့တော့ ကြည့်ပေးလိုက်တယ်။

"ဘာလုပ်မလို့လဲဗျ"

"ဟဲ ဟဲ. . . ဘာမှမလုပ်ပါဘူး စိတ်ချပါ၊ ခင်ဗျားကို မွှဲတစ်ပေါက်မစွန်းစေရဘူး. . . စိတ်မပူနဲ့နော်. . . ကျွန်တော် အကူအညီတစ်ခုတောင်းစရာရှိလို့"

"အကူအညီ. . . ဟုတ်လား"

"အင်း. . ."

သူ ယောင်ပြီး အိတ်ကပ်ကလေးကို လက်နဲ့ဖိလိုက်မိသည်။ ဒါကို သူ့ရှေ့က မရွှေချောလေးတွေ့သွားပုံပင်. . .

"အောင်မလေး. . . ပိုက်ဆံမချေးပါဘူး၊ စိတ်ချပါ သူဌေးမင်းရဲ့. . . ခင်ဗျား ကျွန်တော့်ကိုကူညီနိုင်တာကိုပဲ တောင်းမှာပါ"

ခုန ခေတ္တခဏငုပ်သွားသောရှက်စိတ်က ဖျဉ်းခနဲ မျက်နှာကိုတက် ဆောင့်သည်။

"မ. . . မဟုတ်ရပါဘူးဗျာ၊ တလွဲမထင်ပါနဲ့. . . ကျွန်တော် အံ့သြ သွားလို့ ရင်ဘတ်ဖိလိုက်တာပါ"

ကောင်မလေးက သူ့စကားကို အရေးမစိုက်ပေ။ သူပြောချင်တာ ဆက်ပြောသည်။

"ခင်ဗျား. . . ဟိုဘက်ကားလမ်းမှာတွေ့လား. . . အဲဒီလူ ကျွန်တော့် နောက် တကောက်ကောက်လျှောက်လိုက်နေလို့. . . အဲဒါ ခင်ဗျားကူညီ စမ်းပါ"

သူ ဟိုဘက်ကားလမ်းကို လှမ်းကြည့်လိုက်သည်။

"ဟင်. . . အဲ. . ."

ကောင်မလေးညွှန်ပြတဲ့လူကို ကြည့်လိုက်တော့ ဝက်ဝံပေါက် တစ်ကောင်လောက်ရှိသည်။ ခေါင်းတုံးဆံတောက်နှင့် ညိုညိုလုံးလုံးကြီး ဇာတ်ထဲက လူကြမ်းနဲ့တောင်တူနေသေး၏။ ဒါကြီးနဲ့တော့ သွားပြီးယှဉ်ဖြစ် နေရင် အသက်ကို ဘယ်အပေါက်ကထွက်ရမှန်းမသိအောင် ဖြစ်သွားနိုင် သည်။ သူ ကောင်မလေးကို ပြန်လှည့်ကြည့်လိုက်ပြီး. . .

"ကျွန်တော်. . . ကျွန်တော် ကိုယ်. . . ကိုယ်ခံပညာ. . . မ. . . မကျွမ်းဘူးဗျ"

"ဟာ. . . ခင်ဗျားကလည်း"

ကောင်မလေး သူ့ခေါင်းသူ ကလေးတစ်ယောက်လိုကုတ်၍မချိတင်ကဲ





ဖြစ်သွားသည်။

"ခင်ဗျားကို သူနဲ့သွားပြီး ယှဉ်ထိုးဖို့ ပြောတာမဟုတ်ဘူးဗျ"

"ဟင်. . . ဒါဆို ကျွန်တော်က ဘာ. . . ဘာလုပ်ပေးရမှာလဲ"

"ခင်. . . ခင်ဗျားက ကျွန်တော့်ကို. . . ဟို. . ဟိုဟာလေ ကျွန်တော် နဲ့. . . ဟာဗျာ"

ကောင်မလေးမျက်နှာ ပန်းရောင်လေးပြေးသွားသည်၊ ပြောရင်း သူ့ ဟာသူ ဘာတွေရှက်ကိုးရှက်ကန်းဖြစ်သွားလဲမသိ။ ဆက်ပြောရမှာလည်း ပြောမထွက်သလိုဖြစ်နေသည်။ သူ ဘာမှနားမလည်တော့။

"ခင်ဗျားက. . . ဘာလဲဗျာ. . . အကူအညီလည်းတောင်းသေးတယ် ဘာဖြစ်နေတာလဲ. . . ပြောလေ"

ကောင်မလေး သူ့ခေါင်းလေးကို လက်လေးနှစ်ဖက်နှင့်ထိုးဖွနေတော့ သည်။ ဘာလေးပါလိမ့်. . . ဒီလိုလေးကျတော့လည်း ကလေးလေးကျနေ တာပဲ၊ ချစ်ဖို့တောင် ပိုကောင်းသေးရဲ့၊ သူ ကောင်မလေးဘာလုပ်လုပ် မျော နေတော့သည်။ အဲဒီအချိန်မှာပဲ ကောင်မလေး ဟိုဘက်ကားလမ်းက ဘာကို မြင်သွားသည်မသိ. . .။

"ဟာ. . . သူ. . . လာ. . . လာ. . . နေပြီ. . . ဟယ်. . . ဒီဘက် လမ်းရောက်တော့မယ်. . . အဲဒါမှ. . . ဒု. . . ဒုက္ခ"

အမူအရာက ပျာပျာသလဲဖြစ်သွား၏။ သူ့နားကိုလည်း ဖျတ်ခနဲ ကိုးကပ်လာသည်။ ဟိုလူဝံပေါက်စကိုလည်း တော်တော်လန့်နေပုံပင်. . .။

"ခင်. . . ခင်ဗျား. . . အသာနေနော်. . . ကျွန်တော်ခိုင်းသလိုလုပ် ဘာမှပြန်မပြောနဲ့ ကြားလား"

သူ့ကို တိုးတိုးကျိတ်၍ အမြန်ပြောတော့ သူလည်း ယောင်နနနှင့် ခေါင်းညိတ်ပြလိုက်သည်ထင်သည်။ အဲဒီအချိန်မှာပဲ ကောင်မလေးက သူ့ ညာလက်မောင်းနှင့်နံရိုးကြားသို့ သူ့ရဲ့လက်ကလေးကို အလျင်အမြန်ထိုးသွင်း လိုက်ပြီး သူနဲ့ လက်ချင်းချိတ်ပစ်လိုက်တော့သည်။

"ဟာ. . ."

နေ့ခင်းကြောင်တောင် သူ့မျက်လုံးထဲ ကြယ်တွေစုံသွားသည်။ ရုတ်တရက်ဆိုတော့ ဘာမှတောင်မတုံ့ပြန်နိုင်ခင် လူက ဖွတ်မေ့ပတာတ်မေ့ကြီးဖြစ်သွား၏။ မျက်လုံးကြီးကြောင်ကာ ပတ်ဝန်းကျင်ပျောက်သွားသည်။ ခံစားချက်က ခန္ဓာနဲ့ပြန်ဆက်သွယ်မိချိန်မှာ ချိုသာသောဆည်းလည်းသံလေးတစ်ခုနားထဲ ပစ်ဝင်လာတော့သည်။

"ကို. . . သဲတို့ဘုရားဖူးပြီးရင် သဲကို ကြေးအိုးလိုက်တိုက်ရမယ်နော်"

သူ ခေါင်းဘယ်နှကြိမ်မှန်းမသိအောင် ညိတ်မိလိုက်သည်ထင်သည်။

"ဒါပဲနော် ကို. . . နောက်တစ်ခါ ချိန်းထားတဲ့နေရာမမှားအောင်ဂရုစိုက်ရမယ်နော်. . . ကို့ကို သဲက မြို့တော်ခန်းမရှေ့မှာ ချိန်းထားတာဘာလို့ ဘုရားမှာလာစောင့်နေရတာလဲဟင်"

". . ."

"ကို. . . ပြောလေ"

". . ."

"ဟာ. . . ကိုနော်. . . ပြော. . . ဆို"

ခေါင်းလောင်းသံလေးလို သာယာချိုအေးသော ချိုပျစ်ပျစ်အသံလေးသူ့ရင်ထဲမှာ ကုလားဘုရား ဆယ်ဆူလောက်လှည့်သွားသည်။ အခုအချိန်မှာနယူးတန်ပြောသည့် ကမ္ဘာ့ဆွဲငင်အားက သူ့အတွက် ဘာမှအသုံးမဝင်တော့ပေ။ လူက လေထဲမှာ ပေါလောကြီးဝဲနေသည်။

"အင်း. . . အင်းပါ. . . ကျဲ. . . ကျဲရယ်"

"ခစ်. . . ခစ်. . . ခစ်. . . ကိုကိုကလည်း ကျဲမဟုတ်ပါဘူး. . သဲပါသွား. . . လူဆိုး"

ဘုရား. . .၊ ကောင်မလေးက ကြော်ငြာထဲက ထက်ထက်မိုးဦးလိုပဲသလို သူ့နှာခေါင်းလေးကိုစွဲဖျစ်လိုက်တော့ ရင်ထဲမှာ ပြာခနဲပဲ။ မြို့လယ်ကောင်ကြီးဆိုတော့ တချို့လူတွေ သူတို့ကို ပြုံးစိစိကြည့်သွားကြ၏။ ဒါပေမဲ့





အခုတစ်ခါတော့ သူရှက်ဖို့တောင် ခပ်မေ့မေ့ဖြစ်နေတယ်ထင်တယ်၊ ဟိုခေါင်းတုံးဆံတောက်နဲ့ ဝက်ဝံပေါက်စကလည်း သူတို့နှစ်ယောက်ပုံစံ အစအဆုံးမြင်သွားပုံရသည်။ ဘေးကဖြတ်သွားပြီး မကြားတကြား တောက်ခေါက်သွား၏။ အတော်လှမ်းလှမ်းရောက်သွားတော့မှ ကောင်မလေးက သူ့လက်ကိုဆတ်ခနဲ ဖြုတ်ပစ်လိုက်တော့သည်။

"ကျေး. . . ကျေးဇူးပဲနော်. . . ဟို. . . ဟို. . . ခင်. . . ခင်ဗျား အခုလောက်ဆို သဘောပေါက်လောက်ပြီထင်တယ်နော်"

ကောင်မလေး မျက်နှာရဲရဲလေးနှင့် ခေါင်းငုံ့သွားကာ မပွင့်တပွင့်ပြောနာသည်။ အခုကျတော့လည်း တကယ့်အပြစ်ကင်းစင် နူးညံ့သိမ်မွေ့သောတ်သမီးလေးတစ်ပါးနှယ်လိုပါပဲလား။ သူကတော့ အခုချိန်ထိ ကိုတွေသဲတွေကြားထဲက မထွက်နိုင်သေးပေ။ ဇာတ်လမ်းက ကောင်းနေချိန်မှာ မီးပြတ်သွားသလိုလို၊ ရုတ်တရက် ကြော်ငြာပဲဖြတ်ဝင်လာသလိုလိုကြီး ဖြစ်သွား၏။တင်မကျကြီးနှင့် ဘာပြေးလုပ်လို့လုပ်ရမှန်း မသိတော့ပေ။ နှလုံးက ခုန်နှုန်းလို့ လဲသေသွားပြီတောင်ထင်လိုက်ရသည်။ မြန်လွန်းလို့ အသံတောင်ကြားရတော့။ လည်ချောင်းထဲမှာလည်း ပူပြီး အက်ကွဲနေကာ ပြင်းရှရှကြီးနှင့် တံတွေးကိုသာ အကြိမ်ကြိမ်မျိုချမိနေတော့သည်။ သူ လောကကြီးနှင့်အဆက်အသွယ်ပြန်မိချိန်မှာတော့ သူ့ရှေ့က ကောင်မလေးမရှိတော့ပေ။ဘယ်အချိန်ကထွက်သွားမှန်းတောင် သတိမထားမိလိုက်ပါ။

ရင်ထဲမှာ ဟာခနဲပဲ၊

လမိုက်ညမှာ မီးမလာသလို

စိတ်အာရုံမှာ လမ်းတွေပျောက်လို့

ခန္ဓာကိုယ်က လေထဲမြောက်တက်နေရာမှ ကမ္ဘာ့ဆွဲငင်အား ရုတ်တရက် ရလိုက်တော့ မြေကြီးနဲ့အုန်းခနဲပဲ ခွေးကျကျသွားတော့တယ်။

## ဥပဒေ

အဆောင်ဘက်မှ ကျောင်းသားအချင်းချင်း နောက်ပြောင်ကြရင်း လွှင့်ထွက်လာသော ဖိနပ်တစ်ရန် သူ့ရှေ့လာကျသည်။ ကျောင်းသားတစ်ယောက် အူယားဖားယားပြေးလာ၍ကောက်ကာ ပြန်လှည့်သွား၏။ ခပ်လှမ်းလှမ်းမှ ကျောင်းသူနှစ်ယောက်ကိုရီးယားမင်းသား ထယ်စောက်ကို ဘယ်လောက်ချစ်ကြောင်း၊ ဘုရားစူးမိုးကြိုးပစ် ကျိန်ပြောနေကြသည်။ အဆောင်ပေါက်ဝတွင် အတွဲတစ်တွဲစကားများနေသည်ထင်သည်။ ကောင်မလေးက ကောင်လေးကိုလိုက်ချော့နေသည်။ ကောင်လေးက မျက်နှာမှာ ဝက်ခြံတွေနှင့်မှုပြနေ၏။ နောက်ဆုံးတော့ ကောင်မလေးအတော်ချော့လိုက်ရသည်။ ဝက်ခြံမောင်မောင် စိတ်ဆိုးပြေသွားပြီး နှစ်ဦးသား ဟီးဟီးဟားဟားဖြစ်လာကာ သူထိုင်နေသည့် ပလက်ဖောင်းတုံးဖြူဖြူလေးတွေနား လာထိုင်တော့သည်။

"ဒါပဲနော် မောင်. . . နောက်ဆို ထစ်ခနဲရှိ စိတ်မဆိုးရဘူးနော်"

"အင်း. . . အင်းပါ"

အနီးကပ်ကြည့်ရင် မျက်နှာက လကမ္ဘာပေါ် လယ်ထွန်ထားသောရုပ်ပေါက်နေသော ကိုယ်တော်ချောက ကိုယ့်ကိုယ်ကိုမှအားမနာ ရုပ်ကြမ်းကြီး





နှင့် အပြတ်အသတ်ခွဲပြတာကို မျက်လုံးထဲ အတော်ကြည့်မရဖြစ်သွားသည်။ နောက်တော့ ကောင်မလေးက အဲဒီ့လကမ္ဘာပေါ်က ဘာကိုတွေ့သွားသည်မသိ. . .။

"ဟယ်. . . မောင်. . . ခဏ. . . ခဏလေး. . . ငြိမ်ငြိမ်နေနော်"

လက်မနှစ်ဖက်ကို အဲဒီကောင်ရဲ့မျက်နှာပေါ် အသာတင်၍ ပေါက်ကွဲတော့မည့် ဖုံးတစ်လုံး၏စနက်တံကို ဖြုတ်တော့မည့်အမူအရာနှင့်. . .

"မလှုပ်နဲ့နော်. . . ဟယ်. . . မှည့်တောင်နေပြီ ကြည့်စမ်း"

သူ ဆက်မကြည့်ချင်တော့ပေ၊ ထထွက်လာခဲ့တော့သည်။ ခပ်လှမ်းလှမ်းရောက်တော့ ကောင်လေးရဲ့အသံကို သဲ့သဲ့ကြားလိုက်ရသည်။

"အား. . . ဖြည်းဖြည်းညှစ်ပါ အချစ်ရဲ့"

"ဩော်. . . မောင်ကလည်း. . . ဒီမှာ အဆံတောင်ထွက်လာပြီ. . . ဟဲ့တော်. . . အကြီးကြီးပဲ"

ကောင်မလေးနေရာမှာ သူသာဆို ချက်ချင်းလဲသေသွားမှာ သေချာသည်။ သူမို့လို့မန္တလေးမရှာ သည်လကမ္ဘာမျက်နှာပေါ်ကဝက်ခြံကိုများ စိတ်ညစ်ရသည့်အထဲ၊ တောင်တောင်အီအီတွေတွေးပြီး ခြေဦးတည့်ရာထွက်လာလိုက်သည်။ စိတ်ညစ်လို့ တစ်ယောက်တည်း စိတ်လေပြီး ဘစ်ကျောင်းလုံးအနှံ့လျှောက်သွားနေလိုက်တာ ညောင်းလို့ ခဏထိုင်မိပါတယ် အနိဋ္ဌာရုံနဲ့လာတိုးနေလို့ ထပြေးခဲ့ရသည်။ အခုတလော ရင်ထဲမှာ ဘယ်လိုကြီးဖြစ်ဖြစ်နေလဲမသိ။ တစ်စုံတစ်ခုကို အပြင်းအထန် လိုအပ်နေသလိုဖြစ်နေသည်။ အသေအချာကိုစဉ်းစားကြည့်တော့လည်း ဘာမှန်းသိပ်မရေရာ၊ ညဆိုလည်း အိပ်မရ၊ လက်ဖက်မစားဘဲ မျက်စိက ကြောင်တောင်တောင်ဖြစ်နေသည်။ နောက်ဆုံးမရမကအိပ်၍အိပ်ပျော်သွားလျှင်လည်း အိပ်မက်က နောက်ကပါလာသည်။ အိပ်မက်ဆိုးတွေမဟုတ်သော်လည်း ဆိုးသောအိပ်မက်တွေဖြစ်နေသည်။ ဟိုနေ့ကဆို ပိုဆိုးသည်။ သဲလင်းဖြူနှင့်သူ အိပ်မက်ထဲမှာ ဘယ်နေရာမှန်းမသိသောနေရာတွင် တွေ့ကြသည်။ သူတို့နှစ်ဦးကြား အငွေ့တွေ မှိုင်းမှိုင်း

ထနေ၏။ ရွာမှာ ညဘက် နွားတွေခြင်မကိုက်အောင်ရှို့သည့် နွားမီးခိုးလို ပုံစံမျိုး မှိုင်းမှိုင်းဝေနေ၏။ ထိုအငွေ့တွေကြားမှာ သဲလင်းဖြူနဲ့သူ တစ်ဦးကို တစ်ဦး လိုက်ရှာနေကြသည်။ လိုက်ရှာနေသည်ဆိုသော်လည်း သဲလင်းဖြူက သူ့ကိုလိုက်ရှာနေတာဆို ပိုမှန်မည်။ သူကတော့ ဘာကြောင့်မှန်းမသိ သဲလင်းဖြူမတွေ့အောင် ပုန်းဖို့နေရာလိုက်ရှာခြင်းပင်။ သို့သော် သူ ကံမကောင်းပါ။ တစ်နေရာမှာ သဲလင်းဖြူနဲ့သူ ဘွားခနဲသွားဆုံသည်။ သူလန့် သွားပြီး လှည့်ပြေးမယ်အလုပ် သဲလင်းဖြူက သူ့လက်ကို ဖျတ်ခနဲဖမ်းဆွဲကာ ခန္ဓာကိုယ်ကို ဆွဲလှည့်ပစ်လိုက်သည်။ သူ ဇွေ့ခနဲပဲ ဇော့ခနဲလည်ထွက်သွား ၏။ နောက်တော့ သူ့ကို သဲလင်းဖြူက မာန်ပါပါ ဆတ်ခနဲတစ်ချက်ဆွဲကာ သူ့ရဲ့ရင်ခွင်ထဲ ဆွဲသွင်းပစ်လိုက်တော့သည်။

"အို. . . ကွယ်"

သဲလင်းဖြူအော်တာမဟုတ်၊ သူအော်လိုက်တာပါ။

"သဲ သိပ်ချစ်လို့ပါ သတိုးရယ်. . . သဲ သတိုးကို အပျော်မကြံပါဘူး အတည်ယူမှာပါ"

"အို. . . ကွယ်. . . သဲတို့မိန်းကလေးတွေဆိုတာ တစ်ချို့ကွယ် တစ်လင်မေ့. . . အိုင်တွေ့တိုင်း လက်ဆေးချင်ကြတာ၊ မဖြစ်ပါဘူးကွယ်"

ဘာကြောင့်မှန်းမသိ သူ့အသံက အိပ်မက်ထဲမှာ ညှောင်နာနာဖြစ် နေသည်။ ကိုယ့်ကိုယ်ကိုလည်း အားမလိုအားမရ အတော်ဖြစ်မိသည်။

"အို. . . သတိုးကလည်း သဲကိုမယုံဘူးလား. . . သဲ သတိုးကိုတကယ် ချစ်တာပါနော်. . . ရွှတ်"

"အို. . ."

သူ ကြော်ငြာထဲက ထက်ထက်မိုးဦးလို နှုတ်ခမ်းလေးဝိုင်းနေအောင် ထော်သွားကာ အာမေဋိတ်သံ 'အို'ခနဲဖြစ်သွား၏။ ပြန်တွေးကြည့်ရင် ကျော တောင်ချမ်းတယ်။ သဲက သူ့ကို ဘာမပြောညာမပြော သူ့ညာဘက်ပါးလေး ကို နမ်းထည့်လိုက်တာပါ။ အိပ်မက်ထဲမှာတော့ သူက ရှက်လွန်းလို့ လက်မ





လေးကိုက်ပြီး သဲရင်ခွင်ထဲ ခေါင်းလေးဖွက်ထားတာတဲ့။ အဲဒီအချိန်မှာ ဝုန်းခနဲ အိပ်မက်ပျောက်သွားပြီး သူလန့်နိုးသွားတာ တစ်ကိုယ်လုံးလည်း ချွေးတွေ ရွှဲလို့ ဘုရား. . . ဘုရား. . . အိပ်မက်က သည်လောက်နဲ့တင်ပြီးသွားလို့ တော်သေးတယ်။ ဆက်များမက်နေရင် ဘဝပါပျက်နိုင်တယ်။

တော်သေးတာပေါ့ နိုးနိုးချင်း ကိုယ့်ကိုယ်ကိုဆန်းစစ်ကြည့်လိုက်တော့ ဘဝမှန်အတိုင်းရှိနေသေးလို့ အိပ်မက်ထဲကဘဝသာဆို အို. . . မတွေးဝံ့စရာ၊ ဘယ်လိုအိပ်မက်တွေပါလိမ့်နော်. . .။

သူတွေးရင်း ဆက်လျှောက်လာလိုက်တာ (Physic)ကန်တင်းနား ရောက်တော့ သူ့နာမည်လှမ်းခေါ်သံ ကြားလိုက်ရ၏။ အေးကိုနဲ့ဝေယံပါ။ သူတို့ဝိုင်းသို့ လှမ်းသွားလိုက်၏။

"သတိုး. . . ဘယ်တွေလျှောက်သွားနေတာလဲ၊ ကျူတိုရီရယ်ရှိတာ မသိဘူးလား"

"ဟင်. . . ဟုတ်လား. . . ဘယ်. . . ဘယ်အချိန်လဲ"

"အောင်မယ်လေး. . . အခုမှ ပြူးပြူးပျာပျာဖြစ်မနေနဲ့. . . ပြီးသွားပြီ၊ ငါတို့ မင်းကိုတောင်လိုက်ရှာသေးတယ်. . . တစ်ကျောင်းလုံး နှံ့နေတာပဲ. . . မတွေ့ဘူး"

"နေပါဦး. . . မင်းကဘယ်သွားနေတာလဲ"

သူ ဘာပြန်ပြောလို့ပြောရမှန်း မသိတော့ပေ။ သူ့ကိုယ်သူလည်း ဘယ်တွေသွားလို့ သွားနေမှန်း အတိအကျမသိ။ အဲဒါကအရေးမကြီး အခု ကျူတိုရီရယ်တစ်ချိန်လွတ်သွားပြီ။ သူ တော်တော်စိတ်ညစ်သွား၏။ တစ်ခါမှ သူ သည်လိုမဖြစ်ဖူးဘူး။ ဘယ်သူ့ကို အပြစ်တင်လို့တင်ရမှန်းတောင်မသိ တော့ပေ။ နောက်ဆုံးတော့ ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်လိုက်ရတော့သည်။ သူ့စိတ်ထဲ သဲလင်းဖြူရဲ့မျက်နှာလေး ဖျတ်ခနဲမြင်ယောင်လာသည်။ ခက်တော့ နေပြီ ကောင်မလေးရယ်။ မင်းကြောင့်တော့ ခက်နေပါပြီ။ ငါ မင်းကြောင့် တစ်ခါမှမလွတ်ဖူးတဲ့ ကျူတိုရီရယ်တောင် မဖြေလိုက်ရပါလားကွာ။ ငါ

မင်းကြောင့် အတန်းတောင် ပျက်တတ်နေခဲ့ပါလား. . .။

"ဟေ့ကောင်. . . မေးနေတယ်လေ. . . ဘာငေါင်နေတာလဲ"

ဝေယံ့အသံကြောင့် ရုတ်တရက်လန့်သွားကာ. . .

"ဟင်. . . အဲ. . . ငါ. . . ငါဘယ်မှမသွားပါဘူးကွာ၊ အိမ်. . . အိမ်သာသွားနေတာ"

သူ ပါးစပ်ထဲရှိတာ လွှတ်ခနဲပြောချလိုက်သည်။

"ဟင်. . . မင်းအိမ်သာသွားတာကလည်း မနက်ကတည်းကပါလား ကွ. . . ဘာလဲ အိမ်သာတက်ရင်း အိပ်ပျော်သွားလို့လား"

ဝေယံ့စကားကြောင့် ဝိုင်းရယ်ကြသည်။ အဲဒီအချိန်မှာ ရဲဆွေလတ်နဲ့ အောင်ကိုဦးပါ ရောက်လာ၍. . .

"ဟေ့ကောင်တွေ. . . ဘာရယ်နေကြတာလဲ"

"ဒီကောင်ပေါ့ကွာ. . . ပေါက်ကရတွေ လာပြောနေလို့"

ဝေယံက ဝင်ပြောတော့ ရဲဆွေလတ်က သတိုးကို မျက်လုံးပြူးကြည့်ကာ. . .

"ဟာ. . . ဟုတ်လား. . . သတိုး မင်း ဒီကောင်တွေကို ဘာသွားပြီး ပေါက်ကရတွေပြောနေတာလဲ"

"ဟာ. . . ဘာမှမဟုတ်ပါဘူးကွာ. . . ကျူတိုရီရယ် မဖြေဖြစ်လိုက်တဲ့ ကိစ္စ ပြောပြနေတာပါ"

"ဟာ. . . အေး. . . မင်း မနက်က ဘာလို့ ကျူတိုရီရယ်လာမဖြေ တာလဲ. . . တစ်ခါမှ မင်းဒီလိုမဖြစ်ဖူးပါဘူး၊ အတန်းတောင်မပျက်ဖူးတဲ့ ကောင်က အခုတော့ ကျူတိုရီရယ်တောင် လွတ်တယ်ဆိုတော့"

"အဲဒါ. . . ဒီကောင့်ကို ငါတို့စစ်နေတာပေါ့ကွ. . . ငါတို့ကို ဘာ ပြောတယ်ထင်လဲ. . . အိမ်သာသွားနေလို့တဲ့. . . ငါတို့ကိုများ ကလေးတွေ ထင်နေလားမသိဘူး. . . လိမ်ရင်လည်း ပိပိရိရိမလိမ်ဘူး"

"ဟား ဟား ဟား. . . သတိုးရာ အိမ်သာသွားနေလို့ ဟုတ်လား"





"ခွီး. . . ခွီး. . . ခွီး. . . ခွီး. . . မင်း အိမ်သာသွားတာလား၊ အိမ်သာ သွားဆေးနေတာလား"

"ဟား. . . ဟား . . . ဟား . . . ဟား"

အားလုံး ခွက်ထိုးခွက်လန်ဝိုင်းရယ်ကြတော့သည်။ အခုမှ လေးယောက် ဆိုတော့ အုပ်စုက ပိုတောင့်သွားပြီး သူ ခေါင်းတောင်ဖော်မရတော့ပေ။ အဲဒီနောက်မှာတော့ သူ ကျူတိုရီရယ်လေး တစ်ချိန်လောက်လွတ်သွားတဲ့ ကိစ္စကိုပဲ ပုလိပ်စစ်သလို ဝိုင်းစစ်ကြတော့သည်။

"သတိုး. . . ငါတို့ကို အမှန်အတိုင်းပြောစမ်း. . . မင်း အခုတလော ဘာဖြစ်နေတာလဲ"

"ဟုတ်တယ် သတိုး. . . မင်းအမူအရာတွေ သိပ်ပျက်နေတယ်၊ ငါ သတိထားမိတာ (၃)(၄)ရက်လောက်ရှိပြီ. . . မင်း ငါတို့နဲ့လည်း အရင်ကလို တတွဲတွဲနေတာလည်းမတွေ့ဘူး၊ မကြာခဏ ပျောက်ပျောက်သွားပြီး ဘယ် သွားသွားနေတာလဲ"

အမှန်တော့ သူဘယ်မှမသွားပါ။ သွားစရာလည်းမရှိပေ။ လူက အခု ရက်ပိုင်းတွေမှာ စိတ်နဲ့လူနဲ့မကပ်တာတော့ကျိန်းသေသည်။ အဲဒါ ဟိုကောင် မလေးကြောင့်ပဲဆိုတာတော့ ပေဒင်မမေးရဘဲ သိသည်။ အဲဒီကောင်မလေးနဲ့ ဒုတိယတစ်ခေါက်ဆုံပြီးကတည်းက နှလုံးသားမှာပြဿနာစတက်တော့သည်။ လူက အရူးကို အမဲသားကျွေးသလိုဖြစ်နေသည်။ နွားတွေ့တိုင်း လက်ညှိုး လိုက်မထိုးရုံတစ်မည်ပဲ ကျန်တော့သည်။

"ငါ. . . ငါ. . . ဘယ်မှမသွားပါဘူးကွာ. . . အတန်းတက်နေတာပါ၊ ငါ. . . ငါ သွားစရာလည်းမရှိပါဘူး"

သူ့အသံက အဖျားခတ်တုန်ယင်နေတာတော့ကျိန်းသေ၏။ တစ်ခါမှ ဟန်မဆောင်ဖူးတော့ သူ့အမူအရာက ပီပြင်မှာမဟုတ်ပေ။ သို့သော် သည် ကောင်တွေ သူ့အကြောင်းသိသွားမှာ ဘာကြောင့်မှန်းမသိ အတော်စိုးရိမ် နေသည်။ ရှက်သလိုလိုခံစားနေရ၏။ ဝိုင်းလှောင်ကြမှာလည်း ကြောက်တယ်၊

အခုတောင် အကြောင်းအရာကို အကုန်အစင်မသိသေးတာတောင် သူ့အမူအရာကိုကြည့်ပြီး တစ်ယောက်တစ်မျိုး ဝိုင်းပြောလိုက်ကြတာ ရစရာတောင်မရှိ။

"မလိမ်ပါနဲ့ သတိုးရာ. . . ငါတို့ကို လိမ်မနေစမ်းပါနဲ့ကွာ. . . တစ်ခါတလေ မင်းတစ်ယောက်တည်း ငေါင်တောင်တောင်ကြီးထိုင်ပြီး ဘာတွေစဉ်းစားနေတာလဲမသိဘူး၊ ငါတို့တွေ အဲဒါကိုကြည့်ခြင်းအားဖြင့် မင်းမှာ ငါတို့မသိအောင် လျှို့ဝှက်ထားတာရှိကိုရှိရမယ်. . . ဟုတ်တယ်မလား"

". . ."

" ဟေ့ကောင်. . . ဖြေလေကွာ. . . မင်းမှာပြောဆိုတိုင်ပင်စရာဆိုလို့ ငါတို့ပဲရှိတာပဲကွာ. . . ငါတို့ကိုပြောမှပေါ့၊ အဲဒါမှငါတို့လည်း မင်းကိုကူညီနိုင်မှာပေါ့ကွာ"

အေးကိုနဲ့ဝေယံ သူ့ကို နည်းအမျိုးမျိုးဖြင့် လှည့်ပတ်အစ်နေတယ်ဆိုတာသိသည်။ သူ ခေါင်းကိုသာငုံ့လျက် မျက်လုံးကိုမြေကြီးသာဆိုက်ကြည့်နေလိုက်သည်။ ခေါင်းလည်းမမော့ရဲပေ။ သည်ကောင်တွေကို မျက်လုံးချင်းဆုံပြီး ဘယ်လိုမှစကားမပြောရဲပေ။ တော်ကြာ သူက ဟန်မဆောင်တတ်တာနှင့် အကုန်ပေါ်ကုန်မှာဆိုးသည်။ အခုတောင် ကြာလျှင်မလွယ်တော့။ ပေါ်ခါနီးနေပြီ။

"ဟို . . . ဟို . . . ဟာ . . . ငါ . . . ဟို "

"တော်ပြီ သူငယ်ချင်း. . . အဲဒီလောက်ဆို အေးကိုတို့က အထာပေါက်သွားပြီ. . . ဟေ့ကောင် . . . ဒီကောင်မှာ . . . ဒီကောင့်မှာ ဒီပြဿနာရှိနေပြီဟေ့"

အေးကိုက သူ့ဘယ်ဘက်ရင်အုံကိုထောက်ကာ အားရပါးရဝင်ပြောသည်။

"ဟေး . . . သတိုးကွ . . . ပြောစမ်း၊ ဘယ်မေဂျာကလဲ . . . ဘယ်ကလဲ. . . နာမည်ဘယ်လိုခေါ်လဲ"





ကျန်တဲ့ကောင်တွေက ဟေးခနဲအော်ကာ စကားလုံးပေါင်းများစွာ ပြိုင်တူဝင်မေးကြ၏။

"ငါလည်းမသိဘူးကွ. . . အဲ. . . ဟုတ်ပါဘူး. . . ဟာ. . . ဘာမှမရှိပါဘူးကွာ"

သွားပြီ၊ တွေးနေရုံရှိသေးတယ်၊ အားလုံးပေါ်သွားပြီ။ သူ့မျက်နှာကြီးတစ်ခုလုံး ထူအန်းသွား၏။ အခုမှတော့ ဘယ်လိုမှပြန်ဖြေလို့မရမှန်းလည်းသဘောပေါက်လိုက်သည်။ သည်ကောင်တွေ သူ့ထက် အဆတစ်ရာလည်တဲ့ကောင်တွေ၊ သည်လိုကောင်တွေကို သူ ဘယ်လိုမှလိမ်လို့မရမှန်း နားလည်လိုက်သည်။ သူရှက်ပြီး အားလုံးကို သွားအတော်များများပေါ်အောင်ရယ်ပြလိုက်သည်ထင်သည်။

"ဟဲ ဟဲ. . . သတိုးရာ မင်းနုပါသေးတယ်ကွာ၊ ငါတို့ကို လာဟန်ဆောင်လို့မရပါဘူးကွ၊ ကဲ ပြောစမ်း မင်းကောင်မလေးကဘယ်ကလဲ"

"အင်း. . . အဲ. . . ဂို"

သူ ရုတ်တရက်ဆိုတော့ ဘာပြောရမှန်းမသိပေ။ နောက်ဆုံးတော့ အလိမ်ပေါ်သွားတဲ့အတူတူတော့ သည်ကောင်တွေကို အကုန်ဖွင့်ပြောပြီး တိုင်ပင်လိုက်တာကမှ တစ်ယောက်တည်း ကြိတ်ခံစားနေရတာထက်စာရင်တော့ ပိုကောင်းမည်ဟု ဖြေတွေးလိုက်ပြီး. . .

"အဲ. . . ဟို. . . ငါလည်း . . . ဘယ်မေဂျာကမှန်းတော့မသိဘူးကွ"

"ဟင်. . . မင်းဟာက ဘယ်လိုကြီးလဲကွ. . . ကိုယ်ကြိုက်နေတဲ့ကောင်မလေးတောင် ဘယ်မေဂျာကမှန်းမသိဘူးလား"

"အေးလေ. . . ကိုယ်စီးမယ့်မြင်းတောင် အထီးလား အမလားမသိဘူးလားကွ"

"ဟာ. . . ငါတကယ်မသိတာပါကွာ. . . ငါနဲ့တွေ့တာ သိပ်. . . သိပ်မကြာသေးဘူးကွ"

"ဒါဆို. . . မင်း နာမည်တော့သိမှာပေါ့"

"အင်း. . . "

ခေါင်းညိတ်လိုက်သော သူ့အဖြေစကားကြောင့် အဲဒီကောင်တွေ အတော်အားတက်သွားပုံရတယ်။

"ပြော. . . ပြောစမ်း. . . ဘယ်သူလဲ"

"သဲလင်းဖြူ"

"သဲလင်းဖြူ"

အားလုံး သူ့စကားကို သံယောင်လိုက်ပြီး ငြိမ်သွားကြတယ်။ အတော်ကြာသွားမှ ဝေယံက. . .

"ငါ ဒီနာမည်မကြားဖူးဘူး"

"ငါလည်း မကြားဖူးဘူးကွ"

"နေပါဦး. . . သတိုးရာ၊ မင်းက မေဂျာလည်းမသိဘူးဆိုတော့ မင်းနဲ့ အဲဒီကောင်မလေးနဲ့ ဘယ်လိုဆုံတာလဲ"

သူ သည်ကောင်တွေကို အကြောင်းစုံရှင်းပြမှ ရတော့မည်ဆိုတာ နားလည်လိုက်သည်။ အဲဒါမှ သည်ကောင်တွေ လိပ်ပတ်လည်သွားမည်။ သူ ကောင်မလေးနှင့် ဆုံလေက အဖြစ်အပျက်မှလွဲ၍ ကျန်တာအားလုံးရှင်းပြလိုက်တော့သည်။ အဲဒီအဖြစ်အပျက်လေးကိုတော့ ပါးစပ်မရဲ၍ ချန်ထားလိုက်သည်။ သူ ကောင်မလေးရဲ့သိက္ခာကိုလည်း အနည်းနှင့်အများထိန်းလိုက်ရာလည်းရောက်သည်ဟု တွေးလိုက်မိ၏။

"ဩော်. . . လက်စသတ်တော့ ဒီလိုကိုး"

"ဟဲ ဟဲ. . . ဒါဆို မင်းတို့အဖြစ်က စိုးမြင့်ကြော်က စတာကိုး"

"ဩော်. . . အဲဒါကြောင့် ဒီကောင် ဟိုတစ်ခါ စိုးမြင့်ကြော်စားချင်တယ်ပြောတာကိုး"

"ဟား. . . ဟား. . . ဟား. . . ဟား"

"ဟား. . . ဟား. . . ဟား. . . ဟား"

ဘာရယ်စရာမှ သည်လောက်မပါဘဲနှင့် လေးယောက်စလုံး အသား





လွတ် ထိုင်ရယ်နေကြသည်။ အတော်လေး အားရပါးရရယ်လို့ဝသွားမှ အေးကိုက. . .

"အင်း. . . ဒါဆို. . . ငါ့ကောင်ကြီးကို ငါတို့ကပဲ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကူညီရမှာပေါ့ကွာ. . . စိတ်ချ သတိုး. . . မင်းအဆင်ပြေစေရမယ်၊ မင်းအနားမှာ ငါတစ်ယောက်လုံးရှိတယ်"

အေးကိုစကားကြောင့် သူ မျက်ခုံးဖျတ်ခနဲလှုပ်သွားသည်။ ဝေယံက အေးကိုကို 'လာပြန်ပြီ'ဆိုသောအကြည့်နှင့် ကြည့်သည်။ ရဲဆွေလတ်နဲ့ အောင်ကိုဦးက 'သတိုး မင်းဘဝတော့သွားပြီ'ဆိုသောအကြည့်နှင့် သူ့ကိုကြည့်ကာ ခေါင်းခါပြသည်။ အေးကိုကတော့ ဘယ်သူ့ကိုမှဂရုမစိုက်ပေ။ ထုံးစံအတိုင်း သူ့အမွေးနှစ်ပင်နှင့် အလုပ်ရှုပ်ကာ ပညာရှိလိုလို ခေါင်းတညိတ်ညိတ်လုပ်နေလေသည်။ ပြီး ဘယ်သူ့ကိုမှမကြည့်ဘဲ လမ်းမဘက်ကိုငေးကာ. . .

"နောက် နေ့ က စ ပြီး . . . ဇာတ် လမ်း စ မယ်"

စကားကို တစ်လုံးချင်း စတိုင်ပါပါနဲ့ပြောပြီး ဆေးပေါ့လိပ်ကိုကောက်ကိုင်လိုက်တော့သည်။ သူ့မျက်လုံးထဲဘာကြောင့်မှန်းမသိ ပါမောက္ခမျက်နှာကြီး ပြေးမြင်မိတော့သည်။

လောက တွင် ဖြစ်ပျက်နေသမျှကိစ္စတို ည် တိုက်ဆိုင်မှုရှိလို့ ကြုံတွေ့နေရခြင်းလား၊ ဒါ ုတ် နာမည်ကြီးပြီး ယနေ့ထိ ဘယ်သူမှမမြင်ဖူးသော ဘဝဇာတ်ဆရာဆိုတာ ကြီးရဲ့အလိုကျ ကနေရခြင်းလားဆိုတာ သူဉာဏ်မမီပေ။ မီသလောက်တော့ လိုက်စဉ်းစားကြည့်သည်။ တွေးကြည့်သည်။ ဦးနှောက်ခြောက်လာသည်။ နောက်ဆုံး သူသိသည်က ဘဝဟာ ဘဝပဲဖြစ်သည်။ သည့်ထက်သူ ဆက်မတွေးတတ်တော့။ သူ သဲလင်းဖြူကိုချစ်သည်။ ဘာကြောင့်ချစ်သလဲဟု မေးလာလျှင် အချစ်ဆိုတဲ့အရာကြောင့် ချစ်သည်။ သည့်ထက်ပိုရှင်းမပြတတ်ပေ။ သို့သော် အဲဒီလိုဖြေလို့ ပေါ့မသွားကြပါနှင့်၊ သူ သဲလင်းဖြူကို အရမ်းချစ်တာတော့ သေချာပါသည်။ မိန်းကလေးနဲ့ပတ်သက်ရင် အတွေ့အကြုံမရှိသောကြောင့် ပိုဆိုးသည်။ သည်အသက်အရွယ်အထိ တစ်ခါမှ ရည်းစားမထားဖူးတော့ ရည်းစားထားရမည့်ကိစ္စကို တခမ်းတနားခံစားနေမိသည်။ အရပ်ကယ်ပါ လူဝိုင်းပါဆိုတာမျိုးလည်းဖြစ်နေ၏။ ဟိုနေ့က အေးကိုနဲ့ဝေယံ စုံစမ်းချက်အရတော့ သဲလင်းဖြူက (Maths)က ဆိုတာတော့သိလိုက်ရသည်။ သည်ရက်ပိုင်းအတွင်းလည်း သဲလင်းဖြူဆိုတဲ့ကောင်မလေးကို





သူထပ်မတွေ့တော့ပေ။ လိုက်ရှာလွန်းလို့လည်း ခြေတိုနေပြီ။ တစ်ယောက်တစ်မျိုး သူငယ်ချင်းတွေနဲ့တစ်ဖုံ လိုက်ရှာသည် လုံးဝမတွေ့။ အခုမှ သူအတန်းကိုတောင် ဟိုကောင်တွေနီးနီး ပျက်တတ်နေခဲ့ပြီ။ ကျူတိုရီရယ်တောင် တစ်ခါတလေအနိုင်နိုင် အချိန်ယူပြီးဖြေနေရသည်။ အချစ်သည် လူကို တစ်နည်းမဟုတ်တစ်နည်း အနည်းနှင့်အများတော့ ပြောင်းလဲသွားစေသည်ဟု ရဲဆွေလတ်က သူ့ကိုပြောသည်။ အဲဒီစကားကိုတော့ သူ အကြွင်းမဲ့ယုံကြည်သည်။ အနီးစပ်ဆုံး သူ့ကိုယ်သူပဲ ပြန်လေ့လာမိသည်။ အရင်က အတန်းပျက်ရမှာကို သေမလောက်ကြောက်သောသ၊ အခုတော့ အတန်းကို ထမင်းစားရေ ောက်သလောက် ပျက်တတ် ခဲ့ပြ။ အရင်က သူငယ်ချင်းတွေဝိုင်းတွင် ားထောင်သူသက်သက်ဖြစ်သောသူက အခုတော့ အချစ်အကြောင်းကို ဦး ်ကိတင်ပြတတ်သူဖြစ်လာခဲ့၏။ အရင်က သူတို့ ိုင်းတွင် တခြားအကြောင်း ရာတွေအစား အခုတော့ သူ့အကြောင်းကိစ္စကို ဦးဆောင်ဆွေးနွေးကြသည်။ သို့သော် သူတစ်ခါတစ်ရံ သဲလင်းဖြူကိုချစ်နေသည့်ကိစ္စကိုတွေးမိတိုင်း သူအိတ်ကပ်ထဲတွင်ပါသော (၂၅၀)ခန့်ပိုက်ဆံကို မ်းကြည့်မိကာ အားငယ်မိပါသည်။ သဲလင်းဖြူနဲ့သူ အခြေအနေချင်း ကွာခြားသည် မကွာခြားသည်ဆိုတာကို ခုအတိအကျမပြောနိုင်သော်လည်း သဲလင်းဖြူက သူ့ထက်တော့ ပြည့်စုံမှာသေချာသည်။ သူ့လို ဘာမက်မော ရာမှ ထောက်ပြစရာမရှိသည့် တောက ကောင်လေးတစ်ယောက်ကို သဲလင်းဖြူ ပြန်ချစ်နိုင်ပါ့မလား၊ ဒရိုင်ဘာနှင့် သူဌေးသမီးဇာတ်လမ်းများသည် ရုပ်ရှင်တွေထဲမှာသာရှိသည်။ တူနှစ်ကိုယ် တဲအိုပျက်မှာနေရနေရဆိုသောစကားသည်လည်း ယခုခေတ်တွင် ပါးစပ်စကားတစ်ခုအနေနှင့်သာ ရှိတော့သည်။ စကားပုံတစ်ခုအနေနှင့် ကျောက်စာတိုင်တစ်ခုအဖြစ်သာ သမိုင်းတွင် ကျန်ရစ်ခဲ့လေပြီ။ ယခု ရန်ကုန်လိုမြို့ကြီးတွင် တူနှစ်ကိုယ် တိုက်ခန်းနဲ့နေတောင် တိုးပွားလာမည့်လူဦးရေကြောင့် အတော်ကျဉ်းကျဉ်းကျပ်ကျပ်နေရလိမ့်မည်။ ဒါကြောင့် သူလိုကောင်ကို သဲလင်းဖြူက စဉ်းစား

မည်တဲ့လား။ အကျီင်္ကါးထည်၊ ဘောင်းဘီတစ်ထည်၊ ပုဆိုးသုံးကွင်းနှင့်ထင်းရှူးသေတ္တာတစ်လုံးသာပိုင်ဆိုင်သော သူလိုကောင်ကို ဘယ်မိန်းကလေးက စဉ်းစားမည်လဲ၊ သူ့ခန္ဓာကိုယ်တွင်လည်း ပကာသနနှင့်ပတ်သက်၍ မနည်းရှာကျန်ပြောမှ ဘယ်မှာဝယ်ဝယ်ရသော(၁၅၀၀)တန် ပလတ်စတစ်နာရီလေးတစ်လုံးနှင့် ရွာက ဘဘုန်းကြီးပေးလိုက်သော ဓာတ်လုံးလက်စွပ်လေးသာရှိသည်။ ရွှေနှင့်တူတာဆိုလို့ ဝေးစွ၊ သောင်းကျော်တန် အကျီအဝတ်အစားနတ္ထိ၊ ကဲ အဲဒီလိုကောင်နှင့် သဲလင်းဖြူ ဘုရင့်သမီးနှင့် သူတောင်းစားတောင် လက်ဆက်နိုင်သောရာဇဝင်ထဲတွင်တော့ ဖြစ်နိုင်သည်။ အခုလိုအပြင်လောကတွင်တော့ သူ ဆက်မတွေးနိုင်တော့ပေ။ နှလုံးသားမှာ အပ်ပေါင်းများစွာ ထိုးစိုက်လိုက်သလို နာကျင်လာသည်။ ကိုယ့်ဝမ်းနာ ကိုယ်သာသိကြပါသည်။ အချစ်တွင် မျက်စိမရှိဘူးဆိုသော်လည်း သူ့မှာ မျက်စိရှိ၍ခက်နေသည်။ အဲဒီမျက်စိကြောင့်ပဲ ချစ်ကြသည်။ အတွေ့နှင့်စ၍ ရင်ခုန်ကြသည်သာများသည်။ အငွေ့နှင့်ရင်ခုန်ရအောင် လူသည် နတ်မဟုတ်ပေ။ နတ်မဟုတ်သော သူသည်လည်း သဲလင်းဖြူကို အတွေ့နှင့်မြင်တွေ့ပြီးမှ ချစ်ခဲ့သည်။ ထိုမျက်စိနှင့်ပဲ အားလုံးကိုသုံးသပ်ကြည့်ပြီး ဦးနှောက်နှင့်စဉ်းစားမိသည်။ စိတ်ညစ်ရပါသည်။ မချစ်ရဲသော်လည်း ချစ်ရပါသော သဲလင်းဖြူရေ. . .၊ ငါတော့ ရှုံးခါနီးပါပြီ။

# ဘွဲ့နှင်း

သဘင်ရွှေ့ လှေကားထစ်များတွင်ထိုင်ရင်း ဟိုငေးသည်ငေးငေးနေလိုက်သည်။ တစ်စုံတစ်ဦးကို စောင့်နေသည်ဆိုရင်လည်း ရပါသည်။ ဝေယံက အေးကိုကိုလှမ်းမေး၏။

"ဟေ့ကောင်. . . သေချာလို့လား အေးကို. . . မင်းကောင် အခုအချိန်ထိ မလာသေးပါလား"

"သေချာပါတယ်ကွာ. . . ငါ သေချာချိန်းထားတာပါ. . . လာမှာပါ"

အေးကို ပြောရင်း မိန်းလမ်းဘက်သို့လှမ်းကြည့်နေသည်။ ဝေယံက တစ်ဖက်သို့လှည့်သွားပြီး ရဲဆွေလတ်နှင့် စကားပြန်ပြောနေလိုက်သည်။ သူနှင့် အောင်ကိုဦးကတော့ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြ၏။ ခဏနေတော့. . .

"ဟော. . . ဟိုမှာ လာပြီ"

အေးကိုအသံကြောင့် အားလုံးလှမ်းကြည့်လိုက်ကြသည်။ ကားဖြူလေးတစ်စီး သူတို့နှင့်မလှမ်းမကမ်းတွင်ရပ်သွား၏။ ကားထဲမှ သူတို့အရွယ်ယောကျ်ားတစ်ယောက် ထွက်လာသည်။

"အဲဒါ. . . ငါပြောတဲ့ကောင်ပဲ"

အေးကိုက သူတို့ကြားနိုင်ရုံလောက်အသံနှင့်အသိပေးပြီး ကားထဲက ထွက်လာသူကို ပြုံးပြလိုက်ကာ. . .

"လာ. . . ကိုဝင်းနိုင်စိုး. . . ထိုင်ဗျာ"

"ဟုတ်ကဲ့"

အဲဒီလူက ပြုံးပြကာ အေးကိုဘေးတွင်ဝင်ထိုင်လေသည်။ ဘောင်းဘီ ရှည်၊ ရှပ်အင်္ကျီနှင့် ရှူးဖိနပ်ကို သေသပ်စွာဝတ်ဆင်ထားသော လူရည်သန့် တစ်ယောက်ဖြစ်ကြောင်း သူအကဲခတ်မိသည်။ အေးကိုကပဲ စကားပြန်စသည်။

"သတိုး. . . ဒါ ငါပြောတဲ့ ကိုဝင်းနိုင်စိုးလေ. . . ကိုဝင်းနိုင်စိုး ဒါ ကျွန်တော့်သူငယ်ချင်း သတိုးတဲ့. . . အခု ကိုဝင်းနိုင်စိုးကိုအကူအညီတောင်း ရတာလဲ ဒီကောင့်အတွက်ကြောင့်ပေါ့ဗျာ"

ကိုဝင်းနိုင်စိုး သူ့ကို နှစ်လိုဖွယ်တစ်ချက်ပြုံးကာ. . .

"ဟုတ်ကဲ့. . . ရပါတယ်၊ ညီလေးသိချင်တာရှိရင် မေးလေ၊ ကိုယ် သိသလောက်တော့ ပြောပြပါ့မယ်"

သူ အဲဒီလိုကျတော့လည်း ဘယ်ကစပြောလို့ ပြောရမှန်းမသိဖြစ်နေ သည်။ အခု သူ့ရှေ့ရောက်နေသူက သဲလင်းဖြူနှင့်ပတ်သက်သည့်ကိစ္စများကို သိသောသူဖြစ်သည်။ အေးကို အသိတစ်ယောက်နှင့်ပတ်သက်၍ သူ့အား ကူညီခြင်းပင်။ သူတို့ထက်တော့အသက်ကြီးပုံရသည်။ အတန်းလည်း နှစ်တန်း ကြီးသည်။

"ဟေ့ကောင်. . . မင်းသိချင်တာရှိရင် မေးလေ. . . ဘာငေါင်နေ တာလဲ၊ ဒီကောင်ကွာ"

ဝေယံ့အသံကြောင့် သူ အသိပြန်ဝင်သွားသည်။

"ဟို. . . ဟို. . . ကျွန်တော်. . . အစ်ကို့ကို ဘယ်ကဘယ်လိုစမေး ရမှန်းမသိဘူးဖြစ်နေတယ်. . . ဒီ. . . ဒီလို. . . လုပ်ပါလား အစ်ကိုရာ. . . ကျေးဇူးပြုပြီး သူ့အကြောင်း အစ်ကိုသိသလောက်လေး ပြောပြပါလားဟင်"

ကိုဝင်းနိုင်စိုးက သူ့ကိုနားလည်သောမျက်နှာနှင့် တစ်ချက်ကြည့်ကာ





ပြုံးသည်။ ပြီးနောက် ခန္ဓာကိုယ်ကို လှေကားထစ်ပေါ်တွင် တစ်ချက်ပြင်ထိုင် ၍ အိတ်ထဲမှ ဆေးလိပ်ဘူးကိုထုတ်၍ တစ်လိပ်ညှိကာ ဘူးကို အေးကိုဆီ ထိုးပေးပြီး. . .။

"အင်း. . . ကိုယ်လည်း အများကြီးတော့မသိပါဘူး၊ ဒါပေမဲ့ နည်း နည်းလေးသိတာလည်းမဟုတ်ဘူး၊ အလယ်အလတ်ပေါ့ကွာ. . . အဲဒီလောက် တော့သိတယ်"

"ဟုတ်ကဲ့"

"ရှင်းရှင်းပြောရရင် သဲလင်းဖြူအကြောင်းကို ကိုယ်သိရတဲ့အကြောင်း က ကိုယ့်သူငယ်ချင်းတစ်ယောက်ကြောင့်ပဲဆိုပါတော့"

"ဩော်. . . ဟုတ်ကဲ့"

"ကိုယ့်သူငယ်ချင်းနဲ့ သဲလင်းဖြူတို့က တစ်လမ်းတည်းနေကြတာလေ"

"ဩော်. . ."

"နောက်ပြီး. . . ကိုယ့်သူငယ်ချင်းက သဲလင်းဖြူကိုကြိုက်နေတဲ့ ကောင်ပေါ့"

"ဗျာ. . ."

ကိုဝင်းနိုင်စိုး သူ့ကို ခဏနေပါဦးဆိုတဲ့သဘောမျိုး လက်ကာပြ၏။

"ဒါပေမဲ့. . . ဒီကောင် အခုနိုင်ငံခြားထွက်သွားပါပြီ"

"ဟင်. . ."

"ဟုတ်တယ်. . . ဒီကောင် သဲလင်းဖြူကို လက်လျှော့လိုက်ပြီ၊ နိုင်ငံ ခြားထွက်သွားပြီ. . . ဟိုမှာ အိမ်ထောင်တောင်ပြုတော့မယ်လို့တောင်သတင်း ရတယ်"

သူ အခုမှပြုံးလာနိုင်သည်။ သူတို့စကားဝိုင်းလေး ခဏတိတ်ဆိတ် သွားသည်။ အေးကိုတို့အားလုံး စိတ်ဝင်တစား ကိုဝင်းနိုင်စိုးထံမှစကားကို အလိုက်တသိ ငြိမ်သက်စွာစောင့်ပေးနေကြသည်။ ခဏနေတော့ ကိုဝင်းနိုင် စိုးက လည်ချောင်းတစ်ချက်ရှင်းပြီး ဆက်ပြောသည်။

"သဲလင်းဖြူက ယောကျ်ားလေးနည်းနည်းဆန်တယ်၊ ပြီးတော့ အချစ်ကိစ္စတွေ ဘာတွေကို စိတ်ဝင်စားပုံမရဘူး၊ အရင့်ကတည်းက အခုချိန်ထိ ရည်းစားတစ်ယောက်မှမထားဖူးသလို သူ့ကိုချဉ်းကပ်တဲ့ယောကျ်ားလေးတွေဆိုရင်လည်း တစ်ယောက်ဆိုတစ်ယောက် မှတ်လောက်သားလောက်ဖြစ်ဖြစ်သွားကြတယ်"

"ခင်ဗျာ. . . ဘယ်လို"

"ဟုတ်တယ်ညီလေး. . . တကယ်တမ်းကျတော့ သဲလင်းဖြူဆိုတာ တော်တော်လန့်ဖို့ကောင်းတဲ့ ကောင်မလေးပါ၊ ဒါ. . . ညီလေးကို ကိုယ်စိတ်ဓာတ်ကျအောင် ပြောတာမဟုတ်ပါဘူး၊ စိတ်ဓာတ်ကျစရာလည်းမလိုဘူး၊ သူများတွေအဆင်မပြေပေမယ့် ညီလေးအဆင်ပြေရင်ပြေမှာပေါ့"

"ဟုတ်. . . ဟုတ်ကဲ့ပါ အစ်ကို. . . အားပေးတာ ကျေးဇူးတင်ပါတယ်. . . ဒါနဲ့ သဲလင်းဖြူက ဘယ်. . . ဘယ်လို လန့်ဖို့ကောင်းတာလဲဟင်"

သူ့အမေးစကားက အားလုံးသိချင်နေကြသော အဖြေ၏မေးခွန်းပင်ဖြစ်သည်။ ဟိုကောင်တွေဆို စိတ်ဝင်စားလွန်း၍ တုတ်တုတ်တောင်မလှုပ်ကြပေ။ ကိုဝင်းနိုင်စိုးက စကားဆက်၏။

"သူနဲ့ပတ်သက်ပြီး သူ့သူငယ်ချင်းလေးယောက်ရှိတယ်. . . သူ့လိုပဲ မိန်းကလေးတွေချည်းပဲ၊ ချောချောလေးတွေ၊ သူ့ထက်တောင်ပိုဆိုးသေးတယ်၊ အမှန်အတိုင်းပြောရရင် သဲလင်းဖြူကမှ အားလုံးထဲမှာ မိန်းမနည်းနည်းပါးပါးဆန်သေးတယ်၊ ကျန်တဲ့သူတွေကတော့ တကယ့်ယောကျ်ားလေးတွေပုံစံပဲ"

"ဟုတ်တယ်. . . ဒါပေမဲ့ သဲလင်းဖြူကတော့ ဟိုလေးယောက်လောက်တော့ မဆိုးပါဘူး၊ အဲဒါကြောင့် ကျန်တဲ့လေးယောက်က သူတို့အဖွဲ့ထဲမှာ အပျော့ညံ့ဆုံးဖြစ်တဲ့ သဲလင်းဖြူကို ဝိုင်းပြီးစောင့်ရှောက်နေကြတာလေ"

ဝေယံက ဝင်ပြောသည်။

"အောင်မယ်လေး အစ်ကိုရာ. . . မိန်းမက မိန်းမပါပဲ၊ ဘာများ





ကြောက်စရာရှိလို့လဲဗျာ. . . ဘာဖြစ်လဲ ကျွန်တော်တို့က ယောကျ်ားလေးတွေပဲဟာ. . . ဘာလန့်စရာရှိလို့လဲ"

ကိုဝင်းနိုင်စိုးက အေးဆေးစွာတစ်ချက်ပြုံးပြီး ဝေယံ့ကိုကြည့်ကာ. . .

"ငါ့ညီလိုပဲ တွေးခဲ့တဲ့ကောင်တွေ ရှေ့မှာ တစ်ပုံကြီးရှိခဲ့ပြီ ညီလေး၊ ဒါပေမဲ့ အားလုံး အတွေးနဲ့အမြင် တလွဲချည်းဖြစ်ကုန်ကြတာပေါ့၊ နောက်ပြီး သူတို့က မိန်းကလေးတွေဖြစ်နေတော့ ပိုဆိုးတော့တာပေါ့ကွာ၊ ပြီးတော့ သူတို့တွေအားလုံး ကိုယ်ခံပညာတွေ တော်မှတော်"

"ဟင်. . ."

ဝေယံ၏ အာမေဋိတ်သံ ထွက်လာသည်။ အေးကိုက ပါးကိုပွတ်၍ ရှုံ့မဲ့သွားသည်။

"တစ်ယောက်က တိုက်ကွန်ဒိုမှာ တိုင်းအဆင့် လက်ရွေးစင်"

"ဘုရား. . ."

"တစ်ယောက်က ဂျူဒိုမှာ နိုင်ငံပမာဏလက်ရွေးစင်အဆင့်ထိ ပါဖူးတယ်"

"ဂလု. . ."

"နောက်တစ်ယောက်က ကရာတေးမှာ ခါးပတ်နက်. . .၊ သူလည်း ပြီးခဲ့တဲ့နှစ်ကမှ ပထမရထားတာ"

"ဂိန်. . ."

"နောက်ဆုံးတစ်ယောက်ကတော့ ကွန်ဖူးမှာ ပြိုင်ဘက်ကင်းတယ်"

"ဘုရား. . . ဘုရား၊ ကမ္ဘာပေါ်မှာရှိသမျှ သိုင်းအမျိုးအစားတွေ ကျန်ရောကျန်သေးရဲ့လားမသိဘူး"

"အင်း. . . သဲလင်းဖြူကတော့ သူတို့လေးယောက်က ပညာကုန်ဝိုင်းသင်ပေးထားတဲ့အတွက် အဲဒီသိုင်းပညာတွေအားလုံး တစ်ဖက်ကမ်းခတ်တတ်တယ်"

"အင့်. . ."

သူ့ရင်ထဲ ဝုန်းဝုန်းခတ်သွားသည်။ သည်အတိုင်းဆိုရင် သဲလင်းဖြူကို လိုက်ဖို့မလွယ်ပါလား။

သူပြောတဲ့အတိုင်းဆို အခုကတည်းက ဆက်လိုက်ဖို့ စဉ်းစားရင် မိမွေးတိုင်း ဖမွေးတိုင်းခန္ဓာကိုယ်ကို မကျိုးမပဲ့ခင် မှတ်မိရန် ဓာတ်ပုံရိုက်ထားရမယ့်ပုံပေါက်နေသည်။ အေးကိုဆို စကား ခပ်ဟဟတောင်မပြောနိုင်တော့။ ဝေယံဆို ကြက်သေ သေနေသည်။ ရဲဆွေလတ်နဲ့ အောင်ကိုဦးကတော့ မျက်လုံးကြီးတွေ ပြူးထွက်နေပြီး လည်တယ်လည်တယ်ဖြစ်နေ၏။ ခဏနေတော့. . .

"ကဲ. . . ကိုယ်လည်း အတန်းရှိလို့သွားလိုက်ဦးမယ်၊ အဲဒါကတော့ သဲလင်းဖြူနဲ့ပက်သက်ပြီး ကိုယ်သိထားတာပဲ၊ ကျန်တာတွေလည်းရှိသေးတယ်၊ ဒါတော့ ညီလေးတို့ တဖြည်းဖြည်းသိလာမှာပါ၊ လိုက်သင့် မလိုက်သင့်တော့ ကိုယ့်ဘာသာစဉ်းစားပေါ့ကွာ"

ပြောပြီး ထွက်သွားတော့သည်။ အားလုံး ကိုဝင်းနိုင်စိုးကိုနှုတ်ဆက်ဖို့တောင် မေ့နေသည်။ ပထမဆုံးစပြီး အသံထွက်တာက ဝေယံဖြစ်၏။

"ဟူး. . . ဒါဆိုမလွယ်ပါလား သတိုးရာ. . . ငါတော့ တစ်ခါမှ ဒါမျိုး မကြုံဖူးဘူး"

"ငါလည်းမကြုံဖူးဘူး"

"ယောကျ်ားအချင်းချင်းဆို တော်သေးတယ်၊ မိန်းကလေးတွေ ဖြစ်နေတော့ တကယ်တမ်းပြဿနာတက်ရင် ငါတို့ဘက်က အနာဘက်ကချည်းပဲနော်"

အားလုံး ဝေဖန်သံတွေ ဆင့်ကဲဆင့်ကဲထွက်လာ၏။ အေးကိုအသံကတော့ နောက်ဆုံးမှထွက်လာသည်။

"ဒီကိစ္စတွေအဆင်ပြေသွားအောင် ငါတို့ တစ်ခုပဲလုပ်ဖို့လိုတယ်"

"ဘာလဲ"

အားလုံးတိုင်ပင်မထားပါဘဲနှင့် ဆံပင်တွေ ထောင်ကုန်လေသည်။



## အလုပ်

တစ်ခုကို သေချာပေါက်လုပ်တော့မယ်ဆိုရင် ထိုအလုပ်နှင့် ပတ်သက်၍ လေ့လာမှုတော့ရှိရမည်ဟု အောင်ကိုဦးက ပြောသည်။ ဝေယံနဲ့ အေးကို အပြည့်အဝထောက်ခံ၏။ သူကတော့ သည်ကောင်တွေပြောတာ မှန်တယ်ဟုယူဆသည်။ ထို့ကြောင့် သည်နေ့ သူတို့ သင်္ချာအဆောင်သို့ နေ့လယ်ဘက်မှာ ထွက်လာခဲ့လိုက်တော့သည်။ အင်္ဂလိပ်စာအဆောင်နှင့် သင်္ချာဆောင်ဆိုတာ နီးနီးနားနားတော့ မဟုတ်၊ ယောကျ်ားလေးခြေထောက်နဲ့တောင် အတော်လေးလျှောက်ရသည်။ နောက်ပြီး သူတို့ထဲကတစ်ယောက်မျှ သင်္ချာဆောင်သို့ အသွားအလာမရှိပေ။ အကြောင်းကိစ္စမရှိ အဆက်အစပ်လည်း သိပ်မရှိသောကြောင့် မသွားဖြစ်ကြ။ ဒီနေ့တော့ သူတို့ ထွက်လာခဲ့လိုက်သည်။ အကြောင်းကိစ္စကတော့ သဲလင်းဖြူကို တစေ့တစောင်းလေ့လာရန်နှင့် သဲလင်းဖြူ၏ အပေါင်းအပါ အော့ကြောလန်များကို တွေ့ဖူးမြင်ဖူးရန်ဖြစ်သည်။ အဆောင်ရဲ့ ဆင်ဝင်အောက်ရောက်တယ်ဆိုရင်ပဲ ဝေယံက စကားစသည်။

"အေးကို. . . ငါတို့ ဒီအတိုင်း ဘလိုင်းကြီးဝင်လို့တော့ ခြေတိုသွားသိမ့်မယ်၊ တွေ့မှာမဟုတ်ဘူးနော်၊ အထပ်တွေကလည်း နည်းတာမဟုတ်ဘူး၊

တော်ဝင်မြို့မ စာအုပ်တိုက်

အခန်းတွေကလည်းအများကြီး၊ သူတို့ကို ဘယ်မှာသွားရှာမလဲ"

အေးကိုက အ,လိုက်တာဆိုသောအကြည့်နှင့် ဂေယ်ကိုကြည့်ပြီး. . .

"မင်းက အခုမှတွေးနေ၊ ငါက အ ကြီးကတည်းကအဲဒါကို တွေး ပြီးပြီ. . . ခေါင်းလေးနည်းနည်းသုံးပါဦး ဝေယံရာ. . . ဒီမှာ ကိုဝင်းနိုင်စိုး တစ်ယောက်လုံး ဘယ်သွားထားဦးမလဲ"

"ဟီး. . . ဟီး. . .ဟုတ်သားပဲ"

ပြောရင်း ဝင်လာခဲ့လိုက်သည်။ ပထမလှေကားထစ်တွေကိုတွေ့တော့ တက်လိုက်ကြသည်။ ပထမထပ်ရောက်သွားတော့ အားလုံးယောင်ချာချာ ဖြစ်သွား၏။

"မင်း. . . ကိုဝင်းနိုင်စိုးကဘယ်အခန် "

"အဲ. . ."

အေးကို အခုမှ အဲဒီကိစ္စစဉ်းစားမိပုံရသည်။ ဘာဆက်ပြောရမှန်း မသိဖြစ်သွားသည်။ သို့သော် အလျှော့တော့မပေး။

"အခန်းမသိလို့ ကိစ္စမရှိပါဘူးကွာ. . . ဒီလိုပဲ လိုက်ရှာရမှာပေ့ါ. . . တတိယနှစ်က ဘယ်အထပ်လဲမေးပြီး သူ့နာမည်သွားမေးရင်ရမှာပါ"

အဲဒီလိုနဲ့ တတိယနှစ်အခန်းကို လိုက်ရှာသည်။ ဟိုလူမေး၊ ဒီလူမေး နှင့် ရောက်သွားကြလေသည်။ ရောက်တော့ ကိုဝင်းနိုင်စိုးနာမည်မေးသည်။ လူတော်တော်များများသိကြ၍ တော်သေး၏။ ကျောင်းသားတစ်ယောက်က ဝင်ပြောသည်။

"ကန်တင်းသွားတယ်"

"ဟော့. . . စိုးကြီးတို့ ဘယ်ကန်တင်းသွားထိုင်လဲသိလား"

"ငါတို့ကန်တင်း"

လှမ်းအမေးခံရသော ကျောင်းသားက ဘရစ်တစ်နီစပီးယားပုံကို လက်မှကိုင်ထားရင်း မြတ်မြတ်နိုးနိုး တစ်ချက်လှမ်းနမ်းကာ လှည့်ပြော၏။ သူတို့နှစ်ယောက်လုံးကို ကျေးဇူးတင်စကားပြောပြီး သချာကန်တင်းဘက်သို့





ဆုတ်ခြေတင်ခဲ့လေတော့သည်။

ဝိုင်းနှစ်ဝိုင်းလောက်သာရှိသေးသော သချာကန်တင်းသည် အနည်း ငယ်ဆိတ်ငြိမ်နေသလိုထင်ရ၏။ မျက်စိတစ်ချက်ပင် ဝေ့ဝိုက်မရှာလိုက်ရဘဲ ကိုဝင်းနိုင်စိုးကို ကျောင်းသားနှစ်ယောက်လောက်နှင့်ထိုင်နေတာ တွေ့လိုက် ရလေသည်။ သူတို့ကိုတွေ့တော့ ဝမ်းသာအားရလှမ်းခေါ်ပါသည်။

"ဟာ. . . ညီလေးတို့၊ လာ. . . ထူးထူးဆန်းဆန်း တစ်ဖွဲ့လုံး ချီတက်လာကြပါလား"

"ဟုတ်တယ်. . . အစ်ကို. . . အစ်ကို့ဆီ တမင်လာလည်တာ"

"ဟဲ. . . ဟဲ. . .အစ်ကို့ဆီ တကူးတကန့်လာလည်တယ်ဆိုတော့. . အစ်ကိုဝမ်းသာရမှာပေ့ါညီလေးတို့ရာ. . . ဟဲ. . . ဟဲ"

ကိုဝင်းနိုင်စိုးက စပ်ဖြဲဖြဲအမူအရာနှင့်ပြန်နောက်သည်။ ပြီးတော့ သူတို့ ထိုဝိုင်းတွင်ပင် ဝိုင်းထိုင်လိုက်ကြလေသည်။ ထိုင်ပြီးပြီးချင်း သူငယ်ချင်း နှစ်ယောက်နှင့် မိတ်ဆက်ပေးလေသည်။

"ဒါ. . . လင်းဆွေတဲ့၊ ဒါက တင်အောင်ထိုက်. . . ဟော့ကောင်တွေ ဒါ. . . ငါ့ရဲ့ညီလို. . . သူငယ်ချင်းလို. . . ခင်ရတဲ့ကောင်တွေပေ့ါကွာ"

အဲဒီလို အပြန်အလှန်မိတ်ဆက်ပေးတော့ ထုံးတမ်းစဉ်လာအရပြုံးပြ နှုတ်ဆက်ရင်း ခင်သွားကြလေသည်။ အားလုံး ယောကျ်ားလေးတွေချည်း ဖြစ်သောကြောင့် အိုက်တင်များနေစရာမလိုဘဲ စကားပါ ပွင့်ပွင့်လင်းလင်း ပြောလို့ရသွားသည်။

"ကဲ ပြော. . . လာရင်းကိစ္စ၊ ကိုယ် ဘာထပ်ကူညီပေးရဦးမလဲ"

ပွင့်လင်းသော ကိုဝင်းနိုင်စိုးစကားကြောင့် သူတို့ကလည်း ပွင့်ပွင့် လင်းလင်းပဲပြန်ပြောသည်။

"ကျွန်တော်တို့ ကောင်မလေးတွေ ကြည့်ချင်တယ်"

"ဟော. . ."

အလောတကြီး ပြန်ပြောလိုက်သော အေးကိုစကားကြောင့် ခုန

မိတ်ဆက်ပေးထားသော ပူပူနွေးနွေးပုဂ္ဂိုလ်နှစ်ယောက် လက်ဖက်ရည်ငုံသောက်နေရာမှ ခေါင်းတွေထောင်ခနဲဖြစ်သွား၏။ ပြီးတော့ ကိုဝင်းနိုင်စိုးကို ဝေခွဲမရသောအကြည့်များနှင့် လှမ်းကြည့်လေသည်။

"ဟာ. . . မင်းတို့ကဘာသိလို့ ငါ့ကို ဒီလိုလာကြည့်နေတာလဲ၊ ဒီ ညီလေးတွေက ငါတို့ရဲ့ပထမနှစ်ကကောင်မလေးတွေကို စိတ်ဝင်စားလို့ကွ"

အဲဒီတော့မှ ပြုံးစိစိနဲ့ပုံမှန်ပြန်ဖြစ်သွား၏။

"ပထမနှစ်ကဆိုတော့ ဘယ်သူတွေများလဲ"

"သဲလင်းဖြူတို့ကိုပြောတာ"

"ဟင်. . ."

နှစ်ကောင်လုံး မျက်လုံးတွေပြူးထွက်သွားပ. . တွေ့လိုက်ရသည်။ ပြီးတော့ တင်အောင်ထိုက်ဆိုတဲ့လူက အလောတကြီးပဲ. . .

"မင်း သူတို့ကို သဲလင်းဖြူတို့အကြောင်း ပြောမထားဘူးလား"

"ပြောထားပါတယ်ကွာ. . . ဒါပေမဲ့ သူက သဲလင်းဖြူကို အရမ်းစွဲနေပြီတဲ့"

ကိုဝင်းနိုင်စိုးက သူ့ကို မေးငေါ့ကာပြောတော့ သူပြုံးပြလိုက်သည်။ သို့သော် ရင်ထဲမှာတော့ တစ်မျိုးကြီးပဲဖြစ်ကျန်ခဲ့သည်။ ကြားတဲ့လူတိုင်း မျက်လုံးပြူးရလောက်အောင် သဲလင်းဖြူတို့သတင်းက ကြီးလှချည်လား။ မတွေ့ခင်ကတည်းက သတင်းအရ အတော်လေးဆိုးကြပုံရသည်။ ဘယ်လိုတွေဆိုးသလဲဆိုတာတော့ တစ်ခါမှမကြုံဖူး၍ မတွေးတတ်သော်လည်း တော်တော့ မလွယ်တာသေချာသည်။ တစ်သက်မှာ သည်တစ်ခါသာ ချစ်ခဲ့ဖူးသော သူ့နှလုံးသားကိုတောင် အတော်အားနာသွား၏။ သူမှိုင်သွားတာမြင်တော့ ခုနကပြောတဲ့ တင်အောင်ထိုက်ဆိုတဲ့ ကျောင်းသားက: . .

"ကိုယ်ပြောတဲ့စကားကို တလွဲထင်ပြီး စိတ်ညစ်မသွားပါနဲ့ ညီလေးရာ. . . သူတို့က လူတွေအမြင်မှာ ဆန်းဆန်းပြားပြားလေးတွေ ဖြစ်နေလို့ လူတိုင်းသတိထားမိတာပါ၊ ပြီးတော့ ဝင်းနိုင်စိုးကလည်း ညီလေးကို သူတို့





အကြောင်းပြောပြထားမှာပေါ့. . . သူတို့ဆိုးတာက ဟော့ဟော့ရမ်းရမ်းကြီးဆိုးတာတော့မဟုတ်ပါဘူး၊ ဒါပေမဲ့ သူတို့အဖွဲ့က လိုအပ်တာထက် ပိုညီတယ်ကွ၊ ပြီးတော့ အားလုံးက ချောချောလေးတွေလည်းဖြစ်၊ ယောကျ်ားလေးတွေလိုလည်းဖြစ်နေကြတော့ လူတိုင်းစိတ်ဝင်စားကြတာပေါ့. . . သူတို့ကို ချဉ်းကပ်တဲ့ကောင်တွေလည်း ဒီကျောင်းမှာတစ်ပုံကြီး၊ ဒါပေမဲ့. . ."

ပြောပြီး စကားကိုခေတ္တရပ်ထားသည်။ ချထားသောလက်ဖက်ရည်ကို နောက်ဆုံး တစ်ကျိုက်တည်းမော့ပြီး ဆက်ပြော၏။

"ဒါပေမဲ့. . . တစ်ယောက်မှတော့ အဆင်မပြေကြပါဘူးကွာ၊ သူတို့တွေ ဝိုင်းပြီးပညာပေးတာပဲခံပြီး တပ်ဆုတ်သွားကြတာပါပဲ"

"ဟုတ်ကဲ့. . . အဲဒါ ကျွန်တော့်ကို ကိုဝင်းနိုင်စိုးပြောပြထားလို့တော့ နည်းနည်းပါးပါးသိပြီးသွားပါပြီ၊ အခုလာတာလည်း သူတို့အဖွဲ့ကို ကျွန်တော်တို့ တစ်ခါမှမမြင်ဖူးသေးလို့ လာကြည့်တာပါ၊ ဖြစ်နိုင်ရင် ကျွန်တော်တို့ကိုလိုက်ပြပါလားဗျာ"

"ဟာ. . . ရတာပေါ့ ညီလေးရာ. . . ကူညီရမှာပေါ့၊ ကိုယ်တို့က အိမ်ရှင်ပဲ၊ ဧည့်သည်တွေစိတ်တိုင်းကျ ကူညီပါ့မယ်ဗျာ၊ နောက်ပြီး ညီလေး ကောင်မလေးနဲ့ ညီလေးအဆင်ပြေသွားရင် ကိုယ်တို့ကူညီလိုက်ရတဲ့အတွက် ဝမ်းတောင်သာရမှာ . . . မင်း အဲဒီကောင်မလေးကိုတော့ ရအောင်လိုက်ကွာ. . . ဒါပေမဲ့ သတိတော့ထား"

"OK ဒါဆို သွားကြမယ်"

သူတို့ ဝိုင်းမှထထွက်ခဲ့ကြသည်။ နေ့လယ်ခင်းနေသည် အစွမ်းကုန် ပူပြင်းရှတနေသည်။ သို့သော် ရင်ခုန်သံက အပူကိုဖုံးကွယ်ထားသလိုဖြစ်နေ၍ ပူလို့ပူမှန်းတောင် သိပ်မသိသာပေ။

အခန်းရှေ့ ကော်ရစ်တာတွင် လူရှင်းနေခြင်းကိုကြည့်ခြင်းအားဖြင့် အခန်းထဲ ဆရာမဝင်နေပြီဆိုတာ ခန့်မှန်းမိသည်။ ကျောင်းသားတွေအားလုံး ငြိမ်သက်စွာအတန်းတက်နေကြပြီး ဆရာမပြောတာကို အာရုံစိုက်နားထောင်

နေကြသည်။ ကော်ရစ်တာရှေ့ ဝရန်တာလက်ရန်းတွင် ကျောင်းသားနှစ်ယောက်လောက်သာ ထိုင်နေကြ၍ ပတ်ဝန်းကျင်လေးက တိတ်ဆိတ်နေသလို ထင်နေရသည်။

"ဟိုးဘက်အစွန်ဆုံး ရှေ့ဆုံးတန်းက စရေရင် သုံးတန်းမြောက်မှာ ထိုင်နေတာ. . . သူတို့အဖွဲ့ပဲ"

တိတ်ဆိတ်ခြင်းကို ထိုးဖောက်လာသော ကိုဝင်းနိုင်စိုးစကားကြောင့် ပြောသည့်နေရာကို မျက်လုံးကအလိုလိုရောက်သွားသည်။

ရောက်သွားတယ်ဆိုရင်ပဲ မသိစိတ်ရော သိစိတ်ကပါ သဲလင်းဖြူကို ရှာမိလေသည်။ တွေ့ပါပြီ၊ တစ်ဖက်နှစ်ယောက်စီခြံရံထားသောအလယ်တွင် သဲလင်းဖြူကိုတွေ့လိုက်ရသည်။ အနောက်ဘက် ခပ်စွေစွေလေးမှတွေ့လိုက်ရသောကြောင့် မသဲကွဲလှသော်လည်း သဲလင်းဖြူဆိုတာကို မြင်ရုံနှင့်မှတ်မိနေသည်။ သဲလင်းဖြူဘေးနားက ကောင်မလေးတွေကတော့ သူ့သူငယ်ချင်းတွေပဲဖြစ်မည်။ မျက်နှာကိုတော့ သဲကွဲစွာမမြင်ရ၍ အေးကိုနဲ့ဝေယံက နေရာပြောင်းကြည့်ကြရန် အကြံပြုသည်။ ပြီးတော့ အခန်းရဲ့ရှေ့ဘက်အပေါက်သို့ ထွက်သွားကြလေသည်။ သူတို့လည်း နောက်က မယောင်မလည်လိုက်သွားလိုက်သည်။

ကိုဝင်းနိုင်စိုးတို့ပြောတာမှန်သည်။ သူတို့အကုန်လုံး ချောချောလှလှလေးတွေဖြစ်သည်။ သူ့အထင်ကတော့ အားလုံးထက် သဲလင်းဖြူလေးက ပိုလှသည်ဟုထင်သည်။ အဲဒီအချိန်မှာ အေးကိုနဲ့ဝေယံက ကောင်မလေးတွေ အားလုံးရဲ့မျက်နှာတွေကို အလွတ်ကျက်ပြီးနေပြီ. . .။

"သတိုး. . . မင်းကောင်မလေးက ဘယ်ဟာလဲ"

"မင်းကောင်မလေး"ဟုပြောလိုက်သော ရဲဆွေလတ်စကားကြောင့် ရင်ထဲမှ လှုပ်ခနဲတောင်ဖြစ်သွားသည်။

"ဟို. . . ဟို. . . အလယ်တည့်တည့်ကဟာ"

အားလုံးရဲ့မျက်လုံးတွေ အလယ်ကို စုသွားကြသည်။





"အင်း. . . လှတယ်ကွ"

"အေး. . . မဆိုးဘူး၊ တော်တော်ချောတယ်"

"သတိုးက လူကသာ မအူမလည်. . . ရွေးတတ်သားပဲ"

အားလုံးရဲ့ ထင်ကြေးအမျိုးမျိုး၊ ဝေဖန်သံအမျိုးမျိုး သူ့နားကိုရိုက်ခတ်သည်။ အဲဒီအချိန်မှာပဲ အတန်းရှေ့ ရှုန်းစုရှုန်းစုဖြစ်နေသော သူတို့ကို သဲလင်းဖြူတို့ထဲမှ အစွန်ဆုံးတွင်ထိုင်နေတဲ့ တီရှပ်အပြာနဲ့ ကောင်မလေးက ရုတ်တရက်သတိထားမိသွားသည်။ လေ့လာရေးဝင်နေတာလည်း အတော်ကြာသွားသောကြောင့် အိန္ဒြေအတော်ပျက်သွားပုံရသည်။ အဲဒီပုဂ္ဂိုလ်မလေးက ကျန်တဲ့ ပုဂ္ဂိုလ်မလေးများကို သူတို့ချင်းဆက်သွယ်သောနည်းဖြင့် လှမ်းအကြောင်းကြား၏။ ငါးယောက်လုံးမျက်လုံးတွေ ချက်ချင်းပဲ ဒိုင်းခနဲသူတို့ပေါ် ကျရောက်လာလေသည်။ နဂါးမလေးတွေဆိုပါက သူတို့အားလုံးချက်ချင်းမီးသွေးတုံးဖြစ်သွားနိုင်သည့် အကြည့်မျိုးတွေပင်။ အေးကိုက အပြာရောင်တီရှပ်နဲ့ ကောင်မလေးကို လျှာထုတ်ပြီးပြောင်ပြသည်။ ဝေယံက စပို့ရှပ်လက်ရှည်အနီလေးနှင့်ကောင်မလေးကို မျက်စိမှိတ်ပြသည်။ ရဲဆွေလတ်နှင့်အောင်ကိုဦးကလည်း သည်ပွဲမှာတော့ အပြတ်ဝင်နွှဲ၏။ ကျန်တဲ့နှစ်ယောက်ကို သူတို့နည်းသူတို့ဟန်နှင့် လှမ်းစသည်။ အားလုံးထဲမှ သဲလင်းဖြူကတော့ သူ့ကို ကောင်းကောင်းမှတ်မိသည်။ မှင်တက်နေသောအကြည့်၊ အံ့ဩသွားသော နှုတ်ခမ်းနှင့် ရင်းနှီးသောမျက်ဝန်းများနှင့်ကြိုဆိုသည်။ ဒါလောက်ဆို သူ့အတွက် အတော်အားတက်စရာပင်။

"ကဲ. . . သတိုး ဒီလောက်ဆိုတော်ပြီ၊ ပြန်ကြရအောင်. . . ဟိုမှာ ဆရာမသတိထားမိသွားရင် အားနာစရာကောင်းတယ်"

အားလုံး တစ်ယောက်လက်တစ်ယောက်တွဲပြီး ပြန်လှည့်လာခဲ့တော့သည်။ လမ်းတစ်လျှောက်လုံး မျက်လုံးထဲမှာ သူ့အရိပ်၊ အတွေးထဲမှာ သူ့အကြောင်းတွေပဲ ဖြည့်ခတ်နေသည်။ ဟိုကောင်တွေကတော့ ဘယ်ကောင်မလေးလှတယ်၊ ဘယ်ကောင်မလေးချောတယ်နှင့် ပါလာကြသည်။

သူ့အာရုံမှာ ပတ်ဝန်းကျင်အသံတွေ မကြားတစ်ချက်၊ ကြားတစ်ချက် အရိပ်တွေ ရှုပ်ယှက်ခတ်နေ၏။ နှလုံးခုန်သံကို ကာရံမညီကြားနေရသည်။ သူ သဲလင်းဖြူကိုတော်တော်ချစ်သည်။ အခု အရင်ကထက် ပိုချစ်သွားပြီ။ သူ့အချစ်ကိုမရရင် သေတောင်သေသွားနိုင်သည်။ မျက်ဝန်းနဲ့ နှလုံးသားမှာ အချစ်ကြောင့် ပြာလဲ့နေ၏။ မလွယ်ပါလား သဲလင်းဖြူရယ်၊ မင်း ငါ့ကို အတော်ဒုက္ခပေးပါလားဗျာ. . .။

သည်လောက်ဒုက္ခပေးတဲ့ကောင်မလေး ညကျရင် ကိုယ်ပိုင်တဲ့ အိပ်မက်ထဲ အတင်းဆွဲထည့်မက်ပစ်လိုက်ဦးမည်ဟု ကြိတ်တွေးထားလိုက်သည်။

၉း ရူ

ဖြိုးမောက်နေသော နေရောင်ခြည်သည် လမ်းကလေးပေါ်သို့ သစ်ရိပ်သစ်ခက်များကြားမှ ဖြိုးပြောက်စွာ ကျရောက်နေသည်။ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း ရင်ခုန်သံက တာရန်ညီစွာ စီးချက်လိုက်ပေးနေ၏။ Physic ကန်တင်းရှေ့ရောက်တော့ သူတို့ခြေလှမ်းတွေ တုံ့ခနဲရပ်သွားကြသည်။ သတိုးက သူ့နောက်မှာပါလာသော အပေါင်းအပါများကို တစ်ချက်လှည့်ကြည့်လိုက်ပြီး. . .။

"ဖြစ်ပါ့မလားကွာ"

"ဘာလို့ မဖြစ်ရမှာလဲ၊ မင်းသာ ငါတို့ပြောထားတဲ့အတိုင်းလုပ်. . . အားလုံးအဆင်ပြေသွားမယ်"

"ဟုတ်တယ် သတိုး. . . ဒါ ပထမဆုံးအကြိမ်ဆိုတော့. . . ဦးကျိုးသွားလို့မဖြစ်ဘူးနော် . . . သတိထားပြီး သေသေချာချာလုပ်"

သတိုး နဖူးတွင်စို့နေသောချွေးကို လက်မနဲ့တစ်ချက်သပ်ပြီး ကိုယ့်ကိုယ်ကို အားတင်းပစ်လိုက်သည်။ အရှေ့ထဲ သူတို့ရှေ့မှ သွားနေသည့် သဲလင်းဖြူတို့အုပ်စုက ရုတ်တရက် သစ်ပင်ရိပ်တစ်ခုတွင်ရပ်ပြီး ဘာလုပ်နေလည်းမသိပေ။ နောက်မှလိုက်လာတဲ့ သတိုးတို့ ဘာဆက်လုပ်လို့လုပ်ရမှန်းမသိဖြစ်သွားသည်။ သူတို့အဖွဲ့က ကောင်မလေးတစ်ယောက်က ကျောပိုးအိတ်ကို ဖြောင်းဆန်နေအောင် ရှာနေတာတွေ့လိုက်ရသည်။

"သတိုး. . . သူတို့ ဘာတွေဖြစ်နေလဲမသိဘူး၊ ငါတို့ကို သတိမထား မိခင် ခဏရှောင်နေလိုက်ရအောင်. . . လာ"

အေးကိုစကားကိုကြားတော့ အားလုံးသဘောတူလိုက်ကာ အနီးစ ဆုံး အဆောင်တစ်ခုရဲ့ လမ်းထဲချိုးဝင်လိုက်ကြသည်။ ပြီးမှ မြင်သာသော တစ်နေရာကနေ အခြေအနေကိုလှေ့လာနေလိုက်၏။

သည်နေ့ သူတို့ဆင်ထားတဲ့ဇာတ်လမ်းလေးက ရိုးရိုးလေးပါ။ ဒါပေမဲ့ ထိရောက်မှုတစ်ခုခုတော့ရှိလိမ့်မယ်လို့ အားလုံးထင်ထားကြတယ်။ သတိုးက လူရှင်းတဲ့တစ်နေရာရောက်ရင် သဲလင်းဖြူတို့ဘေးကနေ အလောတကြီးပုံ မျိုးနဲ့ကျော်တက်မယ်၊ ဒါပေမဲ့ သဲလင်းဖြူတို့ကို ယောင်လို့တောင်လှည့်မကြည့် ရဘူး၊ ပြီးတော့ သူ့ခါးကြားမှာ အဆင်သင့်ပြင်ဆင်ပြီး ထိုးလာတဲ့ပိုက်ဆံ အိတ်ကို သဲလင်းဖြူတို့မြင်အောင် အသာဖြုတ်ချလိုက်ရမယ်။ ကိုယ့်ကိစ္စ အရေးကြီးလို့လောနေတော့ ဘာကိုမှသတိမထားမိတဲ့ပုံစံပေါ့။ အဲဒီမှာတင် သဲလင်းဖြူက သူ့ပိုက်ဆံအိတ်ပြုတ်ကျသွားတာတွေ့ပြီးတော့ လှမ်းခေါ်ပြီးပေ ဒါမှမဟုတ် ပိုက်ဆံအိတ်ကိုကောက်ပြီးမှလိုက်ပေး၊ အဲဒီမှာတင် ဇာတ်တို ထားတဲ့အတိုင်း ဟိုကောင်တွေက လမ်းကြုံသလိုရောက်လာ၊ ပြီးတော့ သတိုးကို နမော်နမဲ့နိုင်ရကောင်းလားဆို ကော၊ ပြီးတော့ သဲလင်းဖြူတို့ ကျေးဇူးတင်ကြောင်းတွေဘာတွေပြောပြီး ကျန်တဲ့အပိုင်းကို အေးကိုတို့အဖွဲ့ သူတို့နည်းသူတို့ဟန်နဲ့ ဆက်ပြီးခင်းမယ်ပေါ့၊ ဇာတ်လမ်းက ဒါပါပဲ။ သူလု ရမယ့်အလုပ်ကလည်း ပိုက်ဆံအိတ်ကို သဲလင်းဖြူတို့မြင်အောင် ခါးကြား ကနေ[illegible]ချပြီးရင်ပြီးပြီ၊ ကျန်တာ ဟိုကောင်တွေအပိုင်း၊ မနေ့ကတည်း [illegible]းယောက်သား ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ထားကြတာ အားလုံးကွက် အဝင်အထွက်နှင့် တိုင်ပင်ပါ ကိုက်ပြီးသား၊ ဒါပေမဲ့ အခုလို ရှေ့ကသွား နေရင်းက ဘာဖြစ်လို့မှန်းမသိဘဲ သဲလင်းဖြူတို့တစ်အုပ်လုံးရပ်သွားတာတော မပါဘူးပေါ့လေ။ ဒါပေမဲ့ ဒါက ပြောပလောက်တဲ့ကိစ္စတော့ မဟုတ်ပေ နည်းနည်းအချိန်ပေးပြီး စောင့်နေလိုက်ရင်ရသည်။ သည်လိုနဲ့ သဲလင်းဖြူ





အဖွဲ့ရဲ့အခြေအနေကိုအကဲခတ်ရင်း သတိုးတို့စောင့်နေလိုက်ကြတော့သည်။

"ဖိုးဆုရယ်. . . မင်းက ဖြစ်လိုက်ရင် အရာရာနဲ့အကြောင်းကြောင်း ချည်းပဲ. . . ဘယ်မှာထားမိလဲ သေချာစဉ်းစားပါဦးကွာ"

ဖိုးဆုလို့အခေါ်ခံရတဲ့ ကောင်မလေးက စိတ်ရှုပ်ထွေးနေတဲ့မျက်နှာ နဲ့. . .

"ငါလည်း ဒီပိုက်ဆံအိတ်ကို ဘောင်းဘီနောက်အိတ်ထဲထည့်ရင် ထည့်၊ မထည့်ရင် ဒီကျောပိုးအိတ်ထဲပဲ ထည့်တာပဲကွ၊ အခုမှ ဒီသေနာ ပိုက်ဆံအိတ်က ခြေထောက်ပေါက်ပြီး ဘယ်ထွက်သွားမှန်းမှမသိတာ"

"ဟင်း. . . စိတ်ညစ်တယ်ဟာ. . . ဒါဆိုလည်း အမြန်ရှာ၊ ဒီမှာ ရလို့သေတော့မယ်"

"အေးပါဟာ. . . ငါစဉ်းစားနေတာ. . . ဘယ်အထဲများမှားထည့် မိလဲမသိဘူး၊ သွားပါပြီဟာ. . . ပါသွားတဲ့ပိုက်ဆံက အရေးမကြီးဘူးဟ၊ ငါ့အစ်ကိုသိရင် ငါ့ကိုသတ်လိမ့်မယ်. . . အဲဒါ ငါ့အစ်ကိုပိုက်ဆံအိတ်ကြီး၊ သူ့ကို မနည်းပြောပြီးတောင်းထားရတာ၊ ဒုက္ခပါပဲဟာ"

ခုန ဖိုးဆုဆိုတဲ့ ကောင်မလေးက သူ့ဆံပင်တိုတိုလေးကို လက်နဲ့ ထိုးဖွပြီး အတော်စိတ်ညစ်နေတယ်။ မျက်နှာကလည်း တစ်ခုခုကိုစဉ်းစား သလိုလိုနဲ့ ရှုံ့လိုရှုံ့ဖြဲထပ်စမ်းတယ်။ နောက်တော့ စိတ်အတော်ညစ်သွားပုံနဲ့

"အဲဒါပျောက်သွားလို့မရဘူး၊ ဒုက္ခပဲ. . . လုပ်ပါဦး၊ ငါ့ကို အကြံလေး ဘာလေးပေးကြပါဦး၊ ဘယ်လိုလုပ်ရမလဲ"

တကယ်စိတ်ညစ်သွားတာပါ။ သူ့အစ်ကိုဆူမှာကိုလည်း အတော် တလေးကြောက်ပုံရတယ်။ သူစိတ်ညစ်နေတာတွေ့တော့ ကျ[illegible]ဲ့လူတွေ တပါ စိတ်လိုက်ညစ်တာပေါ့။ တီရှပ်အဝါစင်းလေးဝတ်ထားတဲ့ ကောင် မလေးကဆို သူ့ကျောပိုးအိတ်ထဲကိုပါ ရောယောင်ပြီး လိုက်ရှာနေတယ်။

"ကဲ. . . အဲဒါဆို ဘယ်လိုလုပ်မလဲ၊ လမ်းမှာ ကျခဲ့ရင်လည်း တစ်ယောက်ယောက်က ကောက်သွားလောက်ပြီ၊ ကျောင်းသားကတ်ပါသွား

လို့ စုံစမ်းပြီးပြန်ပေးရင်တော်သေးတယ်. . . မပေးရင် နင်ဘယ်လိုလုပ်မလဲ ဖိုးဆု"

"စိတ်ညစ်တယ်ဟာ. . . ငါ ငိုတောင်ငိုချင်လာပြီ. . . အဟင့်"

ဘယ်လောက်စိတ်မာတယ်ပြောပြော နောက်ဆုံးတော့ မိန်းမဟာမိန်းမ ပါပဲ၊ စိတ်အရမ်းညစ်သွားရင် သူတို့ရဲ့ထွက်ပေါက်က မျက်ရည်ပဲလေ။ ဖိုးဆု မျက်ရည်တွေဝိုင်းတက်လာတယ်။

"ကဲ. . . ဖိုးဆု. . . စိတ်ညစ်နေလို့အပိုပဲ၊ ဥစ္စာရှင်းမှန် ပြန်ရမှာပဲ. . . လာ"

သဲလင်းဖြူပြောပြီး ဖိုးဆုလက်ကိုဖမ်းဆွဲလိုက်တော့ ကျန်လူတွေက လည်း. . .

"အေးဟာ. . . လာပါ ဖိုးဆုရာ. . . အခုမှတော့ ဘယ်မှာလိုက်ရှာလို့ ရှာရမှန်းမသိတဲ့အတူတူတော့ အတန်းပဲသွားရအောင်ဟာ. . . ပြီးတော့ တစ်ယောက်ယောက်က ကောက်ရလို့လာပေးရင်လည်း ပေးနိုင်တာပဲ"

အားလုံးကြားမှာ ဖိုးဆု ကန့်လန့်ကန့်လန့်နှင့်ပါသွားလေသည်။ ဖိုးဆု တို့အုပ်စု လှုပ်လိုက်တယ်ဆိုရင်ပဲ သတိုးတို့ဇာတ်လမ်းစတော့သည်။ သတိုးက ကြိုတင်စီစဉ်ထားသော ဝေယံ့ပိုက်ဆံအိတ်ကို ခါးကြားသို့ လျော့ရဲရဲအနေ အထားဖြစ်အောင် ဖမ်းထိုးပစ်လိုက်သည်။ အဲဒါမှ ပုဆိုးကို အသာလေးလှုပ် လိုက်ရုံနဲ့ ပိုက်ဆံအိတ်အလွယ်တကူ ပြုတ်ကျသွားမှာဖြစ်၏။ ပြီးတော့ လွယ်အိတ်ပါနေရင် တစ်စုံတစ်ရာအတိုင်းအတာအထိ အနှောင့်အယှက် ဖြစ်မှာစိုး၍ ရဲဆွေလက်အား လှမ်းပေးလိုက်သည်။

အားလုံးအဆင်သင့်ဖြစ်ပြီး သတိုး ကိုယ့်စိတ်ကိုယ် ချက်ချင်းမာန်တင် ပစ်လိုက်သည်။ ချိုလေးနွယ်နဲ့တွေ့တုန်းက ဝေယံ့လို တကယ်တမ်းက အသုံးမကျသောကောင်ဟု အထင်မခံနိုင်။ သည်ပွဲကို အောင်မြင်အောင် လုပ်ရမည်။

သတိုး နောက်ကကောင်တွေကို တစ်ချက်လှည့်ကြည့်လိုက်သည်





အားလုံး သူ့ကို လက်မထောင်ပြနေ၏။ ပြီးတော့ တစ်ယောက်ပြီးတစ်ယောက် နောက်ဆုတ်သွားကာ ခပ်လှမ်းလှမ်းမှာ သွားရပ်နေလိုက်ကြသည်။ သတိုး ဘက်က တိုင်ပင်ထားသလို အခြေအနေစတာနှင့် အားလုံး ဝင်ရန်အသင့် အနေအထား. . .

သတိုး တောင်တွေးမြောက်တွေးတွေ တွေးမနေတော့ဘဲ ဤကိစ္စ တစ်ခုတည်းကိုသာ အာရုံစိုက်၍ ကောင်မလေးတွေနောက်သို့ လိုက်ရန် ခြေလှမ်းစလိုက်တော့၏။

တဖြည်းဖြည်း(Physic)ကန်တင်းကိုကျော်လာတော့ သချာဆောင်တွေ ရှိတဲ့ဘက်ကို ချိုးကွေ့လိုက်တာမြင်လိုက်ရသည်။ သတိုးနဲ့တော့ အတော် လေးလှမ်းသွား၏။ ဒါကြောင့် သတိုးခါးကြားမှ ပိုက်ဆံအိတ်ကို လက်နဲ့ ငုံမပျက်အောင် အသာဖိ၍ ခပ်သွက်သွက် လိုက်ထွက်လိုက်တော့သည်။ တဖြည်းဖြည်းမီလာသည်။ သိင်္ချေရည်ခြာတ်ပုံဆိုင်အလွန်တွင် လုံးဝမီသွား တော့၏။

ပထမဦးစွာ လုပ်ငန်းစဖို့ အကွက်အကွင်းကောင်းကောင်းကိုရှာလိုက် သည်။ ဒါမျိုးက လူရှုပ်ရှုပ်နေရာတွင် လုပ်၍မဖြစ်ကြောင်း သတိုးနားလည် သည်။ တော်ကြာ ပိုက်ဆံအိတ်ကို သဲလင်းဖြူတို့မကောက်ခင် တစ်ယောက် ယောက်ကောက်သွားမှ ဒုက္ခလှလှရောက်သွားမည်။

ဆိုင်ကို နည်းနည်းလေးလွန်လာတော့ ပတ်ဝန်းကျင်ကို အသာဖမ်း ကြည့်လိုက်၏။ ကားသွားကားလာတွေသာရှိသော်လည်း လူသွားလူလာလေး အနည်းငယ်ပြတ်သောနေရာတစ်ခုကို ရောက်နေကြောင်း သတိထားမိလိုက် သည်။ သတိုးခါးကြားမှ ပိုက်ဆံအိတ်ဖိထားသောလက်ကို အသာခွာလိုက်ပြီး သဲလင်းဖြူတို့ကို ကျော်တက်ဖို့အသင့်ပြင်လိုက်ပြီ။ မသွားမီ နောက်မှလိုက်လာ တဲ့ကောင်တွေကို တစ်ချက်လှည့်ကြည့်လိုက်သေးသည်။ အားလုံးအဆင့်သင့်။

သတိုး ကောင်မလေးတွေနားမှ သုတ်သီးသုတ်ပျာနှင့် အနီးကပ်ဆုံး ပြတ်တက်ပစ်လိုက်သည်။ တစ်လှမ်း. . . နှစ်လှမ်း. . . သုံးလှမ်း. . လေးလှမ်း

စိတ်ထဲမှ ခြေလှမ်းများကိုရေတွက်ရင်း ခြောက်လှမ်းမြောက်တွင် ပုဆိုးပုံစ
လက်နှင့်အသာဖိကိုင်ပြီး လှုပ်ပစ်လိုက်တော့၏။

ပထမတစ်ခါ၊ ပိုက်ဆံအိတ်က လုံးဝမကျပေ။ သတိုးရင်ထဲ ထင့်ခ
ဖြစ်သွားသည်။ အမှန်ဆို ကျမည်။ ဒုတိယ ထပ်လှုပ်သည်။ ပြုတ်မကျ
အနည်းငယ်သာ လန်သွားပြီး ခါးမှာပြန်ကပ်သွားသည်။ ဘယ်လို အမှာ
အယွင်းလုပ်မိ၍ ပိုက်ဆံအိတ် ကျသလဲဆိုတာ စဉ်းစားမရဖြစ်သွားသည်
အမှန်တော့ ကောင်မလေးတွေနောက်ကလိုက်စဉ် ပိုက်ဆံအိတ်ကို လက်
အဖိလွန်သွား၍ အနည်းငယ် ပုဆိုးထဲဝင်သွားခြင်းပင်။ နောက်တစ်ခုက
ပူပြင်းသောခ်နေရောင်အောက်တွင် ချွေးတွေ နင်းကန်ထွက်နေသောကြော
ပိုက်ဆံအိတ်က ကျောကုန်းကချွေးနှင့် မိတ်ဖွဲ့ကပ်နေသောကြောင့်ပင်. . .

သတိုးတစ်ကိုယ်လုံး ချွေးတွေပိုပြန်လာပြီး ရွှဲနေသည်။ ဒုက္ခတော
ရောက်ပြီ၊ အနောက်ကိုလည်း လှည့်မကြည့်ရဲ၊ ကိုယ့်ကိုယ်ကိုလည်း ဒေါ
တွေအရမ်းထွက်လာသည်။ မနေ့က အခေါက်တစ်ရာမက လေ့ကျင့်ထာ
သည်။ မနက်ကလည်း ဘယ်နှခေါက်မှန်းမသိ။ ရိဟာဆယ်လုပ်ကြည့်ခေ
သည်။ အားလုံးအဆင်ပြေ၏။ အခု ပွဲဝင်မှဖောက်လာသောကြောင့် အတော
တင်းသွားသည်။ သို့သော် မဖြစ်ဖြစ်တဲ့နည်းနဲ့တော့ ပြုတ်ကျအောင်လုပ်
မည်ဟု ဆုံးဖြတ်ထားသည်။ ခါးပုံစကို ဆွဲလှုပ်လွန်းလို့လည်း ပုဆိုးက
တဖြည်းဖြည်းအောက်လျှောကျလာပြီး ခြေထောက်မှာလာတုပ်နေသေးသည်
ပုဆိုးချက်ပြုတ်ပုံစံဖြစ်နေပြီး ခြေမျက်စိအထိပါ ဖုံးလာသောကြောင့် လ
တောင် သိပ်လျှောက်မရချင်တော့ပေ။ သို့သော် လုံးဝတော့အလျှော့မပေး
ထပ်ကာထပ်ကာ လှုပ်ပစ်လိုက်သည်။

တစ်ချီမှာတော့ အောင်မြင်စွာ ပိုက်ဆံအိတ်ပြုတ်ကျသွားပါသည်
သတိုးရင်ထဲမှာ လင်းခနဲဖြစ်သွားကာ အရမ်းပျော်သွား၏။ သို့သော် သ
ပိုက်ဆံအိတ် အောက်သို့ကျသွားသော်လည်း အနောက်က တုံ့ပြန်သံမကြာ
ရတော့ စိတ်ညစ်သွားသည်။ တွေ့မှတွေ့ပါ့မလား။ စိုးရိမ်မှုများစွာနှင့် ဆ





လျှောက်လာမိတာ ခြေလှမ်းလေးငါးခြောက်လှမ်းလောက်တော့ ရောက်လာ
တော့မှ. . .

"ဟယ်. . . ဟိုမှာ ပိုက်ဆံအိတ်လေးတစ်အိတ်ဟဲ့"

"ဟယ်. . . အေး. . . ဖိုးဆု နင့်ဟာလားမသိဘူး. . . ပြေးကောက်
ကြည့်စမ်း"

". . ."

". . ."

သတိုးရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။ ကောင်မလေးတွေက သူ့ဆီက
ပြုတ်ကျမှန်းသိပုံမပေါ်ပေ။ အဲဒါမှ ဒုက္ခရောက်ပြီ။ နောက်ဆုံးမရရင်တော့
သွားပြန်ယူဖို့စိတ်ကူးထားလိုက်၏။ အဲဒီလိုစိတ်ကူးပြီး ခြေလှမ်းတုံ့ခနဲရပ်လိုက်
ချိန်မှာပဲ ဘတ်စ်ကားဟွန်းသံတစ်ခု နားထဲသို့ ကျယ်လောင်စွာဖြတ်ဝင်လာ
တော့သည်။ ဘယ်အချိန်ကတည်းက သူ့အနားရောက်နေသည်မသိပေ။

"ပွမ်. . ."

သတိုး လန့်ဖျပ်ပြီး တစ်ချက်ခုန်ရှောင်လိုက်သည်။ အဲဒီအချိန်မှာပဲ
သတိုးအတွက် မျှော်လင့်မထားသော တစ်သက်တာအမှတ်တရနှင့် သွားကြုံ
တော့၏။

ခြေမျက်စိနားအထိရောက်နေသော ပုဆိုးစသည် ခုန်ရှောင်လိုက်သော
သတိုး၏ညာခြေထောက်အောက်ထဲသို့ မပြောမဆိုဝင်သွားခြင်းပင်။ သတိုးက
ခြေထောက်ပြန်အကျ ပုဆိုးဝတ်ထားသောခါးမှာ တင်းခနဲဖြစ်သွားပြီး ဟာခနဲ
ဖြစ်ကာ ကျန်ခဲ့တော့၏။

"ဟယ်. . . တော့"

"ဟာ. . ."

"ဟာ. . . ဟိုကောင် ဘယ်လိုဖြစ်တာလဲ"

ဘတ်စ်ကားပေါ်မှ လူများ၏အသံ၊ ပတ်ဝန်းကျင်မှ လူတချို့အသံတို့
ကြောင့် သတိုးယောင်ကြောင်ကြောင်ဖြစ်သွားပြီး ကိုယ့်ကိုယ်ကိုငုံ့ကြည့်လိုက်

တော့ ခါးက ပုဆိုးမှာ မြေပြင်တွင်ပုံလျက်ပင်။ အင်္ကျီအောက်အနားစ
တွန့်ကြေနေသောကြောင့် သူ၏အောက်ပိုင်းအလှကို မပေါ်တပေါ်လေးသာ
ဖုံးအုပ်လျက်. . .။

"ဟာ. . ."

သတိုး မျက်စိနှစ်လုံးလုံး အပြာရောင်တွေဖုံးသွားသည်။ ရုတ်တရက်
လမ်းလယ်ကောင်မှာ ပုဆိုးကွင်းလုံးကျွတ်ကြီးနှင့် ရပ်နေမိတော့သည်
ဘယ်ဟာ အရင်စလုပ်လို့လုပ်ရမှန်းမသိဖြစ်သွား၏။ မျက်လုံးကြီးကြောင်
ပတ်ဝန်းကျင်ကလူတွေကိုလိုက်ကြည့်နေမိသည်။ အောက်ပိုင်းဗလာကျင်းနှ
အူကြောင်ကြောင်ရပ်နေမိသော သူ့ကိုလည်း ပတ်ဝန်းကျင်တစ်ခုလုံး
ရုတ်တရက် မှင်တက်လျက် ကြည့်နေကြ၏။ သဲလင်းဖြူအပါအဝင် ကျန်
ကောင်မလေး လေးယောက်လုံး ပထမတော့ သတိုးကိုဘာဖြစ်မှန်းမသ
ယောင်ပြီးကြည့်နေကြရင်းမှ ပထမဆုံးသတိဝင်လာသူမှာ သဲလင်းဖြူပင်. . .

"အို. . ."

အာမေဍိတ်အသံနှင့်အတူ မျက်နှာတစ်ပြင်လုံး ပန်းနုရောင်လေးဖြ
ကာ ချက်ချင်းငုံ့ပစ်လိုက်၏။ ကျန်တဲ့ကောင်မလေး လေးယောက်ပါ ချက်ချ
မျက်နှာလွှဲပစ်လိုက်ကြသည်။

ပထမဆုံး သတိဝင်ဝင်ချင်း မြေကြီးပေါ်သို့ ကွင်းလုံးပုံကျနေသော
မိမိပုဆိုးကို အချိန်အတန်ကြာ ကြောင်ကြည့်နေပြီးမှ လမ်းလယ်ကော
လန်ကွတ်တီဖြစ်နေသော ကိုယ့်ဘဝကိုသဘောပေါက်လိုက်သည်။ ရှက်စိတ်
ကြောင့် ခေါင်းတစ်ခုလုံး အဆမတန်ကြီးသွား၏။ ချက်ချင်း ကိုယ့်ပုဆိုး
ကမန်းကတန်း ငုံ့ဆွဲလိုက်ချိန်မှာ ညာဘက်ခြေထောက်အောက်ရောက်နေ
သော ပုဆိုးစက နင်းထားရက်သားဖြစ်နေသောကြောင့် ရုတ်တရက်ဆော
ရုန်းလိုက်သလိုဖြစ်သွား၏။ ရှက်စိတ်ကြောင့် ပူနေသောသူ့ကို ရှေ့မှဆော
ဆွဲခံလိုက်ရသလိုဖြစ်သွားသောကြောင့် ပုဆိုးရောလူပါ ရှေ့သို့ဟပ်ထိုးလဲ
ဖင်ပူးတောင်းကြီး ထောင်ကာ မြေကြီးပေါ်ကျသွားတော့သည်။





"ဟာ. . . သတိုး"

"ဟော့. . . ကောင်"

"ကွယ်. . . ကွယ်ထား. . . အားလုံးဝိုင်းကွယ်ထားကွ"

ဇာတ်ရှပ်က နာလွန်းပါသည်။ ခုနက ရုတ်တရက်ဘာလုပ်ရမှန်း မသိဘဲရပ်ကြည့်နေမိသော အေးကိုတို့အုပ်စု ချက်ချင်းသတိုးကို ဝိုင်းပတ်ကာပေးလိုက်တော့၏။ သတိုးအဖြစ်ကိုကြည့်ပြီး အားလုံးပတ်ဝန်းကျင်ကို မေ့သွားကြကာ သတိုးကိုပဲ ဝိုင်းဝန်းပြုစုပေးကြတော့၏။ ပုဆိုးဝတ်ပေးသူပေး၊ ဆွဲထူသူထူ၊ ဖုန်ခါသူ ခါပေးနှင့် အလုပ်ရှုပ်ကုန်ကြသည်။

သတိုးမျက်ဝန်းတွင် ချက်ချင်းမျက်ရည်ဝိုင်းတက်လာသည်။ ရှက်လွန်းလို့ ဘာပြောလို့ပြောရမှန်းမသိဖြစ်နေကာ အားလုံးလုပ်ပေးသမျှ အရုပ်တစ်ရုပ်လိုခံနေမိသည်။ သူသိတာ တစ်ခုတည်းရှိသည်။ သူ့ဘဝပျက်သွားပြီ။ အရှက်အကြောက်အလွန်ကြီးသော သတိုးသည် အချစ်အတွက် အရှက်ကို လူလယ်ကောင်မှာ စတေးလိုက်ရပြီ။ တက္ကသိုလ်နယ်မြေ၏ ကြေကွဲဖွယ်ဇာတ်လမ်းလေးတစ်ပုဒ်ပင်. . .။

"ဖြစ်မှဖြစ်ရလေ. . . သတိုးရယ်"

မချိတင်ကဲပြောနေသော သူငယ်ချင်းတွေအသံမှာ မကြားတစ်ချက် ကြားတစ်ချက်ပင်။ အခုလောလောဆယ် သတိုးဖြစ်ချင်နေသည်က အမြန်ဆုံး ဤနေရာက ထွက်ခွာသွားချင်သည်။ လူတွေနှင့် အဝေးဆုံးကိုရောက်ချင်နေသည်။

နောက်ဆုံးတော့ သတိုးတစ်ယောက် ခေါင်းငုံ့ကာ သူငယ်ချင်းတွေကြားမှာ လူမြင်မခံဝံ့သော တရားခံတစ်ယောက်လိုပါသွားတော့သည်။ အဲဒီအချိန်မှာ အံ့သြခြင်း၊ သနားခြင်း၊ ကြင်နာခြင်းများစွာဖြင့် ငေးကြည့်နေသော မျက်ဝန်းတစ်စုံရှိသည်ဆိုတာကို သတိုးဘယ်လိုမှ သိလိုက်နိုင်မှာ မဟုတ်ပေ။ အကယ်၍ သိခဲ့မည်ဆိုလျှင် အဲဒီမျက်ဝန်းပိုင်ရှင်မှာ. . .။

မြောက်

ပြန်လေ ဝှေ့ခနဲတိုက်အခတ်မှာ ခရေပင်တို့ယိမ်းခတ်လှုပ်ရှားကုန်၏။ ငြိမ်သက်နေတဲ့မြေပြင်ဟာ လေလှိုင်းကြောင့် ဖုန်မှုန့်တွေ ရုန်းခတ်ကုန်၏။ ခေတ်အဆက်ဆက်ရပ်တည်ခဲ့တဲ့ ညောင်ပင်အိုခြေရင်းမှာ သစ်ရွက်ကြွေတွေ. . . သစ်ရွက်ကြွေတွေ ရှုပ်ထွေးမွှတိုက်လို့ပေါ့။ အချိန်က နေထန်းဖျားနီးနီးအချိန်ပါပဲ. . .

"ရော့. . . ခင်ဗျားပိုက်ဆံအိတ်. . . ခင်ဗျားနာမည် ဝေယံတကယ် ဟုတ်ပါတယ်နော်"

"မဟုတ်ဘဲနဲ့. . . ခင်ဗျားချိန်းတဲ့နေရာကို ကျွန်တော် ဘယ်လိုလုပ် လာမှာလဲ"

အရာအားလုံး ပြန်လည်တိတ်ဆိတ်သွား၏။ ဖွင့်ထားသောသီချင်းသံလေးကသာ ဆိုင်လေးအတွင်း လေဟုန်စီးရင်း မျောလျက်ရှိသည်။

"တစ်ခုခုသောက်ပါဦး"

"ရပါတယ်. . . မသောက်တော့ပါဘူး"

"ပိုက်ဆံအိတ်ပြန်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်"

"အင်း. . ."





အေးမြတဲ့ ဆောင်းအဝင်လေနဲ့အတူ မြေသင်းရနံ့တချို့မင်းမှသွားကာ ကာလတစ်ခုရဲ့နောက်ဆုံးမို့ မိုးစက်တို့ အစိုးမရစွာ မြေပြင်ကိုတဖျောက်ဖျောက် ခုန်ဆင်းလာကြသည်။ မြေစိုက်လက်ဖက်ရည်ဆိုင်လေးအတွင်း ခဏချင်းအေးမြသွားတော့၏။

"မိုးရွာပြီ. . ."

ဝေယံ့စကားကြောင့် ကောင်မလေးကောင်းကင်ကိုမော့ကြည့်လိုက်၏။

"ထီးလည်းမပါဘူး. . . ဒုက္ခပဲ"

ရေရွှတ်မှုတစ်ခု နှုတ်ခမ်းစမှာ ဖွဖွလေးထွက်လာတော့သည်။

"ကွက်ကြားမိုးထင်တယ်. . . ခဏနေ တိတ်သွားမှာပါ၊ တစ်ခုခု သောက်ရင်း စောင့်နေလိုက်ပေါ့"

ကောင်မလေးခေါင်းငုံ့သွား၍ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းလား၊ ဝေယံ ကော်ဖီတစ်ခွက်လှမ်းမှာလိုက်ကာ. . .

"ကော်ဖီကြိုက်မယ်ထင်တယ်"

"ရပါတယ်"

မိုးက ပိုသည်းလာသည်။ သွပ်ပြားနဲ့မိုးပွင့်တို့ရိုက်သံကြောင့် ဖွင့်ထားတဲ့ သီချင်းသံလေးက သဲ့သဲ့သာကြားရတော့သည်။

"ကျွန်တော့်နာမည် ဖိုးဆုပါ"

"နာမည်ရင်းလား"

"ဆုသက်ထွေး"

"ဪ"

ရေမှုန်တို့ ရိုက်ခတ်ထားတဲ့မျက်နှာလေးက ရှင်းသန့်ဝင်းပနေတယ်။ တိုနံ့နံ့ဆံနွယ်တွေမှာ ရေစက်တို့က ဟိုတစ်ခုသည်တစ်ခု အတင်းခိုကပ်နေရှာတယ်။ လွင့်ခနဲအခါမှာ ရေစက်တချို့ မျက်နှာပြင်ကို လာရိုက်ကျိစယ်သလိုပဲ။ ဒါပေမဲ့ လွဲမဖယ်မိပါဘူး။ မင်းကလှလွန်းပါတယ်မိန်းကလေးရယ်။ အနီးကပ်ကြည့်မှ လိုအပ်တာထက်ပိုလှပါတယ်။ အဲဒီလို မင်းတို့ လှနေလို့

လည်း ငါတို့သူငယ်ချင်း လူရိုးတစ်ယောက် ဆန်းပြားသွားခဲ့ရတာပေါ့။ ဝင်ဝင်ချင်း နှလုံးသားကို ပုဆိန်နဲ့ထွင်းခံသွားရတဲ့အဖြစ်ကို မင်းတို့သူငယ်ချင်း သဲလင်းဖြူဆိုတဲ့ကောင်မလေး သိပ့်ါမလား၊ ဘယ်သူ့ဘယ်သူမှ အပြစ်မရှိပေမယ့် အရာအားလုံးဟာ ဟုန်းကနဲပေါ်ထွက်ခဲ့တဲ့ အချစ်ဆိုတဲ့ကောင်ရဲ့ အပြစ်ပါ။ ကောင်မလေးအသံက ညင်းရှူစွာထွက်လာပြန်၏။

"ကျွန်တော် အခု ခင်ဗျားနဲ့လာတွေ့တာ ဘယ်သူမှမသိစေချင်ဘူး၊ အဲဒီကတိလေးတော့ပေးပါ"

"..."

"..."

"ကျွန်တော်ကိုပြန်ခွင့်ပြုပါဦး"

"မိုးဖွဲဖွဲကျနေသေးတယ်. . . ခဏလောက်နေပါဦးလား"

"ရပါတယ်. . . ဒီလောက်တော့ ပြဿနာမရှိပါဘူး"

ကောင်မလေး ထရပ်ပြီးမှ တစ်ချက်ပြန်လှည့်ပြီး

"ခင်ဗျားပိုက်ဆံအိတ် စစ်ကြည့်လိုက်ပါဦး"

"ရပါတယ်. . . ပြဿနာမရှိပါဘူး"

"ခင်ဗျားပိုက်ဆံအိတ်ထဲမှာပါတဲ့. . . ခင်ဗျားရဲ့ဖုန်းစာအုပ်တော့ ကျွန်တော် ခင်ဗျားဆီဖုန်းဆက်ပြီး ဘယ်မှာထားမိမှန်းမသိဘူး. . . အဲဒါ တစ်ခုပဲ လိုမယ်ထင်တယ်"

"ဟုတ်ကဲ့. . ."

"..."

"..."

ကောင်းကင်မှာ တိမ်ဆိုင်တို့ ဖြူလင်းစပြုလာပြီ၊ ရေခိုးရေငွေ့ပါတဲ့ လေတို့ မျက်နှာကိုဖျန်းခနဲထိတယ်၊ အေးခနဲဖြစ်သွားပေမယ့် ရင်ထဲမှာတော့ ပူလောင်ပြင်းပြနေတယ်။ သတိုး. . . သူငယ်ချင်းရယ်၊ မင်းဘယ်မှာလဲကွာ. .

**ပျောက်** သောသူ ရှာရင်တွေ့ဆိုသည့် စကားအရ သူတို့ သတိုးကို လိုက်ရှာကြသည်။ ဟိုတစ်ခါ လမ်းလယ်ကောင် ပုဆိုးကျွတ်ကျပြီးနောက်ပိုင်း သတိုးတစ်ယောက် ပျောက်ချက်သားကောင်းသွားတာ ဘယ်မှာမှရှာလို့မရ။ သတိုးနေသည့်အိမ်ကို သွားမေးတော့လည်း သတင်းအစအနက ပျောက်နေသည်။ အိမ်သူအိမ်သားတွေလည်း သတိုးအတွက်စိတ်ပူနေကြ၏။ အဝတ်အစား သုံးလေးစုံသာယူသွားပြီး သေတ္တာနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ကျန်ခဲ့သောကြောင့် သိပ်ဝေးဝေးလံလံသွားမှာမဟုတ်ကြောင်းတော့ ခန့်မှန်းမိသည်။ ရွာကိုတော့ ပြန်မှာမဟုတ်ကြောင်းတွေးမိ၏။ ရွာကိုလည်း လှမ်းပြီး မစုံစမ်းရဲပေ။ မလိုအပ်ဘဲ လူကြီးတွေစိတ်ပူကုန်မှာစိုးရသည်။ ဒါပေမဲ့ အခုလောလောဆယ်တော့ သတိုးတစ်ယောက် ပျောက်ချက်သားကောင်းနေသည်။ ရက်အားဖြင့် သေချာရေတွက်ကြည့်ရင် နှစ်ပတ်တင်းတင်းပင်ပြည့်တော့မည်ဖြစ်သည်။

"တောက်. . . သတိုးကလည်းကွာ. . . ဘာပဲဖြစ်ဖြစ် ငါတို့ကိုတော့ အဆက်အသွယ်လေးလုပ်သင့်တယ်. . . ဒီကောင်လုပ်လိုက်ရင်ဒီလိုချည်းပဲ. .

မပွင့်မလင်းနဲ့"

အေးကိုက ကရုဏာဒေါသနှင့်မြည်တွန်တောက်တီးကာ ဆက်ပြီး. . .

"အေးလေ. . . ဟုတ်တော့လည်းဟုတ်ပါတယ်. . . ဘာပဲဖြစ်ဖြစ် ဒီကောင် တော်တော်တော့ရှက်သွားမှာပဲ"

"အေးကွာ. . ဘယ်ကဘယ်လိုဖြစ်ပြီး ဒီလိုဖြစ်သွားလည်းမသိပါဘူး ကွာ. . . ဒီကောင်ကျမှ ဒီလိုထူးထူးဆန်းဆန်း ကြုံရတယ်လို့ကွာ"

"ဒီကောင်. . . ရန်ကုန်မှာပဲရှိနေဦးမယ်ဆိုရင် သွားစရာနေရာ သိပ်ရှိမယ်မထင်ဘူးကွ. . . သူ့အသိအကျွမ်းဆိုလို့ ရန်ကုန်မှာသိပ်ရှိမှာမဟုတ်ဘူး"

ရဲဆွေလတ်စကားကြောင့် အားလုံးမျှော်လင့်ချက်ရောင်ခြည် ပြန်သမ်းလာသလိုဖြစ်သွား၏။

"ဟာ. . . အေး. . . မင်းပြောတာဖြစ်နိုင်တယ်၊ ဒါဆို ငါတို့ ကိုသာအေးဆီ တစ်ခေါက်ပြန်သွားရအောင်"

အားလုံးက အေးကိုဘက်လှည့်၍

"ဘာလုပ်မလို့လဲ"

"ဟာ. . . သူနဲ့သိတဲ့လူ ရန်ကုန်မှာဘယ်သူရှိသေးလဲ သွားမေးလိုက်မှာပေါ့ကွ. . . ပြီးရင် အဲဒီနေရာကို စုံစမ်းပြီးလိုက်သွားရမှာပေါ့. . ."

ဝေယံက သက်ပြင်းကို အရှည်ဆွဲဆန့်ကာ

"ငါတော့မထင်ဘူး"

ဟုပြောပြီး. . .

"ဘာဖြစ်လို့လဲဆိုတော့. . . ကိုသာအေးတောင် မစဉ်းစားတတ်လို့ ငါတို့ကို အကူအညီတောင်းထားသေးတာပဲ. . . သူ ဒါကို သဘောပေါက်လို့ စဉ်းစားပြီးလို့နေမှာပေါ့"

"ဟူး. . . ဒီကောင်ရှက်ပြီး လုံးဝပြန်မလာတော့ရင် ဒုက္ခပဲကွာ"

အောင်ကိုဦးစကားကြောင့် အားလုံး စိတ်ပျက်စွာခေါင်းငုံ့သွားတော့သည်။





"ငါတို့ မှားသွားပြီထင်တယ်ကွာ"

စကားဝိုင်းလေး ပြန်လည်ငြိမ်သက်သွားတော့၏။ အဝေးက ရထားဥသြသံကြားမှ သူတို့ထိုင်နေသည့် ဘူတာရုံလေးနားက လက်ဖက်ရည်ဆိုင်မှ ထွက်ခဲ့တော့သည်။

“တုံ . . . တုံ . . . တုံ . . . တုံ”

အုန်းမောင်းခေါက်သံ ကြားလိုက်ရသည်နှင့် သူအိပ်ရာမှ လူးလဲထလိုက်သည်။ အိပ်မှုန်စုံမွှားဖြစ်နေခဲ့သောကြောင့် မျက်စိကို နှစ်ချက် သုံးချက်ခန့် ပွတ်လိုက်သေး၏။ စကားပြောသံ၊ ချိုင့်ဆင့်သံ သပိတ်အဖုံးပိတ်သံများ ကြားနေရသောကြောင့် ကိုရင်တွေ ဆွမ်းခံထွက်ရန် ပြင်ဆင်နေကြပြီဆိုတာသိလိုက်ရ၏။ ပုဆိုးတစ်ချက်ပြင်ဝတ်ကာ ဆွမ်းစား ဆောင်ဘက်သို့ ထွက်လာလိုက်သည်။ ကပ္ပိယဦးပေါက သူ့ကိုတွေ့တော့

“ကောင်လေး . . . နိုးပြီလား”

“ဟုတ်ကဲ့”

ဟုပြောပြီး အနောက်ဘက် မီးဖိုဆောင်ရှိရာသို့ဆင်းလာခဲ့သည်။ ဆား ဂက်တစဆုပ်ကိုယူ၍ အပြင်ဘက်အုတ်ကန်သို့ မျက်နှာသစ်ရန်လှမ်းထွက် လိုက်တော့ အေးမြသောအရုဏ်ကျင်းလေက ခန္ဓာကိုယ်ကို ဖျဉ်းခနဲဝင်တိုက် သည်။ တစ်ကိုယ်လုံးအေးသွားပြီး ကြက်သီးဖျဉ်းခနဲထသွား၏။ ဘာမှမဆိုင်ဘဲ သဲလင်းဖြူမျက်နှာလေး မြင်ယောင်လာမိသည်။

ဆွမ်းဟင်းချိုင့်ကိုကိုင်၍ မြေပြင်ကိုငေးကြည့်ရင်း လျှောက်လာလို





သည်။ မြေပြင်တွင်မြင်မြင်ရာ ချစ်သူမျက်နှာဖြစ်နေတော့၏။ သတိရသည်။ လွမ်းသည်။ တမ်းတသည်။ ဘယ်နေရာကြည့်ကြည့် ချစ်ဒုက္ခကိုခံစားနေရ၏။ ကတ်စောစောစီးစီး ချိုင်းပြတ်အကျီဝတ်ထားသော်လည်း ရင်ထဲမှာနွေးနေ၏။ တစ်ဆက်တည်း အဲသည့်နေ့ကအဖြစ်အပျက်တွေ ခေါင်းထဲရောက်လာသည်။ မျက်နှာမှာဖျဉ်းခနဲဖြစ်သွားပြီး ရှက်သွားသည်။ ဘာမဆိုင်ညာမဆိုင် အားတွင်ပါလာသော ကိုရင်ကို ရှက်ကိုးရှက်ကန်းလှမ်းကြည့်ဖြစ်သေးသည်။

အဲသည့်နေ့ကအဖြစ်က ရှက်ဖွယ်လိလိပင်။ တဏှာသိုလ်လိုနေရာမျိုးမှာ ခန္ဓာကိုယ်ကို အတွင်းရောအပြင်ပါ ဖော်ထုတ်ပြလိုက်ရသည့်အဖြစ်မျိုး။ အဆိုးဆုံးက ကိုယ်ကချစ်နေသော ကောင်မလေးရှေ့မှာမှ မဖွယ်မရာ သွားဖြစ်ရသည်။ အရပ်ရပ်နေပြည်တော် ကြားလို့မှမသင့်တော်ပေ။ အတန်တန် ထိန်းကျင့်ထားသည့်ကြားမှဖြစ်သွားရသောကြောင့် ကိုယ့်ကိုယ်ကို ကြိတ်မနိုင် ခဲရ ဒေါသထွက်လာကာ ယောင်ပြီးတက်ခေါက်မိလိုက်၏။

“တောက်”

တက်ခေါက်သံကြားတော့ ဘေးက ကိုရင် လန့်ဖျပ်ပြီးလှည့်ကြည့် သည်။ သူ မသိချင်ယောင်ဆောင်နေလိုက်သည်။ ကိုရင်ကတော့ တစ်ယောက်တည်း တက်ခေါက်နေသော သူ့ကိုနားမလည်နိုင်စွာကြည့်ပြီး ရှေ့ပြန်လှည့် သွား၏။ သူမတွေးချင်ပါဘဲနှင့် ခေါင်းထဲအတွေးတွေ အတင်းတိုးဝင် နေသောကြောင့် ဆက်တွေးနေလိုက်သည်။

သူအိမ်ကထွက်လာတာ နှစ်ပတ်လောက်ရှိသွားပြီ။ သည်ဇာချိန်ဆို သူ့ကို အားလုံးစိတ်ပူနေမှာသေချာသည်။ သို့သော် သူအခု ဘယ်သူ့မျက်နှာ ကိုမှ ရင်မဆိုင်ချင်သေးပေ။ ရင်မဆိုင်ရဲတာဆို ပိုမှန်မည်။ ရှက်သည်။ အားအားရှက်သည်။ ဘာနဲ့မှနှိုင်းယှဉ်မရအောင် ရှက်စိတ်က တစ်ကိုယ်လုံးကို လွှမ်းနေဆဲ၊ သို့သော် မပြန်လို့လည်းမဖြစ်ပြန်၊ ပညာရေးက ရှိသေးသည်။ အခုမှတော့ ဝွကျနေပြီ။ မပြန်လို့လည်းမဖြစ်၊ ပြန်ပြန်ရင်လည်း ကျောင်းပြန် တက်ရမည်။ ကျောင်းပြန်တက်ရင် လူတော်တော်များများ ကွင်းလုံးကျွတ်

သည့်ကိစ္စကြောင့် သူ့ကိုမှတ်မိနေမှာ ကျိန်းသေပင်။ အဲဒီထဲမှာ သဲလင်း ဆိုတဲ့ ချစ်သူလေးပါဝင်နေတာအတော်ဆိုး၏။ သဲလင်းဖြူ သူ့ကိုဘယ် မြင်မလဲ၊ ကိုယ်တုံးလုံးကောင်ကြီးလို့မြင်သွားရင် ဒုက္ခ။ အို. . . ဆက်မတွေ ချင်တော့ပေ. . .

"ဒကာကြီး. . . ဟော့. . . ဒကာကြီး"

နောက်မှ အလောတကြီးလှမ်းခေါ်သံကြောင့် ရှုတ်တရက်လှမ်းကြည့် လိုက်ရာ၊ ကိုရင်က အိမ်တစ်အိမ်ရှေ့တွင် ဆွမ်းရပ်နေတာတွေ့လိုက်ရသည် ဘယ်အချိန်ကတည်းက ရပ်နေမှန်းမသိလိုက်ဘဲ ကျော်ပြီးလျှောက်လာလိုက် တာ တော်တော်လှမ်းလှမ်းတောင် ရောက်ပြီ။ သူ ကမန်းကတန်း ကိုရင် ပြန်ပြေးလာလိုက်သည်။ ကိုရင်က သူ့ကို မကြည်မလင်နှင့်ကြည့်ပြီး. . .

"ဒကာကြီး. . . ဒီမှာဆွမ်းချိုင့်ပေးဦးလေ"

"တင်ပ့ါဘုရား. . . ဟို. . . တပည့်တော်မေ့သွားလို့ပါဘုရား"

"ဒကာကြီး. . . အိပ်ရေးမဝဘူးထင်တယ်၊ နောက်နေ့ အိပ်ရေးမဝ လိုက်မလာနဲ့လေ"

"မ. . . မဟုတ်ပါဘူးဘုရား. . . တ. . . တပည့်တော်အိပ်ရေးဝ တယ်"

"ဒါဆိုဘာဖြစ်နေတာလဲ. . . ဒကာကြီးကြည့်ရတာ ကြောင်တော တောင်နဲ့"

"ရှက်. . . ရှက်နေလို့ပါဘုရား"

"ဟင်. . ."

ရှုတ်တရက် သူ့စကားကြောင့် ကိုရင် ကြောင်တောင်တောင်ဖြစ်သွား သည်။ သူ ကမန်းကတန်း ပြန်ရှင်းပြလိုက်ရ၏။

"မ. . . မဟုတ်ပါဘူးဘုရား. . . ဘာ. . . ဘာမှမဖြစ်ပါဘူးလို့ ပြော တာပါ ဘုရား"

ကိုရင်က မကြည်သော်လည်း ဘာမှဆက်မမေးတော့၍ တော်သေး





သည်၊ ဟူး. . . အခုမှပဲ သက်ပြင်းချနိုင်တော့၏။ ဒါတောင် သိပ်စိတ်မချ သေး။ ကပ္ပိယကြီးကိုတိုင်လားတောလားလုပ်နေရင် ခက်ဦးမည်။ ကပ္ပိယကြီး မျက်နှာနှင့် သူ သည်ဘုန်းကြီးကျောင်းလေးမှာ လာမှီခိုနေရခြင်းဖြစ်၍ ကပ္ပိယကြီးမျက်နှာပျက်လို့မဖြစ်ပေ။ ကပ္ပိယကြီးဦးပေါ်မှာ သူတို့နှင့် ဆွေမျိုး တောင်းထဲကဖြစ်၍ သည်မှော်ဘီနားက ဘုန်းကြီးကျောင်းလေးတွင် ကပ္ပိယလုပ်နေခြင်းဖြစ်သည်။ သူ သည်မှာလာနေရတာအလုံခြုံဆုံးပင်။ ဘယ်သူမှ သူသည်မှာရှိနေမှန်း မရိပ်မိနိုင်။ သူကလည်း မလိုအပ်၍ အရင်ကတည်းက ဘာမှမပြောဖြစ်ခဲ့။ ဒါကြောင့် သူအေးချမ်းစွာလာနေ နိုင်ခြင်းဖြစ်သည်။ ဒါကြောင့် ကပ္ပိယကြီးအပြုံအပြင်မခံနိုင်ပေ။ သူ့မျက်နှာ ကြည့်ပြီး နေနေရသောကြောင့်တစ်စုံတစ်ရာ စိတ်အကွက်မခံနိုင်ပေ။ ဒါကြောင့် ကိုရင်လေးအတွက် ညနေကျ အအေးကပ်မည့်အကြောင်း ကြိုတင်လျှောက်ထားလိုက်ဦးမည်ဟု စိတ်မှာတေးထားလိုက်၏။

"ဒကာကြီး သွားမယ်လေ. . . ဘာကြောင်ပြီးရပ်နေပြန်တာလဲ"

သူ တွန့်ခနဲဖြစ်သွားသည်။

# မနက်

စောစောထနေကျဖြစ်တဲ့အတွက် သည်နေ့လည်း အစော
နိုးနေသည်။ နောက်မှ ပြန်တွေးကြည့်လိုက်တော့ သည်
သူဆွမ်းခံလိုက်ရမည့်နေ့မဟုတ်ကြောင်း သိရ၍ ပြန်အိ
ကြိုးစားလိုက်သည်။ မျက်စိကြောင်နေ၍ ပြန်အိပ်လို့မရ။ ဟိုဘက်လှိမ့်လို
သည်ဘက်လှိမ့်လိုက်နှင့် တစ်နာရီလောက်ကြာသွား၏။ ခေါင်းအုံးအော
နာရီကို ရသမျှအလင်းရောင်လေးနဲ့ ကြိုးစားကြည့်လိုက်သည်။ ငါးန
ဆယ်မိနစ်၊ ဆွမ်းခံလိုက်စရာမရှိသောကြောင့် အိပ်ရာထဖို့ စောသေးသည်
ပြောလို့ရသည့်အချိန်၊ ဒါကြောင့် မထသေးဘဲ ပေအိပ်ဖို့ကြိုးစားသည်။
နောက်ဆုံးတော့ အိပ်လို့မရမယ့်အတူတူ ပက်လက်လှန်ပြီး ခြင်ထောင်အ
ကိုကြည့်ကာ အတွေးစခန်းဖွင့်လိုက်တော့သည်။

ထုံးစံအတိုင်း စတွေးလိုက်တယ်ဆိုရင်ပဲ သဲလင်းဖြူမျက်နှာအေ
လင်းခနဲပေါ်လာတော့သည်။ ချစ်လိုက်တာ၊ ကျွမ်းပြန်အောင် ချစ်ရပါ
ကောင်မလေးရယ်၊ ငါ့ပါးစပ်သာ လူတစ်ကိုယ်စာဆန့်မယ်ဆိုရင် မင်း
ငုံထားလိုက်ချင်တယ် တကယ်။ အဲဒီလောက်ချစ်တာ၊ ငါမင်းကိုတွေ့ချင်
သဲရယ်၊ အလကားရတဲ့စိတ်ကူးထဲမှ သဲတွေ ဘာတွေ အဖျားဆွတ်





ခေါ်ကြည့်လိုက်တယ်၊ သဲရယ်၊ ရင်ထဲကိုနွေးသွားတာပဲ၊ တွေးပြီးတစ်ယောက်တည်းပြုံးမိတယ်။ ကဗျာဆန်ဆန် စာဆန်ဆန်တွေတောင် သူတွေးတတ်နေပါလား၊ ဒါကြောင့် အချစ်ဟာ နှလုံးသားကိုကဗျာဆန်စေတယ်လို့ အေးကိုပြောတာ ဖြစ်နိုင်တယ်။ သူအခုယုံသွားပြီ။ သဲလင်းဖြူအကြောင်းတွေးနေရင်း သူ့စိတ်ကူးတစ်ခုလုံး ကဗျာရသတွေ လွင့်ထွက်နေတာ သူ့ဟာသူသိသည်။ အခုလည်း တွေးကောင်းကောင်းနှင့် ဆက်တွေးနေလိုက်၏။

သဲလင်းဖြူကို သူတော်တော်ချစ်သည်။ မခွဲနိုင် မခွာရက်ချစ်၏။ ဘယ်လိုကြိုးစားရမလဲ၊ ဘာတွေပေးဆပ်ရမလဲ၊ သူဆက်မတွေးတတ်တော့။ သည်တော့ တခြားတစ်ဖက်က လှည့်တွေးကြည့်သည်။ သဲလင်းဖြူ သူ့အပေါ်ကိုတော့ အသိအမှတ်ပြုတာသေချာသည်။ မိတ်ဆွေအရင်းတစ်ယောက်လို မဟုတ်ရင်တောင် သူငယ်ချင်းတစ်ယောက်လို သဘောထားတာတော့ ဆူးလေမှာဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်ကိုကြည့်တာနှင့်သိနိုင်သည်။ သူ့ကို အားကိုးတကြီးအကူအညီတောင်းသွားသည်။ ပြီးတော့ ယုံကြည်စွာ ချစ်သူရည်စားပုံစံ ဟိုကောင့်ရှေ့မှာလုပ်ပြလိုက်သည်။ အဲဒီတုန်းက အထိအတွေ့၊ အချွဲအပြစ်လေးတွေ အားလုံးပြန်တွေးကြည့်လိုက်ပြီး အရသာခံကြည့်လိုက်သည်။ "ကောင်းလိုက်တာ၊ ကြည်နူးလိုက်တာ၊ အဲဒီလို တကယ်ဖြစ်လိုက်ရင်။ အို. . . ပျော်စရာကောင်းမှာတကယ်ပါ။ အဲသည်တုန်းက လက်ချင်းချိတ်ပြီး ပခုံးချင်းထိပြီး 'ကို'လို့ခေါ်လိုက်တဲ့အသံလေး နားထဲမှာ ပဲ့တင်ထပ်သွားသည်။ နှလုံးသားမှ လှိုင်းတံပိုးတွေ တဝုန်းဝုန်းထသွားပြီး ဇောချွေးတွေတောင် ပြန်လာသည်။

"ဝုန်း. . ."

"ဂလုံ. . ."

"အမေ့. . ."

ကျက်သရေခန်းမှ ကြောင်ခုန်ဆင်းလိုက်သော အသံကြောင့် ရုတ်တရက်လန့်ဖျပ်ပြီး ငုတ်တုတ်ထထိုင်လိုက်မိသည်။ အရေးအကြောင်း

ဒိန်းဒေါင်းဖျက်တာမျိုးဖြစ်မည်။ နဖူးကချွေးကို လက်မနဲ့အသာခြစ်သုတ်ပြီး ပြန်လှဲလိုက်သည်။ စဉ်းစားခန်းဝင်ရန်ပြန်လည်ပြင်ဆင်ပြီး နဖူးပေါ် လက်ကို ပစ်တင်လိုက်၏။ ခုနက စိတ်ကူးလေးတွေကို ပြန်ဆက်မလို့ရှိသေးသည်။ အမေ့မျက်နှာ ရုတ်တရက်ကြီးပေါ်လာတော့ တစ်ကိုယ်လုံး ဖျဉ်းခနဲဖြစ်သွား၏။ အမေ. . . ဟုတ်တယ်. . . အမေ့ကို အခုမှ သူသတိရမိသည်။ အမေ နေမှကောင်းရဲ့လား။ သူအခုမှ တကယ် ငေါက်ခနဲထထိုင်မိတာ၊ အခုမှ တကယ်ချွေးပြန်လာတာ၊ သူ အမေ့ကိုမေ့နေတာအတော်ကြာပြီ။ သူ့ကို ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်အောင် ဘဝကိုရုန်းကန်နေရသည့်အမေ၊ သားကိုအလွန်ချစ်သည့်အမေ၊ သည်အမေကို သူမေ့နေခဲ့သည်။ သူလုပ်ချင်ရာတွေလျှောက်လုပ်နေခဲ့သည်။ အမေကတော့ သူ့ကို ငါ့သားလေး တက္ကသိုလ်ကျောင်းတော်ကြီးမှာ ပညာတွေကို အပတ်တကုတ်ဆည်းပူးနေသည်ဟုထင်နေမှာ။ သူကတော့ သူ့ရဲ့ပြဿနာနှင့်သူ အခုတော့ ဘုန်းကြီးကျောင်းရောက်နေရသည်။ သူတွေးရင်း ရင်ထဲမှ နင့်ခနဲဖြစ်သွားမိ၏။ သူမှားသွားပြီ၊ သူအခုလုပ်နေတဲ့လုပ်ရပ်တွေ အကုန်မှားနေပြီ။ အမေ့ရဲ့ ချွေးနဲ့ရင်းပြီးယူပေးထားရတဲ့ သူ့ရဲ့နေ့ရက်တွေကို သူတန်ဖိုးမထား၊ အမေ့ကို စော်ကားသလိုဖြစ်နေပြီ။ ဟုတ်တယ်၊ သူ သည်အတိုင်း ဆက်နေလို့မဖြစ်တော့။ သူပြန်မှဖြစ်တော့မည်ဆိုတဲ့အတွေး ခေါင်းထဲဝင်လာသည်။ သူ ဖြစ်ချင်ရာဖြစ် ကျောင်းပြန်တက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ဘာပဲ ဖြစ်ဖြစ် အရာအားလုံးကို အမေ့မျက်နှာတစ်ခုတည်းနှင့် သူရင်ဆိုင်ရဲတဲ့ သတ္တိတွေ ရင်နဲ့အပြည့် ဖြစ်ပေါ်လာတော့သည်။

ဘုရားခန်း နာရီအိုကြီးမှ အချက်ပေးသံခြောက်ချက်သည် မနက်ခင်း၏ လေပြည်ပျို့နှင့်အတူ ပျံ့လွင့်ထွက်လာပါတော့သည်။

“သတိုး ရာ. . . ငါတို့ မင်းကို သေပြီမှတ်နေတာ”

တွေ့တွေ့ချင်း အလွန်တရာ မင်္ဂလာရှိသောစကားနှင့် အေးကိုက စတင်မိတ်ဆက်သည်။ ဝေယံနှင့်ရဲဆွေလတ်က လည်း တာဝန်ကျေသည်။ ဒါမျိုးဆို မလစ်ဟင်းစေရ။

“သေချင်းဆိုး. . . ငါတို့ကို နည်းနည်းပါးပါးတောင် အဆက်အသွယ် မလုပ်ဘူး၊ ငါတို့က မင်း လူ့ဘဝကိုစိတ်ကုန်ပြီး တောထွက်သွားပြီ ထင်နေတာ”

“အေး. . . မင်း လောကကြီးကိုစိတ်ပျက်သွားပြီး ကိုယ့်ကိုယ်ကို သတ်များသေသွားပြီလားလို့”

သူ အားလုံးကိုဘာမှမပြောဘဲ ပြုံးဖြီးဖြီးနှင့်လိုက်ကြည့်နေလိုက်သည်။ သူတို့အခုရောက်နေတာ သူတည်းနေတဲ့ ကိုသာအေးတို့အိမ်မှာပါ၊ ရောက်ရောက်ချင်း ဝေယံဆီဖုန်းလှမ်းဆက်လိုက်တော့ ဝေယံ့ကားနဲ့ပဲ အားလုံး သူ့ဆီရောက်လာကြသည်။

“ဒါနဲ့. . . ဟိုကောင် အောင်ကိုဦးကောမပါဘူးလား”

“ဟင့်အင်း. . . ဒီကောင့်ကြီးတော်အပျိုကြီး ကလေးမွေးဖို့ဆိုလားပဲ. .

အဲဒါ မအားလို့တဲ့"

"ဟင်. . . အပျိုကြီးက ကလေးမွေးတယ်"

"အေး. . ."

"ဟာ. . . ဘယ်လိုမွေးတာလဲ"

"လေတင်ဘက် ကျောပေးရပ်တာများသွားလို့ ဆိုလားပဲ. . . လေဥဉပြီးမွေးတာ"

"ဟာ. . . အဲဒါဆို ဒီကောင်တွေ ဗျိုင်းမျိုးတွေပေါ့"

"ဟား. . . ဟား. . . ဟား. . . ဟား"

သူတို့အားလုံး ရယ်လိုက်ကြသည်။ နေရင်းထိုင်ရင်း အောင်ကိုဦးကြီးတော်ကြီးလည်း လေဥပေါက်ကာ ကလေးတစ်ယောက်ရသွားသည်။ အရယ်တွေရပ်တော့မှ. . .

"အလကားပြောတာပါ. . . ဒီကောင့် ကြီးတော်ကြီးက ကလေးတစ်ယောက်မွေးစားဖို့ဆိုပြီး မိဘမဲ့ဂေဟာကိုသွားတာ. . . အဲဒါ ဒီကောင်လိုက်ပို့နေရတာ"

အဲဒီအချိန်မှာပဲ ကိုသာအေးက အအေးသုံးခွက်ကိုင်ကာ ညှော်ခန်းထဲဝင်လာသည်။

"ကဲ. . . အအေးလေးသောက်ကြဦး"

အားလုံး အအေးခွက်တွေကို စွပ်ခနဲ စွပ်ခနဲ ယူကိုင်လိုက်ကြတော့သည်။ ကိုသာအေးပြောတာတောင် နောက်ကျသွားသည်။ အေးကိုက နောက်ဆုံးလက်ကျန်တစ်ငုံကို ကျိုက်ခနဲမော့ချလိုက်ပြီး သူ့ကိုကြည့်ကာ. . .

"သတိုး. . . မင်း ဒီရက်ပိုင်းအတွင်း ဘယ်သွားနေ. . . နေတာလဲ"

"ဘုန်းကြီးကျောင်း"

"ဟင်. . . ဘယ်က ဘုန်းကြီးကျောင်းလဲ"

"မှော်ဘီနားက. . . ငါ့အမျိုးနီးစပ်တော်တဲ့ကျောင်းပါ"

"ဘာလို့ပြန်လာသေးလဲ. . . ပြန်မလာဘဲ အဲဒီမှာ တစ်သက်လုံး





နေလိုက်ပါလား"

"ဟဲ. . . ဟဲ. . . မင်းတို့ကို သတိရလို့ပေါ့ကွာ"

"သွားစမ်းပါကွာ"

အေးကို သူ့ကိုလက်ခါပြီးပြောရင်း ဝေယံ့အအေးခွက်ရှိရာလက်လှမ်းလိုက်သည်။ ဝေယံက လက်ကိုရိုက်ချပြီး သူ့အအေးခွက်ထဲက လက်ကျန်ကို တစ်ရှိန်ထိုးမော့ချလိုက်၏။ အေးကို ဝေယံ့ကိုဆဲရင်း သူ့ဘက်ပြန်လှည့်ပြီး. .

"မင်းမရှိတုန်း. . . ဒီမှာ ဘာတွေထူးခြားသွားတယ်ထင်လဲ"

"ဘာ. . . ဘာတွေထူးခြားသွားလို့လဲ"

"ဘာမှမထူးခြားဘူးကွ"

". . . ပဲ"

အားလုံးရယ်လိုက်ကြသည်။

"ဒါနဲ့. . . ငါကျောင်းပျက်တုန်းက စာတွေ ပြန်ကူးရဦးမယ်၊ မင်းတို့ ငါ့ကိုစာအုပ်ငှားဦး"

"အေးလေ. . . ငါတို့ကလည်း အတန်းမှန်ပြီး စာစုံတယ်ဆိုတော့ ငှားရမှာပေါ့"

ပြောမယ့်သာပြောရတာပါ၊ သည်ကောင်တွေ့တစ်ယောက်မှ စာစုံမှာမဟုတ်ဘူးဆိုတာသိသည်။ အားအားရှိ အပြင်ထွက်ချင်နေတဲ့ကောင်တွေ။

"ဒါနဲ့ မင်း သဲလင်းဖြူကိုသတိမရဘူးလား"

ဝေယံ့အမေးကြောင့် သူ ရုတ်တရက်ဘာပြောရမှန်းမသိ ငေါင်သွားသည်။

"ဟော့ကောင်. . . ငါမေးနေတယ်လေ"

"အင်း. . . တစ်ခါတလေတော့ သတိရပါတယ်"

"မင်းသူ့ကို ဆက်ကြိုးစားဦးမယ်ဆို ငါတို့အသင့်ပဲနော်"

ဘာပဲဖြစ်ဖြစ် အားရှိစရာစကားပါ၊ ဒါပေမဲ့. . .။

"ငါ. . . ပညာရေးကို နည်းနည်းအာရုံထားလိုက်ဦးမယ်ကွာ"

အားလုံး သူ့ကို နားလည်ပေးသောအကြည့်တွေနှင့် ဝိုင်းကြည့်ပေးကြပါသည်။ စကားဝိုင်းလေးက ငြိမ်သက်လျက်. . .၊ ခဏကြာတော့ ရဲခွေးလတ်က. . .

"အေးလေ. . . ရမယ်၊ မရဘူးဆိုတာ မသိရသေးတဲ့အရာတစ်ခုထက်၊ လက်ရှိသေချာတဲ့ ကိုယ့်ရည်မှန်းချက်ကိုလုပ်တာ အကောင်းဆုံးပါပဲ သူငယ်ချင်းရာ"

ဘာအဓိပ္ပာယ်နဲ့ ထပြောမှန်းတော့မသိပေမယ့် သူ့ရင်ထဲမှာ တစ်ခုခုကို သဘောပေါက်လိုက်သလို ခံစားလိုက်ရသည်။

❁ ❁ ❁

## ၁၁။

နှစ်ပတ်စာလောက် လွတ်သွားသည့်စာတွေကို အတန်းတက်မှန်သောသူတွေဆီက ငှားပြီး မနားမနေ ကျောင်းကျောင်းပြေးအောင် ကူးနေရသည်။ စာနဲ့ပတ်သက်ရင် မူးလို့တောင်မှုစရာသိပ်မရှိသော ဟိုကောင်တွေပါ သူနှင့် ရောတောယောင်တောင်လိုက်ကူးကြ၍ သည်ကောင်တွေ စာအတော်လေးစုံသွားကြသည်။

သည်နေ့လည်း သူတို့ ဝေယံ့အိမ်မှာ စာကူးကြသည်။ ထုံးစံအတိုင်း စာကူးတာက နည်းနည်း၊ စကားပြောလိုက်၊ မုန့်စားလိုက် လုပ်နေတာကများ၏။ ဝေယံ့အဒေါ်က သူတို့ကိုမုန့်တွေလုပ်ကျွေးသည်။ သူတို့ကလည်း ကျွေးသမျှအကုန်စား၏။ ဝေယံ့အဒေါ်မှာ သူတို့အဖွဲ့ကို လက်မလည်အောင် ကျွေးမွေးနေရတော့သည်။ တော်ကြာ ကော်ဖီ၊ တော်ကြာ မုန့်ဟင်းခါး၊ တော်ကြာ နန်းကြီးသုပ်စသည်ဖြင့် အမျိုးမထပ်အောင် လုပ်ကျွေးနေရသည်။ ဝေယံ့အဒေါ်က သဘောတော်တော်ကောင်းသည်။ သူတို့စာလုပ်နေတာကို အတော်လေး သဘောကျနေပုံရ၏။ မညည်းမညူပြုစုပေးရှာသည်။ သူတို့ကလည်း အတန်းတက်မမှန်လို့ စာတွေပြန်ကူးနေရတာကိုမပြော။ စာလုပ်နေသလို၊ စာကိုပဲ အပတ်တကုတ်ကြိုးစားလုပ်သလိုလို လေသံပစ်ထား၍

အတော်လေး အနေအစားချောင်နေသည်။

"သတိုး. . . ငါမနေ့က သဲလင်းဖြူကို တွေ့လိုက်တယ်"

အေးကိုက လက်ဖက်သုပ်တစ်ဇွန်းကို ပုဇွန်ခြောက်ကြီးကြီးနှစ်ကောင်လောက်နှင့် ရော၍စားရင်းပြော၏။

"ဟေ့ကောင်. . . အေးကို. . . မင်း ပုဇွန်ခြောက်တွေချည်း စွတ်စားမနေနဲ့. . . ဒီမှာကုန်တော့မယ်"

အောင်ကိုဦးရဲ့ဟန့်တားမှုကို အေးကိုက လက်ဖက်သုပ်ထဲမှာပါသည့် ငရုတ်သီးတောင့်လောက်တောင် အရေးမစိုက်ဘဲ သူ့ကိုဆက်ပြောသည်။

"ကောင်မလေးက. . . တော်တော်လှတယ်ကွ"

"ဟေ့ကောင်. . . ဇွန်းချဦး. . . ဇွန်းက မင်းအမေယောက်ျားပိုင်တဲ့ ပစ္စည်းထင်လို့လား"

အေးကို မသိချင်ယောင်ဆောင်၍လက်ဖက်သုပ်ကို နောက်တစ်ဇွန်း ထပ်နှိုက်ဖို့ကြိုးစားတာမှာ အောင်ကိုဦးက ကြားကဖြတ်လုလိုက်၏။ အေးကို အောင်ကိုဦးကို ဂျိုကြည့်တစ်ချက်ကြည့်ပြီး သက်ပြင်းချကာ သူ့ဘက် ပြန်လှည့်လိုက်ရင်းဆက်ပြောသည်။

"ကောင်မလေးကလည်း ငါ့ကို မြင်တယ်ကွ. . . ငါ့ကိုကြည့်တဲ့ အကြည့်ထဲမှာကွာ. . . မင်းကိုမေးနေတဲ့ အရိပ်အယောင်တွေဟပ်နေသလိုပဲ"

သူဘာမှပြန်မပြောဘဲ စာပဲ ဆက်ကူးနေလိုက်သည်။ အေးကိုက စိတ်မဝင်စားဟန်လုပ်နေတဲ့ သူ့ကိုကြည့်ပြီး. . .

"အေးလေ. . . မင်းစိတ်မဝင်စားဘူးဆိုလည်း ငါမပြောတော့ပါဘူး သူ့ဘေးနားမှာ လူတစ်ယောက်ပါလာတယ်ဆိုတဲ့အကြောင်း မင်းကိုပြောမြ မလို့. . .၊ ဒါပေမဲ့ မင်းကစိတ်မဝင်စားဘူးဆိုတော့. . ."

သူ ဆတ်ခနဲ ခေါင်းထောင်သွားသည်။ ရင်ထဲမှာလည်း စီခနဲမြည် သွားသလို ခံစားလိုက်ရ၏။ သဲလင်းဖြူ သူမရှိခင်စပ်ကြား ရည်းစားများ ရသွားပြီလား၊ အတွေးနှင့်အတူ ရင်ထဲမှာပူတက်လာသည်။ အခြေအနေအဝ





ပျောက်ထားသည်ဆိုသော်လည်း ချစ်စိတ်ကိုတော့ မေ့ထားလို့မရနိုင်ပေ။ အေးကိုကို ပြောပြပါကွာဆိုတဲ့အကြည့်လေးနှင့် လှမ်းကြည့်လိုက်၏။ ဘက်က စိတ်ဝင်စားလာမှန်းလည်းသိရော အေးကို သူ့ကိုလှည့်တောင် ကြည့်တော့ပေ။ သကောင့်သားက ခုန သူ့ဆီကလုသွားတဲ့ လက်ဖက်စား းကို အောင်ကိုဦးဆီက သွားပြန်လုနေသည်။

"ဟေ့ကောင်. . . အေးကို. . . သူ. . . သူ. . . ရည်းစား. . . ရသွား လားဟင်"

သူ့အသံသည် သူနဲ့အေးကိုကြားမှာတင် လေတိုက်စားခြင်းခံလိုက် သည်ထင်သည်။ အေးကို တုတ်တုတ်မှမလှုပ်၊ ဇွန်းကိုပဲ သည်းကြီးမည်းကြီး က်လုနေသည်။

"ဟေ့ကောင်. . . ပေးကွာ"

"ပေးဘူး. . . ဒါ မင်းဇွန်းမို့လို့လား"

"ဟေ့ကောင်. . . အေးကို. . . သူ. . . သူ. . . ရည်းစား. . . ရသွား လားဟင်"

"ငါ့ဇွန်းဟုတ်ဟုတ် မဟုတ်ဟုတ်. . . မင်းစားတာများနေပြီ၊ ငါစား ယ်"

"ဘာဖြစ်ဖြစ်. . . မပေးဘူးဆို. . . မပေးဘူးကွာ"

"မပေးရင်. . . ရအောင်လုတယ်ကွာ"

"ယား. . ."

"ဘုန်း. . ."

"အင့်. . ."

ဇွန်းလုပွဲကြီးက တဖြည်းဖြည်းကြမ်းလာသည်။ အေးကို အောင်ကိုဦး သို့ခုန်အုပ်ပြီး နပန်းလုံးကာ လု၏။ အောင်ကိုဦးကလည်း အေးကို က်ထဲ သူ့ဇွန်းမရောက်ရေးအတွက် ဇွန်းကို သူ့နှမတစ်ယောက်လိုကာကွယ် ၏။

"ချကွ. . . ဟုတ်ပြီ အေးကိုကွ. . . ရှူး. . . ရှူး"

"အောင်ကိုဦး. . . ခဲထား. . . ခဲထား. . . ရှူး. . . ရှူး"

ရဲဆွေလတ်က လက်ခုပ်လက်ဝါးတီးပြီး ခွေးနှစ်ကောင်ရှူးတိုး
သလိုလုပ်ပေးနေသည်။ ဝေယံကတော့ ပွဲကိုအသာကြည့်နေရင်း ချထား
လက်ဖက်သုပ်ပန်းကန်ကို ဘယ်သူမှမမြင်အောင် အသာခိုးဆွဲ၍ လက်
ပလုတ်ပလောင်း နှိုက်စားလိုက်သည်။ သူဘေးကကြည့်နေရင်း အတော
စိတ်ပျက်သွားသည်။ အေးကိုပြောတဲ့အကြောင်းကို သိလည်းအတော်သိ
နေသည်။ အခုချိန်သွားမေးလို့လည်း ဘုရားသာပွင့်ချင်ပွင့်သွားမည် ဘယ်လို
ရမှာမဟုတ်တာသိ၏။ သူ စိတ်ညစ်ညစ်နဲ့ပဲ ဒူးပေါ်လက်တင်ကာ ထိုင်ကြ
နေလိုက်တော့သည်။ ပွဲပြီးသွားမှပဲ အသာမေးကြည့်တော့မည်ဟု ဆုံးဖြ
လိုက်၏။

အေးကိုနဲ့အောင်ကိုဦး ပဝါမကူ ရေမရှူကြေး အတင်းလုံးနေကြ
ကြာလာတော့ ပုဆိုးတခြားလူတခြားဖြစ်လာပြီး နှစ်ယောက်လုံး အတော်
ဟိုက်လာကြ၏။ ဖွန်းလည်း ဖွန်းပုံမပေါ်တော့၊ ဒန်ကုလားလက်ထဲရော
သွားသော ဒန်အိုးစုတ်လို တွန့်ကြေနေပြီ။

"တော်ပြီကွာ. . . မောလာပြီ. . . ဟောဟဲ. . . ဟောဟဲ"

အေးကို ခြေရင်းတွင်ပုံနေသော ပုဆိုးကို ဆွဲတင်ရင်းပြော
တစ်ကိုယ်လုံးလည်း ချွေးပြိုက်ပြိုက်ကျနေပြီ။ အောင်ကိုဦးကတော့ ကြမ်းပြ
မှာ ပုံလျက်လေး၊ ထတောင်မထနိုင်၊ ရင်ဘတ်က ဖိုထိုးသလိုဖြစ်နေ
ပါးစပ်က ဟစီဟစီနှင့် လက်ထဲမှာတော့ ဘုရားစူးကျိန်ပြောမှယုံရတော့
ဖွန်းကိုတော့ ကျစ်ကျစ်ပါအောင် ကိုင်ထားဆဲ။ အစားတစ်လုတ်အတွ
အသက်ကို ပမာနမထားဘဲ ကာကွယ်သွားမည့်ပုံ။

"ဟင်. . . လ. . . လက်ဖက်. . . လက်ဖက်တွေရော"

ခွေးလျက်ထားသလို ပြောင်သလင်းခါနေသော လက်ဖက်ပန်းကန်
တွေ့သွားပြီး အေးကိုရဲ့မျက်လုံးနှစ်လုံးသည် ကြောက်ခမန်းလိလိ ပြူးထွ





သွား၏။

အံ့သြခြင်းနှင့်အတူ ဒေါသပါ နောက်က ကပ်ပါလာသည်။ ဒေါသ
လည်းဖြစ်ချင်စရာပင်၊ သူတို့ကတော့ လက်ဖက်တစ်လုတ်အတွက် လျှာ
က်မတတ်ကြိုးပမ်းရသည်။ ဒါတောင် မအောင်မြင်သေး၊ အခု လက်ဖက်
းကန်က နှမ်းစေ့တစ်စေ့တောင် မမြင်ရတော့။ ကိုယ့်ရုပ်ကိုယ် ပြန်မြင်ရ
ာက်အောင် ကြည်လင်ပြောင်လက်နေသည်။ အောင်ကိုဦးသည် အေးကို
ာကြားတော့ မျက်လုံးကို လက်ဖက်ပန်းကန်ဆီသို့ အသာစွေကြည့်၏။
တော့ အမောဆို့နေသောကြောင့် မထနိုင်သော်လည်း စိတ်ကတော့
လျှာ့သေး၊ အနည်းအကျဉ်းကျန်နေသေးလျှင် ထတွယ်ဖို့ သဘောရှိသေး
ည်။ လက်ထဲမှာ ကျစ်ကျစ်ပါအောင်ဆုပ်ထားသော ဖွန်းသည် ကြမ်းပြင်
သို့ ဒေါက်ခနဲ ပြုတ်ကျသွားတော့သည်။

"ဘယ်ခွေးမသား. . . မျိုဆို့သွားတာလဲ"

အေးကို ဒေါသတကြီးဆဲရင်း အားလုံးမျက်နှာတွေကို စေ့စေ့စပ်စပ်
ကြည့်သည်။ နောက်ဆုံး ဝေယံ့ဆီရောက်တော့ ဝေယံက အေးအေး
ပင် လေလေးတောင် ချွန်နေလိုက်သေးသည်။ ပြီးမှ ညာဘက်လက်မ
ကပ်နေသော နှမ်း၊ ကြက်သွန်ကြော်အဖတ်ကို ပါးစပ်နှင့် မြွတ်ခနဲစုပ်
တ်တာ တွေ့လိုက်ရတော့. . .

"ဟင်. . . လက်စသတ်တော့. . . မင်း. . . မင်း"

"ဟား. . . ဟား. . . ဟား. . . ဟား"

အေးကို ဝေယံကိုပြေးထိုးသည်။ ဝေယံရှောင်ရင်း အေးကိုကို စလိုက်
ည်။ အေးကို ပျစ်ပျစ်နှစ်နှစ် တစ်ချက်ဆဲကာ နံရံမှာမှီရင်း အမောဖြေနေ
တော့၏။

သူ အေးကိုအနားသို့ အသာလေး ဖင်တွန်းရင်း ကပ်သွားလိုက်ပြီး
ကိုအခြေအနေကိုကြည့်၍. . .

"အေးကို. . . သူ. . . သူ. . . ရည်းစားရသွားပြီလားဟင်"

အေးကို အူကြောင်ကြောင်နဲ့ သူ့ကိုလှည့်ကြည့်၏။

"မင်း. . . ဘာတွေလာပြောနေတာလဲ"

"ဟိုလေ. . . ဟို. . . သဲ. . . သဲလင်းဖြူ. . . လေ. . . ရည်း. . . ရည်းစားရသွားပြီလားလို့"

အေးကို ပထမတော့ ကြောင်တောင်တောင်ဖြစ်သွားသေးသည်။ ပြီး အဆက်အစပ်ကို သဘောပေါက်သွားပြီး. . .

"ဟာ. . . မင်းကတစ်မျိုးကွာ. . . အရေးထဲ ဘာမျှားလဲလို့. . . သွားကွာ. . . ဒီမှာ စိတ်ညစ်ရတဲ့အထဲ"

အေးကို သူတောင်းစားတစ်ယောက်ကို မောင်းထုတ်သလို သူ့ကို မောင်းထုတ်၏။ ဒါပေမဲ့ သူ ဖွဲမလျှော့ပေ။

"ပြော. . . ပြောပါ သူငယ်ချင်းရယ်. . . ငါ. . . ငါသိချင်လို့ပါကွာ"

အေးကို သူ့ကို အခြောက်လိုမျက်စောင်းထိုးကြည့်ပြီး. . .

"မင်းပဲ. . . စိတ်မဝင်စားတော့ဘူးဆို"

"မ. . . မဟုတ်ရပါဘူးကွာ. . . ငါ သူ့ကိုအရမ်းချစ်ပါတယ်၊ ဒါပေမဲ့ ငါ့အခြေအနေအရ"

"တော်ပါကွာ. . . မင်းက သတ္တိမှမရှိတာ

ဘာ. . ."

သူ အဲဒီစကားကိုတော့ ဒေါသအတော်လေးထွက်သွားသည်။

"ဟေ့ကောင်. . . မင်းငါ့ကို သတ္တိမရှိဘူးလို့မပြောနဲ့. . . ငါ သတ္တိရှိ လို့ပဲ မင်းတို့ခိုင်းတဲ့အတိုင်းလုပ်ပြီးပြီ၊ အဲဒီလိုလုပ်လိုက်လို့လည်း ငါအရှက် လုံးလုံးကွဲခဲ့ရတာကွ၊ မင်းတို့ ငါ့နေရာမှာ ဝင်စဉ်းစားကြည့်စမ်း၊ မင်းသာ ငါ့နေရာမှာဆို ဘယ်လိုခံစားရမလဲ. . . ဟင်. . . ဟေ့ကောင် ပြောလေကွာ မင်းဘယ်လိုခံစားမလဲ. . . မင်းငါ့လိုတောင် ဒီလို လူတောထဲပြန်လာနိုင်မှာ သတ္တိရှိမှာမဟုတ်ဘူးကွ. . . နားလည်လား"

သူ့စကားသည် ဒေါသကြောင့် အတော်လေးမာသွားတော့ အေး





သူ့ဘက် ကမန်းကတန်းလှည့်ကာ. . .

"အေးပါကွာ. . . ငါက မင်းကိုနောက်တာပါ. . . ငါတို့ မင်းရဲ့ခံစား ချက်ကိုနားလည်ပါတယ် သတိုးရာ. . . ငါတို့လည်း မင်းကို အဆင်ပြေမလား လို့ လုပ်ခဲ့မိတာပါ၊ အဲဒီအတွက် တောင်းပန်ပါတယ်. . . ဆောရီးကွာ"

"ရပါတယ်. . . ဖြစ်ပြီးတာတွေ ဖြစ်ပြီးပြီပဲ. . . ငါ အဲဒီကိစ္စအတွက် မင်းတို့ကို အပြစ်တင်လို့ ပြောတာမဟုတ်ပါဘူး၊ သိအောင်ပြောပြတာပါ"

"အေးပါကွာ. . . အခုလည်း မင်းကို ငါက စိတ်စမ်းကြည့်တာပါ. . . မင်း သဲလင်းဖြူကိုချစ်သေးလားလို့ စမ်းလိုက်တာ"

"ဟင်. . . ဒါဆို တကယ်မင်းနဲ့မတွေ့ဘူးပေါ့"

"တွေ့တော့တွေ့တယ်ကွ"

"ဒါဆို. . . သူ. . . သူ့ဘေးနားက လူဆိုတာကတော့ တကယ် မဟုတ်ဘူးပေါ့"

"ဟုတ်တယ်. . . သူ့ဘေးနားမှာ လူတစ်ယောက်ပါလာတယ်"

"ဟင်. . . ဒါ. . . ဒါဆို. . . အဲဒီလူက"

"သူ့အဖေလေ"

"ဟာ. . . ခွေးမသား"

သူ အေးကိုဖင်ကို ဝမ်းသာအယ်လဲကြီးနှင့်ဆောင့်ကန်ပစ်လိုက်သည်။ အေးကို ဖင်လေးပွတ်ရင်း. . .

"မင်း သဲလင်းဖြူကို အရမ်းချစ်တာပဲလား"

"အဟီး. . . ချစ်တာပေါ့ကွ"

ရှက်ကိုးရှက်ကန်းကြီးဖြစ်ပြီး စကားတောင်မပီတော့ပေ။ အားလုံး သူ့ကို ဝိုင်းရယ်ကြသည်။

ရင်ထဲမှာ တအုံနွေးနွေးကြီးနဲ့ ငါတော့. . . ခက်ပြီ. . .။

ဆရာမ က ဘုရင့်နောင် မင်းကြီးအကြောင်း ရှင်းပြပြီးနောက် အလောင်းဘုရားအကြောင်း ရောက်သွားလေသည်။ အလောင်းဘုရားအကြောင်းလည်း ရှင်းပြပြီးရော အချိန်လည်း ကုန်သွားတော့၏။

"ကဲ. . . ဒီနေ့ ဆရာမပြောတဲ့ဟာတွေကို သေချာမှတ်ထားနော်. . . မင်းတို့ငယ်ငယ်ကတည်းက ဒီအကြောင်းတွေ သင်လာခဲ့တယ်ဆိုပေမယ့်. . . ဆရာမက မမေ့အောင်ထပ်ပြောပြတာ"

"ဟုတ်ကဲ့ပါ. . . ဆရာမ"

တစ်ခန်းလုံး သံပြိုင်အော်လိုက်တော့ ဆရာမကပြုံးရင်း ကျန်ကျောင်းကြွတ်ကြွတ်အိတ်နှင့် ပိုက်ဆံအိတ်ကိုဆွဲကာ အခန်းထဲမှ ထွက်သွားတော့သည်။

"သတိုး. . . နောက်အချိန် ဘာအချိန်လဲ"

"မြန်မာစာ"

"မိုင်နာအချိန်ပဲကွာ. . . လစ်ကြရအောင်"

"ဟာ. . . ငါမလိုက်တော့ဘူးကွာ. . . မင်းတို့ပဲသွားတော့"





အေးကို သတိုးကိုညိုလို့မရတော့ ရှေ့တန်းမှာထိုင်နေသည့် ဝေယံနဲ့ ရဲဆွေလတ်ကို တိုးတိုးကပ်ညိုလိုက်သည်။ အတော်အတန် စကားပြောပြီးနောက် အဆင်ပြေသွားကြ၏။ အောင်ကိုဦးကတော့ ရှေ့ဆုံးတန်းမှ လချမ်းဆိုသည့် ကုလားမလေးနားမှာ စာသွားကူးနေသည်။ ဝေယံ အောင်ကိုဦးကို လှမ်းခေါ်ပြီး ကန်တင်းသွားမည့်အကြောင်း လက်ဟန်ခြေဟန်နဲ့ လှမ်းပြောတော့ အောင်ကိုဦးလည်း သိပ်မလိုက်ချင်ရှာပေ၊ စာအုပ်ပိတ်ပြီး ချက်ချင်းထထွက်လာသည်။

"သတိုး. . . မင်းတကယ်မလိုက်ဘူးနော်"

သတိုး အခုလိုကျတော့လည်း စိတ်ထဲမှာ နည်းနည်းအီလည်လည်ဖြစ်သွားသည်။ အားလုံးသွားပြီး သူတစ်ယောက်တည်း ကျန်ခဲ့ရမှာတော့ ဖျင်းသလိုလိုကြီးဖြစ်သွား၏။ သို့သော် နည်းနည်းတော့ အင်လိုက်သေးသည်။

"မင်းတို့က ဒီအချိန်တင်မကဘူး နောက်အချိန်တွေပါ ဆက်ထိုင်နေကြမှာကွ. . . နောက်အချိန်က မေဂျာအချိန်ကြီး"

"ငါတို့လည်း ဒီအချိန်ပဲထိုင်မှာပါကွာ. . . နောက်အချိန် တက်မှာစိတ်ချ"

"တကယ်နော်"

"အေး"

သတိုး လွယ်အိတ်ကောက်လွယ်ကာ ထလိုက်လာခဲ့တော့သည်။ လမ်းရောက်တော့ အောင်ကိုဦးက

"ငါတို့ ဘယ်ကန်တင်းသွားရင်ကောင်းမလဲ"

"ကြည်နူးရိပ်သွားရအောင်ကွာ"

"ဟာ. . . ဝေးတယ်ကွာ. . . နေပူတယ်"

ဝေယံက ပယ်ချသည်။ ရဲဆွေလတ်က နေရာချပေး၏။

"ဒါဆို ဒီနားကဆိုင်ပဲ ထိုင်လိုက်ကြတာပေါ့"

နောက်ဆုံး သူတို့နဲ့နီးသည့်ကန်တင်းတစ်ခုပဲ ရွေးလိုက်ကြတော့သည်။

ကန်တင်းရောက်တော့

"ချိုကျနှစ်ခွက်. . . ကျဆိမ့်နှစ်ခွက် ညီလေး၊ ပြီးတော့ လန်ဒန်တစ်ပွဲပါချ"

ဝေယံကပဲ ဦးဆောင်မှာပြီး စားပွဲထိုးလေးထွက်သွားတော့. . .

"အေးကို. . . အချစ်ကို မင်းဘယ်လိုမြင်လဲ"

ဘာမဆိုင်ညာမဆိုင် ထမေးလိုက်တော့ အေးကို ယောင်ကန်းကန်းဖြစ်သွားကာ. . .

"မျက်. . . မျက်လုံးနဲ့"

"ဟာ. . . ကျွတ်. . . ငါပြောတာ အဲဒီလိုမျိုးပြောတာမဟုတ်ဘူးကွ၊ အချစ်ဆိုတဲ့အရာကြီးကို မင်းဘယ်လိုခံစားရသလဲလို့မေးတာ"

ဝေယံက တကယ်ခံစားချက်အမှုအရာကြီးနဲ့ဆက်ပြောတော့ အေးကိုဘာပြန်ဖြေရမှန်းမသိဖြစ်နေသည်။ ဝေယံကိုလည်း သည်ကောင်ဘာကြောင့်ပါလိမ့်ဆိုသည့်ပုံစံမျိုးနဲ့ ကြောင်ပြီးကြည့်နေမိသည်။ ဝေယံကတော့ အေးကိုသူ့ကို ကြောင်စီစီနှင့်ကြည့်နေတာကိုကြည့်ပြီး. . .

"အေးလေ. . . မင်းကို ဒါတွေမေးနေလို့လဲ. . . နွားကို ပလာတာကျွေးသလို ဘာမှနားလည်မှာမှမဟုတ်တာ. . . မင်းက ဒါမျိုးဆို ကိုယ်တိုင်အစွမ်းအစမှမရှိတာ ငါမေ့သွားတယ်"

အေးကိုရင်ဝကို မိုက်တိုင်စံ ထိုးတာခံလိုက်ရသလို အင့်ခနဲနေသွားသည်။ ဝေယံ သူ့ကို အသားလွတ်ကြီး ဆော်ပြီဆိုတာသိလိုက်၏။ အရင်တုန်းက သည်လိုကိစ္စမျိုးနဲ့ပတ်သက်ရင် သူ့ဆီမှာ အကြံဉာဏ်ယူပြီးမှလှုပ်ရှားရဲတဲ့ကောင်က ဒါမျိုးပြောလာတော့ ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက်သလိုလည်း ခံစားလိုက်ရသည်။ မျက်နှာက နောက်စေ့ကို လေထိုးထည့်လိုက်သလို တင်းခနဲဖြစ်သွားကာ. . .

"အေပေး. . . မင်းကများ ငါ့ကို ကြီးကြီးကျယ်ကျယ်. . . မနေ့တစ်နေ့ကမှ ခြေမနဲ့မိန်းမကို ခွဲခြားတတ်တဲ့ကောင်ကများ. . . ဒီလိုစကားမျိုးပြော





သေးတယ်. . . ဟုတ်လား"

ဝေယံ အပြုံးမပျက်ဘဲ သူ့စကားသူဆက်ပြောသည်။

"ငါ အချစ်ကိုနားလည်သွားခဲ့ပြီ သူငယ်ချင်းတို့. . . မင်းတို့မယုံမရှိနဲ့ ငါအချစ်ကိုရှာတွေ့သွားပြီကွ"

အားလုံး ဝေယံကို နားမလည်နိုင်သလို ဝိုင်းကြည့်ကြသည်။ ခုနကန်တင်းမရောက်ခင်ထိ အကောင်းကြီးပါ၊ အခုမှ သည်ကောင်ဘာဖြစ်သွားပါလိမ့်ဟု တွေးနေကြသည်။ ဒါပေမဲ့ ဝေယံကတော့ ဘယ်သူ့ကိုမှဂရုမစိုက်ပေ၊ သူပြောချင်တာ ဆက်ပြောသည်။

"ငါ ဒီအကြောင်းကို မင်းတို့ကိုပြောပြချင်နေတာကြာပြီ. . . ဒါပေမဲ့ပြောသင့်မပြောသင့် စဉ်းစားနေရတာ၊ ဒါပေမဲ့ အခုတော့မရတော့ဘူးကွာ၊ ငါဖွင့်ပြောမှရတော့မယ်. . . ငါမနေနိုင်တော့ဘူး"

ဝေယံစကားဆုံးတော့ အောင်ကိုဦး ဆတ်ခနဲဖြစ်သွား၏။ သည်ကောင် ဟိုနေ့ကပဲ သူ့ညီမလေးကို လှလိုက်တာကွာဟု ပြောသေးသည်။ သူကတော့ ရိုးရိုးတန်းတန်းစတာပဲဟု ထင်ထား၏။ အခု သည်ကောင် သူ့ညီမနဲ့များ. . .။ အောင်ကိုဦး သူ့အတွေးနဲ့သူ ခေါင်းခဲသွား၏။

"ငါ. . . ငါ. . . ဖိုးဆုကို အရမ်းချစ်သွားပြီကွာ"

သုံးကောင်လုံး ကြောင်တောင်တောင်တွေ ဖြစ်ကုန်ကြသည်။

"ဟင်. . . ဖိုး. . . ဖိုးရှုပ်ဟုတ်လား. . . ဖိုး. . . ဖိုးရှုပ်ဆိုတာ မင်းတို့အိမ်မျက်စောင်းထိုးက ကောင်လေးမဟုတ်လား. . . ဟာ. . . မင်း. . . မင်းကွာ"

"အင်. . ."

တက်နေသော ဝေယံ့ဖီလင်သည် ခြွေချခြင်းခံလိုက်ရသော သရက်သီးလို ဖုတ်ခနဲ ပြုတ်ကျသွားတော့သည်။

"ခွီးပဲ. . . ဖိုးရှုပ်မဟုတ်ဘူးကွ. . . ဖိုးဆု. . . ဖိုးဆု"

"ဖိုးဆု"

"ဟုတ်တယ် ဖိုးဆု. . . ငါ့ချစ်ချစ်လေး. . . ဖိုးဆု"

"ဘယ်ကလဲ. . . မင်းအိမ်က အိမ်ဖော်မလေးလား"

". . . ပဲ"

အေးကိုကို ဝေယံ ပျစ်ပျစ်နှစ်နှစ်ဆဲပစ်လိုက်ရင်း မျက်နှာကို အလေး အနက်ဆုံးပုံစံဖြစ်အောင်ပြင်ကာ ဆက်ပြောသည်။ အတော်လေးလည်း ပြောချင်နေပုံရသည်။ သည်အချိန်မှာ သူ့ဘေးနား မိုင်းထကွဲတောင် ဂရုစိုက် မယ့်ပုံမပေါ်။

"ဖိုးဆုတဲ့. . . သူ့နာမည်အရင်းက ဆုသက်ထွေး. . . သိပ်ချစ်စရာ ကောင်းတဲ့ ကောင်မလေးတစ်ယောက်ဆိုလည်း မမှားဘူးပေါ့ကွာ"

အောင်ကိုဦးလည်း အခုမှ သူ့ညီမကိုမထိခိုက်တော့ သက်ပြင်းကို ဟင်းခနဲ ချလိုက်တော့၏။ အေးကိုက. . .

"အေးလေ. . . ဘာပဲဖြစ်ဖြစ် ယိုးဒယားဘက်လိုက်ရင်တော့ မင်း အတွက် မြိုးမြိုးမြက်မြက်လေးတော့ ကျန်မှာပါ"

ဝေယံ အေးကိုစကားကို ဂရုစိုက်မနေတော့ ဆက်ပြောသည်။

"မင်းတို့ သူ့ကို ဘယ်အဖွဲ့ကလည်းဆိုတာသိသွားရင် မင်းတို့အားလုံး ဒီလိုစကားမျိုးတွေ ပြောလာမှာမဟုတ်တော့ပါဘူးကွာ"

သည်စကားတစ်ခွန်းတော့ အတော်ထိရောက်သွားသည်။ အားလုံး သို့လော သို့လောတွေ ဖြစ်ကုန်ကြ၏။ ဝေယံက သူ့ဆီကစကားကို စိတ်ဝင်တစား နားထောင်သွားကြမှန်းသိတော့ ချက်ချင်းမပြောသေးဘဲ ခုန သောက်ဖို့မေ့နေတဲ့ လက်ဖက်ရည်ကို အခုမှကောက်သောက်လိုက်သည်။ နောက်တော့ လန်ဒန်တစ်လိပ်ကိုဆွဲပြီး မီးကို စိမ်ပြေနပြေညှိလိုက်သေး၏။ ဒါတင်မပြီးသေး ရေနွေးကြမ်းပါ ငှဲ့သောက်လိုက်သေးသည်။

"ဟေ့ကောင်. . . ပြောချင်ပြော. . . မပြောချင်နေ၊ ပဲသိပ်များမနေ နဲ့. . . ကြာရင်စိတ်မရှည်ဘူးနော်. . . ထပြန်မှာ"

အေးကိုက မဝံ့မရဲလေး ခြိမ်းခြောက်လိုက်၏။ မပြောမှာလည်းဆိုး





သေးသည်။ ဘယ်သူလဲဆိုတာလည်း သူသိချင်နေသေးသည်။ ဒါကြောင့် ရှုတ်မလွန်လေး ခြိမ်းခြောက်ပြလိုက်ခြင်းပင်။ ဘယ်သူမှ ရိုစ်မမေးလည်း ဝေယံဆိုတဲ့ကောင်က ပြောမှာဖြစ်တဲ့အတွက် ပြောပါသည်။

"သူက. . . သဲလင်းဖြူတို့အဖွဲ့က"

"ဟင်"

"ဟာ"

"ဗုဒ္ဓေါ"

အာမေဋိတ်အသံတွေနဲ့အတူ သတိုးရဲ့ရင်ကို ဖျဉ်းခနဲ နွေးသွားစေ သည်။

"မယုံဘူး. . . လုံးဝမဖြစ်နိုင်ဘူး ဝေယံ. . . မင်း ငါတို့ကို လာလိမ့် မနေနဲ့"

ဝေယံ မြန့်မြန့်ကြီးပြုံးပြီး အေးကိုကိုကြည့်ကာ. . .

"ငါ ဒီလိုပြောလို့ရှိရင် မင်းတို့ယုံကြမှာမဟုတ်ဘူးဆိုတာ ငါသိတယ်၊ ဒါပေမဲ့ အခု ငါပြောခဲ့တာတွေ အကုန်အမှန်တွေပဲ. . . မင်းတို့ ယုံချင်ယုံ မယုံချင်နေ"

ဝေယံရဲ့ သူ့ဘက်က တကယ်သေချာတယ်ဆိုတဲ့ အမူအရာကြောင့် အားလုံးခဏငိုင်သွားတယ်. . . ခဏနေတော့ ရဲဆွေလတ်က. . .

"နေစမ်းပါဦး. . . မင်းနဲ့ အဲဒီကောင်မလေးနဲ့က ဘယ်လိုတွေ့တာလဲ"

ဝေယံ ရေနွေးကြမ်းခွက်ကို ကောက်မော့ပြီး ရှင်းပြသည်။

"ဟိုတစ်ခါ. . . သတိုး ကိစ္စဖြစ်ပြီးတဲ့နေ့က ဒီကောင့်ဆီက ပြုတ်ကျ သွားတဲ့ပိုက်ဆံအိတ်ကို သူက ကောက်ရသွားတယ်ကွ၊ နောက်တော့ ပိုက်ဆံ အိတ်ထဲမှာ ငါ့ဖုန်းစာအုပ်ပါသွားတော့ ငါ့ဆီဖုန်းဆက်ပြီး ပြန်ပေးရင်းတွေ့ တာ. . ."

"ဪ ဒါဆို. . . သတိုးအရှက်ကွဲတာ မင်းအတွက် ကောင်းသွား တာပေါ့ ဟုတ်လား"

"ဟဲ. . .ဟဲ. . . ဒါက ကုသိုလ်ကံပေါ့ကွာ. . . ဖြစ်ချိန်တန်လို့ ဖြစ်သွားရတယ်ပဲ မှတ်လိုက်ပါတယ်"

အေးကိုက မျက်စောင်းထိုးကာ ကလော်တုတ်သည်။ အေးကို ဝေယံကို ကြည့်မရဖြစ်နေပုံရသည်။ မျက်နှာကစူပုပ်ပြီး ဝေယံကိုမျက်စောင်းတခဲခဲ ဖြစ်နေ၏။ ရဲဆွေလတ်က ဆက်မေး၏။

"နောက်တော့ မင်းတို့ ထပ်တွေ့ဖြစ်သေးလား"

"သေချာကြီးချိန်းတွေ့တာတော့မရှိဘူးကွ. . . မြို့ထဲမှာ နှစ်ခါလောက်တော့ဆုံတယ်၊ သူလည်း သူ့ဟာသူ မြို့ထဲလာရင်း ငါနဲ့တွေ့တာ၊ စကားကောင်းကောင်းမွန်မွန် ပြန်ပြောပါတယ်. . . နောက် သူငါ့ဆီဖုန်းဆက်တယ် ငါ့ဖုန်းစာအုပ် ပြန်တွေ့ပြီဆိုတဲ့အကြောင်းပြောရင်းနဲ့ ဆက်တာ"

"မင်းဖုန်းစာအုပ်က ဘာဖြစ်လို့ သူ့ဆီရောက်နေတာလဲ"

"ဟိုတစ်ခါ ငါ့ဆီပိုက်ဆံအိတ်ပြန်ပေးတုန်းက သူ ငါ့ဆီဖုန်းဆက်ပြီး ပျောက်သွားတာလို့ပြောတာပဲ. . . အဲဒါ ပြန်တွေ့လို့နေမှာပေါ့"

"အဆင်ပြေတယ်ပေါ့"

"အင်း"

"အဲဒါနဲ့ပဲ မင်းက သူ့ကိုချစ်ရရောလား"

ဝေယံ ခေတ္တငြိမ်သွားပြီးမှ. . .

"သူက အံရမ်းဖြူစင်တယ်ကွ. . . ပြီးတော့ ငါ့မျက်စိထဲမှာ အရမ်းချစ်ဖို့ကောင်းနေတယ်. . . ငါ. . . ငါ သူ့ကိုတကယ်ချစ်သွားတာပါကွာ"

"အဲဒီအကြောင်းတွေကို မင်းက ဘာလို့ ငါတို့ကိုအခုမှပြောတာလဲ"

ရဲဆွေလတ်နဲ့ ဝေယံသည် အင်တာဗျူး အမေးအဖြေလုပ်နေသော လူနှစ်ယောက်လိုလို၊ ပုလိပ်ကပဲ သူခိုးကိုစစ်သလိုလိုနှင့် တဖြည်းဖြည်းတူလာသည်။ အေးကိုကတော့ ဘာမှဝင်မပြော၊ လန်ဒန်ကိုသာ မဲဖွာနေ၏။ သူက ပွဲအစပိုင်းမှာ ချက်ကောင်းထိထားသူဆိုတော့ ငြိမ်နေရသည်။

"သူက ဘယ်သူ့မှပြန်မပြောဖို့ ကတိတောင်းထားလို့ကွ"





"ဟင်. . . အဲဒါဆို မင်းကအခု ကတိတော်တော်တည်တာပေါ့"

"အဲ. . . ဟို. . . ငါ. . . ငါမနေနိုင်တော့လို့ပါကွာ. . . မင်းတို့ ဒီအကြောင်းကို ဘယ်သူ့မှပြန်မပြောနဲ့နော်. . . နော်"

"အေးပါ. . . ထားပါတော့. . . ဒါနဲ့ မင်းက အဲဒီကောင်မလေးကို တကယ်ချစ်သွားပြီဆိုတော့. . . ချိုလေးနွယ်ကရော"

"ချိုလေးနွယ်က ငါအချစ်ကိုမတွေ့ခင်စပ်ကြား. . . ရင်ခုန်မိခဲ့တာပါကွာ. . . ငါ ချိုလေးနွယ်ကို တကယ်မချစ်ခဲ့ပါဘူး. . . ငါ သူ့ကိုပဲချစ်တာ"

"မင်းက. . . တတ်လည်း တတ်နိုင်တဲ့ကောင်ကွ. . . ဟေ့ကောင်အေးကို မင်းကောင်ကို မင်းဘာမှမပြောတော့ဘူးလား"

အေးကို ရှူးသိုးသိုးနှင့် ရဲဆွေလတ်ကိုပြန်ကြည့်ကာ. . .

"လွှတ်ထားလိုက်ပါကွာ. . . ဘယ်လိုမှ ထိန်းရမှာမဟုတ်ဘူး. . . လွှတ်ထားလိုက်"

အေးကို ခွင်ဝင်တုန်း အပီတွယ်ချလိုက်သည်။ ဝေယံကတော့ အေးကိုအားကို အရေးတောင်မစိုက်အားပေ။ သူ့ဖီလင်နှင့်သူ မျောနေ၏။ ဘာတွေတွေးနေလဲတော့မသိပေ။ တစ်ယောက်တည်း ပြုံးပြုံးကြီးနှင့်. . .

"ဆုရယ်. . . မောင့်ရဲ့အချစ်ဘုရင်မလေးရယ်"

"ငကြောင်"

"သတိုး . . . မင်း သဲလင်းဖြူကို ဆက်မကြိုးစားတော့ဘူးလား" အင်းယားရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော[illegible] သည် အေးမြ လတ်ဆတ်နေသည်။ တစ်ချက်တစ်[illegible] နားထဲမှာ တဝူးဝူးအော်မြည်နေ၏။ သူတို့အုပ်စုရောက်နေတာ အင်းယ[illegible] ကန်မှာပါ။ ဘာကိစ္စမှမရှိပေမယ့် ကျောင်းပိတ်ရက်ဖြစ်တဲ့အတွက် ပျင်းပျ[illegible] ရှိတာနဲ့ ဝေယံ့ကားနဲ့ ထွက်လာလိုက်တာပါ။

"ငါ သူ့ကိုချစ်ပါတယ် . . . ဒါပေမဲ့ လောကကြီးမှာ ကိုယ်ကချစ်တ[illegible] ဆိုတိုင်း ရတာမှမဟုတ်တာကွာ . . . ငါနဲ့သဲလင်းဖြူနဲ့က မလွယ်ပါ[illegible] သူငယ်ချင်းတို့ရာ . . . အဲဒါကြောင့် မဖြစ်နိုင်တဲ့ကိစ္စတစ်ခုကို စော[illegible] ကတည်းက ဆက်မလုပ်တာ အကောင်းဆုံးထင်လို့ပါ"

အေးကို ခေါင်းခါယမ်းရင်း . . .

"မင်းက . . . စစ်မရောက်ခင် မြားကုန်သလိုဖြစ်နေပြီ သတိုး၊ လော[illegible] မှာ မဖြစ်နိုင်ဘူးဆိုတာမရှိပါဘူးကွာ . . . မဖြစ်သေးတာပဲရှိပါတယ်၊ ကြိုး[illegible] ရင် ဘာမဆိုဖြစ်ပါတယ်ကွာ၊ လွတ်လပ်တဲ့မိန်းကလေးကိုလိုက်တာ အပြ[illegible] လုံးဝမရှိဘူး ဟော့ကောင်၊ မဖြစ်နိုင်စရာအကြောင်းလည်းမရှိဘူးကွ"





အေးကိုရဲ့စကားကို ရဲဆွေလတ်ကပါ ဝင်ထောက်ခံသည်။

"ဟုတ်တယ်သတိုး . . . ဒီကောင်ပြောတာမှန်တယ် . . . မင်း ဒီအတိုင်း [illegible]နေလို့ ဘာမှထူးလာမှာမဟုတ်ဘူး၊ မင်းချစ်တဲ့ သဲလင်းဖြူက မင်းရှေ့ [illegible]ာက်လာမှာမဟုတ်ဘူးကွ၊ မင်းကြိုးစားမှရမှာ . . . ကျောက်တိုင်တောင် [illegible]များရင် နဲ့သေးတာပဲကွာ . . . သူက ဘာသားနဲ့ထုထားလို့လဲ"

သတိုး အနည်းငယ်စဉ်းစားရင်း သက်ပြင်းတစ်ချက်ချကာ . . .

"မင်းတို့ပြောတာမှန်ပါတယ် . . . ဒါပေမဲ့ ငါက သူများတကာတွေလို [illegible]ာ်ဆံပေါပေါနဲ့ တက္ကသိုလ်တက်နိုင်တာမဟုတ်ဘူးကွ . . . အမေ့ချွေးနဲ့စာ [illegible]းနဲ့လာတက်နေရတာ၊ အမှန်ဆို ငါအခုချိန်မှာ ဒါမျိုးတွေကို စဉ်းတောင် [illegible]ဉ်းစားသင့်ဘူး၊ ဒါပေမဲ့ ငါ့ကို သူနဲ့ ကံကြမ္မာကဖန်တီးပေးလို့ တွေ့ခဲ့ရတယ်၊ [illegible]တော့ ငါ သူ့ကိုအရမ်းချစ်သွားခဲ့တယ်၊ နောက်တော့ ငါနှလုံးသားကို [illegible]အလိုလိုက်မိခဲ့တယ်၊ တကယ်တမ်းကျတော့ ဒီလိုကိစ္စမျိုးတွေကို ပိုက်ဆံ [illegible]လို့ ကျောင်းလာတတ်နိုင်တဲ့သူတွေလုပ်ရင် ပိုကောင်းတာပေါ့ကွာ . . . [illegible]ာက ပညာရေးကို အတိမ်းအစောင်းခံလို့မဖြစ်ဘူးကွ . . . တစ်နှစ်ဆို [illegible]စ်နှစ်သိသာတယ် . . . ပြီးတော့ သဲလင်းဖြူတို့က ချမ်းသာတယ်၊ ငါက [illegible]င်းရဲတယ် . . . ဘယ်လိုမှမအပ်စပ်နိုင်ပါဘူးကွာ . . . တကယ်လို့ ငါနဲ့သူနဲ့ [illegible]ဖြစ်သွားခဲ့ရင်တောင် သူ့ဘဝနိမ့်ကျသွားဖို့ပဲရှိတယ် . . . မြင့်တက်လာဖို့ [illegible]တာ လုံးဝရှိမှာမဟုတ်ဘူး သူငယ်ချင်း၊ သူ့ဟာသူ အနေညီထိုင်ပြီး ပျော်ရွှင် [illegible]တ်လပ်နေတဲ့ဘဝလေးကို ငါ့ကြောင့် မညစ်နွမ်းစေချင်ဘူးကွာ . . . သူ့ [illegible]ာသာသူ လွတ်လပ်ပေါ့ပါးစွာ ပျော်ရွှင်နိုင်ပါစေကွာ . . . အဖြူဟာ အဖြူ [illegible]ောင်အတိုင်းပဲကောင်းပါတယ်၊ အဖြူရောင်အပေါ်ကို ဘယ်အရောင်စွန်းစွန်း [illegible]သာတယ် . . . ဒါကြောင့် ငါ . . . အဖြူကို အဖြူအတိုင်းပဲရှိစေချင်တယ် [illegible]"

သုံးယောက်လုံး ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။ သတိုးကို [illegible]ည်း မမြင်ဖူးတဲ့သတ္တဝါလို အံ့ဩတကြီးဝိုင်းကြည့်ကြ၏။ သတိုးဆီက

သည်လိုစကားလုံးမျိုးတွေ ထွက်လာကြမယ်လို့ သူတို့လုံးဝမထင်ထား
အခုတော့ အားလုံး ကိုယ့်နားကိုယ်ပင် မယုံကြည်နိုင်ကြတော့ပေ။ သို့
သူတို့ သတိုးကို လုံးဝပြက်ရယ်မပြုမိပါ။ သတိုးရဲ့ခံစားချက်ကို နားလည်
သည်။

သတိုးကတော့ သူတို့ကို လုံးဝလှည့်မကြည့်ပေ။ အင်းလျားရေပြင်
မမြင်ဖူးသလို စိုက်ကြည့်နေသည်။ မျက်ဝန်းမှမျက်ရည်ကြည်တွေ လှဲ့နေ
ကိုမြင်လိုက်ရသည်။ သူတို့နားလည်ပါသည်။ အချစ်နဲ့ဘဝအကြား လွန်
ခြင်းခံလိုက်ရတဲ့ နှလုံးသားဟာ အခုအချိန်မှာ ယဲ့ယဲ့ပဲကျန်တော့မယ်ဆို
သူတို့နားလည်လိုက်ကြသည်။ ဩော်. . . သူငယ်ချင်းရယ် သည်လိုမှန်းသိ
ငါတို့အစကတည်းက မင်းကို အားမပေးခဲ့ပါဘူး. . . တားပေးခဲ့ပါတ
ကွာ. . .။

မိုးသည်းထန်စွာ ရွာသွန်းနေသည်။ ထီးလည်းပါမလာတော့ အတော်လေး ဒုက္ခရောက်နေ၏။ မှတ်တိုင်ရဲ့အနောက်နား လေးမှာ ကပ်ပြီးမိုးခိုနေလိုက်တော့ မိုးစိုသက်သာသွားသည်။ သို့သော် မိုးရေတို့ရွှဲနစ်နေသည့်အဝတ် တို့က ရေတစ်စက်စက်ကျနေသေး၏။

ကားတစ်စီးထိုးစိုက်လာတိုင်း လူတွေအလုအယက် ဖက်တွယ်တက်နေကြတာကို သူကြည့်ရင်း စိတ်ပျက်နေမိသည်။ သူဒီနေ့ တော်တော်နဲ့အိမ်ပြန်ရောက်မှာမဟုတ်ဘူးဆိုတာ တွေးလိုက်မိ၏။ ဘတ်စ်ကားတစ်စီး ထိုးစိုက်လိုက်တိုင်း အလုအယက်တက်နေကြသော လူတွေကိုကျော်လွှားပြီး ဘယ်လိုပညာမျိုးသုံးကာ ကားပေါ်တက် ရမလဲ စဉ်းစားနေမိသည်။ လွန်ခဲ့တဲ့တစ်နာရီလောက်က ကံကောင်းထောက်မစွာ သူ ကားတစ်စီးရဲ့နောက်ခြေနင်းခုံကို ခြေတစ်ဖက်လှမ်းတင်မိလိုက်သေးသည်။ သို့သော် အချိန်သိပ်မကြာလိုက်ပါ။ ကံကြမ္မာ ဖြိုဟ်စီးဖြိုဟ်နင်းမကောင်း၍ လူအုပ်ကြီးနှင့်တိုက်မိပြီး သူပြုတ်ကျကျန်ခဲ့ရသည်။ အဲဒီနောက်ပိုင်း မှတ်တိုင်သို့ဆိုက်လာသည့်ကားများကို သူ သီတောင်မသီနိုင်တော့ပေ။ သူ့ရှေ့ကကားပေါ်ကို ဘယ်လိုတက်ရမလဲဆိုတဲ့ ပညာရပ်ကို ပိုင်နိုင်စွာကျွမ်းကျင်ကြသောသူများကြောင့် သူ ယခုထိမှတ်တိုင်

မှာ ကျန်နေဆဲပင်။

အချိန်သည် တဖြည်းဖြည်းနောက်ကျလေပြီ၊ လက်မှနာရီကိုကြည့်လိုက်တော့ ခြောက်နာရီတောင်ထိုးတော့မည်။ နေရောင်ခြည်သည် တဖြည်းဖြည်းမှိန်ကျလာကာ ညီအစ်ကိုမသိတသိအချိန်တောင် ကျော်လာပြီ။

မကြာမီအချိန်လေးအတွင်းက အုံးအုံးကျွက်ကျွက် စည်ကားခဲ့သော မှတ်တိုင်လေးက အခုတော့ သူမဟုတ်သလိုပင်။ အခုတော့ မှတ်တိုင်လေးထဲမှာ သူတစ်ယောက်တည်းပင်။ မိုးသည် ပိုမိုသည်းထန်လာသည်။

ရေငွေ့နှင့် ရေသီးတွေထနေသောနာရီသည် အထဲက ဒိုင်ခွက်ကိုတောင် မမြင်ရချင်တော့ပေ။ သို့သော် အားစိုက်ကြည့်လိုက်သည်။ နာရီဂဏန်းနေရာမှာ(၇)ခုနစ်ကိုသာမြင်ရပြီး နောက်ကမိနစ်ကိုတော့ ရေငွေ့တွေအတော်ဖုံးနေ၍ ဘယ်လိုကြည့်ကြည့်မရတော့ပေ။ ဘာပဲဖြစ်ဖြစ် (၇)နာရီကျော်ပြီဆိုတာတော့သိလိုက်ရသည်။ သူဘယ်လိုလုပ် ပြန်ရပါ့မလဲ။ ဘတ်စ်ကားလည်း တစ်စီးမှမလာတော့ပြီ။ မိုးကလည်း သဲသဲမဲမဲရွာကောင်းတုန်းပင်။ သူအိမ်ပြန်ဖို့ အတော်လေးနောက်ကျနေပြီ။ သူတို့အိမ်ကလူတွေ အခုချိန်လောက်ဆို မျှော်နေလောက်ပြီ။ အခုမှ ကိုသာအေးကိုမခေါ်ဘဲ မြို့ထဲကိုတစ်ယောက်တည်း ထွက်လာမိသည့်ကိစ္စကို နောင်တရမိသွားသည်။ အကယ်၍ ကိုသာအေးသာပါရင် ဘာပဲဖြစ်ဖြစ် အဖော်ရှိသေး၍တော်သေး၏။ လမ်းဘေးမီးတိုင်မှ ဝါကျင့်ကျင့်အရောင်များအောက်တွင် ညသည်ချောက်ချားစွာတိတ်ဆိတ်နေပါတော့သည်။

ကားတစ်စီးရဲ့မီးရောင်ကို မျက်ဝန်းထဲမှ ရိပ်ခနဲမြင်လိုက်ရတော့ အားတက်သွားပြီး ကမန်းကတန်းလှည့်ကြည့်မိသည်။ သို့သော် တစ်ခဏအတွင်းပင် စိတ်ဓာတ်ပြန်ကျသွားရသည်။ သူထင်ထားသလို ခရီးသည်တင်ကားမဟုတ်ဘဲ ကိုယ်ပိုင်ကားတစ်စီးဖြစ်နေ၏။ မှတ်တိုင်ကိုကျော်ပြီး ရှေ့ကလမ်းလေးထဲ ချိုးဝင်သွားတော့သည်။ သူ စိတ်ပျက်လက်ပျက် ပြန်ထိုင်နေလိုက်သည်။ နောက်ဆုံး သည့်ထက်ပိုပြီး ညဥ့်နက်လာလျှင် (Taxi)တက္ကစီ





ငှားပြန်ဖို့ စိတ်ကူးထားသော်လည်း အခုထိ တက္ကစီအငှားယာဉ်တစ်စီးမှ မတွေ့သေးပေ။ သူ့ရှေ့ရေးကိုတွေးပြီး လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

"ကျွိ. . . ဖြန်း"

ရုတ်တရက် ကားဘရိတ်အုပ်သံနှင့်အတူ ကတ္တရာလမ်းမှ ချိုင့်ခွက်ထဲမှရေအချို့ သူ့ခန္ဓာကိုယ်ကိုလာစဉ်၍ အတော်လန့်သွားသည်။ မျက်နှာမှာလာစဉ်သည့် ရေစက်တို့ကို အသာသပ်ချပြီး ရှေ့က ကတ္တရာလမ်းပေါ်လှမ်းကြည့်လိုက်၏။

နောက်ဆုံးပေါ် ကိုယ်ပိုင်ကားလှလှလေးတစ်စီး မှတ်တိုင်ကို အနည်းငယ်ကျော်သွား၍ ရပ်သွားတာတွေ့လိုက်ရ၏။ ခဏနေတော့ နောက်ပြန်ဆုတ်လာပြီး သူ့ရှေ့တည့်တည့်မှာရပ်သွားသည်။ သူကြောင်ပြီးကြည့်နေမိသည်။ ထိုအချိန်လေးအတွင်းမှာပင် ရေငွေ့တွေ မှုန်ဝါးနေသော မှန်လေးတစ်ခု တရိပ်ရိပ်ကျလာတာမြင်လိုက်ရတော့. . .။

"ဟင်. . ."

အံ့ဩမှုနှင့်အတူ ယောင်ပြီး မတ်တတ်ရပ်လိုက်မိ၏။

"ဘာကြောင်ကြည့်နေတာလဲ. . . ကားပေါ်တက်လေ"

သူရုတ်တရက်ဆိုတော့ ယောင်နနနှင့် ကြောင်တောင်တောင်ဖြစ်ကာ ရပ်နေမိသေးသည်။

"အမြန်တက်လေ. . . မိုးတွေပိုရွာလာပြီ"

သည်တစ်ခါတော့ သူ့ခန္ဓာကိုယ်သည် ဆွဲငင်အားတစ်ခုနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားသလိုဖြစ်သွား၏။ အသိစိတ်က အံ့ဩမှုတို့နှင့်လုံးထွေးနေစဉ်မှာပဲ သူ့ကားထဲက ထိုင်ခုံလေးပေါ်မှာ ထိုင်လျက်သားလေးပါသွားတော့သည်။

စကားပြောတတ်သော ပါးစပ်ပေါက်တွေ ကိုယ်စီပါလျက်နှင့် တိတ်ဆိတ်ငြိမ်သက်နေခြင်းမှာ ခြောက်ကပ်ကပ်နိုင်လှသည်ဟု သူထင်မိသည်။ သို့သော် ပြောဖို့ စကားပေါင်းများစွာရှိလျက်နှင့် သင့်တော်မည့်စကားလုံး

တစ်လုံးမှ ရွေးမရသလိုဖြစ်နေ၏။ အေးစိမ့်နေသော ကားလေးထဲတွင် အနောက်တိုင်းသီချင်းသံသဲ့သဲ့လေးနှင့်အတူ ပျံ့လွင့်နေသော သင်းရှုရှုရနံ့တစ်ခုမှလွဲ၍ အရာရာငြိမ်သက်လျက်. . .။

"လိပ်စာပြောဦးလေ. . . ဘယ်ပို့ပေးရမှာလဲ"

ဟုတ်သားပဲ. . .။ သူ့အိမ်လိပ်စာမပြောဘဲ သူဘယ်လိုသိနိုင်မှာလဲ၊ နောက်ပြီး လိပ်စာမေးတယ်ဆိုတော့ ငါ့ကိုလိုက်ပို့ပေးမလို့ထင်တယ်။ လူကိုယ်တိုင် ကားပေါ် ဘုမသိဘမသိတက်ထိုင်ပြီးမှ အခုလို အူကြောင်ကြောင်အတွေးတွေးလိုက်မိသောကြောင့် သူ အနည်းငယ်ရှက်သွားမိသည်။ သူ့ကိုအိမ်ပြန်မပို့လို့ ဘယ်ခေါ်သွားရမှာလဲ၊ လူကြီးတစ်ယောက်လုံး ကားပေါ်ရောက်နေမှတော့ အိမ်ပြန်ပို့ရုံအပြင်ဘာရှိဦးမှာလဲ၊ သူ့ကို ဟိုက သူ့အိမ်ခေါ်သွားဖို့ ဆန္ဒရှိမှာမဟုတ်တာတော့ကျိန်းသေပင်။

သူ လိပ်စာတစ်ခုရွတ်ပြလိုက်သည်။ သေချာအောင်ထပ်မေး၍ ထပ်ရွတ်ပြလိုက်ရသည်။

တိတ်ဆိတ်ခြင်းတို့ ပြန်လည်ကြီးစိုးလာပြန်သည်။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်၊ မဆိုနိုင်လောက်အောင် ရန်ဖြစ်ထားကြတာမဟုတ်သော်လည်း ဘာလို့မှန်းမသိ စကားတစ်လုံးမှမပြောဖြစ်။ သူကလည်းသူများကားကို အလကားတက်စီးပြီး ကျေးဇူးတင်စကားလေးတောင် မပြောရဲခဲ့။ ကားရှေ့မှာပေါ်သည့်အရိပ်တွေကိုသာ စူးစိုက်ကြည့်နေမိတော့၏။

"အရှေ့ကလမ်းမှာ. . . ညာချိုးလိုက်ရင် ရောက်ပါပြီ"

ကတ္တရာလမ်းမပေါ်မှ မြေလမ်းလေးပေါ်သို့ ကားလေးချိုးကွေ့စဉ် ငြိမ့်ခနဲဖြစ်သွားပြီး ခန္ဓာကိုယ် အနည်းငယ်ယိုင်အသွားမှာ ကိုယ်သင်းရနံ့မွှေးမွှေးလေးတစ်ခု နှာခေါင်းထဲတိုးဝင်လာသည်။ နှလုံးသားမှာမီးတောင်ပေါက်ကွဲသလို ကမ္ဘာပျက်မတတ် ဟီးဟီးထသွား၏။

ကားပေါ်က အဆင်းမှာ သူ့ရဲ့ပထမဦးဆုံး ကျေးဇူးတင်စကားကို အိမ်ရှေ့ရောက်တော့မှ နောက်ဆုံးပြောဖြစ်ခဲ့သည်။





"ကျေးဇူးတင်ပါတယ်. . . သဲလင်းဖြူ"

အပြုံးစတစ်ခုကို အလှဆုံးတပ်ဆင်ရင်း သူ့ကိုကြည့်ကာ. . .

"ကျေးဇူးတင်ဖို့ သတိရသေးလို့. . . ကျေးဇူးတင်ပါတယ်"

သူ နည်းနည်းတော့ ရှက်သွားသည်။ အားလည်းအတော်နာသွားသည်။ သို့သော် ဘာမှတော့ပြန်မပြောဖြစ်။

နောက်ထပ်အပြုံးတစ်ခု မျက်နှာပေါ် လှစ်ခနဲအဖြတ်မှာ သူသိပ်ချစ်ရတဲ့ သွားတက်ကလေးက ပေါ်ဖြစ်အောင်ပေါ်လိုက်ပါသေးသည်။ သူကလည်း မြင်ဖြစ်အောင်မြင်လိုက်သေး၏။

● ● ●

## ကျောင်းသူ

တချို့ ခရေပင်တွေအောက်မှာ ခရေပန်းကောက်နေကြသည်။ တစ်ချက်တစ်ချက် လေအဝှေ့တွင် ကြွေကျလာသော ခရေပွင့်တို့ကို သူထက်ငါ အလုအယက်ကောက်နေကြ၏။ တချို့ကျောင်းသူတွေက ခရေပွင့်လေးတွေ ကြွေအကျကိုပင် စောင့်စားချင်ပုံမရ။ အပင်ပေါ်မှ ခရေခက်များကို မမှီတမီ ခုန်ခုန်ဆွဲနေကြသည်။ အန္တရာယ်များလွန်းသည်ဟု သတိုး တွေးမိသည်။ ဘောင်းဘီဝတ်ထားသော ကျောင်းသူတွေဆို တော်သေးသည်။ ထဘီဝတ်ထားသော ကျောင်းသူတွေဆိုမလွယ်၊ မတော် ထဘီအောက်နားစကို သူ့တုန်းကလို ခြေဖျားနဲ့သာ တက်နင်းမိလိုက်လို့ကတော့ ငါးပါးမှောက်သွားနိုင်သည်။ သို့သော် ကျွမ်းကျင်ရာလိမ္မာရာပဲဖြစ်မည်။ သူထင်သလို တစ်ဦးတစ်ယောက်မှ ဖြစ်မလာခဲ့ပေ။

"ငါ. . . ခရေပန်းလေးဖြစ်ချင်လိုက်တာကွာ"

အေးကို၏ လွမ်းလွမ်းဆွေးဆွေးစကားကြောင့် အားလုံးလှည့်ကြည့်လိုက်ကြသည်။

"ဘာဖြစ်လို့လဲ"





"ဟိုမှာကြည့်ပါလား. . . ငါလည်း ခရေပန်းကလေးသာဖြစ်လိုက်ရင် ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေမှာပဲကွ"

အလွန်တရာ ကြီးကျယ်မြင့်မြတ်သော ဒဿနတစ်ရပ်ပါပေ၊ အေးကို အတော်ကလေးရည်မှန်းချက်ထားပြီး တွေးထားပုံရသည်။

"မင်းဟာ. . . ငပေါပဲ အေးကို"

ဝေယံ၏ချိုးကျူးစကားကြောင့် အေးကို ဆတ်ခနဲဖြစ်သွားကာ မျက်စောင်းလှည့်ထိုးသည်။ အလွန်တရာ ရွံ့စရာကောင်းသော မျက်စောင်းဖြစ်သည်ဟု သတိုးတွေးမိလိုက်သည်။ သူဘယ်လိုမှခံစားလို့မရ၊ သဲလင်းဖြူသာ အေးကိုနေရာမှာဆို အတော်လေးချစ်ဖို့ကောင်းသွားမည်ဟု သတိုးတွေးလိုက်ရင်းမှ အတွေးကို ချက်ချင်းဖျောက်ဖျက်ပစ်လိုက်ရသည်။

"ဒီလောက်နေပူနေတာကွာ. . . ခရေပန်းတွေကောက်ပြီး ဘာလုပ်မလို့လဲမသိဘူး"

"ဟ. . . ပန်မလို့နေမှာပေါ့ကွ"

"ဝယ်ပြီးပန်လိုက်လည်း ပြီးတာပဲကွာ"

"ဝေယံ. . . မင်းအဲဒီလိုမပြောနဲ့လေ. . . ပန်းဆိုတာ ကိုယ်ကိုယ်တိုင်ခူးပြီးပန်ရတာ ပိုတန်ဖိုးရှိတယ်ကွ"

"မင်း ပန်ဖူးလို့လား"

ဝေယံ့စကားကြောင့် အောင်ကိုဦးပြောနေရာမှ တွန့်ခနဲဖြစ်သွားကာ

"မင်းညီမကို ငါကိုယ်တိုင်ခူးပြီး ပန်ပေးဖူးလို့ပေါ့"

အောင်ကိုဦးစကားကြောင့် ဝေယံ အော်ရယ်နေလိုက်သည်။ အောင်ကိုဦး ရှက်ကိုးရှက်ကန်းထပြောမှန်းသိသာသည်။ သူ့မှာ ညီမဆိုလို့ မွေးလို့တောင် ရှုစရာမရှိတာ သည်ကောင်လည်းသိသောကြောင့်ဖြစ်သည်။

"မင်းတို့တွေ တောင်စဉ်ရေမရစကားတွေ ပြောမနေကြနဲ့. . . မနက်ဖြန်ပွဲအတွက် ပြင်ဆင်စရာရှိတာ ပြင်ဆင်ကြဦးနော်"

ရဲဆွေလတ်က ဆရာကြီးလေသံနှင့်ဝင်ပြောတော့မှ မနက်ဖြန် သူတို့

ဌာနနှင့် ဘူမိဗေဒဌာန ဘောလုံးပွဲရှိတာ သွားသတိရလိုက်ကြသည်။ တက္ကသိုလ်ဘောလုံးကွင်းမှာ ချိန်းကန်ကြခြင်းပင်။ ချိန်းကန်ကြသည်ဆိုသော် လည်း ကြီးကြီးကျယ်ကျယ်တော့မဟုတ်။ အတန်းထဲက ဘယ်ကောင်တွေ လျှာရှည်ပြီး ချိန်းလာကြမှန်းမသိသောပွဲပင်။ အပျော်ပွဲလေးသာဖြစ်သည်။ ကန်ကြမယ့်သူများကို ပေါက်ပေါက်စိစိစုလိုက်မှ တစ်သင်းစာ (၁၁)ယောက် တောင်မပြည့်။ သူတို့လေးယောက်ပါပါမှ (၁၀)ယောက်သာရှိသည်။ ဂိုးသမား တစ်ယောက်လိုနေ၍ နောက်ဆုံး မဲစနစ်ဖြင့်ရွေးလိုက်ရသည်။ မဲပေါက်သွား သောသူမှာ အရပ်(၅)ပေပင်မပြည့်သော သူတို့မေဂျာက သောင်းအေးဆိုတဲ့ ဂျပုတစ်ကောင်ဖြစ်နေသည်။ သို့သော် မတတ်နိုင် ရှိတာလေးနဲ့တော့ဖြစ် အောင်လုပ်ရပေမည်။ သူတို့နှင့်ကန်မယ့်အသင်းကတော့ အခုတလော ဒီ တက္ကသိုလ်တွင် နာမည်ကြီးနေသော ဘူမိအသင်းဖြစ်နေ၍ နိုင်ဖို့တော့လမ်း မမြင်၊ ကစားကွက်ကော၊ လူအင်အားပါ တောင့်တင်းသောအသင်းဖြစ်၍ အပြတ်အသတ်မရှုံးအောင်သာ ခံဆော့ဖို့ရှိသည်။ ဘူမိဗေဒဆိုတာ မေဂျာ သဘောအရ ယောက်ျားလေးအင်အားများသောကြောင့် ဘောလုံးကန်မယ့် ကောင် သိပ်မရှားလှ။ သူတို့မေဂျာမှာသာ မကန်တတ်တဲ့ကောင်ရော ကန် တတ်တဲ့ကောင်ပါ စုလိုက်မှ လူက စုစုပေါင်း(၁၁)ယောက်၊ အရန်လူ နတ္ထိ မောလို့ လဲစရာလူမရှိ။ ကွင်းထဲမှာ လျှာထွက်နေပါစေ သေသေကြေကြေ ကန်ရမည့်ပွဲပင်။ ဒါပေမဲ့ အားပေးမယ့်သူကတော့ ထုံးစံအတိုင်း တန်းလုံး ကျွတ်ပင်။ မနက်ဖြန် စနေနေ့ ကျောင်းပိတ်ရက်လည်းဖြစ်သောကြောင့် ရှိတဲ့သူ အကုန်လာအားပေးကြပေလိမ့်မည်။

"ဝေယံ မင်းဘောလုံးကန်တတ်လား"

"ကန်တတ်တာပေါ့ကွ. . . ငယ်ငယ်က ငါ့အဖေနဲ့ငါ ပလတ်စတစ် ဘောလုံလေးနဲ့ ဆော့နေကြ. . . ဘာလို့မကန်တတ်ရမှာလဲ"

အေးကိုသက်ပြင်းချကာ အောင်ကိုဦးကို လှမ်းမေးလိုက်သည်။

"မင်းရော. . ."





"ငါ့ရှေ့ရောက်တဲ့ဘောလုံးကို ထိအောင်တော့ ကန်တတ်တယ်"

အသင်းအတွက် အတော်အားထားရမယ့် အကောင်ပဲဖြစ်သည်။

"ရဲဆွေလတ်"

"ဒီကောင့်လိုပဲ"

အောင်ကိုဦးနဲ့ အပေးအယူမျှမျှတတ ကစားသွားမယ့်အနေအထားမှာ ရှိသည်။

"သတိုး မင်းတော့ နည်းနည်းပါးပါးရမှာပေါ့"

"ရွာမှာတော့ ကန်ဖူးပါတယ်. . . ဒါပေမဲ့ ဒီလိုကွင်းမျိုးမှာ မကစား ဘူးကွ. . . ဟိုမှာ ငါတို့က လယ်ကွင်းထဲမှာကန်တာ"

ဘာပဲဖြစ်ဖြစ် သည်ကောင်တော့ မဆိုးဘူးဟုမှတ်လိုက်သည်။

"ဒါနဲ့ နေပါဦး. . . မင်းက သူများတွေလိုက်မေးနေရအောင်. . . မင်းကရော ကန်တတ်လို့လား"

ဝေယံက အေးကိုကို မကျေမနပ်လှမ်းမေးလိုက်တော့ အေးကိုမျက်နှာ ငယ်လေးနဲ့ဖြစ်သွားကာ. . .

"ငါ ဘောလုံးကို ထိတောင်. . . သိပ်မထိဖူးပါဘူးကွာ"

"သိပ်ကောင်းတာပေါ့ အေးကိုရာ"

## ၂
## နှစ်

မေဂျာ ဘောလုံးပွဲကြီး ခြိမ့်ခြိမ့်သဲကျင်းပကြလေပြီ။ နှစ်ဖ
အသင်းကို အားပေးသူပရိသတ်များကလည်း ကွင်းလုံးပြ
ဖြစ်ကြ၏။ အင်္ဂလိပ်စာမေဂျာအသင်းက အင်္ဂလန်အသ
အကျႌကို ဝတ်ဆင်ထားပြီး၊ ဘူမိဘောလုံးအသင်းကတော့ သူတို့ဌာနတံဆိ
ရိုက်ထားသော အနီရောင်အကျႌကို ဝတ်ဆင်ထားကြသည်။ ဘူမိအသင်း
ဘောလုံးသမား အယောက်(၂၀)လောက်ရှိပြီး၊ အင်္ဂလိပ်စာမေဂျာအသ
ကတော့ မနက်ကမှ မရမက ထပ်ခေါ်ထားရသည့် လူသုံးယောက်ပါပေါင်း
အားလုံး(၁၄)ယောက်တိတိဖြစ်သည်။ ကွင်းလယ်ဒိုင်လူကြီးအနေနှင့် ဥပဒေ
တင်ကိုအုံးက တာဝန်ယူပေးသည်။ စည်းကြပ်ဒိုင်များအဖြစ် မြန်မာစာ
နှစ်ယောက်နှင့် ရူပဗေဒမှ နှစ်ယောက်ဖြစ်ကြသည်။ စည်းကြပ်ဒိုင်မျာ
အိမ်တွင် အလံများမေ့ကျန်ခဲ့သောကြောင့် ကျောင်းသားတချို့ဆီမှာပါလာ
သော ခေါက်ထီး တစ်ယောက်တစ်လက်ကို အလံအဖြစ် ကိုင်ထားကြ
သည်။

ဘောလုံးပွဲကို ညနေ(၄)နာရီတွင်စရန် နှစ်ဖက်အသင်းခေါင်းဆော
များက သတ်မှတ်လိုက်ကြသည်။





"ဘူမိကွ. . . ဘူမိ. . . အသေချမယ့် ဘူမိကွ"

"အီးကွ. . . အီး. . . အီးထွက်အောင်ကန်မယ့် အီးမေဂျာကွ"

ကွင်းလုံးပြည့်ပရိသတ်မှ အားပေးသံများ ဟိန်းဟိန်းထွက်နေကြသည်။ တို့နှစ်မေဂျာတင်မက တခြားမေဂျာများကလည်း ဆိုင်ရာဆိုင်ရာ လာ က်အားပေးကြသောကြောင့် ပရိသတ်မှာ အားရစရာအတော်ကောင်းပါ ည်။ အားရစရာမကောင်းတာကတော့ သူတို့အင်္ဂလိပ်စာအသင်းပင်ဖြစ် ည်။ ပထမဦးဆုံး ပြဿနာစတက်တာကတော့ အေးကိုပင်ဖြစ်၏။ အေးကို ည် ဘောလုံးပွဲမစတင်မီ နာရီဝက်အလိုလောက်ကတည်းက ဘောလုံးကွင်း းတွင် ဟန်ရေးပြရင်း သွေးပူလေ့ကျင့်ခန်း အလုပ်လွန်သွားသောကြောင့် က်တက်သွားလေသည်။ မနည်းဝိုင်းပြုစုလိုက်မှ ကောင်းသွားသည်။ ောင် ခြေထောက်က ထော့နဲ့ထော့နဲ့ဖြစ်နေသေး၏။

ဝေယံက ကစားသမားများ မောလျှင်သောက်ဖို့ယူလာသော Ve Ve ကျည်းဖျော်ရည်ကို တစ်လုံးပြီးတစ်လုံး ဖောက်သောက်နေသောကြောင့် းဆဲတာ ခံလိုက်ရသည်။ သတိုးက သူ့ခြေထောက်ထက် လက်သုံးလုံးခန့် နေသည့် ဘောလုံးကန်ဖိနပ်ကို ဘယ်လိုဝတ်ရမလဲစဉ်းစားရင်း ခေါင်း ာက်နေသည်။ ဖိနပ်က သူ့ဖိနပ်မဟုတ်ပေ။ သူ့မှာလည်း ဘောလုံးကန် ပ်မရှိ၊ ဒါကြောင့် သူတို့မေဂျာကကောင်ရဲ့ ဖိနပ်အပိုတစ်ခုကို ယူဝတ် င်းဖြစ်သောကြောင့် ဒုက္ခရောက်နေ၏။ နောက်ဆုံးတော့ ဘောလုံးကွင်း းမှာတွေ့သည့် အဝတ်စုတ်တစ်ခုကို ဖိနပ်ရှေ့တွင် ခုပြီးစီးလိုက်မှအဆင် သွားသည်။ ရဲဆွေလတ်နဲ့ အောင်ကိုဦးကတော့ ပရိသတ်ထဲသွားပြီး ားများနေကြသည်။

ဘောလုံးပွဲကြီးစဖို့ (၅)မိနစ်သာလိုတော့ကြောင်းနှင့် ကိုယ့်အသင်း းများကို တစ်စုတစ်စည်းတည်း စုစည်းထားကြပါရန် သက်ဆိုင်ရာဒိုင်မှ ်ခေါင်းထွက်မတတ် အော်ပြောသံကို ကြားလိုက်ရတော့ တစ်ခဏ တွင်းပင် သူ့နေရာနှင့်သူ အနည်ထိုင်နေကြသော အားကစားသမားများ

ရုတ်တရက် အလုပ်များသွားကြသည်။ နီးရာလူ ပြေးခေါ်သူခေါ်၊ ပျောက်[...]
သောလူ ရှာသူရှာ၊ အားလုံးအလုပ်ရှုပ်ကုန်ကြလေပြီ။

"ဟေး. . . ဂိုးသမားကော၊ ဂိုးသမား"

"ဂိုးသမား. . . ဘယ်ရောက်သွားလဲဟေ့"

အားလုံးလူစုံပြီ၊ သို့သော် ဂိုးသမားတစ်ယောက်ကို ဘယ်လိုမှရှာ[...] ဖြစ်သွားသည်။ အသင်းခေါင်းဆောင် ကြက်ခေါင်း(ခေါ်)မောင်ထွန်း အ[...] အကျယ် မျက်နှာပျက်နေသည်။

"ဟေ့. . . ရှာကြပါဦးဟ. . . ရှာကြပါဦး"

ဘောလုံးတစ်သင်းလုံး တစ်ကွင်းလုံးအနှံ့ ဂျောင်းဂျောင်းပြေးအော[...] ရှာကြသော်လည်း သူတို့ဂိုးသမားနှင့် ခပ်ဆင်ဆင်တူသည့် ကြွက်[...] တစ်ကောင်တောင် မတွေ့ပေ။

လူတွေ ယောက်ယက်ခတ်နေသည့်ကြားမှ ဝေယံက သတိုးနား[...] လာ၍. . .

"ဟေ့ကောင်. . . သဲလင်းဖြူတို့ရောက်နေကြတယ်"

"ဟင်. . ."

သတိုး မယုံသင်္ကာမျက်လုံးနှင့် ဝေယံကိုကြည့်လိုက်တော့. . .

"မင်းမယုံရင်နေ. . . ငါကိုယ်တိုင်တွေ့ခဲ့တာကွ. . . ငါ့ချစ်ချစ်[...] ဖိုးဆုလည်းပါတယ်"

သတိုး မယုံတစ်ဝက် ယုံတစ်ဝက်နှင့်. . .

"သူတို့နဲ့ဘာဆိုင်လို့ လာကြတာလဲကွ"

"သူတို့သင်္ချိုင်းပွဲတုန်းက ငါတို့ဆီက သွားအားပေးထားတယ်လေ[...] အခု ပြန်လာပြီး အားပေးတာနေမှာပေ့ါ. . . ပြီးတော့ အဲဒီကောင်မ[...] တွေက ဘောလုံးသိပ်ဝါသနာပါတာဆိုပဲ. . . ဟီး. . . ဟီး. . ."

ဝေယံ မိုးမမြင်လေမမြင် ပျော်နေပုံရသည်။ ခုန်ပေါက်ပြီး တ[...] နေလေသည်။ သူများကိုပြောပြီး သူကျမပျော်ဘူးလားဆိုတော့ ပျော်[...]





ပေ့ါ။ ဘာပြောကောင်းမလဲ၊ လူတစ်ယောက်လုံး လေထဲလွင့်သွားသလိုပဲ၊ ကိုယ်အရမ်းချစ်ရတဲ့သူ ကိုယ်တိုင်လာအားပေးတဲ့ပွဲမှ မပျော်ရင် ဘယ်ပွဲပျော်ရမှာလဲ၊ သည်ပွဲတော့ ချစ်သူရှေ့မှာ အသေအလဲအစွမ်းပြကစားပြလိုက်မည်ဟု သူတွေးထားလိုက်သည်။ သူရှေ့ရောက်လာတဲ့ ဘောလုံးတော့ သေပြီမှတ်. . .

"တွေ့ပြီဟေ့. . . ဒီမှာတွေ့ပြီ"

". . ."

"ဟေး. . . ဂျပုသောင်းအေးကွ"

"ဟေ့ကောင်. . . မင်း ကြွက်တွင်းထဲသွားပုန်းနေတာလား"

လူတွေအော်ဟစ်သံကြားမှ ဂိုးသမားပြန်တွေ့ပြီဖြစ်ကြောင်း သိလိုက်ရတော့ အားလုံးဝမ်းသာသွားကြသည်။ လူသုံးယောက်အလယ်မှာ စာခြောက်ရုပ်ကလေးကို ကုတ်က မ,လာသလို ပါလာသော သူတို့ဂိုးသမားသောင်းအေးအား အားလုံးတွေ့ကြမည်ဖြစ်ပေသည်။

"ခွေးမသား. . . ဂျပု. . . မင်းကို ငါတို့လိုက်ရှာနေတာကွ"

"ဒီကောင်ကို ဘယ်ကတွေ့လာတာလဲကွ"

"ဟိုအအေးဆိုင်က အဒေါ်ကြီးလာပြောမှ သိတာကွ. . . မင်းတို့အဖွဲ့က ကလေးလေးတစ်ယောက် တို့ဆိုင်နား လာအိပ်ပျော်နေတယ်ဆိုလို့သွားကြည့်လိုက်တော့ ဒီကောင်ဖြစ်နေတယ်. . . အဲဒါနဲ့ မနည်းနှိုးခေါ်လာရတာ. . . ခွေးမသား ညက ဘယ်လောက်များမှူးထားလဲမသိဘူး"

ဂိုးသမားသောင်းအေးကတော့ အားလုံးကို သွားလေးတဖြီးဖြီးနှင့် လိုက်ဖြီးပြနေရသည်။ အဲသည်အချိန်မှာပဲ ဘောလုံးပွဲကို စဖို့အချိန်သည် ရုတ်ရုတ်သဲသဲဖြစ်နေသည့်ကြားမှ ရောက်ရှိလာပါတော့သည်။

ဘောလုံးပွဲကြီး စပါပြီ. . . ၊ အင်္ဂလိပ်စာအသင်းက တောင်ဘက်ဂိုးစည်းတွင်နေရာယူ၍ ဘူမိအသင်းက မြောက်ဘက်ဂိုးစည်းတွင် နေရာယူကြသည်။ (သံလိုက်အိမ်မြှောင်မပါ၍ တောင်နဲ့မြောက် ဘယ်ဟာမှန်းမသိ

သော်လည်း သူတို့ဟာသူတို့ သတ်မှတ်လိုက်ကြသည်။) စပေးဘောကို အင်္ဂလိပ်စာအသင်းမှ ရရှိ၏။

"ရှိုး. . ."

ဒိုင်လူကြီး ဝီစီသံကြားတယ်ဆိုရင်ပဲ ဘောလုံးပေါ် ခြေထောက်တင်ပြီး ကွင်းအလယ်စည်းတွင် ဟန်ပါပါရပ်နေသော ရှေ့တန်းတိုက်စစ်မှူး ဝင်းညွန့်သည် တွန့်ခနဲဖြစ်သွားပြီး ဘောလုံးကို သူ့ရှေ့ကလူရှိရာ ကမန်းကတန်း ထိုးပေးလိုက်၏။

နံပါတ်(၂၀) အေးထွန်း ဘောလုံးရပြီးနောက် သူ့နောက်ကတွေ့တဲ့ ကောင်ဆီ လှမ်းပေးလိုက်တော့သည်။ သည်လိုနဲ့ ဘောလုံးပွဲကြီး စတင် အသက်ဝင်လာတော့သည်။

"ဟေး. . . အီးကွ. . . အီး"

"ဘူ. . . ကွ. . . ဘူ"

"ဘူမိကို လာမညိုနဲ့. . . မီးပွင့်သွားမယ်ကွ"

"ဟော့ကောင်. . . ဆွေကြီး. . . ချပစ်"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ရှိုး"

ပရိသတ်အားပေးသံများမှာ ကွင်းလုံးညံသွားသည်။ နှစ်ဖက်အသင်း အားကစားသမားများမှာလည်း အားပေးသံများကြောင့် ကြိုးကြိုးစားစား ကစားကြသည်။ သို့သော် လူမမျှသောကြောင့် ဘောလုံးသည် အင်္ဂလိပ်စာ အသင်းခြေထဲတွင် သိပ်မနေနိုင်၊ ဘူမိအသင်း၏အလယ်တန်းလူတစ်ယောက် ခြေထဲ ရောက်သွားပါတော့သည်။

"ဟေး. . . ဘူမိကွ. . . ဆွဲထား. . . ဆွဲထား"

ဘူမိအလယ်တန်းလူက အချိတ်အဆက်မိမိ ကန်တင်ပေးလိုက်သည့်ဘောလုံးကို ရှေ့တန်းတိုက်စစ်မှူးခြေထဲ ကွက်တိရောက်သွားသည်။ တစ်ယောက်လိမ်သည်။ ဘာအခက်အခဲမှမရှိပေ။ နောက်တစ်ယောက်ကို ထပ်ခေါက်သည်။ အသာလေးပါလာပြန်သည်။ ဘောလုံးကို အင်္ဂလိပ်စာ





ဂိုးဧရိယာစပ်ထဲ အတင်းဆွဲပြေးတော့သည်။ တစ်ချိန်တွင် အေးကိုက ဘယ်က ဘယ်လိုဝင်လာမှန်းမသိပေ။ ဘူမိရှေ့တန်းတိုက်စစ်မှူး၏ ဘေးဘက်မှ ကမူး ရှူးထိုး အတင်းဖြတ်လုပစ်လိုက်သည်။ ရှေ့တန်းတိုက်စစ်မှူးက ဘောလုံးကို ဆွဲနေရာမှ အသာဖမ်းထိန်းပြီး အနောက်ဘက်သို့ အနည်းငယ် ကိုယ်ကိုယို့ ပေးလိုက်တော့ အေးကို သူ့အရှိန်သူမနိုင်ဘဲ ကိုယ့်စရိတ်နဲ့ကိုယ် ထွက်သွား တော့သည်။

"ရှရော. . . ဘုန်း. . . အင့်"

ရှေ့တန်းတိုက်စစ်မှူးက အေးကိုရဲ့ ညည်းသံသဲ့သဲ့ကိုနားထောင်ပြီး နောက် စိတ်ချသွားသော အနေအထားနှင့် ဘောလုံးကို ပယ်နယ်တီဧရိယာ ထဲအရောက် အတင်းဆွဲပြေးပြီး ဂိုးရှေ့အရောက် အားကုန်ကျုံးကန်ထည့် လိုက်တော့သည်။

"ဘုန်း. . ."

"ဘုတ်. . ."

"အင့်. . ."

"ဂိုး. . ."

ဂိုးသမား ဂျပုသောင်းအေး ဘောလုံးကိုအဆီးအတားမရှိ တည့်တည့် ကြီးဖမ်းမိပါသည်။ သို့သော် ကန်ချက်ပြင်းလွန်း၍ ဘောလုံးရော လူပါ လုံးထွေးပြီး ဂိုးထဲဝင်ချသွားတော့၏။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ဟေး. . . ဘူမိကွ. . . ဘူမိ"

"အီးမေဂျာကွ. . . အားမလျှော့နဲ့. . . ပြန်ချကွ. . ပြန်ချ"

ပထမပိုင်းပွဲစလို့ (၇)မိနစ်ခန့်သာရှိသေးသည်။ ဘူမိအသင်းက တစ်ဂိုးရရှိသွားတော့သည်။ အေးကို၊ ဝေယံ၊ ရဲဆွေလတ်၊ အောင်ကိုဦးနှင့် သတိုးတို့သည် ယခုထိ ဘောလုံးကို ထိတောင်မထိရသေးပေ။

ဒုတိယအကြိမ် စပေးဘောလုံးကို စပေးလိုက်တယ်ဆိုရင်ပဲ အင်္ဂလိပ်

စာအုပ်သင်းသည် ယခင်ကထက် အားကြိုးမာန်တက် ကစားတော့သည်။ ပေးထားရသောရှုံးဂိုးကို ပြန်လည်ချေပနိုင်ရေးအတွက် တတ်သလောက် မှတ်သလောက် ဘောလုံးပညာလေးနှင့် အစွမ်းကုန်ကစားတော့၏။ ပရိသတ်ကြီးကလည်း အင်္ဂလိပ်စာဘက်မှ ပို၍အားပေးလာကြသည်။

ဘူမိလို ဒဂုံတက္ကသိုလ်၏ ပထမတန်းအသင်းကို စွမ်းအားရှိသလောက် ခံစားနေရသည့်အတွက် အင်္ဂလိပ်စာအသင်းကို အားလုံးက နားလည်ပေးကြသည်။ နောက်ဆုံး ဘူမိကျောင်းသားများကပါ အင်္ဂလိပ်စာအသင်း အားရှိစေရန် တစ်ခဲနက်အားပေးကြ၏။ ဘူမိအသင်းက အားကစားသမား များကလည်း ညာညာတာတာနှင့် အားကစားသမားကောင်းပီသစွာ ကစားပေးကြပါသည်။

တစ်ချိတွင် အေးကိုဆီသို့ ကွင်းလယ်စည်းဘက်မှအန်ထွက်လာသော ဘောလုံးသည် တန်းတန်းမတ်မတ်ကြီး ရောက်လာလေသည်။ အေးကို ဘောလုံးကိုကြည့်ပြီး ရင်ဖိုသွားသည်။ ပျော်လည်း အတော်ပျော်သွားကာ ဘောလုံးကို ညာခြေဖြင့် ဖမ်းထိန်းပစ်လိုက်၏။

"ဟေး. . . အေးကိုကွ. . . အေးကို"

"အီးမေဂျာ ဖိုက်တာ အေးကိုကွ. . . ဆွဲပြေး. . . ဆွဲပြေး"

ပရိသတ်၏ သူ့နာမည်ကိုခေါ်ပြီး အားပေးမှုကြောင့် အေးကို ကယောင်ကတန်းဖြစ်ကာ ယောင်နနနှင့်ဆွဲပြေးသည်။ လေးငါးခြောက်လှမ်း လောက်အရောက်တွင် တစ်ဖက်အသင်းမှ ညာအစွန်လူနှင့် ထိပ်တိုက်သွား တိုးတော့ ဘာလုပ်ရမှန်းမသိ ကြောင်ပြီးရပ်သွားတော့၏။

"အေးကို. . . ဘာလုပ်နေတာလဲ. . . ဒီဘက်ကိုပေး. . . ဒီဘက်ကို ပေး"

အေးကို ဝေယံ့အသံကြားတော့ လှမ်းကန်ပေးလိုက်တော့၏။ သို့သော် ကန်ချက်က မမှန်၍ တစ်ဖက်လူနှင့်ထိကာ သူ့ခြေထောက်ထဲပြန်ရောက် လာလေသည်။





"ဟေး. . . အေးကိုကွ. . . ထိန်းထား. . . ထိန်းထား မလွတ်စေနဲ့"

"အေးကို. . . ပြေး. . . ပြေး. . . အီးမေဂျာကွ. . . တောင့်ထား"

"ဟေး. . ."

ပြန်ရောက်လာသောဘောလုံးကို အေးကို မျက်စိမှိတ်ကာ ဖြစ်ချင်ရာ ဖြစ် အတင်းဆွဲပြေးတော့၏။ ဘောလုံးသည် ကွင်းအလယ်စည်းကို အတော် ကလေးကျော်လာပေပြီ။

"ဟေး. . . အခုမှ ခြေမှန်လာတာကွ. . . ခုန သနားလို့လျှော့ပေး ထားတာ. . . ဘာမှတ်လဲ. . . အဲဒါ အီးမေဂျာ အေးကိုကွ. . ."

ဘယ်ကောင်အော်လိုက်သော အသံမှန်းတော့မသိပေ။ သို့သော် အေးကို အတော်ကလေးဘဝင်မြင့်သွားကာ ဘောလုံးကို ဆက်မဆွဲတော့ဘဲ တအားကျုံးကန်ထည့်လိုက်တော့၏။

"ဘုံး. . ."

"ဒိုး. . ."

"အောင်မလေးဗျ"

ဝေယံအော်သံသည် ကွင်းလယ်ကို လျှံထွက်သွားသည်။ အေးကို တအားကျုံးကန်ထည့်လိုက်သော ဘောလုံးက ဝေယံ့ခေါင်းကိုသွားမှန်ပြီး ဘောလုံးသည် ထောင့်ဖြတ်အနေအထားဖြင့် ဝလုံးထိုးထွက်သွားကာ. . .

"ဂိုး. . ."

"ဟေး. . . အေးကို. . . အေးကို. . . အေးကို"

"အေးကိုကွ. . . အီးမေဂျာကွ"

တစ်ကွင်းလုံး အေးကိုနာမည် အော်သံတွေ စီစီညံသွားတော့၏။ တစ်ဖက်ဂိုးသမားလည်း ဘာမှမတတ်နိုင်တော့ပေ။ ရုတ်တရက် ဝေယံ့ခေါင်းမှ ထွက်လာသောဘောလုံးကို ကြောင်ပြီးကြည့်နေလိုက်ရတော့သည်။ ဘောလုံး သည် ဂိုးသမား၏ညာဘက်ထောင့်မှ တန်းတန်းမတ်မတ်ကြီးဝင်သွားပါသည်။

အေးကို ကွင်းလယ်မှာ ကြောင်တောင်တောင်ကြီးရပ်နေရာမှ သူ့ကို

လူတွေဝိုင်းဖက်နှုတ်ဆက်ကြတော့မှ အသိဝင်လာပြီး (TV)ထဲက ဘောလုံးသမားများလို အကျီချွတ်ကာ ဝှေ့ယမ်းပြီး ကွင်းပတ်ပြေးတော့သည်။ ဘာပဲဖြစ်ဖြစ် တစ်ဖက်တစ်ဂိုးစီ သရေကျသွားပါသည်။ ဘောလုံးပွဲက အခုမှပို၍ကြည့်ကောင်းလာတော့သည်။

"ဟေး. . . "

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

"အဲဒါ. . . ကာတင်အေးကိုကွ. . . အေးကို"

သည်တစ်ခေါက် စပေးဘောကို ပေးရမှာကတော့ ဘူမိအသင်းပင်ဖြစ်တော့သည်။ ဘောလုံးပွဲသည် တဖြည်းဖြည်း အရှိန်ကောင်းလာကာ သူ့ထက်ငါ အသေအလဲကန်ကြတော့သည်။ အင်္ဂလိပ်စာအသင်းကလည်း ချေပဂိုးရရှိထားသောကြောင့် အားတက်သွားပြီး နောက်ထပ်အနိုင်ဂိုးမပေးရရေးအတွက် တစ်သင်းလုံး နောက်တန်းဆင်းကာ ကျားကုတ်ကျားခဲကာကွယ်ကြတော့သည်။ ဘောလုံးသမား(၁၀)ယောက်လုံး ပယ်နယ်တီစည်းရှေ့တွင် ပြည့်ကျပ်နေ၍ တစ်ဖက်ဘူမိအသင်းက ဘယ်လိုမှ ထိုးဖောက်ကစားခွင့်မရဖြစ်နေတော့သည်။ သည်လိုနဲ့ ပထမပိုင်း(၄၅)မိနစ်သည် တစ်ဖက်တစ်ဂိုးစီနှင့် သရေကျကာ ပြီးဆုံးသွားပါတော့သည်။

"သတိုး. . . ရော့ အမောပြေသောက်လိုက်ဦး"

(၁၅)မိနစ်နားချိန်မှာ သူ့နားလာပြီး Ve Ve မန်ကျည်းဖျော်ရည်ကို သဲလင်းဖြူကိုယ်တိုင်လာပေးတော့ သတိုး တော်တော်အံ့ဩသွားကာ. . .

"ဟာ. . . ကျေး. . . ကျေးဇူးပါပဲဗျာ. . . ဟို. . . အားနာစရာကြီး"

"ရပါတယ်. . . ဒါနဲ့ခင်ဗျား ပထမပိုင်းသာပြီးသွားတယ်. . . ဘောလုံးလည်း တစ်လုံးမှမထိလိုက်ရပါလား"

သတိုး သောက်နေရင်းမှ နင်သွားသည်။ ဘာပြောလို့ပြောရမှန်းမသိဘဲ အအေးတောင်သီးသွား၏။

"အဲ. . . အဲဒါ. . . ဟို. . . ဘော. . . ဘောလုံးက ကျွန်တော့်ဆီမှ





မလာတာ. . . အဲ. . . အဲဒါကြောင့်"

"ဩော်. . . လက်စသတ်တော့ ခင်ဗျားက ဘောလုံးနဲ့ရန်ဖြစ်ထားတယ်ထင်တယ်"

အတည်ပေါက်ကြီး သူ့ကိုနှိပ်နေသော သဲလင်းဖြူကိုကြည့်ပြီး အတော်လေး မခံချိမခံသာဖြစ်သွား၏။ သူလာပေးတဲ့အအေး ဆက်သောက်ချင်စိတ်တောင် မရှိတော့ပေ။ အအေးက ဆက်သောက်ချင်လည်း သောက်လို့မရတော့၊ ကုန်ပြီ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် နောက်ကို သည်ကောင်မလေးနဲ့တွေ့ရင် သတိထားဆက်ဆံမှရတော့မည်ဟု တွေးလိုက်မိသည်။

"သတိုး. . . ပြောတာကြားလား"

"ဗျာ. . . "

"ဒုတိယပိုင်းကစားရင်. . . သေသေချာချာကစားလို့. . . နော်"

မပြောမဆို သူ့ဘေးနား ငုတ်တုတ်ကလေးဝင်ထိုင်ကာ တရင်းတနှီး သူ့ပခုံးကို လက်ကလေးနဲ့ကိုင်ပြီးပြောတော့ တစ်ကိုယ်လုံး မရိုးမရွကြီးဖြစ်သွားသည်။ သည်ကြားထဲ သူကလေးရဲ့ဝင်သက်ထွက်သက်က ပါးပြင်ပေါ်လာရောက်ရိုက်ခတ်သေး၏။ တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ဖျင်းဖျင်းထသွားတော့သည်။ ဒုက္ခတော့ရောက်ပြီ. . .။

"ကျွန်တော်. . . ခင်ဗျားကို အရမ်းခင်တယ်ဗျ. . . အဲဒါ ခင်ဗျားသိလား"

"ဗျာ. . . ဟုတ်. . . သိတယ်"

"သွားပါဗျာ. . . ခင်ဗျား မနောက်ပါနဲ့၊ ခင်ဗျားမသိပါဘူး. . . ခင်ဗျားက ကျွန်တော်ခင်သလို မခင်ပါဘူးဗျာ"

"ဟာ. . . ခင်ပါတယ် သဲလင်းဖြူရယ်. . . ကျွန်တော် ခင်ဗျားကို ခင်. . . ခင်ပါတယ်ဗျာ"

သူ့ကို ခနဲ့ပြုံးပြုံးပြီးကြည့်ရင်း. . .

"ခင်ဗျား. . . ကျွန်တော်ခင်သလောက် မခင်ပါဘူးဗျာ"

သူ ဘာဆက်ပြောရမှန်းမသိတော့ ခက်တော့နေပြီ၊ ငါ့ရင်ထဲက ခံစားချက်တွေ မင်းနားလည်ရင် မင်းငါ့ကို သည်စကားမျိုးပြောမှာတောင် မဟုတ်ပါဘူး ကောင်မလေးရယ်"

"ကျွန်တော့်သူငယ်ချင်းတွေကိုလည်း ခင်ဗျားအကြောင်းပြောပြထားတယ်၊ ခင်ဗျားက တခြားယောက်ျားလေးတွေနဲ့ မတူဘူးဆိုတဲ့အကြောင်း၊ ခင်ဗျားက ရိုးသားတယ်၊ ဖြူစင်တယ်လို့၊ နောက်ပြီး ခင်ဗျားမျက်နှာက အမြဲတမ်း ကြည်လင်နေတယ်၊ ဟန်ဆောင်မှုမရှိဘူးဗျ. . . ကျွန်တော်က အဲဒါကြောင့် ခင်ဗျားကိုအရမ်းခင်တာ. . . ကျွန်တော့်ရဲ့ပထမဆုံးယောက်ျားလေးအသိမိတ်ဆွေက ခင်ဗျားပဲ. . . သိလား"

ကြားရသောစကားကြောင့် အရမ်းအံ့ဩသွားသလို ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်သွားပြီး ခေါင်းငုံ့ပစ်လိုက်သည်။ ရင်ထဲကိုသာ မင်းဝင်ကြည့်ခဲ့ရင် ငါ့ကိုမင်း သည်လိုစကားမျိုးပြောနိုင်ပါ့မလား ကောင်မလေးရယ်. . .။ သူ သက်ပြင်းတစ်ချက်ခိုးချမိသည်။ (သူမမြင်သွားပါစေနဲ့. . .) အဲဒီအချိန်မှာ ဒုတိယပိုင်းစဖို့ ဝီစီသံကိုကြားလိုက်ရသည်။ တော်သေးသည်၊ ဟိုတစ်ခါ လမ်းလယ်ကောင် ပုဆိုးကျွတ်သည့်ကိစ္စမမေးတာ ကျေးဇူးတင်ရမည်။ အဲဒါ ဆိုရင်တော့ ရှူးပြီ. . .

"ခင်ဗျား သေချာကန်နော်၊ ကျွန်တော် ဒီနားက ခင်ဗျားကိုအားပေးနေမယ် သိလား၊ ဘောလုံးတွေ့တာနဲ့ ဆွဲသာပြေး. . . ကြားလား"

"ဟုတ်. . . ဟုတ်ကဲ့"

သူ အတွေးပေါင်းစုံနဲ့ ကွင်းထဲကိုဝင်လာခဲ့သည်။ အင်း. . . သူကလေး စိတ်ကျေနပ်အောင်တော့ သည်တစ်ခါ ဘောလုံးကို မရမကဝင်လုမည်ဟုတော့ စိတ်မှာတေးထားလိုက်မိ၏။

ဒုတိယပိုင်းစတယ်ဆိုရင်ပဲ ဘူမိအသင်းသည် အရင်ကလိုမဟုတ်တော့ဘဲ ကစားကွက်ပြောင်းကာ နည်းဗျူဟာအသစ်ဖြင့် ကစားလာတာတွေ့ရသည်။





အင်္ဂလိပ်စာအသင်းကတော့ စိတ်ဓာတ်သာရှိသော်လည်း ကစားကွက်က ကြံ့ရာကျပန်း၊ လူနေရာကမမှန်၊ သက်လုံကမကောင်း၍ ပထမပိုင်းလောက် သိပ်မကစားနိုင်တော့ပေ။ ဘူမိအသင်းကလည်း အင်္ဂလိပ်စာလို အသင်းမျိုးနှင့် တစ်ဂိုးစီသရေဖြစ်နေသောကြောင့် ခံပြင်းသွားပုံရသည်။ ဒုတိယပိုင်းမှာ အကွက်စိတ်စိတ်နှင့် ထိထိမိမိကစားလာတော့သည်။ ဒါကြောင့် ဒုတိယပိုင်းစလို့ (၁၅)မိနစ်ခန့်တွင် (၃)ဂိုးအသွင်းခံလိုက်ရပါတော့သည်။ အခုဆို (၄)ဂိုး (၁)ဂိုးဖြစ်သွားပြီ။ အောင်ကိုဦးနှင့်ရဲဆွေလတ်က မခံနိုင်တော့ဘူးဆိုပြီး အရန်လူနှစ်ယောက်နှင့် လူလဲသွားတော့သည်။ သတိုးရင်ထဲမှာ နိုင်တာရှုံးတာထက် ဘောလုံးရရှိရေးကိုသာ အာရုံရောက်နေ၏။ ဒါမှ သဲလင်းဖြူရှေ့မှာ အစွမ်းပြခွင့်ရမှာကိုး. . .

သတိုးရည်ရွယ်ချက် အောင်မြင်ပါသည်။ ပွဲပြီးခါနီး (၁၅)မိနစ်လောက် အလိုတွင် ဘူမိအလယ်တန်းလူကန်လိုက်သော ဘောလုံးသည် အေးကို ခြေထောက်နှင့်ထိကာ လျှံထွက်သွားပြီး သူ့ရှေ့သို့ တန်းတန်းမတ်မတ်ကြီး တုတ်ခနဲ လာကျတော့သည်။ သတိုးရင်ထဲ ဘောလုံးကိုကြည့်ပြီး အပျော်လွန်သွားကာ လှိုက်ခနဲတောင်ဖြစ်သွားသည်။ လူကလည်း ပျော်လွန်းလို့ မျက်လုံးနှစ်လုံး မီးဝင်းဝင်းတောက်မတတ် အရောင်လက်သွားတော့သည်။

သတိုး ဘောလုံးဆီသို့ ရွှေဆွဲကြိုးတွေ့သည့် သူတောင်းစားလို အသေအလဲပြေးသွားလိုက်၏။ တွေ့ကြပြီပေါ့ သဲလင်းဖြူရယ်၊ မင်း သတိုးအစွမ်းကို မျက်ဝါးထင်ထင်တွေ့ရပြီပေါ့ကွာ၊ ရင်ထဲမှာ အတွေးများနဲ့ပျော်နေပြီး ဘောလုံးကို ညာခြေနှင့်တစ်ချက်ဖမ်းထိန်းကာ ခြေဦးတည့်ရာသို့ ကမန်းကတန်းဆွဲပြေးတော့၏။

"သတိုးကွ. . . သတိုး. . . ဆွဲ. . . ဆွဲထား"

"ဟုတ်ပြီ. . . ဟုတ်ပြီ. . . ဒါမှ ဒို့သတိုးကွ. . . မှတ်ထား"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ရှီး"

အားပေးသံများ ကွင်းလုံးညံသွားတော့၏။ အားလုံးထဲမှာ သဲလင်းဖြူ

အသံလေးက အကျယ်ဆုံးဖြစ်မည်ဟု သတိုးထင်မိသည်။ ဘာပဲဖြစ်ဖြစ် ဘောလုံးတော့ရပြီ၊ ဘောလုံးက သူ့ခြေထဲမှာမြဲနေဖို့လိုသည်။ နောက်တစ်ခါ ဒါမျိုးထပ်ရဖို့ဆိုတာမလွယ်တော့။ ဒါကြောင့် သူ ဘောလုံးကိုပဲ အာရုံမဲကာ ပတ်ဝန်းကျင်ကို မေ့သွားတော့၏။

သူ့ရှေ့ပြေးလမ်းမှာ လူရှင်းသွားသည်။ ပတ်ဝန်းကျင်အသံများလည်း နားထဲဘာမှမကြားတော့။ သူ့အာရုံထဲမှာ ဘောလုံးပဲ။ ဖြစ်နိုင်လျှင် လက်နဲ့တောင် ကောက်ပြေးချင်သည်။ ဆွဲပြေးလာရင်း သူတို့အသင်းမှ ကောင်တစ်ကောင်နှင့်တွေ့သည်။ အချင်းချင်းဆိုသော်လည်း ဘောလုံးပေးရမည်စိုး၍ အဲဒီကောင်ကိုပါ လိမ်ပစ်လိုက်သည်။ ဟိုကောင် ယက်ကန်ယက်ကန်နှင့် ကျန်ခဲ့လေသည်။ သတိုး ဘောလုံးကို နွားသိုးကြိုးပြတ် ကမူးရှူးထိုး ဆွဲလာရင်း မျက်ဝန်းထဲမှာ ဂိုးတိုင်တစ်ခု ရိပ်ခနဲပေါ်လာတော့၏။ အရမ်းဝမ်းသာသွားသည်။ ညာဘက်ထောင့်လေးလွတ်နေသည်။ ဂိုးသမားလည်း မတွေ့မိ။ ဟုတ်ပြီ. . . ချပြီ ကဲ. . . လာထား. . .

"ဘုန်း. . ."

ရှိသမျှအား အကုန်ထည့်ပြီး အားကုန်ကျုံးကန်ထည့်လိုက်၏။ သူ ခန့်မှန်းထားသည့်အတိုင်းပင် ဘောလုံးသည် ချစ်စရာကောင်းစွာ တန်းတန်းမတ်မတ်ကြီး ဂိုးထဲဝင်သွားပါတော့သည်။

"ဂိုး. . ."

"ဟေး. . ."

သတိုး အပျော်လွန်သွားကာ နေရာတွင်ပင် နှစ်ပတ်ကျွမ်းထိုးပြီး ကွင်းကို နှစ်ပတ်လောက် ပတ်ပြေးပစ်လိုက်သည်။ ပြီးမှ ပတ်ဝန်းကျင်ကို လှေ့လာလိုက်တော့ သူ့ကိုအံ့သြခြင်းကြီးစွာကြည့်နေသော သဲလင်းဖြူလေးကို မြင်လိုက်ရလေသည်။ သဲလင်းဖြူ သူ့ကိုအားပေးနေရမယ့်အစား မျက်လုံးလေးပြူးပြီးကြည့်နေတော့ အတော်လေးကြောင်သွားသည်။ ပြီးတော့ သူ့အသင်းကကောင်တွေ ပျော်ပြီးခုန်ပေါက်နေရမယ့်အစား ဘူမိကကောင်





တွေက ပျော်ပြီး ခုန်ပေါက်လျှောက်ပြေးနေကြ၏။ သတိုး ကွင်းလယ်တွင် ငူငူကြီးရပ်ပြီး သူခုန့သွင်းခဲ့သည့် ဂိုးတိုင်ဘက်လှမ်းကြည့်လိုက်တော့. . .

"ဟာ. . ."

သူ့အသင်းသားတွေအားလုံး စိတ်ပျက်လက်ပျက်လေးတွေနှင့် ဂိုးတိုင်ရှေ့ ခြေပစ်လက်ပစ် ထိုင်နေကြလေသည်။ သူအခုမှသိလိုက်ပြီး သူ့ဂိုးတိုင်မှားသွင်းမိပြီ။ ဘောလုံးကိုရတုန်းလေး အပျော်လွန်ကာ ဆွဲမိဆွဲရာ စွတ်ဆွဲပြီး စွတ်ရွတ်ကန်ထည့်လိုက်တာ ဒုက္ခအကြီးအကျယ်ရောက်သွားပြီ။ သတိုး ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ခေါင်းနားပန်းကြီးသွားတော့၏။

"ဟေး. . . ဒါမှ အင်္ဂလိပ်စာကွ. . . အီးမေဂျာကွ"

"ခေါက်ဆွဲ. . . သတိုးကွ. . . သတိုး"

အားပေးသံများကြောင့် မျက်နှာတစ်ခုလုံးနီရဲသွားကာ နေရာမှာတင် ငုတ်တုတ်ကလေး ပြုတ်ကျသွားတော့၏။

"သတိုး မင်းကွာ. . . ကိုယ့်ဂိုး သူ့ဂိုးတောင် မသိတော့ဘူးလားကွ"

အေးကိုက မချိတင်ကဲလာပြောတော့. . .

"ငါလည်း. . . ဂိုးတိုင်တွေ့လို့ ကန်ထည့်လိုက်တာကွ"

"ငါ မင်းကို အနောက်က ဒီလောက်အော်ပြောနေတာ. . . မင်း နားကန်းနေလား"

သတိုး ကိုယ့်အပြစ်နဲ့ကိုယ်မို့ ဘာမှပြန်မပြောရဲဘဲ ငြိမ်နေရ၏။

"မင်းက တကယ့်ငထူပဲကွာ"

အဲသည်နေ့က ပွဲပြီးသွားတော့ သူတို့အင်္ဂလိပ်စာအသင်း (၇)ဂိုး (၁)ဂိုးနှင့်ရှုံးသွားသည်။ အကောင်းဆုံး ဘောလုံးသမားဆုကို ဘူမိအသင်းမှရှေ့တန်းတိုက်စစ်မှူးကရရှိသွားပြီး၊ အသန့်ရှင်းဆုံးဆုကို သူတို့အသင်းမှ ဝေယံက ရရှိသွားသည်။ အညံ့ဆုံးဆုတော့ သူ့ကိုပေးလိုက်ကြ၏။ ဘာပဲဖြစ်ဖြစ် နောက်ဆို သူတို့မေဂျာကကောင်တွေ ဘယ်အသင်းနဲ့မှ ဘောလုံးချိန်းကန်ဖို့ ပါးစပ်တောင်ဟရဲတော့မှာ မဟုတ်တော့ပေ။ ဒါပေမဲ့ ပွဲပြီးသွားတော့ သဲလင်းဖြူက

သူ့ကိုလာပြီး အားပေးပါသည်။

"စိတ်ခုတ်မကျပါနဲ့ဗျာ. . . ခင်ဗျားက တစ်ဂိုးတော့သွင်းလိုက်သားပဲ"တဲ့. . .

စိတ်ညစ်ရပါလား ကောင်မလေးရယ်. . . အဲဒါ. . . မင်းကြောင့်. . .။

"သတိုး. . . မင်းကို သဲလင်းဖြူ ကြိုက်များနေလားမသိဘူး"

သူတို့ ကန်တင်းမှာထိုင်နေကြရင်း ရောက်တတ်ရာရာပြောနေကြတာပါ။ ရုတ်တရက် ဝေယံစကားကြောင့် သတိုး ကြောင်အန်းအန်းဖြစ်သွားကာ. . .

"ဟာ. . . မဟုတ်ပါဘူးကွာ. . . သူ ငါ့ကိုခင်တာပါ၊ သူ ငါ့ကို တော်တော်ခင်တယ်လို့ သူကိုယ်တိုင်လည်းပြောထားသားပဲ"

အေးကိုက ဝေယံကို ဆက်ကျပ်ဆိုတဲ့သဘော မျက်စိမှိတ်ပြ၏။ ဝေယံ သတိုးကို ဆက်မြှောက်ပေးသည်။

"သတိုး. . . မင်းမသိဘူးနော်၊ မိန်းကလေးတွေက ယောကျ်ားလေးတွေကို စိတ်ဝင်စားပြီဆိုရင် အဲဒီလိုပြောတတ်ကြတာပဲကွ. . . ဘာပဲဖြစ်ဖြစ် မင်းကိုတော့ သူ အနည်းနဲ့အများ စိတ်ဝင်စားနေပြီဆိုတာတော့ သေချာတယ်ကွ၊ ဘောလုံးပွဲနေ့ကဆို ငါ တစ်ချိန်လုံး သူ့ကိုအကဲခတ်နေတာ. . . သူ့မျက်လုံးတွေက မင်းဆီမှာချည်းရောက်နေတာ ငါတွေ့ရတယ်"

"ဟာ. . . မင်းတို့ပြောသလို မဟုတ်ပါဘူးကွ. . . သူက ခင်တာပါ"

သတိုး ရှက်ကိုးရှက်ကန်း အမူအရာကြီးနဲ့ပြောတော့ အေးကိုက ဝင်ပြောသည်။

"အင်း. . . မင်းကို သူစိတ်မဝင်စားဘူးဆိုရင်တော့. . . တစ်ခုပဲရှိတော့တယ်ကွ"

"ဘာလဲဟင်"

"ရုပ်ရှင်တွေထဲကလို သေသွားတဲ့ သူ့အရင်ရည်းစားတို့. . . ဒါမှမဟုတ် သူ့မောင်လေးတစ်ယောက်ယောက်တို့နဲ့များ မင်းနဲ့တူနေလို့ပဲဖြစ်မှာ





ပေါ့"

"ဟာ. . . ခွေးမသား"

အားလုံးဝိုင်းရယ်လိုက်ကြသည်။ သတိုး မခံချိမခံသာဖြစ်သွားသော်လည်း အားလုံးနဲ့တစ်ယောက်မို့ ငြိမ်နေရ၏။ သို့သော် စိတ်ထဲမှာတော့ ကျိတ်ပျော်နေလေသည်။

လေတစ်ချက်ဝှေ့အတိုက်မှာ မဲဇလီရွက်တချို့ စားပွဲပေါ်လာကြ၏။ ပူပြင်းသောနေရောင်ခြည်အောက်တွင် ပတ်ဝန်းကျင်သည် ခြောက်ကပ်တိတ်ဆိတ်နေသည်။ လေအသင့်တွင် တစ်ဖက်ကန်တင်းမှ ကျောင်းသားတချို့၏ ရင်တွင်းပေါက်ကွဲသံ သီချင်းတချို့မှလွဲ၍ အရာရာငြိမ်သက်လျက်။ ခဏကြာတော့မှ အေးကိုက ဝေယံ့ဘက်လှည့်၍ တိတ်ဆိတ်မှုကိုပြန်လည်ဖြိုခွဲပစ်လိုက်သည်။

"ဝေယံ. . . မင်းရော ဖိုးဆုနဲ့အခြေအနေ ဘယ်လိုလဲ"

ဝေယံ ငြိမ်သက်နေရာမှ ဆေးလိပ်တစ်ဖွာသောက်လိုက်ပြီး. . .

"အဆင်တော့ပြေပါတယ်ကွာ. . . ဒါပေမဲ့ တစ်မျိုးကြီးကွ"

"ဘာဖြစ်လို့လဲ"

"သူနဲ့ငါက အပြင်မှာ စကားပြောလို့မရဘူးဖြစ်နေတယ်. . . ငါတို့ဖုန်းထဲမှာပဲ စကားပြောရတယ်ကွာ. . . သူ့သူငယ်ချင်းတွေကို ငါနဲ့သူ ခင်နေတယ်ဆိုတာ သိမှာအရမ်းစိုးရိမ်နေပုံပဲကွ. . . ငါ ကြာတော့ အားမရတော့ဘူးကွာ"

ဟင်. . . ဒါဆို သဲလင်းဖြူ ဂျတော့ သတိုးကို ဟိုနေ့က ဘောလုံးကွင်းမှာ ပေါ်တင်ကြီးစကားလာပြောတာပဲ. . . အဲဒါကျ သူတို့က သဲလင်းဖြူကို ဘာမှမပြောဘူးလား"

"အဲဒါပဲ ငါပြောတာပေါ့. . . အဲဒါ ငါမကျေနပ်တာ. . . ဘာဖြစ်လဲကွာ ငါနဲ့ခင်နေတာပဲ. . . သူငယ်ချင်းတွေကို သဲလင်းဖြူလို ပေါ်တင်ဖွင့်ပြောလိုက်ပေါ့ကွာ. . . သူက အဲဒီလိုကျတော့ မပြောရဲဘူးတဲ့"

"အင်း . . . အဲဒါဆို . . . ဖိုးဆုဘက်က မင်းအပေါ်မရိုးသားလို့ ဒီလိုဖြစ်နေတာပဲဖြစ်ရမယ်"

ဝေယံ ဆတ်ခနဲ လှည့်ကြည့်ပြီး . . .

"မင်းက ဘာလို့ . . . ဒီလိုထင်ရတာလဲ"

"ဟုတ်တယ်လေ . . . မင်းပဲစဉ်းစားကြည့်ပါလား . . . တကယ်လို့သာ သူ့ဘက်က မင်းအပေါ် ရိုးရိုးသားသားသဘောထားရင် သဲလင်းဖြူလို သတိုးအပေါ် ဆက်ဆံသလို ပွင့်ပွင့်လင်းလင်းရှိရမှာပေါ့ကွ . . . အခုတော့ သူက မပြောရဲဘူးဆိုကတည်းက သူ မင်းအပေါ်မရိုးသားလို့"

ဝေယံ အေးကိုစကားကြောင့် မျက်နှာဝင်းခနဲဖြစ်သွားပြီး . . .

"ဟုတ်ပါ့မလား အေးကိုရာ . . . မင်းပြောသလိုဆို . . . သူ . . . ငါ . . . ငါ့ကို . . ."

"ဟုတ်တယ် . . . မင်းကို သူရင်ခုန်နေပြီ . . . မင်းဘက်က ဆက်ကြိုးစားဖို့ပဲလိုတော့တယ် သူငယ်ချင်း"

"ဟာ . . . ဟုတ် . . . ဟုတ်တယ် . . . အခုမှပဲ မင်းပြောပြလို့ငါစဉ်းစားမိတယ် . . . ဟီး . . . ဟီး . . . ပျော်လိုက်တာကွာ"

ဝေယံ ဟုတ်သော်ရှိ မဟုတ်သော်ရှိ လောလောဆယ်တော့ ကိုယ့်အတွေးနဲ့ကိုယ် ပီတိတွေဖြာသွားတော့သည်။

"ငါ . . . ငါ . . . အဲဒါဆို . . . ဘာဆက်လုပ်ရမလဲဟင်"

"မင်း သူ့ကို အခြေအနေပေးရင် ဖွင့်ပြောလိုက်တော့ပေါ့ကွာ"

သတိုးတစ်ယောက် ဟိုနှစ်ကောင်ပြောနေကြတာတွေကို နားထောင်ရင်း သူ့ရှေ့က စားပွဲကို လက်သည်းနှင့်ခြစ်ကာ အတွေးစခန်းဝင်နေသည်။ ခဏနေတော့မှ အေးကိုဘက်လှည့်ပြီး . . .

"ဒါဆို သဲလင်းဖြူက ငါ့အပေါ်တော့ ရိုးသားတယ်လို့ဆိုလိုချင်တာပေါ့နော် . . . အေးကို"

အေးကို ရုတ်တရက်ပေါ်လာသော သတိုးအမေးကြောင့် ဝေယံနှင့်





ပြောနေရင်းမှ ကြောင်သွားကာ . . .

"ဟင် . . . ဩော် . . . အင်း . . . အဲဒီလိုလည်း ဟုတ်ချင်မှဟုတ်မှာပါကွာ"

သတိုးကတော့ အေးကို၏အဖြေကို ကြားပုံမပေါ်ပေ . . . သူ့ရှေ့က မဲဇလီပင်ကြီးကို ငေးကြည့်နေရင်း . . .

"ငါလည်း သူ့အပေါ် သူ့လို ရိုးသားချင်လိုက်တာကွာ . . . တကယ်တမ်းကျတော့ သူက ငါ့အပေါ်ရိုးသားပေမယ့် ငါက မရိုးသားသလိုဖြစ်နေတယ် . . . ဒါပေမဲ့"

သတိုး စကားကိုခဏနား၍ သက်ပြင်းချကာ သူ့ဟာသူတစ်ယောက်တည်း တွေးရင်း ဆက်ပြောတော့သည်။

"ဒါပေမဲ့ . . . မေ့ထားလို့သာရချင်ရမယ် . . . အချစ်ကို ထိန်းချုပ်ဖို့တော့ အတော်ခက်တယ်ကွ . . . ငါ သူနဲ့တွေ့မိတာ မှားသွားပြီထင်တယ် သူငယ်ချင်းတို့ရာ . . . အစက မတွေ့မိရင်ကောင်းသား . . .။ အခုတော့ ငါဟာ တစ်ယောက်တည်း စိတ်တွေရှုပ်ယှက်ခတ်ပြီး ဘာလုပ်လို့လုပ်ရမှန်းတောင် မသိတော့ပါဘူးကွာ"

သတိုးစကားဆုံးတော့ အေးကိုတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အူကြောင်ကြောင်ဖြစ်သွားကြလေသည်။ ပြီးမှ ဝေယံက အေးကိုကို ကြည့်ပြီး သတိုးဘက် မေးငေါ့ကာ . . .

"သတိုးပြောတာ ဟုတ်တော့လည်း ဟုတ်တယ်ကွ အေးကိုရေ . . . ဒီကောင်ကတော့ သဲလင်းဖြူကိုမေ့ဖို့ကြိုးစားလိုက်တိုင်း သဲလင်းဖြူက ဒီကောင့်ဆီ အကြောင်းတစ်ခုမဟုတ် တစ်ခုခုနဲ့ ရောက်ရောက်လာတယ်၊ ပြီးတော့ ဒီကောင်ပဲ ခံစားပြီးကျန်ကျန်ခဲ့ရော၊ ဒီကောင်က ကိုယ်ချစ်တဲ့ကောင်မလေးနဲ့တွေ့တော့လည်း ဘယ်ခံနိုင်မှာလဲကွာ၊ သံမဏိမှမဟုတ်တာ ရင်ခုန်တာပေါ့၊ အဲဒီတော့ ... သဲလင်းဖြူရဲ့ အကြည့်တစ်ချက်မှာတင် ...

"အင်း. . . အဲဒါဆို. . . ဖိုးဆုဘက်က မင်းအပေါ် မရိုးသားလို့ ဒီလို ဖြစ်နေတာပဲဖြစ်ရမယ်"

ဝေယံ ဆတ်ခနဲ လှည့်ကြည့်ပြီး. . .

"မင်းက ဘာလို့. . . ဒီလိုထင်ရတာလဲ"

"ဟုတ်တယ်လေ. . . မင်းပဲစဉ်းစားကြည့်ပါလား. . . တကယ်လို့သာ သူ့ဘက်က မင်းအပေါ် ရိုးရိုးသားသားသဘောထားရင် သဲလင်းဖြူလို သတိုး အပေါ် ဆက်ဆံသလို ပွင့်ပွင့်လင်းလင်းရှိရမှာပေါ့ကွ. . . အခုတော့ သူက မပြောရဲဘူးဆိုကတည်းက သူ မင်းအပေါ် မရိုးသားလို့"

ဝေယံ အေးကိုစကားကြောင့် မျက်နှာဝင်းခနဲဖြစ်သွားပြီး. . .

"ဟုတ်ပါ့မလား အေးကိုရာ. . . မင်းပြောသလိုဆို. . . သူ. . . ငါ. . . ငါ့ကို. . ."

"ဟုတ်တယ်. . . မင်းကို သူရင်ခုန်နေပြီ. . . မင်းဘက်က ဆက် ကြိုးစားဖို့ပဲလိုတော့တယ် သူငယ်ချင်း"

"ဟာ. . . ဟုတ်. . . ဟုတ်တယ်. . . အခုမှပဲ မင်းပြောပြလို့ငါစဉ်းစား မိတယ်. . . ဟီး. . . ဟီး. . . ပျော်လိုက်တာကွာ"

ဝေယံ ဟုတ်သော်ရှိ မဟုတ်သော်ရှိ လောလောဆယ်တော့ ကိုယ့် အတွေးနဲ့ကိုယ် ပီတိတွေဖြာသွားတော့သည်။

"ငါ. . . ငါ. . . အဲဒါဆို. . . ဘာဆက်လုပ်ရမလဲဟင်"

"မင်း သူ့ကို အခြေအနေပေးရင် ဖွင့်ပြောလိုက်တော့ပေါ့ကွာ"

သတိုးတစ်ယောက် ဟိုနှစ်ကောင်ပြောနေကြတာတွေကို နားထော ရင်း သူ့ရှေ့က စားပွဲကို လက်သည်းနှင့်ခြစ်ကာ အတွေးစခန်းဝင်နေသည် ခဏနေတော့မှ အေးကိုဘက်လှည့်ပြီး. . .

"ဒါဆို သဲလင်းဖြူက ငါ့အပေါ်တော့ ရိုးသားတယ်လို့ဆိုလိုချင်တာ ပေါ့နော်. . . အေးကို"

အေးကို ရုတ်တရက်ပေါ်လာသော သတိုးအမေးကြောင့် ဝေယံ





ပြောနေရင်းမှ ကြောင်သွားကာ. . .

"ဟင်. . . ဪ. . . အင်း. . . အဲဒီလိုလည်း ဟုတ်ချင်မှဟုတ်မှာ ပါကွာ"

သတိုးကတော့ အေးကို၏အဖြေကို ကြားပုံမပေါ်ပေ. . . သူ့ရှေ့က မဲဇလီပင်ကြီးကို ငေးကြည့်နေရင်း. . .

"ငါလည်း သူ့အပေါ် သူ့လို ရိုးသားချင်လိုက်တာကွာ. . . တကယ် တမ်းကျတော့ သူက ငါ့အပေါ်ရိုးသားပေမယ့် ငါက မရိုးသားသလိုဖြစ် နေတယ်. . . ဒါပေမဲ့"

သတိုး စကားကိုခဏနား၍ သက်ပြင်းချကာ သူ့ဟာသူတစ်ယောက် တည်း တွေးရင်း ဆက်ပြောတော့သည်။

"ဒါပေမဲ့. . . မေ့ထားလို့သာရချင်ရမယ်. . . အချစ်ကို ထိန်းချုပ်ဖို့ တော့ အတော်ခက်တယ်ကွ. . . ငါ သူနဲ့တွေ့မိတာ မှားသွားပြီထင်တယ် သူငယ်ချင်းတို့ရာ. . . အစက မတွေ့မိရင်ကောင်းသား. . .။ အခုတော့ ငါဟာ တစ်ယောက်တည်း စိတ်တွေရှုပ်ယှက်ခတ်ပြီး ဘာလုပ်လို့လုပ်ရမှန်း တောင် မသိတော့ပါဘူးကွာ"

သတိုးစကားဆုံးတော့ အေးကိုတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး အူကြောင်ကြောင်ဖြစ်သွားကြလေသည်။ ပြီးမှ ဝေယံက အေးကိုကို ကြည့်ပြီး သတိုးဘက် မေးငေါ့ကာ. . .

"သတိုးပြောတာ ဟုတ်တော့လည်း ဟုတ်တယ်ကွ အေးကိုရ. . . ဒီကောင်က သဲလင်းဖြူကိုမေ့ဖို့ကြိုးစားလိုက်တိုင်း သဲလင်းဖြူက ဒီကောင်ရဲ့ အကြောင်းတစ်ခုမဟုတ် တစ်ခုခုနဲ့ ရောက်ရောက်လာတယ်၊ ပြီးတော့ ဒီကောင်ပဲ ခံစားပြီးကျန်ကျန်ခဲ့ရော၊ ဒီကောင်က ကိုယ်ချစ်တဲ့ကောင်မလေး နဲ့တွေ့တော့လည်း ဘယ်ခံနိုင်မှာလဲကွာ၊ သိမကာမှမဟုတ်တာ [illegible] တာပေါ့၊ အဲဒီတော့ [illegible]

[illegible]

ရော၊ အဲဒါကြောင့် ဒီကောင့်စိတ် နှစ်ခုကြားမှာဒွိဟဖြစ်ပြီး မတင်မကျကြီး ဖြစ်နေတာ. . . ငါပြောတာ ဟုတ်တယ်မလား သတိုး"

သတိုးကို သူပြောတာမှန်တယ်မဟုတ်လားဆိုတဲ့ အမူအရာနဲ့လှမ်းမေးတော့ သတိုးခေါင်းညိတ်ပြလိုက်၏။ အဲဒီမှာပဲ အေးကိုက ဝင်ပြီး. . .

"ဒါဆို သတိုးရာ. . . မင်းစိတ်ဆင်းရဲခံမနေစမ်းပါနဲ့. . . ဘာဖြစ်လဲကွာ၊ မင်းက ယောကျ်ားလေးပဲ. . . အရှုံးမရှိပါဘူးကွာ. . . ဒီလိုပဲ ရေလိုက်ငါးလိုက် နေလိုက်ပေါ့ကွာ. . . သူ့ဘက်က မင်းအပေါ် အခြေအနေအရမ်းပေးလာရင်တော့ ဖွင့်ပြောလိုက်ပေါ့၊ လွတ်လပ်တဲ့မိန်းကလေးတစ်ယောက်ကို လွတ်လပ်တဲ့ယောကျ်ားလေးတစ်ယောက်က ချစ်ကြောင်းကြိုက်ကြောင်းပြောတာ မဆန်းပါဘူးကွာ. . . မင်းစိတ်ကို မင်းလွှတ်လိုက်စမ်းပါ"

သတိုး သက်ပြင်းကို ရှည်လျားစွာချရင်း. . .

"ငါ့ကြောင့် သူ့ဘဝလေး မနစ်မွန်းစေ. . ."

"တော်ပြီသတိုး. . . မင်းရဲ့ခေတ်ဟောင်းက ဓာတ်ပြားကြီးတွေ ဖွင့်မနေပါနဲ့တော့ကွာ. . . အခုလည်း သူ့ဘက်က မင်းကို ကိုသတိုးရယ် ရှင့်ကြောင့် ကျွန်မဘဝလေးတော့ သွားပါပြီဆိုပြီးလာပြောနေတာလည်း မဟုတ်ဘူး. . . နောက်ပြီး သူတောင် မင်းနဲ့လာပြီးဆက်ဆံရဲသေးတာပဲ၊ မင်းက ဘာမဆက်ဆံရဲစရာအကြောင်းရှိလို့လဲကွ. . . မင်းရဲ့အတွေးအခေါ်က (၂၀)ရာစုမှာကျန်ခဲ့ပြီသတိုး. . . အခုခေတ်မှာ ယောကျ်ားမှန်ရင် ဘာမဆိုဖြစ်အောင်လုပ်နိုင်ရမယ်ကွ. . . အခုတော့ မင်းပုံစံက အချစ်ကိုအရှုံးပေးတာထက် ဘဝကိုအရှုံးပေးသလိုဖြစ်မနေဘူးလား. . . မင်း ယောကျ်ားမဟုတ်ဘူးလား. . . ယောကျ်ားဆို ကိုယ်လိုချင်တာအားလုံးကို ထိုက်ထိုက်တန်တန်နဲ့ ရအောင်ယူတတ်ရတယ်ကွ"

အေးကိုစကားက သတိုးကို အတော်ထိသွားသည်။ သတိုးရင်ထဲမှာ တင်းခနဲဖြစ်သွားကာ ယောကျ်ားမာနက ဟုန်းခနဲပေါ်လာသလိုဖြစ်သွားတော့သည်။ ဝေယံကလည်းအကဲခတ်မိ၍ အေးကိုနောက်မှ စကားကိုဆက်ထောက်





ပေးတော့သည်။ သူတို့နှစ်ယောက်လိုချင်နေသောအကွက်သည် သည်နေ့မှ မထင်မှတ်ဘဲ တိုက်တိုက်ဆိုင်ဆိုင်ကြုံ၍ သတိုး၏ အရာရာအားငယ်နေသည့်စိတ်ကို အခွင့်အရေးရတုန်း မြှင့်တင်ပေးကြတော့သည်။

"အေးကိုပြောတာမှန်တယ် သတိုး. . . ပြီးတော့ ပညာရေးနဲ့ အချစ်ရေးဆိုတာကလည်း တခြားစီပါကွာ. . . မင်းလိုသာဆို ဒီတက္ကသိုလ်ကိုရောက်တဲ့သူတိုင်း ရည်းစားမထားရ စည်းကမ်းသတ်မှတ်ရမလို ဖြစ်နေပြီ၊ နောက်. . . အချစ်ကြောင့် ပညာရေးမှာထိခိုက်သွားတယ်ဆိုတာ လူပျော့လူညံ့တွေအလုပ်ကွ. . . ဘာဆိုင်လို့လဲ သတိုးရာ. . . တစ်ဖက်က မင်း သဲလင်းဖြူကိုချစ်သလို၊ တစ်ဖက်က ပညာရေးမှာလည်း ကြိုးစားလို့ရတာပဲ၊ မဆိုင်ပါဘူးကွာ. . . တစ်လမ်းစီပါ"

အေးကိုက ဝေယံကို "မင်းဒိုင်ယာလော့တွေ မိတယ်ကွာ"ဆိုတဲ့ သဘောနဲ့ကြည့်ပြီး ဆက်ပြောဆိုတဲ့သဘော မျက်စိမှိတ်ပြီး မေးဆတ်ပြသည်။ သတိုးကတော့ ကျောက်ရုပ်တစ်ရုပ်လို လမ်းဘက်ငေးနေ၍ မမြင်ပေ။ ဝေယံက ဆက်ပြီး. . .

"မင်း သဲလင်းဖြူကိုချစ်ရင် ဆက်လိုက်. . . ကျန်တာတွေမတွေးနဲ့၊ အရာရာဟာ သူ့အလိုလိုဖြစ်သွားလိမ့်မယ် သတိုး. . . မင်းကြိုတွေးထားလို့လဲ ကြိုတွေးထားတဲ့အတိုင်း ဖြစ်လာမယ်လို့ မင်းကိုဘယ်သူပြောလဲ. . . လောကကြီးမှာ ပစ္စုပ္ပန်သည်သာ ကိုယ့်အတွက်အကောင်းဆုံးပါ သတိုးရာ"

ဝေယံ အရှိန်လေးအတော်ရလာသည်။ သတိုး ထိုင်နေရာမှ တွန့်ခနဲဖြစ်သွားပြီး သူတို့ကိုလှည့်ကြည့်သည်။ အထူးခြားဆုံးက သတိုးရဲ့မျက်လုံးပဲဖြစ်၏။ သူတို့ တစ်ခါမှမမြင်ဖူးသော အရာတစ်ခုကို သတိုးရဲ့မျက်ဝန်းထဲမှာ သည်နေ့မြင်လိုက်ရသည်။ မျက်ဝန်းတစ်စုံလုံး သောက်ရှူးကြယ်လို စိုလက်တောက်ပနေတော့သည်။ အင်အား၊ မခံချင်စိတ် ပြီးတော့ မာန၊ အားလုံး ရောယှက်နေသည်ဟု သူတို့ထင်မိသည်။

"ငါ. . . သူ့ကို ပြန်ပြီးကြိုးစားမယ်ကွာ"

နှစ်ယောက်လုံးမျက်နှာ သတိုးကိုကြည့်ပြီး ဝင်းပသွားကာ. . .

"ဒီလိုမှပေါ့ သတိုးရာ. . . ယောကျ်ားပဲကွာ၊ အားမလျှော့စမ်းပါနဲ့"

ပြိုင်တူပြောလိုက်၏။ သူတို့ရှေ့ မဲဇလီပင်ကြီးမှ ဆက်ရက်နှစ်ကောင် ထပြန်သွားတာကိုကြည့်ပြီး အားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြတော့သည်။

❁ ❁ ❁

ကြည့်ရတာ အတော်လေး မဖွယ်မရာဖြစ်နေသည့်ကိစ္စပင် ဖြစ်သည်။ တစ်ဖက်လေးယောက်စီ အင်အားမျှသော်လည်း ကြည့်လို့မကောင်းသည့်ပွဲပင်။ တစ်ဖက်က မိန်းကလေး လေးယောက်၊ နောက်တစ်ဖက်က သူတို့အရွယ်ယောကျ်ားလေး လေးယောက်။ အခြေအနေက မုန်တိုင်းမကျမီ လေပြင်မြေပြင်ငြိမ်သက်၍ ရေပြင်မှာ လှိုင်းကြက်ခွပ်ကလေးတွေ ပြေးနေသလိုပင်။ ကောင်မလေးတွေရဲ့မျက်နှာ လှလှလေးတွေမှာ တင်းမာခက်ထန်နေသည့် အရိပ်အယောင်တွေပြေးနေပြီး အခြေအနေက ငြိမ်သက်တိတ်ဆိတ်နေသည်။ သူတို့ရှေ့က သကောင့်သား လေးကောင်ကတော့ သူတို့ကို တိုက်ခိုက်တော့မည့်ပုံ၊ ကိုယ်သန်ရာသန်ရာ ပညာများဖြင့် အသင့်အနေအထားရှိနေသော ကောင်မလေးတွေကိုကြည့်ပြီး ပါးစပ်အဟောင်းသားဖြစ်နေကြသည်။ အခြေအနေက အဲသည်လိုဖြစ်လာ မယ်မှန်း သည်ကောင်တွေ မျှော်လင့်ထားပုံမပေါ်ပေ။

"ဟော့ကောင်. . . အဲဒါမျိုး ကြုံရခဲတယ်ကွ၊ အသာကြည့်နေ အဲဒါ ခွင်ပဲ"

အေးကိုစကားကြောင့် အောင်ကိုဦးက ဝင်ပြီး. . .

"ဘာခွင်လဲကွ. . . ဟိုမှာ ချတော့မယ့်ပုံတွေ ပေါက်နေပြီ"

"အေး. . . အဲဒါကြောင့် ခွင်ပဲလို့ပြောတာပေါ့ကွ. . . ကြည့်ရတာ ဟိုကောင်တွေ သဲလင်းဖြူတို့ကို လိုက်နှောင့်ယှက်တဲ့ပုံပဲ၊ မယုံရင် ကြည့်နေတော်ကြာ သဲလင်းဖြူတို့ဘက်က အဲဒီကောင်တွေကို စ,တီးလိမ့်မယ်"

"အဲဒီတော့"

"အဲဒီတော့. . . ငါတို့က သူတို့ စ,တီးတာနဲ့ ဝင်သွားပြီး ဟိုကောင်တွေကိုပါ ဝိုင်းတီးပေးလိုက်ရုံပေါ့ကွ. . . တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ၊ ကောင်မလေးတွေနဲ့လည်း ရင်းနှီး. . . သတိုးနဲ့ဝေယံ့အတွက်လည်း အဆင်ပြေဟဲ. . . ဟဲ. . . အားလုံးပွဲသိမ်း"

အေးကိုပြောနေတာတောင် ကြာနေသေးသည်။ ဝေယံက ခါးပတ်ကို ဆွဲထုတ်ပြီး၊ သတိုးက ပုဆိုးကို တိုတိုပြင်ဝတ်ပြီးပြီ၊ အေးကိုက ခဏနေဦး ဆိုတဲ့ပုံစံမျိုးလက်ကာပြ၍ အခြေအနေကိုအကဲခတ်နေသည်။ သူတို့ ကျူရှင်က အပြန် လမ်းတစ်နေရာမှာ သဲလင်းဖြူတို့နဲ့သွားဆုံခြင်းပါ။ အခြေအနေကတော့ မြင်တဲ့အတိုင်းပဲဖြစ်သည်။

ဟိုကောင်လေးကောင်ထဲမှ တစ်ကောင်က သဲလင်းဖြူကို စပ်ဖြဲဖြဲနှင့် ဘာလှမ်းပြောလိုက်လည်းမသိပေ၊ သဲလင်းဖြူမျက်နှာ တစ်ချက်ရဲခနဲဖြစ်သွားကာ ညာလက်က ရုတ်ခနဲမြောက်တက်သွားသည်။

"ဖြောင်း. . ."

မြန်လိုက်သည့်လက်၊ ပြင်းလိုက်သည့်အချက်ဖြစ်သည်။ ဟိုကောင့်မျက်နှာ ချာခနဲလည်သွားပြီး တစ်ဖက်ပြန်လှည့်ကြည့်ချိန်တောင်မရလိုက် သဲလင်းဖြူဘေးနားမှ ငြိမ်သက်တင်းမာနေသည့် ကောင်မလေးတွေက စတင်လှုပ်ရှားတော့သည်။

"ဟာ. . . ဟေ့ကောင်တွေ ချကုန်ပြီကွ"

"အေးကွ. . . လာ. . . သွားကြရအောင်၊ ငါတို့ အချိန်မီဝင်တီးပေးလိုက်မှ မီမှာ. . . နို့မို့ဆို ကောင်မလေးတွေလက်ချက်နဲ့တင် ဒီကောင်တွေကို





မတီးလိုက်ရပဲ မှောက်နေဦးမယ်"

မိန်းကလေးနဲ့ ယောကျ်ားလေးဆိုသော်လည်း အခြေအနေအရ ကောင်မလေးတွေဘက်က အရေးသာနေမှန်းသိသာသည်။ ရုတ်တရက် ထင်မထားသောကြောင့်လည်း ဟိုကောင်လေးကောင် ကောင်မလေးတွေ တိုက်ကွက်ကြား အူလည်ချာပြည်လိုက်သွားရသည်။

သတိုးတို့အဖွဲ့ကတော့ အတင်းတလမန်းကြမ်း တိုးဝင်ပစ်လိုက်သည်။ ရုတ်တရက်ဆိုတော့ သူ့လူကိုယ့်လူ ဘယ်သူဘယ်ဝါမှန်းမသိဖြစ်သွားပြီး နှစ်ဖက်စလုံး သတိုးတို့ကို တစ်ဖက်စီ ကူညီမယ့်သူတွေထင်ကာ နှစ်ဦးနှစ်ဖက် အားရပါးရ ဝိုင်းကြွေးလိုက်ကြတော့၏။ စိတ်မကောင်းစရာပါပင်။ ပွဲက ငါးမိနစ်တောင်မကြာလိုက်ပါ။ သတိုးတို့အားလုံး မှောက်သွားတော့သည်။ နှစ်ဦးနှစ်ဖက် လူလုံးကွဲချိန်ကျမှ ရန်ပွဲအလယ်တွင် အတုံးအရုံးဖြစ်နေသော သူတို့ကိုကြည့်ပြီး နှစ်ဖက်လုံး အူကြောင်ကြောင်ဖြစ်သွားတော့သည်။ ပထမဆုံး သတိဝင်လာသူက သဲလင်းဖြူ. . .

"ဟာ. . . သတိုး. . . သတိုးတို့ဟဲ့"

"ဟယ်. . . လူ. . . လူမှားသွားပြီ"

"သူ. . . သူတို့က ဘယ်လိုလုပ်ရောက်လာတာတုန်း"

ကောင်မလေးတွေရှေ့က ပုဂ္ဂိုလ်တွေကတော့ အခြေအနေအရပ်ရပ်ကို ရိပ်မိပြီး အသီးသီးလစ်သွားကြတော့၏။ ပွဲစဉ်ကတော့ ပြီးသွားပါပြီ။ နှစ်ဖက်လုံး သရေကျ၍ အေးကိုပြောသလို သူတို့အားလုံးပွဲသိမ်းသွားပါတော့သည်။

ဆေးနံ့တွေ ထောင်းထောင်းထနေသည်ကို ရှူရှိုက်မိခြင်းအားဖြင့် ဆေးခန်းတစ်ခု(သို့) ဆေးရုံတစ်ခုသို့ ရောက်နေပြီဆိုတာ သတိုးသိလိုက်ရသည်။ ထမလိုလုပ်ပြီးမှ ခါးဆစ်က အောင့်ခနဲဖြစ်သွားကာ ခုတင်ပေါ် ပြန်ပြုတ်ကျသွားသည်။

"လူနာ. . . မထနဲ့ဦးလေ. . . ငြိမ်ငြိမ်လေးနေလိုက်ဦး၊ ခဏနေ ဆရာဝန်လာလိမ့်မယ်နော်"

သူနာပြုဆရာမလေး၏ အသံသဲ့သဲ့ကို ကြားလိုက်ရသည်။ မျက်လုံးကတော့ မှိတ်ထားဆဲဖြစ်သောကြောင့် လူကိုတော့မမြင်ရသေး. . .

"ဆရာမ. . . သူ. . . သူတို့ဘာမှမဖြစ်ပါဘူးနော်"

"ဘာမှမဖြစ်ပါဘူး. . . စိတ်အေးအေးထားပါ ညီမတို့ရယ်. . . သိပ်လည်း စိတ်မပူပါနဲ့. . . နည်းနည်းအနားယူလိုက်ရင် ကော[illegible]းသွားမှာပါ"

ဆည်းလည်းသံလေးလို အသံချိုချိုလေးကြားလိုက်ရတော့ မျက်လုံးမှာ်မကြည့်ဘဲ သိလိုက်ရသည်။ [illegible] သဲလင်းဖြူ [illegible]သွား[illegible] ကောင်မလေးရယ်. . . [illegible]သွားပြီ[illegible] သည်။ မ[illegible]နေတော့ သူ့ရှေ့[illegible] သတိရ[illegible]သည်။





အေးကို၊ ဝေယံ၊ အောင်ကိုဦးနဲ့ ရဲဆွေလတ်၊ သည်ကောင်တွေသတိရလာတယ်ဆိုရင်ပဲ တစ်ဦးတည်းသော ဆရာမလေး ယောက်ယက်ခတ်အောင် အလုပ်ရှုပ်သွားတော့၏။ ဖင်နာတဲ့သူ၊ ခေါင်းကိုက်တဲ့သူ၊ ရေတောင်းတဲ့သူနှင့် အသံတွေညံသွားတော့၏။

"သတိုး. . . သက်သာလားဟင်. . . ကျွန်. . . ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

မျက်နှာငယ်လေးနဲ့ လက်ကလေးနှစ်ဖက်ဆုပ်ကာ တောင်းပန်နေသူလေးကိုတွေ့လိုက်ရတော့ သတိုး အသည်းယားသွားသည်။ အသည်းယားသွားတော့ ခုတင်ပေါ်မှာပဲ မရမက ကုန်းရုန်းထသည်။ ပြော် အချစ်. . . အချစ်. . . သတိုးတစ်ကိုယ်လုံး အချစ်တွေ ဖုံးလွှမ်းနေတော့သည်။ သဲလင်းဖြူကလည်း သတိုးကို ပွေ့ဖက်ထူမပေး၏။

ချစ်သူလေးရဲ့ ကိုယ်သင်းရနံ့က ပြည်သူပိုင်လေထုထဲကနေ သတိုးနှာခေါင်းထဲ ပြန့်ဝင်လာတော့ တစ်ကိုယ်လုံး ဖိန်းဖိန်းရှိန်းရှိန်းတောင် ဖြစ်သွားတယ်ထင်လိုက်ရ၏။ (သေတာတောင် မှတ်မယ့်ကောင်မဟုတ်ပေ။)

"ကျွန်တော်တို့က. . . သတိုးတို့. . . စဝင်ဝင်ချင်း ဘယ်သိမလဲ. . . ဟိုကောင်တွေဘက်ကထင်ပြီး ဆော်ထည့်လိုက်တာ. . . နည်းနည်းများသွားတယ်ထင်တယ်၊ ဟိုကောင်တွေကလည်း သတိုးတို့ကို ကျွန်တော်တို့ဘက်ကထင်ပြီး ဝင်တီးသေးတယ်. . . အားနာလိုက်တာဗျာ"

"ရပါတယ်. . . ကျွန်တော်တို့က သဲလင်းဖြူတို့ကို ကူညီဖို့ဝင်လာတာအဲဒါ"

"ဟို. . . သိပါတယ်. . . အဲဒါကြောင့် အရမ်းအားနာတာ. . . ဟို. . . အခု ဘယ်လိုနေသေးလဲဟင်. . . သဲ. . . သဲ. . . ဘာလုပ်ပေးရမလဲဟင်"

ချက်ချင်း သူ့ကိုယ်သူ သဲလို့ပြောင်းလိုက်သောကြောင့် သတိုးအံ့ဩကာ ကြောင်ငေးကြည့်လိုက်တော့ ကောင်မလေး အတော်ရှက်သွားသည်။ ရှက်တဲ့ပုံလေးက အရမ်းချစ်ဖို့ကောင်းသွား၏။ သတိုးပါးစပ်အောက်မှာ

ဂန်ဖလားတစ်လုံးခံထားလျှင် ချက်ချင်း သွားရည်တွေပြည့်သွားမည်ထင်သည်။ ငမ်းချက်က ကမ်းကုန်သွား၏။ စိတ်ကို လွှတ်ပစ်လိုက်တယ်ဆိုတာ ဒါမျိုးပဲဖြစ်မည်။

"ဟေ့ကောင် သတိုး. . . ဆရာမပြောနေတာ အခွန်းတစ်ရာလောက်ရှိပြီ. . . ဆေးထိုးမလို့တဲ့"

အေးကိုအသံကြားမှ အလန့်တကြားနှင့်. . .

"ဗျာ. . . အဲ"

ဟုတ်ပါရဲ့၊ ဆရာမ ဘယ်အချိန်ကတည်းက သူ့ဘေးနားရောက်နေလဲတောင်မသိလိုက်၊ လက်ထဲမှ ဆေးထိုးအပ်ကြီးကိုင်ပြီး ရပ်နေသည်။ ရပ်နေတာလည်း အတော်ကြာသွားပုံရသည်။ ခုန ဆရာမလေးတော့မဟုတ် နောက်တစ်ယောက်၊ မျက်မှန်ကြီးတဝင့်ဝင့်၊ ဝဝဖိုင့်ဖိုင့်ကြီးနှင့် မထင်ရင်မထင်သလို တကယ်လုပ်မယ့်ပုံကြီး. . .

"ဟဲ့. . . ဟိုဘက်လှည့်"

"ဗျာ. . ."

"ဟိုဘက်လှည့်"

ခုနကတည်းက သူခေါ်တာမကြား၍ ဒေါသထွက်နေသောစိတ်က ပိုတိုသွားသည်ထင်သည်။ လေသံမာသွား၏။ သူလည်း ကြောက်ကြောက်လန့်လန့်နဲ့ တင်ပါးလေးကို အဲဒီဆရာမကြီးဘက် အလိုတူအလိုပါ လှည့်ပေးလိုက်ရသည်။ ကျွမ်းကျင်ပိုင်နိုင်နေသည့် လုပ်ငန်းအတွေ့အကြုံအရ ဆရာမကြီး စိတ်တိုနေသောကြောင့်လည်း အားနည်းနည်းလွန်သွားပုံရသည်။ လက်က သတိုးခါးမှပုဆိုးကို ဆတ်ခနဲ ဆွဲချလိုက်တော့သည်။

သဲလင်းဖြူမျက်လုံးထဲ နေ့ခင်းကြောင်တောင် လျှပ်စီးလက်သွား၏။ သူကလည်း ယောင်တောင်တောင်နဲ့ ကြောင်ကြည့်နေတာကိုး၊ နည်းတောင်နည်းသေးတယ်။

"ဟယ်. . ."





"ဟာဒီ. . ."

သဲလင်းဖြူတင်မဟုတ်။ ခုန မစူးမစမ်းဆွဲလှန်မိတဲ့ ဆရာမကြီးလည်း မျက်လုံးပြူးသွား၏။ သူတို့ အာမေဋိတ်အသံတွေမဆုံးခင်မှာပင် သတိုးကိုယ့်ပုဆိုးစကို အမြန်ဆွဲတင်ပစ်လိုက်ရသည်။

"ဟာ. . . ခင်ဗျားကြီးဗျာ. . . မမေးမစမ်းနဲ့. . . ကျွန်တော့်မှာ အောက်ခံဘောင်းဘီမပါဘူးဗျ"

သဲလင်းဖြူက ဟိုဘက်လှည့်နေ၍ ဆရာမကြီးက ကိုယ့်တံတွေးကိုယ်မျိုချနေတာ တွေ့လိုက်ရသည်။ သဲလင်းဖြူနှင့်ပါလာသော ဖိုးဆုအပါအဝင် အပေါင်းအပါကောင်မလေးတွေပါ ကွက်ကွက်ကွင်းကွင်း မမြင်လိုက်ရသော်လည်း ရှိုးတိုးရိပ်တိပ်လောက်တော့တွေ့လိုက်ပုံရသည်။ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ရှက်ဖြိုးဖြိုးကြီးတွေ ဖြစ်ကုန်ကြ၏။ သတိုးလည်း ဘာလုပ်ရမှန်းမသိဘဲ သူ့ဘေးစားပွဲပေါ်က သဲလင်းဖြူတို့ယူလာသည့် ကော်ဖီမစ်အထုပ်ကြီးကို ယောင်တောင်တောင်နဲ့ယူပြီး ပိုက်ထားလိုက်ရ၏။ ခဏနေတော့ ဆရာမကြီးက ဆေးထိုးပေးကာ ပြန်ထွက်သွားပါတော့သည်။ သည်တစ်ခါတော့ အဏုမြူဗုံးကိုကိုင်သလို ကိစ္စအဝဝကို အသာလေးလုပ်သွား၍ တော်သေးသည်။ သူဆေးထိုးပြီးတော့ ညှို့ချိန်ကုန်သွား၍ ကောင်မလေးတွေအားလုံး နှုတ်ဆက်ပြန်သွားတော့သည်။ အားလုံးထွက်သွားမှ အေးကိုက သူ့ကိုလှမ်းပြောသည်။

"သတိုး. . . မင်းနဲ့သဲလင်းဖြူကတော့ကွာ. . . ဒါနဲ့ လွတ်ကိုမလွတ်ဘူး"

သတိုး သက်ပြင်းချကာ. . .

"ဘာတတ်နိုင်မလဲကွာ. . . ကံကြမ္မာကိုက ဖန်တီးလာတာကိုး"

"ကြည့်ရတာ မင်းကံကြမ္မာက ကော့သောင်းကထင်တယ်ကွ"

"ဘာဖြစ်လို့လဲ"

"အောက်ပြည်အောက်ရွာက တက်ကိုမတက်လို့"

အားလုံးရယ်လိုက်ကြသည်။ သတိုး ရှက်ဖို့တောင်မေ့နေသလိုလို ရင်ထဲမှာ နွေးတေးတေးနှင့် ခပ်မှေးမှေးလေး ပြုံးနေလိုက်သည်။ တွေ့ကြ ပြီပေါ့. . . သဲလင်းဖြူရယ်. . .

## ခံ့ညား

ထည်ဝါသော ခြံဝင်းတံခါးကြီးသည် ပွင့်လျက်ရှိနေသည်။ နောက်ဆုံးပေါ် ကားအမျိုးမျိုးတို့ ခြံဝင်းထဲတွင် ပြည့်ကျပ်လျက်ရှိ၏။ လူကုံထံရပ်ကွက်တစ်ခု၏ အေးချမ်းတိတ်ဆိတ်မှုသည် ပတ်ဝန်းကျင်ကိုဖုံးလွှမ်းနေသည်။ ဝေယံက သူ့ကားကို တော်ရာနေရာတစ်ခုတွင်ရပ်ကာ. . .

"လိပ်စာအရတော့ ဒီအိမ်ပဲကွ. . . လာကွာ ဝင်မေးကြည့်တာပေါ့ ဖြစ်နိုင်ပါတယ်"

သဲလင်းဖြူတို့နဲ့တော့ သူတို့ အတော်လေးခင်သွားကြပါပြီ။ ဖြူစင်ရိုးသားသော ခင်မင်မှုအတိုင်းအတာတစ်ခုကို တည်ဆောက်ထားကြသည်။ အတိုင်းထက်အလွန် ရိုးသားပွင့်လင်းမှုများလည်း သူတို့နှစ်ဖွဲ့ကြား စီးမျောခဲ့ကြသည်။ ဘယ်နေရာမဆို တတွဲတွဲရှိနေကြသော (အများအားဖြင့် ဆုံစည်းဖြစ်သော)သူတို့ကို ပတ်ဝန်းကျင်က သို့လော သို့လော ပြောဆိုခဲ့ကြသည်။ တချို့က အံ့ဩကြ၏။ အီးမေဂျာနှင့်သခ်ျာဆောင်ကို သူတို့ အိမ်ဦးနှင့် ကြမ်းပြင်ပမာ သွားလာခဲ့ကြသည်။ တက္ကသိုလ်နယ်မြေတစ်ခုလုံး မထိုင်ဖူးသည့်ကန်တင်းမရှိအောင် ထိုင်ဖြစ်ကြ၏။ မရောက်ဖူးသည့်နေရာမရှိအောင်

လျှောက်သွားခဲ့ကြပြီးပြီ။ နောက်ဆုံး ဘွဲ့နှင်းသဘင်အနောက်ဘက် သစ်ပင်ရိပ်လေးများမှာ ခဏတာ ကွန်းခိုကြည်နူးနေသည့် စုံတွဲလေးတွေအထိပါ သူတို့ခြေရာဆန့် နောက်ပြောင်နှောင့်ယှက်ခဲ့ပြီးပြီ။ အချိန်ရာသီ၏ အငြိမ်မနေမှုကြောင့်လည်း ပထမနှစ်စာမေးပွဲကိုဖြေဆိုဖို့ရန် အတော်လေးနီးကပ်လာပြီဖြစ်သည့် အချိန်အတိုင်းအတာတစ်ခုသို့ ဆိုက်ရောက်လာခဲ့လေပြီ။ မေဂျာမတူသောနှစ်ဖွဲ့၏ ထုံးစံအတိုင်း စာမေးပွဲအတွက် ကိုယ့်စာနှင့်ကိုယ် လုံးပန်းနေရသော်လည်း အားလပ်ချိန်လေးများတွင် ကြုံရင်ကြုံသလို ဆုံဖြစ်ခဲ့ကြ၏။ အခုလည်း သဲလင်းဖြူတို့အိမ်၌ စာမေးပွဲကြီးဖြေဆိုရန် တစ်ပတ်ခန့်အလိုတွင် မွေးနေ့ပြုလုပ်၍ လာရခြင်းဖြစ်၏။

ကားကခါးသော့ပိတ်ပြီးနောက် ခြံထဲဝင်လိုက်စဉ်မှာပဲ ဆင်ဝင်အောက်တွင် အဖြူရောင်ဂါဝန်ဝမ်းဆက်လေး ဆင်မြန်းထားသော သဲလင်းဖြူကို တွေ့လိုက်ရ၏။ သူတို့ကိုတွေ့တော့ ဝမ်းသာအားရနှင့်. . .

"ဟာ. . . နင်တို့က နောက်ကျလိုက်တာဟာ. . . ငါစောင့်နေတာ တော်တော်ကြာသွားပြီ"

"အေး ဟုတ်တယ်. . . အေးကို မျက်ခုံးမွေးနုတ်နေလို့ဟ"

"သေလိုက်ပါလား. . . ခွေးမသား. . . မင်းဘောင်းဘီရှေ့နေတာတင် တစ်နာရီလောက်ရှိတယ်"

"ကဲ. . . ကဲ. . . တော်တော့. . . နားငြီးတယ်၊ လာ အထဲဝင်"

အေးကိုနဲ့ဝေယံကတော့ ထုံးစံအတိုင်း ရန်ဖြစ်ကြသည်။

"ဟဲ့. . . ကျန်ရောကျန်သေးလို့လား"

"ကျန်တာပေါ့. . . ဆေးစရာ ပန်းကန်တွေမှအများကြီးပဲ"

"သေနာမ"

သဲလင်းဖြူက ဂါဝန်လေးကို လက်ကလေးနှစ်ဖက်နှင့် အသာလေးမ,ကာ အိမ်ထဲသို့ ဦးဆောင်ခေါ်သွားတော့သည်။ အတော်လေး ပျော်နေပုံရသည်။ လူက မြူးထူးသွက်လက်နေ၏။ သတိုးကတော့ သဲလင်းဖြူ





မိန်းကလေးဆန်ဆန်ဝတ်ဆင်ထားတာ သည်တစ်ခါပဲတွေ့ဖူး၍ အံ့ဩငေးမောနေ၏။ သူ့စိတ်ထဲ အိန်ဂျယ်တစ်ပါး ရှေ့လျှားနေတယ်လို့တောင် ထင်နေပုံရသည်။ ဝေယံကတော့ ဝင်ဝင်ချင်း ဖိုးဆုတို့နှင့်သွားပေါင်းကာ ထုံးစံအတိုင်း လေသွားပေါ်နေသည်။ သည်ကောင်လည်း ဒါနဲ့ပဲ သေမယ့်ပုံ။ အခုထိ နင်ကလည်းဟာ. . . ငါကလည်းဟာ ဆိုတာလောက်ကနေ မတက်သေး။ ပိုခင်သွားတော့ ရည်းစားစကားပြောရမှာပိုဆိုးသွားသည်ထင်သည်။ ခဏနေတော့ သဲလင်းဖြူက ဒံပေါက်တွေ ယူလာချပေးပြီး. . .

"ဟဲ့. . . ငါတို့အားလုံး. . . စားပြီးသွားရင် ဘုရားသွားရအောင်ဟာ"

"နင် မနက်က သွားမယ်ဆို"

"နင်တို့ကိုစောင့်နေတာနဲ့ မသွားဖြစ်လိုက်ဘူး. . . နင်တို့နဲ့ အတူတူ သွားမလို့"

"အေးလေ. . . စားပြီး သွားတာပေါ့"

စားပြီးသောက်ပြီးသွားတော့ အားလုံး ဘုရားသို့ထွက်လာခဲ့ကြတော့သည်။

ဘုရားက ရွှေတိဂုံဘုရား၊ ကြားရက်ဖြစ်သောကြောင့် ကုန်းတော်ပေါ်တွင် လူအနည်းငယ်ရှင်းနေသလိုရှိသည်။ ကိုယ့်နေ့နံထောင့် ကိုယ်စီဘုရားဝတ်ပြုကြ၏။ သတိုးနဲ့သဲလင်းဖြူကတော့ နေ့တူနံတူဖြစ်၍ သောကြာထောင့်တွင် နှစ်ယောက်လုံးကျန်ခဲ့ကြ၏။ ဘုရားဝပ်တက်ပြီးတော့ သူတို့ရေသပ္ပာယ်ကြသည်။ သတိုးက သဲလင်းဖြူနားတိုးကပ်၍. . .

"နင် ဘာတွေဆုတောင်းလဲဟင်"

"ငါလား. . . တစ်ခုပဲဆုတောင်းတယ်"

"ဘာလဲ"

"ယောကျ်ားဆု"

"ဟင်. . . နင်က ယောကျ်ားလိုချင်နေလို့လား"

"သေလိုက်ပါလား. . . သေနာရဲ့. . . နောက်ဘဝ ယောကျ်ားဖြစ်ပါ

စေဆိုတဲ့ဆုကိုပြောတာ. . . မသာကောင်. . . နင်သာ မိန်းမလိုချင်နေတာ ငါသိသားပဲ"

"ဟုတ်လား. . . နင်သိတယ်ပေါ့"

သတိုးက ခပ်တည်တည်လေးပြောလိုက်တော့ သဲလင်းဖြူက ပြုံးတုံ့တုံ့ လေးလုပ်ပြီး ဘုရားကို ရေတစ်ခွက်သပ္ပာယ်ရင်းနဲ့. . .

"သိသားပဲ"

"ဟဲ ဟဲ. . . ငါ ဘယ်သူ့ကိုလိုချင်နေလဲတော့ နင်မသိပါဘူးဟာ"

သတိုး၏ ပထဦးဆုံး သဲလင်းဖြူအပေါ် ပစ်လွှတ်လိုက်သောမြား တစ်စင်းပင်။ သူ့ဘဝတစ်လျှောက်လုံး မိန်းကလေးတစ်ယောက်အပေါ် ပထမဦးဆုံး ရိသဲ့သဲ့စကားတစ်ခွန်းလည်းဖြစ်၏။ သူ့စကားကြားတော့ သဲလင်းဖြူ သူ့ဘက်သို့ ရေသပ္ပာယ်နေရင်းမှ ဖျတ်ခနဲလှည့်ကြည့်တော့ လန့်သွားကာ မလုံမလဲဖြစ်သွား၏။ သို့သော် စိတ်ဆိုးသည့်အရိပ်အယောင် မတွေ့ရ၍ တော်သေးသည်ဟု မှတ်ယူလိုက်ရသည်။

"ဟွန်း. . . ငါမသိရင်ခက်မယ်"

သတိုး ဘာမှဆက်မပြောတော့ဘဲ ဘုရားကိုသာ ရေတွေလှိမ့်ပြီး သပ္ပာယ်နေလိုက်တော့သည်။

"ဟဲ့. . . တော်ပြီလေ. . . ဘယ်နှခွက်ရှိနေပြီလဲ. . . သွားကြရအောင်. . . တော်ကြာ ဟိုကောင်တွေစောင့်နေဦးမယ်"

သူတို့ လှည့်ထွက်လာခဲ့တော့၏။ ဘုရားရင်ပြင်ကို လက်ယာရစ် ပူဇော်ရင်း. . .

"နင်ရော. . . ဘာဆုတွေတောင်းလဲ"

"ငါလား. . . ဘာဆုမှမတောင်းဖြစ်ပါဘူးဟာ"

"နင်ကလည်း စာမေးပွဲအောင်ပါစေလောက်တော့ တောင်းပေါ့ဟ"

"အဲဒီဆုက မတောင်းလည်း ပြည့်ပြီးသားပါ. . . ငါ စာတွေအကုန် ရနေပြီဟ"





"အဲဒါတော့ ငါယုံပါတယ်. . . ဒါဆို တခြားဟာတောင်းပေါ့၊ ဥပမာ ကိုယ်ချစ်တဲ့သူနဲ့ညားပါစေတို့ ဘာတို့ပေါ့"

သတိုးရင်ထဲ ကတုန်ကယင်ကြီးဖြစ်သွားသည်။ ငါ့ရင်ထဲကခံစားချက်တွေကို နင်တကယ်မသိတာလား သဲလင်းဖြူရယ်၊ ငါ့နှလုံးသားကို နင်လာဆွနေတာလား ကောင်မလေးရယ်၊ သတိုးရင်ထဲက ရင်ခုန်သံသည် ပုံမှန်အနေအထားမှ ရေနွေးဆူသလို တဖြည်းဖြည်းဆူပွက်လာတော့သည်။ ကြာရင် မလွယ်တော့. . .။ ပေါက်ကွဲထွက်လာတော့မှာ သူကိုယ်တိုင်နားလည်ထား၏။ အရေးထဲ ဟိုကောင်တွေကလည်း ဘယ်ခြေရှည်နေလည်းမသိပေ။ အရိပ်အယောင်တောင် မတွေ့ရသေး. . .

"နင် မဖြေချင်လည်းနေပေါ့. . . ရပါတယ်. . . အေးလေ ငါက မေးသာမေးရတာပါ နင့်မှာ အဲဒီလိုဆုတောင်းဖို့တောင် လူရှိမှမရှိတာ ငါမေ့သွားတယ်"

သာမန်မိန်းကလေးတစ်ယောက်အနေနှင့် အဲသည်လိုစကားမျိုးသည် ယောကျ်ားလေးတစ်ယောက်အပေါ် ရေလာမြောင်းပေးရုံမက ချောင်းရောမြစ်ပါ ဖောက်ပေးရာရောက်သော်လည်း သဲလင်းဖြူကိုတော့ သူအဲသည်လို မထင်ရဲပေ။ သူ့အပေါ် မခံသာအောင် နောက်ပြောင်နေတာပဲဖြစ်မည်။ သဲလင်းဖြူအကြောင်း သူကောင်းကောင်းသိသည်။ တစ်ခါတစ်ရံ သူ့အပေါ် နားလည်ရခက်လောက်အောင် စတတ်နောက်တတ်၏။ သူကလည်း အဲဒါလေးကို သာယာနေမိသည်။ ဒါပေမဲ့ အခုအခြေအနေက သူ့ကိုအတော်လေး ကလိကလိဖြစ်ပေါ်စေ၏။ အနာကို လက်ပစ်ဒုံးနဲ့ တစ်လုံးပြီးတစ်လုံးထုသလို ခံစားနေရသည်။

"အံမယ်. . . နင့်ရုပ်ကြီးက ဖြစ်နေလိုက်တာ၊ ဘာဖြစ်သွားတာလဲ. . . ဘာလဲ နင့်မှာ ချစ်သူမရှိဘူးပြောလိုက်လို့ ငါ့ကိုမကျေနပ်ဘူးပေါ့ ဟုတ်လား၊ အဲဒါဆိုလည်း ငါယုံကြည်သွားအောင် ကောင်မလေးတစ်ယောက်လောက် ထားပြပေါ့ဟ. . . ငါ ပြောသာပြောရတာပါ. . . နင် ဒီလောက်အဖြစ်ရှိတဲ့

ကောင်လည်းမဟုတ်ပါဘူး"

"နင်. . . နင်. . . ငါ့ကို အဲဒီလိုမပြောပါနဲ့"

"ပြောတယ်. . . ဘာဖြစ်လဲ. . . နင်က အူကြောင်ကျား"

"မပြောနဲ့ဆို"

"ပြောတယ်ဟာ"

သတိုးမျက်နှာတစ်ခုလုံး ခရမ်းချဉ်သီးကြီးလို နီရဲတက်လာလေသည်။ သူ့ပုံစံက အနီးစပ်ဆုံးဝေဖန်ရရင် အိမ်သာ အလွန်အကျွံတက်ချင်နေသူတစ်ယောက်ကို အထဲမှာလူတစ်ယောက်ရှိနေ၍ အတင်းလိမ်ကျစ်ချုပ်တည်းထားရပုံနှင့် အလွန်တူနေသည်။

"အူကြောင်ကျား သတိုး. . . ဟိဟိ"

"နင်. . . မပြောနဲ့ဆို"

"ပြောတယ်ဟာ. . . ပြောတယ်. . . ဘာဖြစ်လဲ. . . ပြောမှာပဲ"

"မပြောနဲ့ဆို နင်မရဘူးလား"

သူတို့နှစ်ယောက် အငြင်းအခုန်ပွဲလေးက အတော်ပြင်းထန်လာသည်။ သတိုး စိတ်ဆိုးနေတာတွေ့ရ၍ သဲလင်းဖြူ အတော်လေးပျော်နေသည်။ (ဪ. . . မိန်းမတွေများ ငါးစာသာမြင်သည်၊ ငါးမျှားချိတ်ကိုမတွေ့၊ ခက်တော့ခက်ချေတော့မည်။)

"အဖြစ်မရှိတဲ့ကောင်. . . အူကြောင်ကြွက်၊ အူကြောင်ကျား သတိုး"

"နင်. . . နင်နော်. . . မရဘူးလား"

"မရဘူး"

"မပြောနဲ့"

"ပြောမယ်. . . ဘာဖြစ်လဲ. . . နင်လိုကောင်က ဒီတစ်သက် လူပျိုကြီးလုပ်မယ့်ကောင်. . . ဟိဟိ"

"ဟင်. . . နင်. . . နင်"

"ဘာလဲ. . . ဘာကြည့်တာလဲ. . . မကျေနပ်ဘူးလားပြော"





"မကျေနပ်ဘူး. . . ငါ့မှာ ချစ်သူမရှိဘူးလို့ နင့်ကိုဘယ်သူပြောလဲ"

"အလို. . . နင့်မှာရှိတယ်ပေါ့. . . ဟုတ်စ"

"ဟုတ်တယ်. . . ဟုတ်တယ်. . . ငါ့မှာရှိတယ်"

"ဘယ်သူလဲ"

"နင်ပဲ"

"ဘာ"

ကဲ. . . မှတ်ကရော. . . သဲလင်းဖြူတစ်ယောက် ငါးမျှားချိတ်ကြီးမှာ ဆန့်ငင်ဆန့်ငင်ကြီးနှင့် တန်းလန်းကြီးပါသွားတော့သည်။ သူ့မှာ ကိုယ့်အတတ် ကိုယ်စူးပြီး ဘာပြန်ပြောလို့ပြောရမှန်းတောင်မသိတော့ဘဲ မျက်လုံးသာ ပြူးထွက်လာ၏။ တစ်ခုခုတော့ သူ သတိုးကိုပြောဖို့အားယူသေးသည်။ ဘာမှပြန်မပြောလိုက်ရခင်မှာပဲ အေးကိုတို့အဖွဲ့နှင့် ရင်ပြင်တော်တစ်နေရာမှာသွားဆုံတော့ နှစ်ဦးလုံး ဘာမှဖြစ်မလာသလို မနည်းဟန်ဆောင်နေလိုက်ရတော့၏။ ကဲ. . . မှတ်ပလား. . . သဲလင်းဖြူ။ သတိုးရင်ထဲမှာတော့ အစိုင်အခဲတစ်ခုခု လျော့သွားသလို၊ ဒါမှမဟုတ် တစ်ခုခုကို. . .

ဤသတင်းကို စကြားကြားချင်း ယောက်ယက်ခတ်သွားသူကတော့ ဝေယံတစ်ကောင်တည်းရှိသည်။ ကျန်သူတွေကတော့အားလုံး အသေကောင်တွေလို မလှုပ်မယှက် သူ့ကိုငေးကြည့်နေကြ၏။ ဝေယံတစ်ယောက်သာ သတိုးလို အူလည်လည်ကောင်က သူ့ထက်အလျှင် ရည်းစားစကားပြောခွင့်ရလိုက်၍ ခွေးနေရာမရဖြစ်သွားသည်။

"မင်း . . . ငါတို့ကို မလိမ်နဲ့နော် သတိုး"

"မင်းတို့ကို ငါက ဒီကိစ္စမျိုးလိမ်ပြောရအောင် ဘာအကျိုးထူးမှာမို့လို့လဲ"

ပြောမယ့်သာပြောရတာ သတိုးမလိမ်တတ်မှန်း သူတို့သိသောကြောင့် ဒီကိစ္စအမှန်တကယ်ပဲဆိုတာကို လက်ခံလိုက်ရသည်။

"အဲဒီတော့ သဲလင်းဖြူက မင်းကို တီးမလွှတ်လိုက်ဘူးလား"

"သူ တီးချင်ရင်တောင် တီးဖို့အချိန်မရလိုက်ဘူးကွ . . .၊ အဲဒီအချိန်မှာ မင်းတို့နဲ့သွားဆုံတာပဲ"

အေးကိုက စဉ်းစားဟန်တစ်ချက်လုပ်ပြီး . . .

"သူ့ . . . ရှက်ကောနေသလား"





"အဲဒါတော့ ငါမသိဘူးကွ . . . သူ အရမ်းအံ့သြသွားတာတော့ ကျိန်းသေတယ်"

"အေးလေ . . . မင်း ရည်းစားစကားပြောတာကြီးကလည်း ကဗျာမှ မဆန်တာ"

"ငါလည်း . . . ထိန်းနိုင်သလောက် ထိန်းထားပါသေးတယ်ကွာ . . . ဒါပေမဲ့ နောက်ဆုံးဘယ်လိုမှထိန်းမရတော့ဘူးကွ . . . အဲဒါနဲ့ မထူးဘူးဆိုပြီး ပြောချလိုက်တာ"

ရဲဆွေလတ်က ခေါင်းတညိတ်ညိတ်လုပ်ရင်း . . .

"ဒါလည်း တစ်မျိုးကောင်းတာပဲ . . . ပြောပြီးသွားတော့လည်း ပြီးသွားတာပဲပေါ့ကွာ . . . ကိုယ့်ဘက်ကတာဝန်အေးသွားတာပေါ့ . . . ကျန်တာ စဉ်းစားရမှာ သူ့အပိုင်းဖြစ်သွားတာပေါ့"

ရဲဆွေလတ်ပြီးတော့ အေးကိုက ထပ်မံဝေဖန်သည်။

"မင်းပြောသလို ဒီကောင့်ကိစ္စက ပြောပြီးသွားရုံနဲ့ ပြီးသွားမှာတော့ မဟုတ်သေးဘူးကွ . . . ဘာပဲဖြစ်ဖြစ် စခဲ့ပြီဆိုမှတော့ ဆုံးအောင်လုပ်ရတော့မှာပဲ . . . အခုဆို ဒီကောင် အရင်ကလို အူကြောင်ကြောင်နေလို့မရတော့ဘူးကွာ . . . မိန်းကလေးတစ်ယောက်ကို ချစ်တယ်ပြောပြီးမှတော့ အဲဒီမိန်းကလေးအနားမှာ အကြောင်းအမျိုးမျိုးနဲ့ တွယ်ကပ်ပြီး ချစ်ခွင့်တောင်းရတော့မှာပဲ"

"ဒါပေမဲ့ စာမေးပွဲကဖြေရဦးမယ် . . . ပြီးရင် ကျောင်းကပိတ်ဦးမယ်" ငါဘယ်လိုဆက်လုပ်ရမှန်းတောင် မသိတော့ပါဘူးကွာ"

"ဘယ်လိုမှလုပ်မနေနဲ့ . . . ကျောင်းပိတ်ရင် မင်းအိမ်မပြန်နဲ့ ငါတို့နဲ့ပဲ နေပေါ့ကွ . . . ပြီးရင် သူ့အိမ် ငါတို့သွားလို့ရတာပဲ"

"ဟာ . . . အိမ်မပြန်လို့တော့မဖြစ်ဘူးကွ . . . ငါ အမေ့ကိုအရမ်းလွမ်းနေပြီ . . . အမေလည်း ငါ့ကိုလွမ်းနေမှာကျိန်းသေတယ် . . . ငါ အိမ်တော့ပြန်မှဖြစ်မယ်ကွာ . . . အိမ်နဲ့ခွဲလာရတာလည်း တော်တော်ကြာသွားပြီကွ"

သက်ပြင်းရှည်ရှည်ကို အားလုံးပြိုင်တူချပြီး အေးကိုက ဆက်ပြောသည်။

"ဒါဆိုလည်း ဘယ်တတ်နိုင်မှာလဲကွာ. . . ကျောင်းတွေပြန်ဖွင့်မှပဲ ကြိုးစားရတော့မှာပေါ့"

အေးကိုကတော့ထုံးစံအတိုင်း ကာယကံရှင်သတိုးထက်ပင် ဤကိစ္စကို အလေးထားနေသည်။ အကယ်၍ သတိုးနှင့်သဲလင်းဖြူ အဆင်မပြေရင်တောင် သူ့တာဝန်မကောင်းသလိုခံယူထားပုံရသည်။ သည်လိုနဲ့ပဲ သူတို့အားလုံး စာမေးပွဲဆိုသည့် အချိန်ဇယားကြီးထဲ အခြားကျောင်းသားများနည်းတူ တိုးဝင်လိုက်ကြတော့သည်။ ကျောင်းဝင်းထဲမှာ ခရေတွေကတော့ ထုံးစံအတိုင်း ကြွေကျနေဆဲပင်။



ခဲ့ရ။

"မင်းမပြန်လို့ရရင် မပြန်ပါနဲ့လား သတိုးရာ. . . ဖိုးဆုတို့က ဒီနှစ် ငါတို့နဲ့ မဏ္ဍပ်အတူတူစုလုပ်ဖို့ ပြောထားတယ်ကွ. . . မင်းကိုတောင် တားထားဖို့ ငါ့ကိုဖုန်းဆက်ပြောသေးတယ်. . . ဟိုကိစ္စတော့ သူတို့သိပုံမပေါ်ဘူးကွ. . . ဒါမှမဟုတ် မသိချင်ယောင်ဆောင်နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ကွာ၊ ဒါပေမဲ့ ငါ့ကိုတော့ ဘာမှပြောမသွားဘူး၊ သင်္ကြန်ကိစ္စပဲပြောသွားတယ်၊ မင်းသာမပြန်ရင် ဒီသင်္ကြန်တွင်းမှာတင် ပွဲသိမ်းစီရင်လို့ရတယ်လို့ အေးကိုကတော့ပြောတာပဲကွာ. . . မပြန်ပါနဲ့ကွာ"

ပြန်ခါနီးအထိတားသေးသော ဝေယံစကားသံကို သူပြန်ကြားယောင်မိသည်။ နောက်ဆုံးတော့ သည်ကောင်တွေပဲ လက်လျှော့ခဲ့ရတာပါပဲ၊ အရာအားလုံးထက် အင်အားကြီးသည့် အမေ့မျက်နှာက သူ့ကို အခါခပ်သိမ်း မေ့ပစ်လိုက်နိုင်သည်။ အဖေကွယ်လွန်ပြီးနောက် သည်အမေပဲ အဖေ၊ သည်အမေပဲ အမေအဖြစ် သတိုးတေဇဆိုတဲ့ လူတစ်ယောက်ဖြစ်အောင် ရုန်းကန်ကျွေးမွေးခဲ့သည်ပဲ။ နောက်ဆုံးတော့ ရထားဥသြသံနဲ့အတူ အမေ့ရင်ခွင်ကို သူပြန်ဝင်ခဲ့သည်။ အမေ့ကို ကျန်းကျန်းမာမာတွေ့လိုက်ရတော့ ပျော်လိုက်သည့်ဖြစ်ခြင်း။ မြို့ကျောင်းတက်ပြန်လာသော သားတစ်ယောက်၏ အိမ်အပြန်လမ်းကိုဆီးကြိုသည့် အမေ့၏အပျော်လွန်မျက်ရည်သည် သူ့ဘဝအတွက် တန်ဖိုးမဖြတ်နိုင်သော အောင်ပွဲ၏အင်အားပင်ဖြစ်သည်။ ဒါပေမဲ့ ကြာလာတော့လည်း အိပ်လိုက် စားလိုက်နှင့် ဘာအလုပ်မှမရှိတော့ ပျင်းလာသည်။ အမေကလည်း ကျောင်းပိတ်ရက်ကလေး ပြန်လာသည့်သားကို ဘာမှမခိုင်း၊ အတင်းဝင်လုပ်ရင်လည်း မရမကတားသည်။ သည်လိုနဲ့ပဲ အမေချက်ကျွေးသည့် လက်ရာမျိုးစုံစားရင်း အချိန်တွေကုန်လွန်ခဲ့ရသည်၊ အားနေတဲ့လူတွေရဲ့ထုံးစံအတိုင်း ရောက်တတ်ရာရာတွေ လျှောက်တွေးနေမိသည်။ ထုံးစံအတိုင်း သဲလင်းဖြူ၊ အေးကို၊ ဝေယံ၊ အောင်ကိုဦး၊ ရဲဆွေလတ် ပြီးတော့ ကျောင်းတော်ကြီး၊ စုံလို့ပါပဲ၊ အများဆုံးကတော့ သဲလင်းဖြူ

အကြောင်းပေါ့။ ဟိုကောင်တွေကတော့ တစ်ခါတစ်ခါမှ ကြော်ငြာဝင်သလို အတွေးထဲဝင်ဝင်လာကာ. . .

ချက်ခနဲ ခြံတံခါးဖွင့်သံကြားတော့ ခြံဝလှမ်းကြည့်လိုက်တာ သာဂိနှင့် စိန်မောင်ကိုတွေ့ရသည်။ ခဏနေတော့ သူ့နားရောက်လာပြီး

"သတိုး. . . မင်းအမေအိပ်ပြီလား"

"ထင်တာပဲ. . . ခုနအထိတော့ မအိပ်သေးဘူးကွ"

"ငါတို့ ကိုဆန်းကြီးဆိုင်က နှစ်လုံးဆွဲလာခဲ့တယ်. . . ကြက်ကာလသားလည်းပါတယ်ကွ၊ လာကွာ. . . ပေါက်ကြီးတို့ ယာတဲမှာ သွားရအောင်"

"ဟာ. . . ငါမသောက်တတ်တာ မင်းတို့လည်းသိသားပဲ. . . မလိုက်တော့ပါဘူးကွာ"

"ဟာ. . . မင်းကလည်း တက္ကသိုလ်ကျောင်းသားဖြစ်နေပြီ. . . ဒါလေးတောင်"

"ဟ. . . တက္ကသိုလ်ကျောင်းသားဖြစ်တိုင်း သောက်တတ်ရမှာလားကွ"

"ဒါဆို မသောက်လည်း အမြည်းလိုက်စားကွာ"ဆိုပြီး အတင်းခေါ်တာနဲ့ သူလည်းလိုက်သွားရ၏။ သွားခါနီး အမေ့ကို လှမ်းပြီးအောက်လိုက်ရသေး၏။ အမေ မအိပ်သေးပါ။ ဘာလုပ်နေလည်းမသိ၊ ဘုရားဝတ်တက်နေတာဖြစ်ဖို့များသည်။

● ● ●

"သတိုး မင်းတို့တက္ကသိုလ်ကြီးမှာ ရန်ကုန်သူ ချောချောလေးတွေ အများကြီးနေမှာပဲနော်"

ပေါက်ကြီးက တောင်ပံတစ်ဖတ်ကိုဆယ်ရင်း လှမ်းမေးသည်။ သူ့ယာတဲလေးက အတော်လေးသာယာသည်။ တောင်ကမူမို့လေးပေါ်မှာ ဆောက်ထား၍ ပတ်ဝန်းကျင်ကို စီးမြင်နေရ၏။ ခပ်ဝေးဝေးမှ ညိုတိုတိုတောင်တန်းတွေကို လရောင်အောက်မှာ ဝိုးတဝါးမြင်နေရသည်။ ညဉ့်လေက လတ်ဆတ်သင်းပျံ့နေ၍ ယာတော၏ညအလှသည် လွန်စွာကဗျာဆန်နေတော့၏။

"ဒီလိုပါပဲကွာ. . . သူလိုကိုယ်လိုပါပဲ. . . ငါကတော့ သိပ်လည်း ဂရုတစိုက်မကြည့်မိပါဘူး. . . ငါ့မှာ အဲဒီကိစ္စ သိပ်အချိန်မပေးနိုင်ဘူးကွ"

"ဟဲ. . . ဟဲ. . . ဟုတ်လို့လား သတိုးရာ. . . မင်းက လျှို့နေပြန်ပြီ ဘာပဲဖြစ်ဖြစ် ရင်ခုန်စရာလေးတွေတော့ မင်းမှာ ရှိလာမှာပါ. . . ဟဲ. . . ဟဲ ပြောစမ်းပါကွာ. . . ရန်ကုန်သူတွေအကြောင်း နည်းနည်းပါးပါးသိချင်လို့ပါ"

သူပြုံးရင်း သဲလင်းဖြူကိုမြင်ယောင်မိ၏။ သို့သော် အဲသည်အကြောင်းတွေတော့ ဘာမှမပြောဖြစ်၊ ရန်ကုန်၏ခမ်းနားပုံ၊ တက္ကသိုလ်၏ပျော်ရွှင်စရာ

များ၊ ထို့နောက် ကွင်းနဲ့ကင်းအကြောင်း၊ မိနီစကတ်လို့ခေါ်တဲ့ အရာတစ်မျိုး ဝတ်ထားတဲ့ ပေါင်ဖြူမလေးတွေအကြောင်း၊ စုံလို့. . . စုံလို့. . . ပြောပြလိုက်သည်။ သည်အရွယ်အထိ ရန်ကုန်တစ်ခေါက်မှမရောက်ဖူးသည့် ပေါက်ကြီးအတွက်တော့ နန်းတော်ထဲရောက်နေသည့် သူတောင်းစားလို ပါးစပ်အဟောင်းသား၊ တစ်ခေါက်လောက် ဦးလေးနဲ့လိုက်သွားလို့ ရောက်ဖူးတဲ့ သာဂိအတွက်ကလည်း အထူးအဆန်းဖြစ်နေသည်။

သည်ကောင်ရောက်တုန်းက (၁၅)နှစ်သားလောက်၊ ရောက်တာက မဂ်လာဒုံလောက်တင်၊ ပြီးတော့ (၂)ရက်သာနေခဲ့ရ၍ ရန်ကုန်ဆိုတာကို အနံ့လောက်သာရှူပြီး ပြန်ခဲ့ရသောကြောင့် အထူးအဆန်းကိုဖြစ်လို့၊ စိန်မောင်ကတော့ ပြောမနေနှင့် ရွာဦးကျောင်းနှင့် သူ့အိမ်လောက်ကိုတောင် သိပ်သွားတာမဟုတ်။ အရွယ်ရောက်ပြီးကတည်းက ယာထဲဝင်ခဲ့ရပြီး အိမ်စီးပွားရေး ရုန်းကန်ခဲ့ရသောကြောင့် ဒါတွေနှင့် တော်တော်ဝေးသည်။ သူ့အတွက် အခမ်းနားဆုံးသွားဖူးတာက ရွာဘုရားပွဲလောက်မှာ လာလာကသည့် မြို့မ ဇာတ်ပွဲလောက်ပဲရှိသည်။ ဒါကြောင့် တက်တခေါက်ခေါက်ဖြင့်. . .

"ဒီတစ်ခေါက် ပဲပေါ်ရင် မင်းဆီတစ်ခေါက်လာလည်ဦးမယ်ကွာ. . . အဲဒီကျ မင်းငါ့ကို အဲဒါတွေလိုက်ပြနော်. . . ဟေ့ကောင်"

အရက်ကလေး ခပ်ထွေထွေနှင့်ပြောလိုက်သော စိန်မောင်စကားကြောင့် အားလုံးဝိုင်းရယ်လိုက်ကြသည်။ ရယ်သံတွေရပ်တော့ သာဂိက ဝင်ပြောသည်။

"မင်း. . . နွေးနွေးနဲ့ကော တွေ့လိုက်သေးလား"

"အေး. . . တွေ့လိုက်ရပါတယ်. . . သူကတောင် ငါ့ကို နည်းနည်းဝိန်သွားတယ်လို့ပြောသေးတယ်"

"အင်း. . . နွေးနွေးကတော့ မင်းကို အခုချိန်ထိ အရိပ်တကြည့်ကြည့်ပဲနော်"

အရှေ့မလွတ် အနောက်မလွတ်စကားကြောင့် သူ ကမန်းကတန်း





ဝင်ပြောလိုက်ရသည်။

"ဟာ. . . နွေးနွေးက အစကတည်းက သူငယ်ချင်းတွေအပေါ် ဒီအတိုင်းပါပဲကွာ. . . ငါတစ်ယောက်တည်းမှမဟုတ်ပါဘူး. . . မင်းတို့အပေါ်လည်း ကောင်းပါတယ်"

စိန်မောင်က အရက်ခွက်ကိုချပြီး ခေါင်းတညိတ်ညိတ်လုပ်ရင်းနဲ့. . .

"မင်း ရန်ကုန်သွားတော့ သူ မင်းဆီကစာကို စောင့်နေသေးတယ်၊ နောက်တော့ သူလည်း သူ့အဒေါ်နောက် ပြန်လိုက်သွားရတယ်လေ. . . မင်းကလည်း စာလေးတစ်စောင်တောင် ရေးဖော်မရဘူး"

"ဟာ. . . ငါမအားလို့ မရေးတာပါကွာ. . . ငါ မင်းတို့အားလုံးကို သတိရပါတယ်"

ပြောသာပြောလိုက်ရတာပါ သူဟိုရောက်တော့ စာလေးဘာလေး ရေးဖို့မေ့နေတာ သူ့ဟာသူအသိဆုံးဖြစ်သည်။ စိန်မောင်က သည်အကြောင်းထပ်မပြော၍ တော်သေး၏။ တကယ်တမ်းကျတော့ သူ့မှာ ငယ်ပေါင်းသူငယ်ချင်းတွေဆို၍ စိန်မောင်၊ သာဂိ၊ ပေါက်ကြီးနှင့် နွေးနွေးသာရှိ၏။ မိန်းကလေးဆို၍လည်း နွေးနွေးတစ်ယောက်သာ သူတို့အဖွဲ့ထဲမှာပါသည်။ သာဂိနဲ့ ပေါက်ကြီးက (၄)တန်းမှာတင် ကျောင်းထွက်သွားသည်။ ဆက်မနေတော့၊ စိန်မောင်က (၅)တန်း နှစ်ခါကျပြီး မဖြေတော့ဘူးဆိုကာ မိဘလက်ငုတ်လက်ရင်း ယာလုပ်ငန်းထဲဝင်သွားသည်။ တစ်ဖွဲ့လုံးတွင် ဖြစ်ဖြစ်မြောက်မြောက်ဆို၍ သူနှင့် နွေးနွေးသာ တက္ကသိုလ်ရောက်လာကြ၏။ နွေးနွေးက မန္တလေးတက္ကသိုလ်၊ သူက ရန်ကုန်တက္ကသိုလ်၊ နွေးနွေးနဲ့ (၈)တန်းကတည်းက ကွဲသွားကြတာ ဆယ်တန်းအောင်တော့မှ ရွာမှာ တစ်ခေါက်ပြန်တွေ့သည်။ နွေးနွေးတို့အဒေါ်က မန္တလေးမှာနေ၍ သူ့တူမကိုခေါ်ထားကြ၍ သူနဲ့ (၈)တန်းပြီးကတည်းက ကွဲသွားလိုက်တာ ဆယ်တန်းအောင်ပြီးတုန်းက တစ်ခါ၊ အခုတစ်ခါပဲ တွေ့ရသေးသည်။ ဘာပဲဖြစ်ဖြစ် ငယ်ငယ်ကတည်းက တွဲခဲ့ကြသော သူငယ်ချင်းတွေဖြစ်လို့ သူငယ်ချင်းသံယောဇဉ်

တော့ရှိပါသည်။

"နွေးနွေးက လှလာတယ်နော် ဟော့ကောင်"

ပေါက်ကြီးစကားကြောင့် သူ ခေါင်းညိတ်ပြလိုက်သည်။ ဟုတ်ပါတယ် နွေးနွေးက တော်တော်လေးလှလာသည်။

"မင်းနဲ့ဆို ရှေ့သွားနောက်လိုက် အရမ်းညီမှာကွ"

"တော်ပါ ပေါက်ကြီးရာ. . . မင်းက ဖောက်လာပြန်ပြီ"

"မဖောက်ပါဘူး သတိုး. . . ငါတကယ်ပြောတာ မင်း ရန်ကုန်သွားဇနတုန်း ရွာကို နွေးနွေး တစ်ခေါက်ပြန်လာသေးတယ်၊ ပြီးတော့ မင်းဆီက ဘာသတင်းကြားသေးလဲလို့ ငါ့ကိုမေးတယ်ကွ၊ ပြီးတော့ မင်းရော ဟိုမှာ အဆင်ပြေရဲ့လား. . . ဘာလားနဲ့ကွာ ငါ့ကို မင်းအကြောင်းတွေပဲ လာလာ ပြောနေလို့ ငါတောင်စိတ်မရှည်လို့ အော်လွှတ်လိုက်ရသေးတယ်"

အာလေးလျှာလေးနှင့် ပြောနေသော ပေါက်ကြီးအသံကြောင့် သည်ကောင် အတော်လေး ရေချိန်မှန်နေပြီဆိုတာသိလိုက်သည်။

"ကဲ ကဲ. . . ဟုတ်ပါပြီ ပေါက်ကြီးရာ. . . ထားပါတော့၊ မင်းလည်း သောက်တာအတော်များနေပြီ တော်တော့. . . ငါလည်း ညဥ့်အတော်နက်နေပြီကွ. . . ပြန်တော့မယ်"

"ဟန်. . . အာ. . . မပြန်နဲ့ဦး. . . ဟော့ကောင်. . . အေ့. . . ငါ. . သီချင်းဆိုဦးမယ်ကွ"

"အေးပါကွာ. . . သတိုးရာ. . . နေစမ်းပါဦး. . . ငါတို့သီချင်းဆိုကြရအောင်ကွာ. . . မင်းအမေလည်း ငါတို့နဲ့ပါသွားတယ်ဆိုတာ သိတာပဲ. . . စိတ်ပူမှာမဟုတ်ပါဘူး"

အများနဲ့တစ်ယောက်ဆိုတော့ ထပြန်လို့လည်း ရမှာမဟုတ်မှန်းသိပါသည်။ အခုတော့ ပုလင်းနှစ်လုံးလည်း ပြောင်သလင်းခါသွား၍ သုံးကောင်လုံး အတော်လေးမှန်ကုန်ကြလေပြီ။ သူတစ်ယောက်သာ မသောက်၍ ငမူး သုံးကောင်အလယ် ဝေါင်တောင်တောင်ကြီးဖြစ်နေ၏။ ခဏနေတော့ ပေါက်





ကြီးက ထရံမှာချိတ်ထားသည့် မယ်ဒလင်ကိုသွားဖြုတ်ပြီး ဆိုပါတော့သည်။ သီချင်းကတော့ တွံတေးသိန်းတန်ရဲ့ အသီးတစ်ရာအညာတစ်ခု၊ သူလည်း ရတဲ့အပိုဒ်လေးတွေဆိုပြီး ငယ်ဘဝကို တရေးရေးမြင်ယောင်လာမိပါသည်။ လမင်းကတော့ အာကာတစ်ခွင်ကို အစွမ်းကုန် အလင်းတွေအန်ချလျက်ရှိနေတုန်းပါပေ။

❀ ❀ ❀

## ၁၂

. . . တူ. . . တူ. . . တူ

ဒုတိယအခေါက် ရန်ကုန်ပြန်အဝင်သည် သူ့အတွက် စိမ်းမနေတော့ပေ။ ဖုန်းကြိုဆက်ထား၍ ဝေယံနဲ့အေးကိုက ဘူတာမှာ လာကြိုသည်။

"ခွေးကောင်. . . ငါတို့ကို လာခါနီးမှပဲ ဖုန်းဆက်ဖို့သတိရတယ်. . . တော်တော်ကောင်းတဲ့ကောင်"

"ငါတို့ဆီက ဖုန်းဆက်ရတာ မလွယ်လို့ပါကွာ. . . အခု မင်းတို့အတွက် လက်ဆောင်တွေပါတယ်"

"လက်ဆောင်"ဆိုတဲ့စကားကြားတာနဲ့ အေးကိုမျက်လုံးက အရောင်အဝါတွေ ထွက်လာပြီး. . .

"ဘာ. . . ဘာ. . . တွေလဲ"

"မန္တလေးထိုးမုန့်နဲ့ ပုန်းရည်ကြီး"

"ထိုးမုန့် ငါသိပ်ကြိုက်တာကွ"

အေးကို မျက်နှာဖြီးသွားသည်။ သဲလင်းဖြူအတွက် ရှားရှားပါးပါး သစ်ခွမျိုးလေးတွေ ယူလာတယ်ဆိုတာတော့ မပြောဘဲချန်ထားလိုက်သည်။





ပြောရင်မလွယ်၊ တော်ကြာ သူ့လည်းပေးဆိုပြီး လိုက်တောင်းနေဦးမည်။ ကားပေါ် အိတ်တွေတင်ပြီးနောက် သူတို့ ဘူတာမှထွက်ခဲ့လိုက်တော့သည်။ လမ်းရောက်တော့ အံ့ဩစရာသတင်းတစ်ခုကို ကြားလိုက်ရတော့၏။ ဝေယံနဲ့ ဖိုးဆု ကြိုက်သွားကြခြင်းပင်။

"ဟာ. . . တယ်ဟုတ်ပါလားကွ. . . မင်းဘယ်လိုလုပ်လိုက်တာလဲ"

"ဘယ်လိုလုပ်ရမှာလဲကွ. . . ဒီလိုပဲပေါ့. . . သင်္ကြန်မှာ ဖွင့်ပြောလိုက်တာပေါ့. . . နှစ်ဆန်းတစ်ရက်နေ့ရောက်တော့ ငါ့ကို အဖြေပေးရော"

"ဟား ဟား. . . ဒါဆို ဖိုးဆုက ငါတို့ထင်သလို ယောကျ်ားလျာလေး မဟုတ်ဘူးပေါ့"

"မင်းကလည်းကွာ. . . ဒီလောက်ပေါင်းလာတာပဲကြာပြီ၊ မသိသေးဘူးလား. . . သူတို့က သူများတွေထင်သလို မဟုတ်ပါဘူးကွာ. . . ဒီလိုပဲ အစ်ကိုတွေ မောင်တွေကြားထဲနေလာရလို့ ကြွပ်ဆတ်ဆတ်ပုံစံလေးတွေ ပေါက်နေတာပါ. . . အခုဆို အောင်ကိုဦးနဲ့ ရဲဆွေလတ်ကပါ ကျန်တဲ့ နှစ်ယောက်ကို ကြောင်နေကြပြီ. . . ဟေ့ကောင်"

"ထက်မြတ်နဲ့ ဖိုးညိုကိုလား"

"အေးပေါ့ကွ. . . သူတို့အပြင် ဘယ်သူရှိဦးမှာလဲ"

အင်း. . . တော်တော်လည်း လက်သွက်လိုက်ကြတဲ့ကောင်တွေ. . . သင်္ကြန်က သူတို့ကောင်းဖို့များ ကျပေးလိုက်ရသလား အောက်မေ့လိုက်ရသည်။ သူ့မှာသာ ဟတ်ကော့ကြီးဖြစ်ပြီး. . .။

"ဒါ. . . ဒါနဲ့ သဲလင်းဖြူ ငါ့ကိုမေးသေးလားဟင်"

"မင်းပြန်မလာရင် တော်တော်ကောင်းမယ်တဲ့"

"ဟာ. . . ခွေးမသား. . . ငါ့ကို အကောင်းပြောကွာ"

"အလကားပြောတာပါကွာ. . . မေးပါတယ်၊ မင်း ဘယ်နေ့ပြန်လာမလဲတဲ့. . . နင်တို့နဲ့ရော အဆက်အသွယ်ရလား တဲ့. . ."

သူ့ မျက်နှာကို အစွမ်းကုန်သနားစရာကောင်းအောင်လုပ်ကာ ဝေယံ

ကိုကြည့်လိုက်ရင်း. . .

"သူ. . . သူ ငါ့ကို သံယောဇဉ်ရှိတဲ့ပုံရော ပေါက်လားဟင်. . ."

ဝေယံ တွေးတွေးဆဆပုံစံမျိုးလုပ်ကာ. . .

"အင်း. . . ပေါက်တော့ ပေါက်တယ်ကွ"

"လယ်ပယ်ကို ပြား(၄၀)ရှိုးလောက်တော့ ရှိမယ်ကွ"

တော်ပြီ. . . သူ စကားဆက်မပြောချင်တော့ပေ။ သက်ပြင်းကို အားရပါးရချကာ ခုံပေါ်မှာ ကျောမှီထိုင်လိုက်လာခဲ့တော့သည်။ ဆက်ပြောလည်း သူ့ကို အကောင်းပြန်ပြောမယ့်ကောင်တွေမဟုတ်။ အင်း. . . ဘာပဲဖြစ်ဖြစ် သူ့ကိုတော့ သတိတရလေး မေးသတဲ့။ ဒါလေးတော့ ကိုယ်လိုရာဆွဲတွေးရင် ဝမ်းသာစရာပင်၊ မတွေ့ရတာကြာပြီဆိုတော့ သူ ကောင်မလေးကိုအရမ်းလွမ်းနေပါသည်။ ကျောင်းတွေပြန်ဖွင့်ရင်တော့ လွမ်းသမျှ အတိုးချလွမ်းပစ်လိုက်မည်ဟု စိတ်မှာတေးထားလိုက်၏။

## ချစ်သူ

လာသောလမ်းကို မျှော်နေရသော ယောကျ်ားလေးတစ်ယောက်အတွက် ချိန်ကိုက်ဗုံးတစ်လုံးကိုဖြုတ်နေသောသူတစ်ယောက်ကဲ့သို့ပင်ဖြစ်သည်။ အဆမတန် စိတ်လှုပ်ရှားရင်ခုန်နေရခြင်းကိုဆိုလိုပါသည်။ အခုလည်း သူ ရင်ခုန်ရှုံတင်မကပေ၊ ဇောချွေးပါ ပြန်နေသည်။ အရိပ်ဝိုင်းဝိုင်းလေးသာ ထိုးကျနေသော မဲဇလီပင်တစ်ပင်အောက်တွင် သူရပ်လျက် ချစ်သူကိုစောင့်နေမိသည်။ ထိုတာဝန်ကိုလည်း သူ့ကို ဘယ်သူကမှပေးခြင်းမဟုတ်၊ ကိုယ့်ဘာသာကိုယ် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေခြင်းဖြစ်သည်။

ဂတ်(စ်)မီးခြစ်အရွယ်လောက် အရိပ်ကလေးတစ်ခု မျက်ဝန်းထဲမှာပေါ်လာတော့ ရင်ခုန်သံသည် ရိုပ်ခနဲတုန်သွားသည်။ နဖူးမှချွေးတစ်စက်ခြေမပေါ်သို့ တောက်ခနဲကျသွား၏။ ထိုနဖူးမှချွေးတွေကို လက်မနဲ့ခြစ်ယူပြီးခါပိုက်၏။ ပြီးနောက် မနက်ကမှဝယ်လာသော လက်ကိုင်ပဝါနှင့် မျက်နှာအဆီပြန်မှုကိုဖြေရှင်းပြီး အသင့်အနေအထားသို့ ပြောင်းလိုက်သည်။ အားလုံး အနေအထားပြောင်းလဲပြီးနောက် ချစ်သူအရိပ်က တဖြည်းဖြည်းလူလုံးကွဲအဆင့်သို့ရောက်လာပြီး သူ့ကိုတော့ မြင်ပုံမပေါ်ပေ။

ခြောက်တိုင်တစ်တိုင်စာလောက်အရောက်မှ မယ်ဇလီပင်အောက်မှ ဖျတ်ခနဲ ခုန်ထွက်ပစ်လိုက်သည်။ ရုတ်တရက်ခုန်ထွက်လာသော သူ့ကို မြင်လိုက်သည်နှင့် ချစ်သူခြေလှမ်း တုံ့ခနဲရပ်သွားပြီး ဆက်လှမ်းလာသည်။ ဒါဆို အခြေအနေက သိပ်မဆိုးလှ။ တဖြည်းဖြည်းနီးလာပြီ၊ ငါးပေလောက် အကွာအရောက်တွင်. . .

"ဘယ်တုန်းကပြန်ရောက်လဲ"

"ဟိုနေ့ကပဲ ရောက်တယ်"

ဟိုနေ့ဆိုတာ ဘယ်နေ့မှန်း ချစ်သူသိချင်မှသိမည်။ မသိလည်း ကိစ္စမရှိ။ သူလည်း စကားမရှိစကားရှာပြီး ပြောတာဖြစ်မည်။

"နင် အခု Class ရှိလား"

"အင်း. . . ရှိတယ်"

"ဟို. . . အရေးကြီးလား"

ချစ်သူ တွေဝေသွားသည်။ ဘာပြန်ပြောရမလဲ စဉ်းစားဆုံးဖြတ်နေပုံ၊ အချိန်ကာလသိပ်မကြာသော်လည်း သူ့မှာ တရားစီရင်ချက်စောင့်နေရသော တရားခံလို ရင်တထိတ်ထိတ်ခုန်နေရ၏။

"နင်. . . ဘယ်သွားချင်လို့လဲ"

ဒါ အဖွင့်စကား၊ သွားမည့်နေရာကို သူကြိုက်ရင်လိုက်မည်။ မကြိုက်ရင် မလိုက်ဘူးဆိုတဲ့သဘောပင်။

"ဟို. . . ကြည်နူးရိပ် ခဏသွားထိုင်ရအောင်ဟာ"

"အင်း. . ."

အသံရှည်တစ်ခုဆွဲ၍. . .

"သွားလေ"

သူ့ရင်ထဲ သက်ပြင်းရှည်တစ်ခု ခိုးချလိုက်ရသည်။ ပထမအဆင့် OK သွားပြီ။

စားပွဲထိုးလေးရောက်လာ၍ ချစ်သူမှာချင်တာ မှာပါစေဆိုသည့်သဘော ချစ်သူကို မျက်လုံးလှန်ကြည့်လိုက်သည်။ သည်နေ့ စားသမျှအရာအားလုံး သူရှင်းရမည်ဖြစ်သည်။ ဒါမှလည်း အဓိပ္ပာယ်ရှိမည်။ ရှင်းနိုင်အောင်လည်း ပိုက်ဆံအလုံအလောက် ပါလာပါသည်။ အိမ်ကပြန်လာတာ မကြာသေးပဲကိုး။

"စိုးမြင့်ကြော်. . . တစ်ပွဲပေး"

သူ ဖျတ်ခနဲ ချစ်သူကိုလှမ်းကြည့်လိုက်သည်။ ချစ်သူကလည်း သူ့ကို လှည့်ကြည့်ပါသည်။ မျက်လုံးချင်း စက္ကန့်အနည်းငယ်မျှ ထိတွေ့မှုဖြစ်ကြသည်။ နောက်ဆုံး ချစ်သူက ရှက်ပြုံးလေးနှင့် ခေါင်းငုံ့သွားကာ. . .

"နင်. . . ဘာကြည့်တာလဲ"

"ခြော်. . . ငါ First Year တုန်းက ကိစ္စလေး သတိရလို့ပါဟာ"

"ခစ်. . . ခစ်. . . ဟုတ်တယ်နော်၊ အဲဒီတုန်းက သိပ်ရယ်ရတာပဲ"

ချစ်သူက ဟဲ. . . ဟဲ အစား ခစ်. . . ခစ်ဆို ပြောင်းရယ်တာ သတိထားမိလိုက်၏။ ဒါ. . . နူးညံ့လာသည့်သဘော. . . အချစ်နှင့်တွေ့လျှင် လူတိုင်းနူးညံ့သွားသည်ဟု ကြားဖူးသည်။ ဒါဆို အခြေအနေမဆိုးပေ. . .။

"ဟို. . . ဟို. . . ဝေယံနဲ့ဖိုးဆု ကြိုက်သွားပြီဆို"

"အေး ဟုတ်တယ်. . . ငါတို့လည်း အံ့သြနေတာ"

"ဘာအံ့သြစရာရှိလဲဟာ. . . အပျို. . . လူပျိုကြိုက်တာပဲ"

"အဲဒါတော့. . . အဲဒါပေါ့ဟာ. . . ဒါပေမဲ့ အချင်းချင်းကြီး"

"အချင်းချင်း ပိုတောင်ကောင်းသေးတယ်. . . တစ်ယောက်အကြောင်း တစ်ယောက် ပိုသိတာပေါ့ဟ"

သူ ပထမဆုံး စကားတစ်လုံးပစ်သွင်းလိုက်သည်။ သူနဲ့ချစ်သူလည်း အချင်းချင်းပဲလေ။

စားပွဲထိုးလေး စိုးမြင့်ကြော်လာချ၍ စကားစပြတ်သွားသည်။ သူ အအေးတစ်လုံးမှာလိုက်သည်။ အခုအချိန်အထိ သူ့ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ စကားတည်လို့မရ ဖြစ်နေသေး၏။ ပြောမထွက် ဖြစ်နေတာဆို ပိုမှန်လိမ့်မည်။ သူတို့စကားဝိုင်းလေးသည် တစ်ယောက်က ထမင်းကြော်ငုံ့စား၍ တစ်ယောက်က ငူငူကြီးထိုင်နေကာ တိတ်ဆိတ်ငြိမ်သက်နေ၏။ သည်အတိုင်းဆက်နေလို့တော့ မဖြစ်ချေတော့ပြီ။ တစ်ခုခုလုပ်မှ ဖြစ်တော့မည်။ သမိုင်းပေးတာဝန်အရ ယောကျ်ားလေးဖြစ်သည့် သူ့ဘက်ကပဲ စလိုက်ရ၏။

"နင် ငါ့ကို စိတ်ဆိုးနေတာလားဟင်"

ငုံ့စားနေရာမှ သူ့ကို ဖျတ်ခနဲမော့ကြည့်ပြီး. . .

"ဘာ. . . ကိုလဲ"

"ဟို. . . ဟို. . . လေဟာ. . . ဟိုဟာကိစ္စလေ"

တော်တော်ရှုပ်သွားသည်။ ချစ်သူ ခေါင်းလေးတစ်ချက်ကုတ်ပြီး. . .

"နင်ကလည်း ရှင်းရှင်းပြောဟာ. . . ဘာမှန်းလဲမသိဘူး"

ရှင်းရှင်းပြောဆိုတော့ ပြောဖို့သာရှိတော့သည်။

"ရည်းစားစကားပြောထားတာကို ပြောတာပါ"

ကြိုသိနေသောစကားကိုကြားလိုက်ရသလို ခနဲ့ပြုံးတစ်ချက်ပြုံးပြီး. .





"နင် အဲဒီတုန်းက မခံချင်စိတ်နဲ့ပြောလိုက်တာမဟုတ်လား"

"ဟာ. . . မ. . . မဟုတ်ဘူး. . . တ. . . တကယ်ပြောတာ. . . ငါ နင့်ကိုအရမ်းချစ်တာ"

ကြောက်အားလန့်အား ထငြင်းလိုက်၍ သူ့အသံ တော်တော်ကျယ်သွားကာ ဘေးနှစ်ဝိုင်းသုံးဝိုင်းလောက်မှလှည့်ကြည့်ကြ၏။ ချစ်သူက ရှက်ပြီး

"တိုးတိုးပြောပါ နင်ကလည်း. . . အရှက်ကိုမရှိဘူး"

"အဟီး. . . ငါက နင်တလွဲထင်သွားမှာ စိုးလို့ပါဟာ"

"ဟွန်း. . . ပိုကိုပိုတယ်"

အမယ်. . . သည်အမူအရာနှင့် သည်စကားလောက်ဆို ဆက်တွန်းဖို့ သင့်ပြီဆိုတာ သူ သဘောပေါက်လိုက်၏။ သတိုးတို့လည်း တက္ကသိုလ်ကျောင်းသားလုပ်လာတာ နှစ်ပေါက်လာ၍ ပညာလေးတော့အတော်စုံနေပါပြီ။ အရင်ကလို တောသားမအူမလည်လေး မဟုတ်တော့ပေ။ မြို့သားအကြောင်ကြောင်လောက်တော့ ဖြစ်လာပါပြီ။

မပိုပါဘူးဟာ. . . လိုတောင်လိုပါသေးတယ်. . . တကယ်ပြောတာ ငါ နင့်ကို တစ်သက်မှာ တစ်ခါမှမချစ်ဖူးတဲ့အချစ်နဲ့ ချစ်တာပါဟာ. . . ဟို. . . ဟို. . . ဘယ်တုန်းက စချစ်သလဲ နင်သိလား"

သိချင်ချင် မသိချင်ချင် အတင်းဆက်ပြောသည်။

"ငါ. . . ငါ နင့်ကိုလိုက်တောင်းပန်တဲ့နေ့ကတည်းကဟ သိလား. . . ဟဲ့ သိလား"

"အေး သိတယ်. . . အရမ်းစွတ်အော်မနေနဲ့. . . ငါက မိန်းကလေးဆိုတာလည်း စိတ်ထဲထည့်ထားဦး၊ တကယ်ပဲ. . . ဘာမှန်းလည်းမသိဘူး ကဗျာမဆန်လိုက်တာ"

"ဟင်. . . ကဗျာ. . . ကဗျာ ဘာလုပ်မလို့လဲဟင်"

"ဟာ. . . ဘာမှမဟုတ်ဘူးဟာ. . . တော်တော့"

"အဲဒါ. . . ငါ. . . ငါ့ကိုအဖြေလေး"

"ဘယ်လို"

ဘယ်လိုဆိုပြီး နှုတ်ခမ်းလေး ထော်၊ မျက်လုံးလေးပြူးကြည့်တဲ့ အမူအရာကြောင့် သူ နေစရာမရှိဖြစ်သွားသည်။

"ဟို. . . ဟို. . . အဖြေ. . . အဖြေလေး. . . အဲဒါ"

"ဒီမယ် သတိုး. . . ငါက မိန်းကလေးဟဲ့. . . နင်က အခုပြောအခု တောင်းရအောင်. . . ငါ့ကို ဟင်းရွက်ကန်စွန်းလို သဘောထားတာလား"

သူ မျက်နှာငယ်လေးလုပ်ပြီး ရုပ်ရှင်တွေထဲက နေထက်လင်း အိုက်တင်အတိုင်း ကြွေပြလိုက်သည်။

"ငါ. . . ငါ. . . ချစ်လွန်းလို့ လောသွားတာပါဟာ. . . ငါ့ကို စိတ် မဆိုးပါနဲ့ဟာ. . . ကိုယ့်ချစ်သူဆီက ချစ်တယ်ဆိုတဲ့အဖြေကို လူတိုင်းက လိုချင်တာပါပဲ 'သဲ'ရယ်. . . ငါ့ကိုခွင့်လွှတ်ပါ"

သူ အခွင့်အရေးရတုန်း 'သဲ'တွေ ဘာတွေ လုပ်ပစ်လိုက်သည်။ အကယ်ဒမီရှော့ သူ့ရုပ်ကြောင့် ချစ်သူဘာမှမပြော သူ့ကို တွေတွေကြီး ဆိုက်ကြည့်ပြီး သက်ပြင်းချကာ. . .

"အေးပါဟာ. . . ငါစဉ်းစားပါဦးမယ်"

သူ အဲသည်စကားလေး ကြားလိုက်ရတော့ စွန့်စားရကျိုးနပ်သွား လေသည်။ စဉ်းစားမယ်တဲ့၊ ဒါ တိုင်းပြည်တစ်ဝက်ပိုင်သည့်သဘောပင်။ အခြေအနေက မဆိုးဘူးအဆင့်မှာရှိ၏။ ဒါကြောင့် နည်းနည်းအထွန့်တက် ကြည့်လိုက်သည်။

"ဘယ်. . . ဘယ်တော့လောက် သိရမလဲဟင်"

"ဟာ. . . အဲဒါတော့ ငါ့လာမမေးနဲ့ဟာ. . . မဖြေတတ်ဘူး"

မဖြေတတ်တော့လည်း မတတ်နိုင်၊ မမေးရဲဘဲ ရှိတော့တာပေါ့။ ပြောစရာစကားလည်း ကုန်သွား၍ စားပွဲထိုးလေးခေါ်ကာ ပိုက်ဆံရှင်းလိုက် သည်။ ချစ်သူက အတင်းဝင်ရှင်းမယ်လုပ်သည်။ သူ မရမကတား၍ရှင်း လိုက်ရ၏။





"ငါ. . . တာဝန်ယူပါရစေ သဲရယ်"

ချစ်သူ ခေါင်းငုံ့သွားပါသည်။ ကောင်းကင်တွင် နေရောင်ခြည်သည် ချိုချိုလေး တောက်ပနေ၏။

"တော်ကြပါတော့ကွာ. . . မင်းတို့ပြောတာနဲ့ တစ်ခုမှကို ရစရာမရှိတော့ဘူး. . . ငါ့အတွက် အကြံဉာဏ်လေးပေးကြပါဦး"

"အင်း. . ."

အေးကို သံရှည်ဆွဲကာ မေးစေ့က အမွေးနှစ်ပင်နှင့်အလုပ်ထရှုပ်တော့သည်။ ရှိစေတော့. . .

"မင်း နောက်နေ့ကစပြီး ကောင်မလေးအကြိုက်တွေ လိုက်မှတ်ထား၊ ပြီးတော့ သူ့အထင်ကြီးမယ့်ဟာတွေလုပ်ပြ၊ နောက်ပြီး ဘဝရည်မှန်းချက်တွေ ဘယ်လိုရှိတယ်၊ ဘာရည်ရွယ်ထားတယ်ဆိုတာတွေ လျှောက်ပြောပေါ့ကွာ"

"ငါလည်း ဖိုးဆုကတစ်ဆင့် အဆင်ပြေအောင် ပြောခိုင်းပေးပါ့မယ်"

သူငယ်ချင်းတွေအားပေးတော့ ရွှေလမ်းစဉ်အတွက် တော်တော်လေး အားရှိသွား၏။ သို့သော် သူတစ်ခုစဉ်းစားမိလိုက်ပြီး. . .

"အမြဲတမ်းကြီး အဖြေလိုက်တောင်းနေရင်. . . တော်ကြာ ငါ့ကို ငြင်းသွားရင် ဒုက္ခကွ"

"ဟာ. . . အဲဒီလောက်ကြီးတော့ ဖားပျံကပ်သလို လိုက်ကပ်မနေနဲ့ လေကွာ. . . အခြေအနေကြည့်ပေါ့. . . ခွင်ကောင်းရင် ဝင်၊ ခွင်မကောင်း ရင် ကောင်းအောင်ဖန်တီး၊ ဒါမျိုးတော့ ကိုယ့်အစွမ်းအစနဲ့ကိုယ် ကြည့်လုပ် ပေါ့ကွာ"

"မင်းတို့ ငါ့ကိုကူညီဦးနော်"

"ကူတော့ ကူညီမှာပေါ့ကွ. . . ဒါပေမဲ့ ဝမ်းနုတ်ဆေးချည်း အားကိုး လို့မရဘူး ဟော့ကောင်. . . ကိုယ့်ဟာကိုယ်လည်း ညှစ်ဦး"

"အေးပါကွာ"

* * *

"သတိုး

. . . မင်းက မလည်ရှုပ်သွားလုပ်တာကိုးကွ. . . လုပ်မယ့် လုပ် အပြတ်လုပ်ပါလား"

"ဟာ. . . လုပ်လို့မရလို့ပေါ့ကွာ. . . ဒီလောက် အဆင်ပြေ တာပဲ တော်လှပြီ"

အေးကို တစ်ချက်ငြိမ်သွားပြီး. . .

"အင်း. . . စဉ်းစားဦးမယ်ဆိုတော့ မင်း အခြေအနေတော့ ကောင်း ပါတယ်. . . ဒါပေမဲ့ ငါအဆင်ပြေတာပဲဆိုပြီး သွေးအေးနေလို့မရဘူးနော်၊ ဟော့ကောင်. . . မိန်းမတွေက ဒေါ်ဂျစ်အင်ဂျင်လိုပဲကွ. . . အမြဲတမ်း လက်ပူ တိုက်ပေးနေမှ နိုးတာ"

နှိုင်းယှဉ်ချက်ခိုင်မာစွာနှင့် အေးကိုက သူ့ကိုတင်ပြသည်။ ရဲဆွေ လတ်ကပါ ဝင်ပြီး. . .

"ဟုတ်တယ်ကွ. . . မိန်းမတွေက သိပ်မှန်းရခက်တာ. . . မိန်းမနဲ့ နွားသိုး အစိုးမရဘူး ဟော့ကောင်"

သူကလည်း သူတတ်သလောက် ဝင်ရောက်ဝေဖန်သည်။ သူ ခေါင်း ရှုပ်လာကာ. . .

ရှေ့မှ

လူနှစ်ယောက်ကို ကျော်တက်ပစ်လိုက်သည်။ ဆက်သွားဖို့ အလုပ်မှာ ဆရာမတစ်ယောက် အခန်းထဲမှထွက်လာတာနဲ့ ကြုံ၍ ကိုယ်အရှိန်ကို ဝင်မတိုက်မိရန်မနည်းသတ်လိုက်ရ၏။ ထို့နောက် သူဆက်လျှောက်လာခဲ့သည်။ ကော်ရစ်တာထောင့်ချိုးတွင် အပြင်က ဝင်လာသော ကျောင်းသူတစ်အုပ်နှင့်သွားတိုး၍ သူနှင့် ထိုကျောင်းသူများ ရောထွေးသွားသည်။ သူအတော်လေးစိတ်ပျက်သွား၏။ သည်ပုံစံအတိုင်းဆို သဲလင်းဖြူကို မျက်ခြည်ပြတ်သွားချေတော့မည်။ ကျောင်းသူတွေရဲ့စကားသံတွေကလည်း လက်ပံပင် ဆက်ရက်အုပ်က အရှုံးပေးရမည်။ ဆူညံပွက်လောရိုက်နေ၏။ သူ့ခန္ဓာကိုယ်က ထိုအုပ်ကြီးအလယ်တွင် အလိုက်သင့် မနည်းလိုက်နေရ၏။ တစ်ခါတစ်ခါ နေးသွားလိုက်၊ တစ်ခါတစ်ခါ မြန်သွားလိုက်နှင့်. . .

"ဟဲ့. . . အဲဒီကောင်ပေါ့ ငါကြည့်မရတာ၊ ဟိုနေ့က ငါ့ကို သူ့ဝဲ စကားလိုက်ပြောတာ"

"ခစ်. . . ခစ်. . . ချစ်စရာကြီးပါဟယ်. . . နင်ကလည်း "

"ချစ်စရာကြီးဆို နင်ယူလိုက်ပါလား"





"အို. . . ယူမှာပဲ"

အတော်လည်းစိတ်ညစ်ရပါလား။ သူ့ဘေးနား လာကျသည့် ကျောင်းသူနှစ်ယောက် ပြောနေခြင်းပင်။ တစ်ယောက်က ဝါးခြမ်းပြားကို ထဘီပတ်ထားသလို ပိန်၍ မျက်နှာက ပဲလင်းမြွေသီးလောက်ရှည်သည်။ နောက်တစ်ယောက်က ဖျင်းခြေသလုံးရိုးနှင့် လက်မောင်းတစ်လုံးတစ်လုံးမှာ ရာမစုထီးလုံးလောက်ပဲရှိလိမ့်မည်။ မျက်နှာကတော့ မဆိုးလှပေ။ သို့သော် မဲ့ကာရွဲ့ကာ အတင်းတုတ်နေသော ထိုကျောင်းသူနှစ်ယောက်ကို သူစိတ်ပျက်စွာကြောင်ငေးကြည့်နေမိ၏။ မိန်းမတွေအတင်းပြောတာ ဒါပထမဆုံးမြင်ဖူးခြင်းပင်။ ထိုအချိန် ထိုကျောင်းသူနှစ်ဦး သူ့ကိုဆတ်ခနဲလှည့်ကြည့်ပြီး။

"ဟင်. . . နင်ဘာလာကြည့်နေတာလဲ"

သူ ကြောင်သွား၏။ သူ့ကိုပြောလိုက်သူက ပဲလင်းမြွေသီး မမပင်။ သူ အကြပ်ရိုက်သွားကာ. . .

"ဟယ် ဟုတ်ပါ့. . . အခုမှသတိထားမိတယ်. . . ဒီကောင်ကြီး ဘယ်လိုလုပ် ငါတို့ထဲပါလာတာလဲ"

ကြောင်လည်ပင်းညှစ်ထားသည့်အသံပေါက်နေသော ထိုကျောင်းသူစကားကြောင့် ကျန်တဲ့သူတွေ သူ့ကိုဝိုင်းကြည့်ကြသည်။

"ဟဲ့. . . မိနိုင် ဘာဖြစ်တာလဲ. . . ရှုတ်ရှုတ် ရှုတ်ရှုတ်လုပ်ရင် တီးပစ်လိုက်"

ဘုရား. . . ဘုရား. . . တယ်လည်းကြောက်ဖို့ကောင်းနေပါလား၊ သူ ဘာအပြစ်လုပ်မိလို့ပါလိမ့်. . .

"ဒီမယ်. . . ရှင် ဟိုဖက်တီးလေးလုံးအဖွဲ့ထဲကလား"

ဘယ်က ဖက်တီးလေးလုံးအဖွဲ့မှန်းမသိ လာမေးနေသည်။

"ဘယ်. . . ဖက်တီးလေးလုံးလဲ"

"ဘာအခုမှ ကြောင်တောင်တောင်လုပ်နေတာလဲ၊ ရှင့်ကိုသူတို့ စပိုင်အနေနဲ့ လွှတ်လိုက်တာမဟုတ်လား"

"ဟာ. . . ခင်ဗျားတို့ ဘာတွေလာပြောနေတာလဲဗျာ၊ ဘာဖက်တီး လေးလုံးလဲ. . . မသိဘူး၊ စပိုင်လည်းမသိဘူး၊ မလှိုင်လည်းမသိဘူး. . . ဖယ် ပေးဗျာ. . ကျွန်တော်လမ်းပိတ်နေလို့"

သူ ခပ်ဇောက်ဇောက်ကလေးပြောပြီး ရှေ့ကိုထွက်ဖို့လုပ်၏။ ပခုံးပေါ် ဒန့်သလွန်သီးကဲ့သို့ အဆင်းသဏ္ဍာန်ရှိသော လက်ချောင်းများပိုင်ရှင် လက် တစ်ခု ကျလာကာ. . .

"ဒီလို လွယ်လွယ်ဘယ်ရမလဲ၊ ငါတို့ပစ္စည်းဘယ်မှာလဲပြော"

သူ ခေါင်းနားပန်းကြီးသွား၏။ ကမ္ဘာကျော် အမှုကြီးတစ်ခုနှင့် လာ ပက်ပင်းတိုးမိပြီဖြစ်ကြောင်း ရိပ်မိလိုက်၏။ ဘယ်ကောင်တွေများ သည်ဟာ မလေးတွေကို သွားပြီး လက်ဆော့ခြေဆော့ လုပ်ထားလည်းမသိပေ။

"ဘာ. . . ဘာပစ္စည်းလဲဗျ"

"ဘာ. . . ဘာပစ္စည်းရမှာလဲ၊ နင် အူတူတူမလုပ်နဲ့. . . ဖက်တီး လေးလုံး ဟိုနေ့က ငါတို့ဆီက သုတ်သွားတဲ့ဟာ"

သည်ကိစ္စ သည်တင်ရပ်မှရတော့မည်ဆိုတာ သူနားလည်လိုက်ပြီ။ သူ ဆွမ်းခံရင်း ငှက်သင့်နေလေပြီ။ ကြာရင် မိုးပါမီးလောင်ကိန်းဆိုက်သွား မည်၊ ဖက်တီးတွေရော လေးလုံးတွေရော သူတို့ဟာ ဘာတွေမှန်းမသိ. . .

"ဒီမှာ. . . ကျွန်တော့်နာမည် သတိုးတေဇ. . . ဘာဖက်တီးလေးလုံး မှလည်းမသိဘူး၊ ဖက်တီးငါးလုံးလည်းမသိဘူး. . . ကျွန်တော့်ဟာကျွန်တော် ကျွန်တော့်လမ်းကျွန်တော်သွားတာ ခင်ဗျားတို့ထဲ သူ့ဟာသူရောက်သွားပြီး ထွက်မရဖြစ်နေတာ. . . ဖယ်. . . လမ်းဖယ်ပေး"

သူ ခပ်ဇောက်ဇောက်လေးပြောပြီး အတင်းတိုးထွက်လိုက်မှ ဒေဝီမမ တို့က လမ်းကို မဖယ်ချင်ဖယ်ချင်နှင့်ဖယ်ပေးကြ၏။ သူ အတင်းတွန်းတွန်း တိုက်တိုက် ထွက်လိုက်ရသည်။

အဲသည်အုပ်စုကြီးအပြင်ရောက်သွားမှပဲ သူ အသက်ရှူချောင်သွား တော့၏။ သူ အခုမှ သဲလင်းဖြူကိုလိုက်ရှာမိသည်။ အရိပ်တောင် မတွေ့





တော့။ ဘယ်တွေ့ပါ့မလဲ၊ ဟိုဟာမတွေအုပ်ထဲ သူရောက်နေတာ အတော်လေး ကြာသွားသည်ပဲ။ နောက်ဆုံးတော့ သူစိတ်ပျက်ပျက်နှင့် သိပ္ပံဆောင်တွေဘက် လှည့်ထွက်ခဲ့တော့သည်။

ကုက္ကို

ပင်ရိပ်အောက်မှာထိုင်ရင်း ကျိုးကန်းနှစ်ကောင် ကိုက်နေတာကို ထိုင်ကြည့်နေမိ၏။ လေပူတစ်ချက်က ကွင်းပြင်မှဖြတ်ပြီး သူ့ကိုဝင်တိုက်သည်။ ကျိုးကန်းနှစ်ကောင်ကလည်း အစာလုရင်း သဲကြီးမဲကြီးတိုက်နေတော့သည်။ သူကတော့ ညာဘက်ကျိုးကန်းဘက်က အားပေး၏။ ဘာဖြစ်လို့လဲဆိုတော့ ညာဘက်ကျိုးကန်းက နည်းနည်းကြီးသည်။ ဒါကြောင့် နိုင်ဖို့များ၏။ သူကလည်း အခုဆင်နွှဲနေသည့် အချစ်ပွဲကြီးမှာ နိုင်ချင်သူဖြစ်သောကြောင့် အတိတ်နိမိတ်ကောင်းရန် နိုင်တဲ့ဘက်ကပဲ အားပေးချင်သည်။ သို့သော် သူထင်ထားသလို ဖြစ်မလာပေ။ အကောင်သေးလေးက နိုင်သွား၏။ သူ မကျေမနပ် တက်တစ်ချက်ခေါက်ကာ ထရပ်လိုက်ပြီး နိမိတ်မကောင်းသောနေရာမှ ထွက်ဖို့ပြင်လိုက်၏။

"ကွီ"

ကားတစ်စီး သူ့ရှေ့ဆိုက်လာသည်။ ကားမောင်းသူနေရာမှ မှန်လေးကျလာ၍ သူ ရင်လှိုက်ခနဲတုန်သွား၏။

"နင်. . . ဘာလုပ်နေတာလဲ"

ကျိုးကန်းနှစ်ကောင်ကိုက်တာ ထိုင်ကြည့်နေတာ ပြောရင်လည်း





အခက်၊ သူ့ကို ဟားတိုက်လိမ့်မည်။

"ဘာမှမလုပ်ပါဘူးကွာ. . . အတန်းမရှိတာနဲ့ လာထိုင်နေတာ"

အမှန်တော့ သူ၊ သူမနောက်ကိုလိုက်ရင်း လမ်းပျောက်၍ သည်မှာလာထိုင်နေတာကို သူမသိရင် ဘယ်လိုနေမလဲမသိ။

"ဘာမှမလုပ်ရင် ငါနဲ့ခဏလိုက်ခဲ့ဟာ"

အမိန့်သံလည်းမဆန်၊ မလိုက်ရင် တုတ်နဲ့ရိုက်မယ်လည်း မခြိမ်းခြောက်ဘဲနှင့် သူ ကားပေါ် ဘာမှမေးမနေဘဲ ဖွေ့ခနဲတက်လိုက်၏။ ရေဆာတုန်း ရေသန့်ဘူးလေးကောက်ရသလို ပျော်လိုက်တာ။ သူ့ရင်မှာ လှုပ်ခနဲလှုပ်ခနဲပဲ။ ချစ်သူလေးကလည်း ဘာမှမပြောဘဲ မောင်းတော့သည်။

တက္ကသိုလ်ပရဝုဏ်မှ ထွက်တော့ သူပဲ စမေးလိုက်ရ၏။

"ဘယ်. . . ဘယ်သွားမလို့လဲ"

"ငါ့အဒေါ် တစ်ယောက်အိမ် ခဏသွားမလို့ဟာ. . . အဲဒါ အဖော်မရှိလို့. . . နင့်ကိုတွေ့တာနဲ့ခေါ်လာတာ"

"ဟိုကောင်တွေရော"

"သိဘူး"

"နင်က ဒီနေ့ ထူးထူးဆန်းဆန်း စကတ်ထဘီတွေဘာတွေဝတ်လို့"

"ဘာဖြစ်လဲ. . . ငါ တစ်ခါတလေ ဒီလိုပဲဝတ်တယ်"

"အရမ်းလှတာပဲဟာ"

"နင်နော်"

သတိုး လစ်တုန်း တစ်လုံးပစ်သွင်းလိုက်သည်။ ကိုယ့်ကိုယ်ကိုလည်း ချီးကျူးလို့မဆုံး၊ နည်းနည်းလည်း အတင့်ရဲလာကာ. . .

"တကယ်ပြောတာ. . . နင် တစ်နေ့တခြား ပိုပိုလှလာတယ်ဟ"

"အဲဒါဘာဖြစ်လဲ"

"အဟီး. . . ငါလည်း နင့်ကို တစ်နေ့တခြား. . ."

"ဟဲ့. . . ပလုတ်တုတ်"

"ကျွိ"

"ဒေါင်"

ကားရှေ့ ခွေးဖြတ်ပြေး၍ ဘရိတ်ဆောင့်အုပ်လိုက်တာပါ။ ရုတ်တရက် ဆိုတော့ သူ့နဖူးနှင့် ကားရှေ့ဒက်ဘုတ် ပြေးဆောင့်တော့သည်။ အရေး အကြောင်းဆို ဇာတ်လမ်းကစပြီ. . .

"ခွေးမသားခွေး"

သဲလင်းဖြူက သူ နဖူးကို လက်နဲ့ပွတ်နေတာကြည့်ပြီး ရယ်တော့ သည်။

"နင်က သိပ်ရယ်ရတာပဲ သိလား"

"အေးပါဟာ. . . ငါ့အပြုအမူတွေက နင့်အတွက် ရယ်စရာဖြစ်နေ ရင်. . . နင်ပျော်တဲ့အတွက် ငါကျေနပ်ပါတယ်ဟာ"

ပြောပြီးမှ ကိုယ့်ကိုယ်ကိုတောင် မယုံသလိုလိုဖြစ်သွားသည်။ တယ် လာတဲ့ ငါပါလား၊ လွှတ်ထား သတိုးရ. . . ကိုယ့်ကိုယ်ကိုအားပေးရင်း ရှေ့ ဒက်ဘုတ်ကိုလည်း လက်နဲ့ကိုင်ထားရသေးသည်။ တော်ကြာ ခုနလိုထပ်ဖြစ် ရင် မချောင်။ သည်လမ်းက ခွေးတွေ တော်တော်ပေါသည်။

"နင် ငါ့ကို အဲဒါတွေပဲပြောမယ်ဆိုရင် ငါမသွားတော့ဘူးနော်"

"ဟာ. . . မသွားဘဲတော့ မနေပါနဲ့ဟာ. . . သွားပါ ငါမပြောနဲ့ဆို မပြောတော့ပါဘူး. . . နင်နဲ့အတူသွားနေရရင် ပြီးတာပဲ"

"ဟူး. . . မလွယ်ပါလား. . . လွတ်ကို မလွတ်ဘူး"

"နေပါဦး. . . နင်အရင်က အဲဒီလိုမဟုတ်ပါဘူး. . . အခုမှ နေ့ချင်း ညချင်း ပုံပြောင်းသွားလိုက်တာ. . . ဘာလဲ နင့်ကို ဟိုကောင်တွေမြှောက်ပေး နေတာမဟုတ်လား"

"ဟာ. . . မဟုတ်ရပါဘူးဟာ၊ သူ့အလိုလိုဖြစ်လာတာဟ၊ အချစ်နဲ့ တွေ့ရင် လူတွေက ဒီလိုပဲဟ"

"ကဲ. . . ကဲ. . . တော်ပြီ. . . တော်ပြီ. . . မပြောနဲ့တော့"





ရှက်ရယ်လေးရယ်ရင်း ကားမောင်းနေတဲ့ ချစ်သူလေးကို ချစ်လိုက် တာ. . .

"ကျွိ"

"ဒေါင်"

ခွေး နောက်တစ်ကောင်ဖြတ်ပြေးသွား၏။

● ● ●

**အေးကို**က ပြုတ်ကျသွားသော ဗယာကြော်ထုပ်ကိုငုံ့ကောက်နေတာ တွေ့လိုက်ရတော့ 'ဝေယံ' အရှိန်နှင့်ပြေးသွားပြီး နောက်မှ တွန်းလှဲပစ်လိုက်သည်။ အေးကို လဲသွားချိန်တွင် ဗယာကြော်ထုပ်ကိုယူ၍ အိမ်ရှေ့ခန်းသို့ပြန်ပြေးလာ၏။ အေးကိုကတော့ ပါသွားသော ဗယာကြော်ထုပ်ကို နှမြောတသစွာကြည့်ရင်း ခွေခွေလေးကျန်ခဲ့တော့သည်။

"ရော့. . . မင်းတစ်ခုစား"

လှလာသော ဗယာကြော်ထုပ်ထဲမှ တစ်ခုနှိုက်၍ သူ့ကိုကျွေးတော့ ကောက်ယူပြီး တစ်ချက်ဝါးလိုက်ကာ. . .

"မင်း ဖိုးဆုကိုမေးတော့. . . ဟိုက ဘာပြောလဲ"

"မင်းအဆင်ပြေမှာပါတဲ့. . . သဲလင်းဖြူက မင်းကိုစိတ်ဝင်စားပုံ ပေါက်တယ်တဲ့"

"တကယ်"

"နောက်တစ်ခုပေးဦးကွာ"

သူ ဗယာကြော်နောက်တစ်ခုထပ်နှိုက်လိုက်ချိန်မှာ အိမ်ရှေ့သို့ အေးကို ခါးလေးပွတ်ကာပွတ်ကာ ရောက်လာသည်။ အေးကိုကိုမြင်တော့ သူတို့





နှစ်ယောက်လုံး ဗယာကြော်တွေ အကုန် ပါးစပ်ထဲသွပ်ထည့်လိုက်ပြီး လက်ခါပြလိုက်၏။ အေးကို စိတ်ပျက်လက်ပျက် ဆိုဖာပေါ် ထိုင်ချရင်း ပျစ်ပျစ်နှစ်နှစ် ဆဲ၏။ သူတို့ အေးကိုကို ဂရုမစိုက်။

"အဲဒါနဲ့. . . ဆက်ပြောပါဦး"

"ဒီလိုကွ. . . သဲလင်းဖြူတို့က မျိုးရိုးလိုက်ချမ်းသာလာကြတာဆိုတော့ သူ့မိဘတွေက တကယ်လို့ မင်းနဲ့သဲလင်းဖြူ ကြိုက်သွားပြီဆိုရင်တောင် သဘောတူပါ့မလားမသိဘူးလို့ သူကတော့ ပြောတာပဲ"

သူ တစ်ချက်ငိုင်သွားရသည်။ ဖိုးဆုပြောတာ ဟုတ်တော့ဟုတ်တာပဲ။ သူနဲ့သဲလင်းဖြူက မိုးနဲ့မြေသာမက အဝီစိလောက်အထိကွာနေသည်။ သူ့မှာ သာမန်ဘွဲ့တစ်ခုနှင့် ရိုးသားမှုသာ ပိုင်မည်။ ကျန်တဲ့ပကာသနဆိုလို့ ချ တစ်ပြားမှမရှိ။ သို့သော် အခုမှတော့မတတ်နိုင်တော့ပြီ။ လုပ်ပြီးမှတော့ နောက်ဆုတ်ဖို့တော့ မကြိုးစားတော့။ ဖြစ်လာသမျှပြဿနာ ရင်ဆိုင်တွေ့လိုက်ရုံသာရှိတော့၏။

"သဘောမတူလည်း ဘယ်တတ်နိုင်မလဲကွာ. . . သဲလင်းဖြူသာ ငါ့ကို တကယ်ချစ်ခဲ့ရင် အရာရာငါကြိုးစားရမှာပေါ့"

နိုင်မာသည့်ဆုံးဖြတ်ချက်ဖြစ်သော်လည်း အသံက အနည်းငယ်ပျော့နေ၏။

"ဖိုးဆုကလည်း မင်းကို အဲဒီအတိုင်းပဲဖြစ်စေချင်တယ်၊ သူတို့အားလုံးလည်းရှိတာပဲတဲ့၊ ဝိုင်းစီစဉ်ကြတာပေါ့ကွာ၊ မင်း အားငယ်စရာမရှိပါဘူး"

"ဒါဆို. . . မင်း အရင်ကထက် နှစ်ဆကြိုးစားမှရတော့မယ် သတိုး။ မင်း. . . နောက်ပြီးတော့ သဲလင်းဖြူကိုလည်း နောက်ပိုင်း စကားကို နောက်သလိုပြောင်သလိုမပြောတော့ဘဲ တကယ်အတည်ပြောတော့၊ မင်းမှာဖြစ်နေတဲ့ ပြဿနာ၊ မင်းဘဝအခြေအနေ. . . အဲဒါတွေ အကုန်လုံး မင်းကောင်မလေးကိုပြောပြသင့်ပြီ၊ သူ အဲဒါမှ အဲဒါတွေပါထည့်စဉ်းစားလို့ရမယ်၊ အဲဒါမှ. . . မင်းလည်းစိတ်သန့်မယ် သတိုး. . . နောက်မို့ဆို မင်းကို သူ့မိဘတွေတစ်မျိုး

မြင်ချင်မြင်လာနိုင်တယ်"

ခုန ကုပ်ကုပ်ကလေးထိုင်နေသော အေးကိုက အခုမှ စကားဝိုင်းထဲ ဝင်ပါလာတော့သည်။ သူပြောတာလည်း အားလုံး ဖြစ်သင့်ဖြစ်ထိုက်တာတွေ ပဲဖြစ်၏။

"သူလည်း ငါ့အကြောင်းတော်တော်များများ သိထားတာပဲကွာ. . . ရှင်းပြစရာမလိုဘူးထင်တယ်. . . ငါဆင်းရဲတယ်ဆိုတာ သူသိပါတယ်"

"သူသိတာ သိတာပဲလေ. . . ကာယကံရှင်ကိုယ်တိုင် ရှင်းပြတော့ ပိုကောင်းတာပေါ့ကွ"

"အေးပါကွာ. . . ငါ သူ့ကို ဒီတစ်ခါတွေ့ရင် သေချာရှင်းပြလိုက်ပါ့မယ်"

သူ ခေါင်းထဲတွင် နောက်ကျိမှိုင်းဝေလာသည်။ သူနဲ့သဲလင်းဖြူဇာတ်လမ်းက ဖြစ်နိုင်ပါ့မလား။ ပြော်. . . သူချမ်းသာရင် သိပ်ကောင်းမှာပဲ။ အဲဒါဆို သည်လိုစိတ်ညစ်ရမှာမဟုတ်တော့ပြီ. . .

"ငါ အခု နင့်ကိုပြောမယ့်စကားကို သေချာနားထောင်ပါဟာ. . . ပြီးမှ နင်ငါ့ကို ပြောချင်တာပြောပါ"

သဲလင်းဖြူက သံပရာရည်ကိုပိုက်နှင့်ထိုးမွှေပြီး နားထောင်နေ၏။

"ငါပြောမယ့်အရာတွေလည်း နင်သိပြီးသားနေမှာပါ. . . ဒါပေမဲ့ ငါ ကိုယ်တိုင်ပြောတာမှ ကောင်းမယ်ထင်မိလို့ပါ"

သူမ သေချာနားထောင်နေတာ တွေ့ရသည်။ သူ စကားကိုဆက်လိုက်၏။

"ငါတို့က မချမ်းသာဘူးဆိုတာ နင်လည်းသိတယ်နော်. . . ငါတို့မိသားစုမှာ ငါရယ်၊ ငါ့အမေရယ် ဒါပဲရှိတယ်. . . ငါ့အဖေကတော့ ငါငယ်ငယ်လေးကတည်းက ဆုံးသွားပြီ၊ ဒါပေမဲ့ အဖေလက်ထက်ကထားခဲ့တဲ့ ယာ (၁၀)ကေလောက်တော့ ပိုင်တယ်ပေါ့ဟာ၊ ဒါလေးနဲ့ ငါတို့မိသားစုဝမ်းရေးကို ဖူလုံစေခဲ့တယ်. . . အခုတော့ ငါ့ကျောင်းစရိတ်ကောပေါ့ဟာ၊ ပြီးတော့ ငါတို့မှာ နင်တို့လို တိုက်အိမ်ကြီးလည်းမရှိဘူး၊ သိန်းထောင်ကျော်တန်တဲ့ ခြံလည်း မပိုင်ပါဘူးဟာ၊ ငါတို့ပိုင်တာ ရွာကခြံကွက်လေးတစ်ကွက်ရယ်. . . သွပ်မိုး ပျဉ်ကာ အိမ်လေးတစ်လုံးပါပဲ၊ ငါ့မှာဆိုလည်း နင့်အမြင်ပဲလေ

ပကာသန ဘာမှဆင်ထားတာမရှိပါဘူး၊ ဒီတက္ကသိုလ်စရောက်တုန်းက ငါ့ လောက်ဆင်းရဲတဲ့ကောင် ရှိပါ့မလားလို့တွေးပြီး အားငယ်မိတာ အမှန်ပဲ၊ နောက်မှ ဝေယံတို့ အေးကိုတို့နဲ့ပေါင်းမိသွားမှ ငါ့ အဲဒီအားငယ်စိတ်တွေ ပျောက်ခဲ့ရတယ်ဟာ၊ ဒီကောင်တွေကိုလည်း ငါကျေးဇူးတင်ပါတယ်၊ အဆင့် အတန်းမခွဲခြားတတ်ဘူး၊ ဒီလိုနဲ့ အဝတ်တစ်ထည်ကို တစ်ပတ်မှာ နှစ်ခါ လောက် ထပ်အောင်ဝတ်ရင်း ငါ နင့်ကိုတွေ့ခဲ့တယ်၊ ငါချစ်သွားခဲ့တယ်ဟာ၊ အဲဒီတုန်းက နင်အဲဒီလောက်ချမ်းသာမယ်မှန်း ငါမတွေးမိပါဘူး. . . တကယ် ပါ၊ ဒါပေမဲ့ သိလိုက်ရတဲ့အချိန်မှာ ရောဂါကျွမ်းနေပြီဟာ၊ ဘယ်လိုမှ တား မရတော့ဘူး၊ ဒါနဲ့ ငါ သာမန်လူတစ်ယောက်အနေနဲ့ နင့်ကို နှစ်နှစ်ကာကာ ချစ်ခဲ့ပါတယ်၊ အခု ငါပြောနေတဲ့စကားတွေက ငါ့ကို ကရုဏာစိတ်နဲ့မေတ္တာ သက်ဝင်လာအောင် ပြောနေတာမဟုတ်ဘူးဆိုတာတော့ နင် အကြွင်းမဲ့ ယုံလိုက်ပါ၊ ဒါပေမဲ့ ငါ တစ်ခုအာမခံနိုင်တာက နင်သာလက်ခံမယ်ဆိုရင် နင့်ဘဝကို ငါ နင်တို့လောက် အကြီးအကျယ်မထားနိုင်တောင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ရုန်းကန်ပြီး အိမ်တစ်ဆောင်မီးတစ်ပြောင်ထားနိုင်အောင် ကြိုးစားမယ်ဆိုတာ ယုံပါဟာ. . . အဲဒါ ငါ့ရဲ့ တည်မြဲသောသစ္စာစကားပါ"

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။ အအေးခွက် မှ ရေမှုန်ရေသီးများကို သူငေးကြည့်နေမိ၏။ ရင်ထဲမှ ရထားဆယ်စင်း ခုတ်သလောက် တုန်ခါနေသည်။ သူမကလည်း သူမရှေ့က တစ်ရှူးဘူးလေး ကို တွေတွေကြီးစိုက်ကြည့်နေမိသည်။ မိနစ်ပေါင်းများစွာ သူတို့ဖြတ်သန်းပြီး တော့မှ. . .

"ငါ အဲဒါတွေစိတ်မဝင်စားပါဘူး. . . ငါ့ဘဝမှာ ငွေရှိတယ်၊ ပြီးတော့ လိုချင်တာ အကုန်ရနေတယ်၊ ငါဘာလို့ ငွေထပ်လိုဦးမှာလဲ၊ ငါလိုချင်တာ ရိုးသားမှုနဲ့မေတ္တာတရား. . . ဒါပဲ၊ ငါ့မိဘတွေလည်း ငါ့လိုပဲ၊ တကယ်လို့ နင်နဲ့ငါနဲ့ ချစ်သူတွေဖြစ်သွားရင်တောင် သူတို့ ငါ့ကို ဘာမှပြောမှာမဟုတ် ပါဘူး. . . ဘာဖြစ်လို့လဲဆိုတော့ သူတို့ ငါ့ကိုအရမ်းချစ်ကြလို့. . . ပြီးတော့





သူတို့လည်း ဂုဏ်မမက်ဘူး"

အရာအားလုံး ပြန်လည်ငြိမ်သက်သွားပြန်သည်။ သူမပြောတာ သူ အကုန်လုံးသဘောပေါက်၏။ ဒါပေမဲ့ ဆက်ပြောစရာစကား သူ့မှာရှာမရ သက်ပြင်းကိုသာ အခါခါချနေမိတော့သည်။ သည်အတိုင်းနေလို့လည်း မဖြစ် မှန်းသိ၍. . .

"ဒါ. . . ဒါဆို နင်က"

"ငါ နင့်ကို ချစ်နိုင်မချစ်နိုင်စဉ်းစားနေတယ် သတိုး"

သူ ဘာမှဆက်မေးစရာမလိုအောင် အဖြေက ထိကျပြည့်စုံနေပါ သည်။ ခဏကြာတော့ သူတို့ ကန်တင်းမှထွက်ခဲ့တော့၏။ ကောင်းကင်မှာ မိုးတွေ အုံ့မှိုင်းနေ၏။ မကြာမီ မိုးရွာတော့မယ်ထင်သည်။

## ရာသီ

ဥတုသည် မိုးလေကင်းလွတ်၍ သာယာသောနေ့တစ်နေ့ဖြစ်သည်။ သူတို့တစ်ဖွဲ့လုံးနှင့် သဲလင်းဖြူတို့အားလုံး လှော်ကားဥယျာဉ်သို့ ပျော်ပွဲစားထွက်ကြပါသည်။ ဒါပြီးရင် သူတို့ ဒုတိယနှစ်ဝက်စာမေးပွဲ ဖြေကြရတော့မည်။ နောက်ဆို သိပ်တွေ့နိုင်ကြတော့မည်မဟုတ်တော့ပေ။ ဒါကြောင့် ဝေယံနဲ့ သူကဦးဆောင်ပြီး ဒီဇာတ်လမ်းကို စီစဉ်ခြင်းပါ။

"ကဲ. . . ပထမအစီအစဉ်အရ ဒံပေါက်တွေစားကြရအောင်"

အေးကိုက အသံကျယ်ကျယ် ကြေညာလိုက်တယ်ဆိုရင်ပဲ အားလုံး 'ဟေး'ခနဲအော်ပြီး ကိုယ့်အတွက် ဒံပေါက်ထုပ်တွေ ကိုယ်ယူကြ၏။ အလယ်တည်ဟင်းချိုကို မအီရအောင် ယိုးဒယားဟင်းချိုဝယ်လာသည်။ ဒံပေါက်ကလည်း ကြိုက်သလောက်စား၊ တစ်ယောက်နှစ်ထုပ်နှုန်း၊ ဆာလျှင် ပူစရာမလို နောက်တစ်ထုပ်ပါသည်။ ရေကလည်း ရေသန့်ဘူးကြီးနှစ်လုံး၊ တာလပတ်အပြာကြီးကို မြေပေါ်ခင်း၍ ပျော်ပျော်ပါးပါး ဝိုင်းစားကြသည်။ မြိန်လိုက်သည့်ဖြစ်ခြင်း။ ဟင်းချိုလေးသောက်လိုက်၊ ဒံပေါက်စားလိုက်နှင့် သူ့ရှေ့က ဒံပေါက်တစ်ထုပ် ချက်ချင်း ပြောက်ခနဲကုန်သွားသည်။





အားလုံး စားလို့သောက်လို့ပြီးတော့ ဓာတ်ပုံစုရိုက်ကြသည်။ နောင်အခါ တစ်သက်တာအတွက် တစ်ခုတည်းသော အမှတ်တရဖြစ်စရာပုံလေးများဖြစ်သည်။ ဓာတ်ပုံနောက်မှာ နာမည်တွေရေးပြီး လက်မှတ်ထိုးကြ၏။

ရိုက်ခဲ့သည့်ရက်၊ နေရာများကို အောက်တွင် အတိအကျရေးကြသည်။ ပြီးတော့ ရန်ကုန်ရောက်ရင် တစ်ခါတည်းပလတ်စတစ်လောင်းကြရန် အားလုံးသဘောတူကြ၏။ ဓာတ်ပုံကင်မရာက ဝေယံ့ကင်မရာ၊ တစ်ခါတည်းရိုက်၊ တစ်ခါတည်းပုံပေါ်သောဟာဖြစ်သောကြောင့် သူတို့အတွက်အဆင်ပြေကြ၏။

"ကဲ. . . ဒုတိယအစီအစဉ်အရ. . . ပါဆယ်ဂိမ်းကစားကြရအောင်"

အေးကိုအော်သံအဆုံးတော့ အားလုံး 'ဟေး'ခနဲ အော်လိုက်ကြပြန်သည်။ ကားထဲမှ ကက်ဆက်ကို အောင်ကိုဦးကပြေးယူပြီး စဖွင့်၏။ ပါဆယ်ဂိမ်းဘူးလေးသည် သူတို့ကိုးယောက်အလယ်တွင် မူးနောက်နေအောင်လည်နေတော့၏။ အောင်ကိုဦးကတော့ ကက်ဆက်ဖွင့်တာဝန်ကျ၍ မပါရပေ။ ထက်မြတ်ဆီမှာ သဲလင်းဖြူဆီရောက်သွား၏။ ထိုမှ အေးကို၊ အေးကိုက အလျှင်အမြန် ပူးကိုရိုက်ထုတ်လိုက်တော့ သူ့ဆီလာကျ၏။

သူက အမြန်ပဲ ဘေးမှာထိုင်နေသည့် မိုးညိုထံလှမ်းပေးလိုက်သည်။ ထိုမှတစ်ဆင့် စန္ဒာ၊ ရဲဆွေလတ် နောက်ဆုံးတော့အေးကိုအလှည့်အရောက်မှာ ကက်ဆက်ပိတ်သွားတော့သည်။

"ဟေး"

"ရှူး"

"ဝမ်းစမိုး"

ဝိုင်းအော်လိုက်တော့ အေးကို စပ်ဖြီးဖြီးထရပ်ပြီး၊ မဲလိပ်ကိုနှိုက်သည်။ ပြီးတော့ ဖောက်ဖတ်ပြီး မျက်နှာရှုံ့မဲ့သွား၏။ အေးကို မျောက်က,ကပြဖို့ မဲကျသည်။ ပီပီပြင်ပြင် ကပြပါသည်။ မပီပြင်စရာလည်းမရှိ။ အလိုလိုကမျောက်ရှုံ့နေသည့်ကောင်ဆိုတော့ အံကိုက်ဖြစ်သွားသည်။

အားလုံးပွဲကျသွားပြီး နောက်တစ်လှည့်ပြန်စသည်။ သည်လိုနဲ့ ဆော့လာလိုက်တာ စတုတ္ထအလှည့်အရောက်တွင် ကံဆိုးသူမောင်ရှင်က သူဖြစ်နေတော့သည်။

"ဟေး. . . ဟေး. . . ဟေး. . . ဟေး"

အော်သံတွေကတော့ ထုံးစံအတိုင်း ဆူညံသွားတော့၏။ မဲလိပ်နှိုက်ကြည့်တော့ သူအဖြစ်ချင်ဆုံးအရာတစ်ခုပေ။ ကိုယ်ချစ်သောသူနှင့် သီချင်းတွဲဆိုဖြဖို့ပင်။ ဝေယံ တက်ခေါက်သံ ကျယ်လောင်စွာထွက်လာသည်။ သည်မဲလိပ်ကို အားလုံးလိုချင်နေကြတာ သူတစ်ယောက်သာ ကံကောင်းသွား၏။

ပေဒင်မေးရင် ဆန်ကုန်မည်။ သူ သဲလင်းဖြူနဲ့တွဲပြီး သီချင်းဆိုလိုက်သည်။ ဝေယံက ဂစ်တာကိုတီးပေးသည်။ အားလုံးပျော်ကြသည်။ လက်ဆောင်တွေလဲကြတော့ သူက သဲလင်းဖြူအတွက် ရှိတာလေးစုပြီး ဝယ်ထားရသောသူ့ဘဝအတွက်တန်ဖိုးအရှိဆုံး သောင်းကျော်တန် ကျောက်စိမ်းရင်ထိုးလေးပေးခဲ့ပါသည်။

"ဒါလေးက နင့်အတွက် တန်ဖိုးသိပ်မရှိပေမယ့်၊ အဲဒီထဲမှာ ငါ့ဘဝတစ်ခုလုံးပါတယ် သဲ"

သူမခေါင်းငုံ့နေသည်။ ပြုံးပြုံးကလေး ဖြစ်နေသောကြောင့် ကျေနပ်နေတာ သိသာပါသည်။ သဲလင်းဖြူက သူ့ကို ဖောင်တိန် အကောင်းစားတစ်ချောင်း ပြန်ပေးပါသည်။

"ငါ တစ်သက်လုံးသိမ်းထားမယ်ဆိုတာ နင်ယုံတယ်နော်"

သူမ ခေါင်းညိတ်ပြ၏။ နောက်ဆုံး လက်ဆောင်တွေ အားလုံးလဲပြီးတော့ ပြန်ခဲ့ကြတော့သည်။ သည်နေ့ကတော့ တစ်သက်စာအတွက် အမှတ်တရပင်ဖြစ်တော့သည်။

နှင်းမြူတို့ သိပ်သည်းစွာကျရောက်နေသည့် အလှာဖြူအောက်တွင် အင်းယားရေပြင်သည် ပကတိငြိမ်သက်လျက်ရှိ၏။ လေညင်းတစ်ချက်တစ်ချက်အခတ်မှသာ လှိုင်းကြက်ခွပ်တို့ ဦးမော့ခွင့်ကြုံရ၏။ သတိုး ဒုတိယ နှစ်ဝက်စာမေးပွဲအပြီးတွင် အိမ်မပြန်တော့ပေ။ အိမ်ပြန်လည်း ခဏသာနေရမည်။ ကျူရှင်ပြန်တက်ရမှာဖြစ်လို့ ပြန်မနေတော့။ ပထမနှစ်တုန်းကလည်း နှစ်ဝက်စာမေးပွဲပြီးတော့မပြန်။ ကျူရှင်နဲ့လုံးပန်းရသည်။ Final ပြီးတော့မှသာ တစ်ခါတည်းပြန်မည်။

ခဏနေတော့ သူနှင့် အေးကို လှေကျင့်ခန်းလုပ်နေသည့်နေရာသို့ ဝေယံတို့ အပြေးလှေကျင့်ရင်း ပြန်ရောက်လာကြသည်။ ဝေယံက မျက်နှာမှ ချွေးတစ်ချက်သုတ်ပြီး. . .

"မင်းတို့. . . မပြေးတော့ဘူးလား"

"ငါ့ခြေထောက်တွေ တော်တော်နာနေလို့ကွ. . . မပြေးတော့ဘူး"

သူပြောလိုက်တော့ အေးကိုကပါ ဘာမှန်းမသိ ခေါင်းလိုက်ညိတ်ပြ၏။

"ဒါဆို လာကွာ. . . လှည်းတန်းမှာ ဇကာကြီးမုန့်ဟင်းခါးသွားစားရအောင်. . . ဗိုက်ဆာနေပြီကွ"

အားလုံး ငြင်းသူမရှိ၊ လှည်းတန်းကို ဝေယံကားနဲ့ထွက်လာလိုက်တော့သည်။ သူတို့အခုလိုပဲ မနက်တိုင်း အင်းယားမှာလာပြီး လေ့ကျင့်ခန်းကို ကြုံရင်ကြုံသလိုလုပ်သည်။ မကြုံတော့လည်း မလုပ်ပေ။ ကျန်းမာရေးကြောင့် ဘာကြောင့် အတိအကျတော့မဟုတ်ပေ။ သူများတွေယောင်လို့လိုက်ယောင်ကြတာဖြစ်သည်။ လှည်းတန်းရောက်တော့ ကိုယ်စားချင်တာကိုယ်မှာသည်။ သူကတော့ အလွတ်တစ်ပွဲမှာပြီး. . .

"ငါ. . . ဒီမုန့်ဟင်းခါးလေးစားရတော့ 'သဲ'ကို သတိရလိုက်တာကွာ" ဆိုပြီး စကားဝိုင်းကို စတင်တည်ပေးလိုက်၏။ ဟိုကောင်တွေကလည်း ဒါမျိုးတော့လည်သည်။ ဘာဖြစ်လို့လဲ၊ ဘာညာမမေးဘဲ အားလုံး သူ့စကားကို မသိချင်ယောင်ဆောင်၍ မုန့်ဟင်းခါးကို တစ်ခါမျှမစားဖူးသလို မဲတွယ်နေတော့၏။ သူကလည်း ဒါမျိုးတော့မရ၊ နောက်တစ်ခါက် ထပ်ကြိုးစားကြည့်သည်။

"သဲ. . . ဆို မုန့်ဟင်းခါး အရမ်းကြိုက်တာကွ"

တစ်ကောင်မှ တုတ်တုတ်မလှုပ်၊ အရေးမစိုက်သည့်အပြင် ဝေယံက အေးကိုကို မင်းအိမ်အတွက်ဝယ်ဦးမလား"လို့တောင် လှမ်းမေးလိုက်သေး၏။ သူ နည်းနည်းတောင် စိတ်အချဉ်ပေါက်သွား၏။ ဒါကြောင့် ဆက်ပြောမနေတော့ဘဲ မုန့်ဟင်းခါးသာ ဆက်စားနေလိုက်သည်။ စားနေရင်း သည်ကောင်တွေမျက်နှာကို အကဲခတ်ကြည့်သည်။ အားလုံး အေးအေးလူလူပင်၊ ခွေးမသားတွေ. . .

"ငါ. . . ဖိုးဆုတို့အိမ်အတွက် ပါဆယ်ဝယ်သွားပေးလိုက်ဦးမယ်ကွာ"

ငြိမ်သက်နေရာမှ ဝေယံ့စကားသံပေါ်လာတော့ သူခေါင်းထောင်ကြည့်လိုက်သည်။ ကျန်တဲ့ကောင်တွေက "ကောင်းသားပဲ"ဆိုပြီး ထောက်ခံကြ၏။ သူပြောတုန်းကတော့ ဘယ်ကောင်မှအရေးမလုပ်၍ အတော်လေးတင်းသွား၏။ အေးပေါ့လေ မင်းက ဖိုးဆုတို့နဲ့ လူကြီးချင်းသဘောတူပြီးသားဆိုတော့ လုပ်ပေါ့ဝေယံရာ။ ရင်ထဲမှာ မနာလိုအတွေးလေး တွေးနေမိ၏။





သူ့မျက်နှာ စူပုပ်နေတာကို ဝေယံလှည့်ကြည့်ပြီး စပ်ဖြီးဖြီးနှင့်. . .

"ဟေ့ကောင်. . . မင်းကော သဲလင်းဖြူအတွက် ဝယ်ဦးမလား. . . ဝယ်ရင် ငါလိုက်ပို့ပေးမယ်"

သည်လိုကြတော့လည်း သည်ကောင် ဘယ်ဆိုးလို့လဲဟု ချက်ချင်းပြန်ဖြေတွေးပေးလိုက်သည်။

"ဖြစ်ပါ့မလားကွာ. . . ငါလန့်တယ်"

"ဘာလန့်စရာရှိလဲ. . . ငါတို့လည်းပါတာပဲ. . . အရင်လည်း ဒီလိုပဲသွားနေကျပဲဟာ. . . တကူးတကလာပေးလို့ သူတို့ကတောင် ကျေးဇူးတင်ရဦးမယ်"

"ဒါဆို လုပ်ကွာ. . . မှာလိုက်"

အမလေး. . . အသဲလေးဆီ သွားရမယ်ဆိုပဲ. . . ပျော်လိုက်တာ. . . ရင်ထဲမှာ လှုပ်ခနဲ လှုပ်ခနဲပဲ. . . တွေ့လို့ကတော့ အတိုးချ ငမ်းပစ်လိုက်ဦးမည်။

“ဟယ် . . . နင်တို့ အစောကြီးဘာလာလုပ်တာလဲ”

“ဒါ . . . လာပို့တာ”

မုန့်ဟင်းခါထုပ် မြှောက်ပြလိုက်တော့ ချစ်သူလေးမျက်နှာ မနက်ခင်း အရုဏ်ဦးနေလုံးကြီးလိုဝင်းပသွားပြီး ခြံတံခါးကို အမြန်ဖွင့်ပေး၏။ ခြံထဲသို့ ကားဝင်ပြီးနောက် သူအလျင်ဆင်း၍ ချစ်သူလေးထံလျှောက်သွားလိုက်သည်။ ချစ်သူလေးက ညဝတ်အင်္ကျီဖားဖားလေးနှင့် ဖားဖားယားယား လှနေ၏။ လှလှနိုင်လွန်းလှချည်လား ကောင်မလေးရယ် . . .

“ဟဲ့ . . . ပေး . . . နင်ကလေ ပိုကိုပိုတယ်”

ငါးမိနစ်လောက် မတ်တတ်မေ့နေသောသူ့ကို စူဆောင့်စွာကြည့်ရင်း လက်ထဲက မုန့်ဟင်းခါးထုပ်ယူကာ အိမ်ထဲဝင်သွားတော့၏။ သူတို့လည်း အိမ်ထဲလိုက်ဝင်လိုက်ကြသည်။

“ထိုင်ဦး . . . ငါ ကော်ဖီသွားဖျော်လိုက်ဦးမယ်”

“အန်တီတို့ရော”

“မာမီက ဘုရားရှိခိုးနေတယ် . . . ဒယ်ဒီကတော့ ထုံးစံအတိုင်း ဂေါက်ကွင်းသွားတယ်”





ပြောပြီး အိမ်နောက်ဖေးဝင်သွားသည်။ ခဏကြာတော့ ကော်ဖီ ငါးခွက်ကို ဗန်းထဲထည့်ကိုင်ပြီး ပြန်ထွက်လာ၏။

“ကဲ . . . သောက်လိုက်ဦး”

အားလုံး တစ်ယောက်တစ်ခွက် ယူကိုင်လိုက်ပြီး အေးကိုက

“ဒီကောင်ကြီးပေါ့ဟာ . . . ငါတို့ မနက်က အင်းယားမှာသွားပြီး လေ့ကျင့်ခန်းလုပ်ပြီးလို့ ဇကာကြီးသွားစားတာ၊ အဲဒါနင့်ကိုသတိရလို့တဲ့ . . . နင့်ကိုမှ ဒီမုန့်ဟင်းခါး ဒီနေ့မကျွေးရရင် ကိုယ့်လည်ပင်းကိုယ်ညှစ်သတ်မယ် လုပ်နေလို့ ဒီကိုလိုက်ပို့ရတာ”

အေးကို အပို့လေးနှင့် အင်ထရိုစဝင်တော့သည်။ ချစ်သူလေးက ဘာမှမပြော စပ်ဖြီးဖြီးလေးနှင့် . . . ဝေယံက နောက်ဆက်တွဲ တာဝန်ယူပေး ပြန်၏။

“ဟုတ်တယ်ဟ . . . ဒီကောင် ဟိုနေ့ကဆို အိပ်ရာထဲ လူးလိမ့်နေ တာဟ”

“ဟင် . . . ဘာဖြစ်လို့လဲ”

“ကြမ်းပိုးကိုက်လို့တဲ့”

“ဟာ . . .”

“ဟား . . . ဟား . . . ဟား . . . ဟား”

သူရှက်သွားတာ သိသာသည်။ ပါးအို့လေးများ ရဲတက်လာ၏။ အဲဒီ ပါးအို့ရဲရဲလေးတွေကို သူ စိတ်မှန်းနဲ့အရမ်းချစ်ပစ်လိုက်၏။

“ဟော့ကောင် . . . သတိုး . . . စိတ်ထိန်းဦးလေ . . . ဟိုမှာ သဲလင်းမြ မင်းကြည့်လွန်းလို့ အရည်ပျော်တော့မယ်”

သည်တစ်ခါရှက်သွားသူကတော့ သူကိုယ်တိုင်ပင်။ သူရှက်ရင် ပါးအို့ လေးတွေ ရဲလား မရဲလားတော့မသိပေ။

သူတို့တွေ ဆူညံသံကြားတော့ ယောက္ခမလောင်းကြီး အိမ်ပေါ်မှ ဆင်းလာသည်။

"ဩော်. . . ဘယ်သူတွေလဲလို့. . . မောင်အေးကိုတို့ကိုး၊ ဘာလာလုပ်ကြတာလဲ"

"မုန့်ဟင်းခါးလာပို့တာ အန်တီ"

"ဟေ. . . ဘယ်သူ့အလှူလဲကွယ့်"

"ဘယ်သူ့အလှူမှမဟုတ်ဘူးအန်တီ. . . ဒီအတိုင်းကြုံလို့"

"အေး. . . အေး. . . ကျေးဇူးပဲကွယ်. . . အန်တီ ဘုရားသောက်တော်ရေလဲလိုက်ဦးမယ်နော်. . . စကားပြောကြဦး"

ပြောပြီး ပြန်လှည့်ထွက်သွားတော့၏။ သူတို့လည်း ခဏလောက်စကားထိုင်ပြောပြီး ထပြန်လာခဲ့တော့၏။ ပြန်ခါနီး သူက သဲလင်းဖြူနားတိုးတိုးလေးကပ်၍. . .

"ချစ်တယ်. . . ဟာ"

ချစ်သူမျက်စောင်း ဒိုင်းခနဲကျလာတော့သည်။

✿ ✿ ✿

"တစ်ခါ" တစ်ခါကျတော့လည်း. . . လောကကြီးကို စိတ်ကုန်သားကွ" "အဲဒါဆို ငါတို့အိမ်မှာ ငါ့အဘိုးလက်ထက်က ဂျပန်ဓားကြီးရှိတယ်၊ မင်းကိုပေးမယ်. . . ကိုယ့်လည်ပင်း ကိုယ်လှီးပစ်လိုက်"

ဘာကိစ္စကိုပြောချင်လို့ စကားကြီးစကားကျယ် စပြောမှန်းမသိသောရဲဆွေလတ်တစ်ယောက် ဝေယံ့အားပေးမှုကြောင့် ကြောင်တောင်တောင်ကြီးဖြစ်သွားကာ ဘာဆက်ပြောလို့ပြောရမှန်းမသိ ဖြစ်သွားသည်။ ရဲဆွေလတ်စကားဝိုင်းတွင် သူ့အင်ကြောင်းစရန် လူတောမတိုးတော့သောကြောင့် သူ့အဲဒီအခွင့်အရေးကို အပိုင်အသုံးချပြီး. . .

"ငါကျောင်းပြန်တက်တာ တစ်ပတ်ပြည့်တော့မယ်ကွာ. . . သဲလင်းဖြူကို အခုထိလည်းမတွေ့ရသေးဘူး. . . ကြာတော့ မခံနိုင်တော့ဘူးကွာ"

အဆွေးလှိုင်းအပြည့်ပါသော သူ့စကားကြောင့် ဟိုကောင်တွေ ဘာမှထမပြောတော့ပေ။ သည်လောက်ဆို သူ့စကား ဆက်ပြီးထိုးဖောက်ခွင့်ရပြီဆိုတာ နားလည်လိုက်ပြီ. . .။

"ငါ သူ့မေဂျာကိုသွားတယ်. . . ကျန်တဲ့သူတွေနဲ့ပဲတွေ့တယ်. . .

သူနဲ့မတွေ့ဘူးကွ. . . မေးတော့လည်း ဟိုလိုလို ဒီလိုလိုနဲ့ ရေရေရာရာ ဘယ်သူမှမဖြေနိုင်ကြဘူး"

"စိတ်အေးအေးထားပါ သတိုးရာ. . . ငါ ဖိုးဆုကိုမေးကြည့်ပါတယ်၊ သဲလင်းဖြူ ဘာမှမဖြစ်ဘူး. . . သူတို့အိမ်ကိစ္စတစ်ခုရှုပ်နေလို့ မလာတာတဲ့"

"မင်းက ဘယ်နေ့ကမေးလိုက်တာလဲ"

"ငါ. . . မနေ့ညက မေးလိုက်တာ"

"ဟာ. . . မင်းငါ့ကို အခုမှ ဘာလို့ပြောတာလဲကွ"

"အမြင်ကတ်လို့"

သူ ဝေယံကို တစ်ချက်ဆဲရင်း ကျောကုန်းကို တစ်ချက်ထုချလိုက်သည်။ ချစ်သူလေး ဘာမှမဖြစ်ဘူးတဲ့၊ နေကောင်းရင်ပြီးတာပါပဲလေ၊ တွေးနေချိန်မှာပဲ အောင်ကိုဦး ပုဆိုးမနိုင်ဘာမနိုင်နှင့် အူယားဖားယားရောက်လာတော့သည်။ အနားရောက်တော့ ခြေပစ်လက်ပစ်ထိုင်ချပြီး အမေးကို အဖြေမှာတကောဖြေကာ. . .။

"ဟောဟဲ. . . ဟေ့ကောင်. . . မင်းကောင်မလေး ထက်မြတ်. . . ဟောဟဲ. . . ဟောဟဲ"

စကားကို မဆက်နိုင်သေးပေ၊ ရဲဆွေလတ်က ထက်မြတ်အသံကြား၍ ခေါင်းသည် ရန်သူတွေ့သွားသော မြွေဟောက်ခေါင်းလို ငေါက်ခနဲထောင်သွားတော့၏။ သူတို့လည်း အတော်စိတ်ဝင်စားသွား၏။ ဘာတွေဖြစ်လာပြီလဲ. . .

"ဟေ့ကောင်. . . ဆက်. . . ဆက်ပြောပါကွာ"

ရဲဆွေလတ် အတင်းလှုပ်ပြီးပြောခိုင်းမှ တံတွေးတစ်ချက်မျိုပြီး ဆက်ပြောသည်။

"ထက်မြတ်. . . ထက်မြတ်ကို တွေ့လိုက်တယ်"

"ဟေ"

"သေချာလို့လားကွာ"





"မဖြစ်နိုင်ဘူး"

"ဟာ. . . သေချာတယ်ကွ. . . ငါကိုယ်တိုင် တပ်အပ်မြင်တာ"

သူကိုယ်တိုင်မြင်တာလို့ ပြောနေတော့လည်း ယုံရဖို့ပဲရှိတော့သည်။ ထက်မြတ်နဲ့ ရဲဆွေလတ်က ကြိုက်တော့မကြိုက်သေးသော်လည်း အခြေအနေတော့ အတော်လေးကောင်းနေလေပြီ။ သည်ကောင်ပြောသလိုသာဆို ထက်မြတ်က ရဲဆွေလတ်ကိုမျှော်လင့်ချက်ပေးပြီး အနားရောက်မှ ကပ်ဖြုတ်သလိုဖြစ်နေတော့သည်။ ဒါဆိုရင်တော့ မကောင်းပေ။ "တောက်"ခနဲ ရဲဆွေလတ်၏ တက်ခေါက်သံအဆုံးတွင် အေးကိုက ဝင်ပြော၏။

"အောင်ကိုဦး. . . မင်းသေချာလား၊ ဘယ်မှာတွေ့ခဲ့တာလဲ"

"သင်္ဃာကန်တင်းမှာ"

"ဟင်. . . အတင့်ရဲလှချည်လား"

"ဒါမျိုးရှိသလား"

တရုတ်ကားထဲက စကားတွေ အလိုလိုထွက်သွား၏။ ထောင်တန်တဲ့ စကား ရယ်ရင်ပေါ့စေသော်လည်း မတတ်နိုင် အကျင့်ကပါနေလေပြီ. . .။

"ဒါဆို ငါတို့ အခုသွားရှင်းမယ်"

"ဟာ. . . အေးကို နေပါဦးကွာ. . . တော်ကြာ ကျောင်းထဲမှာ ကျော်မကောင်းကြားမကောင်းတွေ ဖြစ်ကုန်ပါဦးမယ်"

"ဟ. . . ငါက ရန်သွားဖြစ်ဖို့ပြောတာမဟုတ်ဘူးကွ၊ အခြေအနေ သွားကြည့်မယ်. . . ဟုတ်ရင် ထက်မြတ်ကို ဒါ ဘာအချိုးလဲလို့ မေးလိုက်ရုံပေါ့"

အေးကိုပြောတာ သဘာဝကျသည်။ သူငယ်ချင်းကိစ္စဖြစ်တော့ ဘယ်သူမှ မခံချင်ကြ။ ဝေယံက အလျင်ဆုံးထပြီး. . .

"ပြောနေကြာတယ်ကွာ. . . အခုသွားမယ်"

သင်္ဃာကန်တင်းကိုရောက်တော့ သိပ်တောင်မရှာလိုက်ရ။ အလယ်စားပွဲလောက်တွင် တန်းတွေ့သည်။ ထက်မြတ်နဲ့ ကောင်လေးတစ်ကောင်

ပြုံးလို့ဖြီးလို့ အမြင်ကတ်ချင်စရာပင်။ သူတောင် စိတ်ထဲမှာ ထက်မြတ်ကို အတော်လေး ဒေါသထွက်သွား၏။ နောက်တော့ ထက်မြတ် သူတို့ကိုမြင်သွားသည်။ အံ့ဩဟန်တစ်ချက်ဖြစ်သွားပြီး မျက်နှာပျက်သွားကာ ချက်ချင်း မျက်နှာလွှဲလိုက်၏။ အားလုံး ဒေါသထွက်သွားသော်လည်း လောလောဆယ်တော့ သူတို့နှင့် မနီးမဝေးစားပွဲတစ်လုံးကိုရွေးကာ ထိုင်လိုက်တော့သည်။

"တောက်. . . ဒါ သက်သက်ချိုးတာကွ"

"ဟုတ်တယ်. . . ရဲဆွေလတ်. . . ဒါ မင်းကို သက်သက်စော်ကားတာ"

ဝေယံက မီးလောင်ရာ လေမှုတ်ပေး၏။ အေးကိုက ချင့်ချင့်ချိန်ချိန် စဉ်းစားသလိုလုပ်ပြီး. . .။

"အရမ်းစွတ်ဝင်လို့တော့မရဘူး. . . အခြေအနေကြည့်ဝင်မှရမယ်၊ တော်ကြာ အိမ်က စေ့စပ်ထားတာတို့ဘာတို့လည်း ဖြစ်ချင်ဖြစ်မှာပဲ၊ ရုပ်ရှင်တွေထဲကလို မင်းကိုတော့ချစ်တယ်၊ ဟိုကို သူ့အမေကြီး နှလုံးရောဂါရှိနေလို့ မလွန်ဆန်နိုင်ဘဲ ပြန်ပြီး စကားလက်ခံပြောနေတာလည်း ဖြစ်နိုင်တာပဲ"

"ဟာ. . . အဓိပ္ပာယ်မရှိတာကွာ. . . သူ့အမေမှာလည်း ဘာနှလုံးရောဂါမှမရှိဘူး၊ အဘွားကြီးကလည်း ဒေါင်ဒေါင်ကိုမြည်နေတာပဲ. . . နောက်ပြီး သူ့မှာ အိမ်ကစေ့စပ်ထားတဲ့သူလည်း ရှိတယ်လို့ ငါမကြားမိဘူး ရှိရင် သူငါ့ကို အစောကြီးကပြောမှာပေါ့"

"အင်း. . . မင်းပြောတာလည်း ဟုတ်တာပဲ၊ ဒါနဲ့ ဟိုကောင့်ကြည့်ရတာ သားသားနားနားနဲ့ ငါတို့ကျောင်းကတော့မဖြစ်နိုင်ဘူးကွ"

"ဟာ. . . မင်းကလည်း. . . ငါတို့ကျောင်းမှာလည်း အဲဒီကောင်ထက်သားနားတဲ့သူတွေ တစ်ပုံကြီး"

"ဟာ. . . ငါ အဲဒါပြောတာမဟုတ်ဘူးကွ. . . အရင် အမြင်ဖူးဘူးပြောတာ"

"အေးကွ. . . အေးကိုပြောတာဟုတ်တယ်၊ ဒီကောင် အပြင်ကောင်"





"လာ ပြောနေကြာတယ်ကွာ. . . အဲဒီဝိုင်းသွားရအောင်"

အခုချိန်မှတော့ ဘယ်သူ့ဘယ်သူမှ တားမနေတော့၊ တားလည်းမရတော့ပေ။ အားလုံး ခေတ်ပညာတတ်များဖြစ်၍ လူကြီးလူကောင်းဆန်ဆန်ပွဲလေးဖြစ်သွားဖို့တော့ များပါသည်။ ရဲဆွေလတ်ကတော့ ရည်းစားလူလုအနုပုံးကွဲလေပြီ. . .

ရဲဆွေလတ် ချောင်းဟန့်သံကြောင့် ထက်မြတ် အကြီးအကျယ်မျက်နှာပျက်သွားတာ အားလုံးတွေ့လိုက်ရ၏။ သို့သော် အားလုံးမသိချင်ယောင်ဆောင်၍ ခုံကိုယ်စီဆွဲကာ ဝင်ထိုင်လိုက်တော့သည်။ ဟိုပုဂ္ဂိုလ်ကတော့ သူတို့ကို တစ်ယောက်ချင်း ကြောင်စီစီနှင့်လိုက်ကြည့်နေ၏။ သည်ကောင်တွေ ဘာကောင်တွေလဲပေါ့. . .။

"နင်. . . အတန်းမသွားဘဲ ဘာလာလုပ်နေတာလဲ"

ပထမဦးဆုံး ပိုင်ပိုင်နင်းနင်းစကားကို ရဲဆွေလတ်က ထက်မြတ်ကို ရဲတင်းစွာစိုက်ကြည့်ရင်းဆို၏။ သည်ကောင့်လုပ်ကွက်လေး တော်တော်ကောင်းသည်။ ဒါလောက်ဆို ဟိုကောင် ထက်မြတ်ကို ရဲဆွေလတ်ဘယ်လောက်ပိုင်တယ်ဆိုတာ သိသွားလောက်ပြီ။ အဲသည်ကောင် မျက်နှာတော့ နည်းနည်းပျက်သွားတာတွေ့လိုက်ရ၏။ ကောင်းတယ်. . . ကြာကူလီကောင်. . .။

"ငါ ဒီမှာကိစ္စရှိလို့ဟ. . . နင်တို့ ဘယ်ကလာကြတာလဲဟင်. . ."

ထက်မြတ်က အခြေအနေကိုထိန်းသည့်သဘော ဝင်ပြော၏။

"နင့်ဆီတမင်လာတာ"

ရဲဆွေလတ်က တွဲ(ဒွဲ)ဝင်သည်။ ထက်မြတ် အနည်းငယ်အံ့အားသင့်သွားပြီး

"ငါ့ဆီ"

"အေး"

"ဘာကိစ္စလဲ"

"ကိစ္စရှိမှ လာရမှာလား. . . နှင်နဲ့ငါနဲ့အကြောင်း တစ်ကျောင်းလုံး သိနေတာပဲ"

ကောင်းလိုက်တဲ့တိုက်ကွက်၊ ထိရောက်လိုက်တဲ့စကားပင်၊ ဟိုကောင့် မျက်နှာ အိုးမည်းဖင်လို မည်းတူးသွားသည်။ ထက်မြတ်လည်း မျက်နှာအကြီး အကျယ်ပျက်သွားကာ သူ့ခမျာ ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်သွား၏။ သို့သော် မိန်းမတို့၏သဘာဝအတိုင်း အကျဉ်းအကျပ်ရောက်လာလျှင် သွေးအေးအေးဆုံးဖြတ်၍ အလွတ်ရုန်းတတ်၏။ ထက်မြတ်လည်း ထိုနည်း လည်းကောင်းပင်၊ ပွဲကို ဝင်ထိန်းပစ်လိုက်၏။

"သြော်. . . အေး ငါမိတ်ဆက်ပေးရဦးမယ်. . . ဒါ ကိုမြတ်သုဝေတဲ့ တစ်နေ့ကမှ နိုင်ငံခြားကပြန်လာတာ"

သူတို့ လူမှုရေးအရ ပြုံးပြ အသိအမှတ်ပြုလိုက်သည်။ သူတို့ တက္ကသိုလ်ကျောင်းသားတွေဖြစ်၍ သည်လောက်မရိုင်းပါ။ အခြေအနေကို ပျဉ်ယဉ်လေးသာပြီးသွားစေလိုသည်။ နောက်တော့ ထက်မြတ်က သူတို့နှင့် ထိုပုဂ္ဂိုလ်ကို တစ်ဦးချင်းမိတ်ဆက်ပေး၏။ ထက်မြတ်မိတ်ဆက်ပေးရာတွင် သူမကိုယ်သူမ "သမီး သမီး"လို့ပြောတာ သတိပြုမိ၏။ ထိုအသုံးအနှုန်းကို အားလုံးမကြိုက်ပေ။ အမြင်ကတ်ဖို့ကောင်းနေ၏။ တစ်ခါမှမသုံးဖူးသော အသုံးအနှုန်းကြောင့် သေချာပါပြီ၊ သည်ကောင်နဲ့ထက်မြတ်နဲ့. . .၊ သူ တွေးသလိုပင် ရဲဆွေလတ်လည်း တွေးမိသည်ထင်၏။ သူ့အလှည့်ရောက် မိတ်ဆက်ရာတွင် လက်ဆွဲနှုတ်ဆက်ရင်းမှ. . .

"ဟုတ်ကဲ့. . . ကျွန်တော် ရဲဆွေလတ်ပါ. . . တွေ့ရတာ ဝမ်းသာပါ တယ်ဗျာ. . . ထက်မြတ်နဲ့ကျွန်တော်နဲ့လည်း ချစ်သူတွေဆိုတော့ ထက်မြတ် ကိုခင်သလို ကျွန်တော့်ကိုလည်း ခင်နိုင်ပါတယ်ဗျာ"

"ခင်ဗျာ. . . "

ဟိုကောင် ပါးစပ်အဟောင်းသားဖြစ်သွား၏။ ရဲဆွေလတ် ပေါ်တင် ကြီး တွယ်လိုက်ပေပြီ။ ဒါ အကောင်းဆုံးသတိပေးနည်းပင်၊ ကိုယ့်လူ မင်း





နောက်ကျသွားပြီ၊ ဂိုးတော့ဆိုတဲ့သဘော။ ထိုပုဂ္ဂိုလ်က မျက်နှာကြီးရဲတက် လာပြီး ထက်မြတ်ကို မျက်ထောင့်နီကြီးနှင့်စိုက်ကြည့်တော့၏။ မျက်လုံးက လည်း အတော်ကြောက်ဖို့ကောင်း၏။ ထက်မြတ်ဆို နေစရာပင်မရှိတော့ပေ။ အဲသည်ကောင်အကြည့်ကိုရင်မဆိုင်ရဲ၍ ခေါင်းကို နောက်ဆုံး ငုံ့ထားရ တော့သည်။ ကြာကူလီကောင်. . . မင်း မှတ်ပလား၊ သူ့စိတ်ထဲပျော်နေ၏။ အဲသည် ကြာကူလီကောင်ကပဲ ရဲဆွေလတ်ဘက် ခေါင်းကို ဖြည်းဖြည်းချင်း လှည့်ကြည့်ပြီး ဝိုင်းမှ ဖြည်းဖြည်းချင်းထကာ. . .

"အားလုံးပဲ သွားလိုက်ဦးမယ်. . . ကျွန်တော်က ထက်မြတ်အစ်ကို အရင်းပါ"

"ဗျာ"

အားလုံး မျက်လုံးတွေ ပြာဆင်းကုန်ကြပြီ။ ပြန်ခါနီး ရဲဆွေလတ် ယောက်ဖလောင်းက လုပ်လိုက်သေးသည်။ ထက်မြတ်ကိုစိုက်ကြည့်ပြီး နှင် ကြပ်ကြပ်သတိထားတဲ့. . . ထက်မြတ် ရှိုက်ခနဲ၊ ရှိုက်ခနဲငိုကာ ကျန်ခဲ့လေ တော့သည်။ ရဲဆွေလတ်တစ်ယောက်တော့ ငုတ်တုတ်မေ့သွားတော့၏။

“နင်က ဘာလို့ ငါတို့စဝင်ဝင်ချင်း မပြောတာလဲဟ”

“ပြောမလို့ပဲ. . . နင်တို့ကောင်တွေက ပြောခွင့်ပေးလို့လား၊ နောက် ပြောခွင့်ကြုံလို့ ပြောမလို့လုပ်တော့ ရဲဆွေလတ် စကားတွေကို ငါ့အစ်ကိုက သဘောပေါက်ပြီး ငါ့ကို အောက်ကနေ ခြေထောက်လာဖိထားတယ်ဟ. . . ငါ့ကို ဘာမှမပြောနဲ့ဆိုတဲ့သဘော ပေါ့. . . ငါလည်း ဘယ်ပြောရဲမလဲ. . . ရဲဆွေလတ်. . . နင်ကလည်း ငါ့မျက်နှာရိပ် မျက်နှာကဲကို နည်းနည်းလေးမှနားမလည်ဘူး. . . နင်ပြောချင်တာ စွတ်ပြောနေတော့တာပဲ”

ရဲဆွေလတ် မျက်နှာငယ်လေးနဲ့. . .

“ငါ. . . ငါ အစိုးရိမ်လွန်သွားလို့ပါဟာ”

“သေလိုက်ပါလား”

ရဲဆွေလတ် မျက်နှာငယ်လေးနဲ့ ဆက်ပြော၏။

“နင် အိမ်ရောက်တော့ အဆူခံရမှာပေါ့နော်”

အသံက ညှောင်နာနာနှင့် တစ်စက်မှ ကျက်သရေမရှိ။

“ဘာပြောကောင်းမလဲဟ. . . ရေရေလည်လည် ဆူတော့တာပေါ့. .





ငါဆို ငိုတောင်ငိုရတယ်. . . ငါ့အစ်ကိုကလည်း သူပြန်ရောက်ရောက်ချင်း ဒါမျိုးကြုံတော့ အရမ်းရှက်သွားတာ”

“နင့်မှာ အစ်ကိုရှိတာ ငါ့ကိုဘာလို့မပြောတာလဲ”

“နင့်ပဲ ငါက ဆွေစာရင်းမျိုးစာရင်း တင်ပြနေရဦးမှာလားဟ. . . နင့်ဟာနင် သိရမှာပေါ့”

“အဲဒါနဲ့ ဆက်ပြောပါဦးဟာ. . . နောက်ဆုံး ဘာဖြစ်သွားလဲ”

ဝေယံက မနေနိုင်၍ ဝင်မေးရတော့၏။

“ဘာဖြစ်ရမလဲ. . . ငါလည်း ဘယ်လိုမှရှင်းမရတဲ့နောက်ဆုံး ခေါင်း ညိတ်လိုက်ရတာပေါ့”

ရဲဆွေလတ်ခန္ဓာကိုယ်သည် အရက်သမား လက်ဖက်ရည်ကြမ်း သောက်ရသလို တွန့်ခနဲဖြစ်သွားကာ. . .

“ခေါင်း. . . ခေါင်း. . . ဘယ်. . . ဘယ်လိုညိတ်လိုက်တာလဲဟင်”

“သူ့နာမည် ရဲဆွေလတ်လို့. . . အဲဒါ အမေတို့ထင်သလိုပဲလို့ ပြော လိုက်ရတာပေါ့ဟဲ့. . . နင်လုပ်ခဲ့ပုံက ဟုတ်မှမဟုတ်တာ. . . ဒီအတိုင်းမပြော လို့ ငါ တစ်ရှက်က နှစ်ရှက်ထပ်ကွဲရုံရှိတော့မှာပေါ့”

“ဟင်. . . ဒါ. . . ဒါဆို နင်. . . နင်နဲ့ငါ ချစ်. . . ချစ်သူတွေဖြစ်. . . ဖြစ်သွားပြီပေါ့နော်. . . နင်. . . နင်. . . လက်ခံလိုက်ပြီပေါ့. . . ဟုတ်လား ဟာ. . . ပျော်လိုက်တာ ဟာ”

ရဲဆွေလတ် ‘ဟေး’ခနဲ အော်ကာ ထခုန်သည်။ ကျန်တဲ့သူတွေပါ အားလုံးကြောင်နေရာမှ ‘ဝေးဟေးဟေး’ဆို ဝိုင်းအော်ပြီး အားပေးကြတော့ ၏။ ထက်မြတ်ကတော့ ရှက်ပြီး ဖိုးဆုရင်ခွင်ထဲ ဝင်သွားပါတော့သည်။

“ဟား. . . ဟား. . . ”

“ဟော့ကောင်. . . မင်းဒီဘဝ မင်းကိုယူမယ့်သူပေါ်လာပြီ၊ မပူနဲ့တော့”

အားလုံးဝိုင်းပြီး ကောင်းချီးပေးကြတာတောင် သည်ကောင့်မျက်နှာက ထန်းလျက်ဆယ်အိုးလောက် မှောက်ထားသလို အချိုလွန်နေ၏။

"စား. . . စား. . . မင်းတို့ကြိုက်တာစား. . . ငါတို့ကြွေးမယ်. . . နော်. . . ထက်. . . မောင်တို့ နှစ်ယောက်ပေါင်းပြီး ဒီကောင်တွေကို ကြွေးလိုက်ရအောင်"

"ဘာမောင်လဲ. . . နင်နော် သေမယ်"

"ဖြန်း"

ပြောနေတာတောင်ကြာသေးသည်၊ ရဲဆွေလတ် ကျောကော့သွား၏။ နည်းတောင်နည်းသေးတယ် မသာ. . . သေချင်းဆိုး. . .

"ဟော့ကောင် သတိုး မင်းဘာဖြစ်နေတာလဲ. . . ရုပ်က မနာလိုဖြစ်နေတဲ့ ရုပ်နဲ့"

အေးကိုအသံကြောင့် သူလန့်သွား၏။ သူ ရဲဆွေလတ်ကို မနာလိုဖြစ်နေတာတော့မဟုတ်ပါ။ သူလည်း ပျော်ပါသည်။ သို့သော် သည်ကောင်တွေကိုကြည့်ပြီး သူ ဘာကိုမှန်းမသိ ခံစားနေရပါ၏။

"ငါ. . . ငါ. . . မင်းတို့ကိုကြည့်ပြီး တစ်မျိုးကြီးပဲကွာ"

အေးပါကွာ. . . ငါတို့သဘောပေါက်ပါတယ်. . . သဲလင်းဖြူလည်း ကျောင်းပြန်တက်တော့မှာပါကွာ. . . မင်းအဆင်ပြေမှာပါ၊ စိတ်ချ သူငယ်ချင်း ငါတို့တွေအားလုံး မင်းဘက်က ကူညီပေးမယ်"

သည်လိုလေးကြတော့လည်း စိတ်ထဲချမ်းမြေ့သွားပြန်သည်။ သဲရယ် ကိုယ့်ဘဝက အရပ်ကူပါ လူပိုင်းပါဖြစ်နေပြီကွာ။

❀ ❀ ❀

**သည်နေ့**

တနင်္ဂနွေနေ့ဖြစ်၍ ကျောင်းပိတ်၏။ ထိုနေ့သည် ရဲဆွေလတ်နှင့် ထက်မြတ်တို့ ချစ်သူဖြစ်ခြင်းအထိမ်းအမှတ်အဖြစ် အတီအလင်းသတ်မှတ်ကာ သူငယ်ချင်းတွေအားလုံးကို ယူနန်အသားကင်ဆိုင်မှာ ညနေစာလိုက်ကျွေးသည်။ သူငယ်ချင်းအားလုံး စုံသည်။ သဲလင်းဖြူပါ ပါသည်။ ချစ်သူလေးက မတွေ့တာကြာ၍ ပိုတောင်ချောလာသေး၏။ ထုံးစံအတိုင်း အဝအပြစားဖို့ မှာချင်တာတွေ စွတ်မှာကြ၍ စားပွဲကြီးတစ်ခုလုံး စားစရာတွေနှင့် ပြည့်နေတော့သည်။ အအေးပုလင်းတွေလည်း တန်းစီနေ၏။ သူ့ရှေ့က ကိုကာကိုလာဘူးလေးကို ဖောက်သောက်ပြီး ချစ်သူကိုတစ်ချက်လှမ်းကြည့်လိုက်၏။ ချစ်သူမျက်နှာမှာ အပြုံးတွေကိုတပ်ဆင်ထားသော်လည်း သိပ်မပီပြင်ဘူးလို့ ထင်မိ၏။ ချစ်သူ နေမှကောင်းရဲ့လား. . .

"ကဲ. . . အားလုံး ချီးယား(စ်)"

ကိုယ့်ရှေ့ကအအေးခွက် ကိုယ်ကိုင်ပြီး ကောင်းချီးပေး ဆုတောင်းပေးကြ၏။

"မင်းတို့ တစ်သက်မခွဲ. . . အိုအောင်မင်းအောင် ပေါင်းရပါစေဟာ"

"ဟော့ကောင်. . . ငါတို့ အတူတူမင်္ဂလာဆောင်မယ်နော်၊ ဒါမှ သား

သမီးတွေရရင် မိန်းကလေး. . . ယောကျ်ားလေးဆို ပြန်ပေးစားလို့ရအောင်"

ဝေယံက ဝင်နောက်၏။ ဖိုးဆုက ဝေယံ့ကိုလှမ်းရိုက်သည်။ အားလုံး ပျော်နေကြသည်။ မပျော်ဘဲရှိမလား၊ သည်အဖွဲ့ကြီး တစည်းတလုံးဖြစ်နေကြတာ ဘယ်လောက်ကျက်သရေရှိလိုက်သလဲ။ ဟော. . . မိုးညိုကတောင် အောင်ကိုဦးကို ညကျ ဖုန်းနဲ့အဖြေပေးမယ်လိုလို တောင်ဖြစ်နေပြီလို့ အောင်ကိုဦးကပြော၏။ အေးပေါ့လေ သူတို့လည်း အားကျမှာပေါ့. . . သူ့မှာသာ. . .။

"ကဲ. . . ကဲ. . . အားလုံးစားကြဟေ့. . . အားမနာနဲ့နော်. . . အများကြီးပဲ"

သူ အတွေးတွေ ပြတ်သွားတော့သည်။ အားမနာပါဘူး၊ အားလုံး အဝအပြတွယ်ကြတော့သည်။ စားနေရင်းက သူ ချစ်သူလေးကို လှမ်းလှမ်း အကဲခတ်၏။ မျက်နှာသိပ်မကောင်း၊ ဘာဖြစ်နေတာလဲ မစဉ်းစားတတ် တော့. . . ဘာတွေများဖြစ်နေလဲ ကောင်မလေးရယ်. . .

ည(၇)နာရီလောက်ထိုးတော့ အားလုံးလည်း စားလို့သောက်လို့ပြီး သွားကြပြီ။ စကားတွေလည်း ပြောလို့ကုန်သလောက်ရှိသွားပြီ။ နောက်ဆုံး တော့ ပြန်ဖို့ပဲရှိတော့သည့်အတွက် အားလုံး လမ်းခွဲထွက်ခဲ့ကြတော့၏။ ပြန် ခါနီး သူ ချစ်သူလေးနား အမိအရကပ်သွားပြီး. . .

"နှင်. . . နေမကောင်းဘူးလားဟင်"

"ကောင်းပါတယ်"

"နှင့်ကြည့်ရတာ မသာမယာနဲ့ သဲရယ်. . . ငါ. . . ငါ့ကို ပြောပြလို့ ရရင် ပြောပြပါလားဟာ"

သူမ သက်ပြင်းကိုအရှည်လျားဆုံးချပြီး သူ့ကိုကြည့်ကာ

"နှင် အင်္ဂါနေ့ အားလား"

"ငါ ကျောင်းသွားမှာလေ"

"အေး. . . အဲဒါဆို ဘွဲ့နှင်းသဘင်ရှေ့က စောင့်နေ. . . ငါလာခဲ့မယ်"





"ဟင်. . . နှင်. . . နှင်ကျောင်းပြန်တက်မယ်ပေါ့"

သူ အပျော်လွန်စွာ လက်ဝါးလေးပွတ်၍ပြောလိုက်တော့ သူမက သူ့ကို ရီဝေစွာကြည့်ရင်း. . .

"နှင်. . . စောင့်မှာသာ ဆက်ဆက်စောင့်နေပါ"

သူ ဘာမှဆက်မမေးဖြစ်တော့. . .

"ဘယ်နှနာရီ. . . ငါစောင့်နေရမှာလဲ"

❀ ❀ ❀

သူတို့ သူငယ်ချင်းငါးယောက်စုံသောစကားဝိုင်းသည် သည်တစ်ခါ အငြိမ်သက်ဆုံးဖြစ်သည်။ အားလုံး အတွေးကိုယ်စီနှင့် ကျောက်ရုပ်တွေလိုငြိမ်သက်နေကြ၏။ နေရာက အင်ယားကန်ပေါင်မှာ၊ အိမ်တွေမှာဆို ပြောရတာမလွတ်လပ်၊ ကျောင်းမှာဆိုလည်း မကောင်း၍ ဤနေရာလေးကို ရွေးချယ်ခဲ့ခြင်းပါ။ အင်းယားရေပြင်မှ တိုက်ခတ်သောလေသည် ငါးယောက်ကြား ကွေ့ပတ်စီးမျောသွား၏။

"သဲလင်းဖြူမှာ အိမ်ကသဘောတူထားတဲ့သူ ရှိနေပြီနဲ့တူတယ်"

အေးကိုစကားကြောင့် သူ့ခန္ဓာကိုယ် ဆတ်ခနဲတုန်သွားရသည်။ ဖြစ်မလာပါစေနဲ့. . .

"မဖြစ်နိုင်ဘူး အေးကို. . . တကယ်လို့ သူ့မှာ အဲဒီလိုရည်ရွယ်ထားသူရှိနေရင် ဖိုးဆု ငါ့ကို အစောကြီးကပြောမှာပေါ့"

ဝေယံ့စကားကြောင့် စိတ်အနည်းငယ်အေးသွားသော်လည်း ဒုံးဒုံးချမယုံနိုင်သေးပေ။

"ဒါဆို ဒီကောင့်ကို ဘာလို့ချိန်းသလဲ"

"အဖြေပေးမလို့နေမှာပေါ့"

"အဖြေပေးချင်ရင် ဒိုပြင်အဖြေပေးတဲ့နည်းတွေ အများကြီးပါကွာ. .





အခုဟာက ဒီကောင်ပြောပုံအရ အဖြေပေးမယ့်မျက်နှာမျိုး လုံးဝမဟုတ်ဘူးဝေယံ၊ သူ တစ်ခုခုကို အကြီးအကျယ်လျှို့ဝှက်ထားသလိုပဲ"

အုတ်ခုံလေးပေါ် တွင်ထိုင်နေသော ရဲဆွေလတ်က တစ်ခုခုကိုအပြင်းအထန်စဉ်းစားပြီး ဝင်ပြော၏။

"မပြောကောင်း မဆိုကောင်း. . . သဲလင်းဖြူမှာ သေမယ့်ရောဂါတစ်ခုခုများရှိနေလားမသိဘူး. . . ဥပမာ ရုပ်ရှင်တွေမှာ သိပ်ခေတ်စားနေတဲ့သွေးကင်ဆာလိုဟာမျိုးပေါ့ကွာ"

အားလုံး ခဏတော့ငြိမ်သွားကြသည်။ သို့သော် ယုတ္တိမရှိမှန်းသိ၍

"မဟုတ်လောက်ပါဘူးကွာ. . . သူ့ကြည့်ရတာ မာမာချာချာကြီးပါ။ တကယ်လို့ ရှိရင်လည်း ဖိုးဆုတို့သိရမှာပေါ့"

ဝေယံ့စကားကြောင့် အေးကိုက ဝင်ငေါ့၏။

"မင်းဖိုးဆုက အကုန်ပဲ လိုက်သိနေရမှာလားကွ"

ဝေယံကလည်း မခံ. . .

"ဟ. . . ဟေ့ကောင်. . . သူတို့တွေက ငယ်ငယ်လေးကတည်းက ညီအစ်မတွေထက်တောင် ချစ်လာကြတာ. . . တစ်ယောက်အကြောင်း တစ်ယောက် အကုန်သိတယ်. . . မပြောချင်လို့သာ မပြောဘဲနေမယ်၊ မသိဘူးဆိုတာ မဖြစ်နိုင်ဘူး"

"ကဲ. . . ထားပါတော့. . . မင်း ဖိုးဆုကိုမေးတော့ ဟိုကဘာပြောလဲ"

"ငါ ညက သူနဲ့ဖုန်းပြောတုန်းက မေးကြည့်တယ်. . . သူလည်း လုံးဝမသိဘူးတဲ့. . . သူတို့လည်း သဲလင်းဖြူ အရိပ်အခြည်ပျက်နေတာ သိကြတယ်. . . အခုထိ သူတို့ဘာမှမသိသေးဘူး"

အားလုံးငြိမ်သွားကြပြန်သည်။ ခဏနေတော့. . .

"ကဲ သတိုး. . . မင်းဘယ်လိုလုပ်မလဲ"

သူ သက်ပြင်းကို မသိမသာခိုးချပြီး. . .

"ဘာတတ်နိုင်မလဲကွာ. . . မနက်ဖြန်ကျမှ အဖြေသိရတော့မှာပဲ"

အားလုံး သက်ပြင်းကုယ်စီချကာ ငြိမ်သွားကြပြန်၏။

"တကယ်လို့သာ. . . မင်းအတွက် အဆိုးဆုံးအခြေအနေဆိုရင်ကော မင်းရင်ဆိုင်ဖို့ အသင့်ရှိပြီလား"

အေးကိုစကားက မေးသင့်မေးထိုက်သော စကားပင်။ သူ့အတွက်လည်း ကြိုတင်ပြင်ဆင်ထားရန်လိုသော အခြေအနေ. . .

"ငါ. . . မင်းပြောတာနားလည်တယ်. . . အကယ်၍ အဆိုးဆုံးဖြစ်လာရင်တောင် ငါပြုံးပြုံးလေး ပြန်လာခဲ့ပါမယ်ကွာ"

"မင်း သေချာလို့လား"

"ငါ သူ့ရှေ့မှာ စိတ်ညစ်မပြချင်ဘူးကွာ"

"မင်းမခံစားရဘူးပေါ့"

သူ ချက်ချင်း ဘာမှမပြောသေးဘဲ စိတ်ကိုအတည်ငြိမ်ဆုံး အရင်ထိန်းလိုက်ကာ အင်းယားရေပြင်ကို တစ်ချက်ကြည့်၍. . .

"မင်း ငါ့အကြောင်း အကုန်သိနေတဲ့လူဆိုရင်. . . ဒီလိုစကားမျိုး ပြောဖို့တောင်မသင့်ဘူး အေးကို"

အေးကိုမျက်နှာက အလွန်အားနာသွားပြီး. . .

"ဟာ. . . ငါပြောတာ အဲဒီလိုမဟုတ်ဘူး သူငယ်ချင်း၊ မင်း အရမ်းခံစားရပြီး တစ်ခုခုလျှောက်လုပ်မိမှာစိုးလို့ပါ"

သူ ခေါင်းညိတ်ပြလိုက်ပြီး. . .

"ငါ ယောကျ်ားတစ်ယောက်ပါ. . . သူငယ်ချင်းတို့ရာ. . . အဲဒီလို ပစ်စလက်ခတ်လုံးဝဖြစ်မသွားစေရဘူး စိတ်ချပါ. . . ငါ့စိတ် ငါနိုင်ပါတယ်"

အေးကို သက်ပြင်းချကာ

"အေးပါကွာ. . . ငါတို့က အဆိုးဆုံးအခြေအနေကို တွက်ထားတာပါ အကောင်းဆုံးဖြစ်လာမယ်လို့လည်း ဘယ်သူပြောနိုင်မှာလဲ"

စကားဝိုင်းက သည်မှာတင်အဆုံးသတ်ပြီး ထိုညသည် နီရဲတောက်ကာ ကောင်းကင်မှာ သွေးရောင်လွှမ်းနေတော့သည်။



ဘွဲ့နှင်း သဘင်ရှေ့ လှေကားထစ်တွင် ဂျင်းဘောင်းဘီ ခပ်စုတ်စုတ်တစ်ထည်၊ ရှပ်အင်္ကျီတစ်ပတ်နွမ်းတစ်ထည်နှင့် ကတ္တီပါဖိနပ်စီးကာ လွယ်အိတ်ကို ဘေးတိုက်လွယ်ထားသော လူငယ်တစ်ယောက်ရပ်နေသည်။ သူသည် လှေကားအတိုင်း အလျားလိုက် ဟိုဘက်လျှောက်လိုက် သည်ဘက် လျှောက်လိုက်၊ လက်မှနာရီကြည့်လိုက်နှင့် ဂနာမငြိမ်လည်းဖြစ်နေရ၏။ ခပ်လှမ်းလှမ်းမှ ကျောင်းသူတစ်အုပ်ကတောင် သူ့အမူအရာကို အမြင်ကတ်လာ၍ တစ်ချက်တစ်ချက် လှမ်းလှမ်းနောက်နေသည်။ သို့သော် သူမမှုပေ၊ သူ့ရင်ထဲမှာဘာမျှမရှိ ဟာလာဟင်းလင်းဖြစ်နေသည်၊ ထိုသို့ ဗလာမဲ့ခန္ဓာကိုယ်ကိုထမ်းပြီး ဂနာမငြိမ်ဖြစ်နေသောသူ့ကို ငြိမ်သက်သွားစေသော အကြောင်းတစ်ခုက ရုတ်ခြည်းပေါ်လာတော့သည်။ သူ ခန္ဓာကိုယ် မတ်ခနဲရပ်သွားသည်။ လက်မှဆေးလိပ်တိုကို တောက်ထုတ်လိုက်ပြီး ခပ်လှမ်းလှမ်းမှာရပ်သွားသောကားလေးကို မမှိတ်မသုန်စိုက်ကြည့်နေလိုက်၏။ ကောင်မလေးတစ်ယောက် ဆင်းလာသည်။ ထိုကောင်မလေးသည် ဘွဲ့နှင်းသဘင်လှေကားအတိုင်း တစ်ထစ်ချင်းတက်လာပြီး ခုန သူမကို မျက်တောင်မခတ်စိုက်ကြည့်နေသည့် ကောင်လေးရှေ့တွင် ခြေအစုံကိုရပ်ပစ်လိုက်ကာ. . .

"နင် ရောက်နေတာကြာပြီလား"

အသံက ဆည်းလည်းသံလိုချိုသော်လည်း သဲကန္တာရကို ဖြတ်သန်းလာသလို ပူပြင်းရှတနေသည်။

"မကြာသေးပါဘူး"

သူမ သက်ပြင်းကို ဟင်းခနဲချပြီး. . .

"ငါ အခုပြောမယ့်စကားကို နင်သေချာနားထောင်ပါ။ ပြီးရင် နင် ငါ့ကိုမုန်းလိုက်လို့ရသလို. . . ဒီနေရာမှာတင် နင် ဆွဲထိုးချင်လည်းထိုးလို့ရတယ်. . . ဒါပေမဲ့ စကားကိုတော့ ဆုံးအောင်နားထောင်ပါ"

ကောင်မလေး၏စကားကြောင့် ထိုလူငယ်၏ခန္ဓာ တစ်ချက်ဆတ်ခနဲတုန်ခါသွားကာ. . .

"နင်. . . နင်. . . ပြောမယ့်စကားဟာ. . . အဲဒီလောက် အရေးကြီးလို့လား သဲရယ်"

ကောင်မလေးက ခေါင်းကို ဆတ်ခနဲညိတ်ပြပြီး. . .

"တစ်သက်လုံးအတွက်အရေးကြီးတယ် သတိုး. . . နင် နားထောင်"

ကောင်လေး ပတ်ဝန်းကျင်မှအသံတွေ ချက်ချင်းပျောက်သွားသည်။ သူ့ရှေ့က ကောင်မလေးအသံသာ ကြားနေရတော့၏။ ကောင်မလေး၏အသံ တစ်လုံးချင်း ပွင့်ထွက်လာတော့သည်။

"ငါ ဒီကျောင်းကို စတက်တော့ အဲဒီကိစ္စတွေလုံးဝငါမသိသေးဘူး၊ နောက်ပြီး နင် ငါ့ကိုရည်းစားစကားပြောပြီး နောက်ရက်မှာပဲ ငါ့အမေက ငါ့ကို အဲဒီအကြောင်းခေါ်ပြောတယ်၊ ငါအရမ်းစိတ်ညစ်သွားတယ်. . . ငါ နင်တို့ကိုလည်း ပြောမထွက်ဘူး၊ ငါတို့အားလုံး ပျော်ရွှင်ချမ်းမြေ့နေတဲ့ ဒီအဖွဲ့လေးထဲမှာ ငါ့ကြောင့် လုံးဝစိတ်မဆင်းရဲစေချင်ဘူးဟာ. . . နောက်ပြီး ငါကိုယ်နှိုက်ကလည်း မသေချာသေးဘူးထင်လို့ပါ. . . အခုတော့ လုံးဝသေချာသွားပြီ သတိုးရယ်"

"ဘာ. . . ဘာလဲဟင်"





"ငါ. . . နိုင်ငံခြားကို သွားရတော့မယ်ဟာ"

"ဟာ. . ."

ကောင်လေး စိတ်ပျက်လက်ပျက် ခေါင်းငိုက်ကြသွားကာ

"ဘယ်နိုင်ငံလဲ. . . ဘယ်လောက်ကြာမှာလဲဟင်"

"နိုင်ငံကတော့ အင်္ဂလန်၊ ကြာမှာကတော့ တစ်သက်လုံးနီးပါးပဲ သတိုးရယ်"

ကောင်လေးခန္ဓာသည် အရုပ်ကြိုးပြတ်ထိုင်ကြသွားကာ မျက်နှာကို လက်ဝါးနှင့်အုပ်ပစ်လိုက်တော့၏။ ဒါပေမဲ့ သူ မငိုပါ။ သူမငိုအောင်လည်း သူ့စိတ်သူထိန်းထားသည်။ အတင်း မရမကထိန်းထား၏။ ကောင်မလေးက ကောင်လေးဘေးနားတွင်ထိုင်၍ ကောင်လေးလက်ကို ဆုပ်ကိုင်ဖယ်ရှားပစ်လိုက်၏။

နှစ်ဦးလုံး မျက်လုံးများ အရောင်လဲ့ကာ မျက်ရည်ကြည်တွေဝေ့နေကြသည်။ ကောင်လေးကတော့ မျက်ရည်စက်မကျအောင် ထိန်းထားနိုင်၍ ကောင်မလေးက မထိန်းနိုင်ဘူးထင်သည်။ မျက်ရည်တစ်စက် ကောင်လေးလက်ခုံပေါ် ပေါက်ခနဲပြုတ်ကျ၏။

"ငါ. . . ငါ့ကိုခွင့်လွှတ်ပါ သတိုးရယ်၊ ငါ. . . ငါ. . . နင့်ကို စိတ်ထိခိုက်အောင်လုပ်ခဲ့တာ လုံးဝမဟုတ်ပါဘူးဟာ. . . ကြိုးရှည်ရှည်နဲ့လှန်ထားတာလည်းမဟုတ်ဘူး. . . ငါ. . . ငါ့ကို ဆွဲထိုးချင် ထိုးလိုက်ပါ သူငယ်ချင်းရယ်"

ကောင်လေး မျက်ရည်ကြည်များကြားမှ လဲ့လဲ့လေး ပြုံးရောင်သန်းလာသည်။ ကောင်မလေးပါးပြင်ပေါ်မှ မျက်ရည်စက်တွေကို ကောင်လေးက သူ့လက်မလေးနှင့်သုတ်ပေးပြီး. . .

"ငါ. . . နင့်ကို မုန်းဖို့ချစ်ခဲ့တာမှမဟုတ်တာ သဲလင်းဖြူ. . . ငါ့အချစ်ကို နင် အထင်မသေးပါနဲ့ဟာ. . . တကယ်တော့ ငါဆိုတဲ့ကောင်က မတန်မရာမှန်းခဲ့လို့ ဒီလိုခံစားရတာပါ၊ ဒါ ဖြစ်ထိုက်တဲ့အကြောင်းတရားပါ

သဲလင်းဖြူရယ်၊ ဖြစ်လည်းဖြစ်သင့်ပါတယ်၊ ဒီလိုပဲ ငါနဲ့နင်ဘဝက အခု မဖြစ်လည်း နောင်အကြောင်းတစ်ခုခုကြောင့် ဒီလိုပဲ ကွဲရဦးမှာပဲ၊ မိုးနဲ့မြေကို ဆွဲစေ့လို့ ဘယ်ခေတ်ကမှမစွမ်းဆောင်နိုင်ခဲ့သေးပါဘူးဟာ. . . ဒါ ကံကြမ္မာရဲ့အဆုံးအဖြတ်ပါ။ ငါကျေနပ်ပါတယ်. . . ငါ နင့်ကိုလုံးဝမမုန်းဘူး သိလား။ ဟဲ. . . ဟဲ. . . ဒါပေမဲ့ ငါက လူကသာ နိုင်ငံခြားကို အနဲ့တောင်မရှူဖူးတာ ငါ့နှလုံးသားက အင်္ဂလန်တောင်ရောက်ဦးမှာဟာ. . . ဘာဖြစ်လို့လဲ သိလား"

ကောင်မလေး ကြောင်ကြည့်ပြီး ခေါင်းခါပြသည်။

"နင်နဲ့အတူ ပါသွားလို့လေ"

"အို. . ."

ကောင်မလေးထံမှ ရှိုက်သံသဲ့သဲ့ထွက်လာတော့သည်။ ခေါင်းငုံ့ထား၍ မျက်ရည်ကိုတော့မမြင်ရသော်လည်း ကြမ်းပြင်ကို မျက်ရည်စက်တွေ ပေါက်ခနဲ ပေါက်ခနဲ ကျနေတော့၏။ ကောင်လေး ဖြည်းညင်းစွာ ထရပ်ပြီး. . .

"နင် ဘယ်တော့သွားမှာလဲဟင်"

"မနက်ဖြန်. . ."

ကောင်လေး သက်ပြင်းကို လေးတွဲစွာချရင်း. . .

"ငါ လုံးဝလိုက်မပို့တော့ဘူးနော်"

ကောင်မလေး ဘာမှပြန်မပြော၊ ကောင်လေးက ဆက်ပြော၏။

"ငါသွားတော့မယ် သူငယ်ချင်းရယ်. . . နင်တကယ်လို့ မြန်မာနိုင်ငံကို ပြန်လာခဲ့လို့ရှိရင် မြန်မာပြည်မှာ ဘယ်အချိန်မဆို သူများတွေသာ မရှိရင်နေမယ် ငါအမြဲရှိနေမယ်ဆိုတာကို သတိရလိုက်ပါဟာ"

ကောင်လေးပြောပြီး ချာခနဲလှည့်ထွက်သွားတော့၏။ တက္ကသိုလ်ကျောင်းတော်ကြီးတွင် အခြားကျောင်းသားများကတော့ ပုံမှန်လှုပ်ရှားလျက်ရှိသည်။ ထိုနေ့သည် မိုးအလွန်အုံ့၍ နေရောင်ခြည်မှာ ညိုတိုတိုအဆင်းနဲ့ ပြုံဆင်းနေပါတော့၏။





ဝင်ခဲ့ပါ. . .
သင်လုပ်ချင်ရာလုပ်ပြီး. . .
ပြန်ထွက်သွားပါ။

ယမ်းပေါ်ဆပ်

# ခြောက်နှစ်ခန့်ကြာသော...



အေးမြသော လေနုအေးတစ်ချက် လှုပ်အခတ်တွင် တောင်ဇလပ်ပန်းတို့ ယိမ်းနွဲ့လှုပ်ခတ်သွားကြ၏။ မိုးကုတ်စက်ဝိုင်းအစွန်းလောက်တွင် ငှက်တစ်အုပ် နှိုးကိုဖြတ်၍ပျံသန်းလာကြသည်။ မကြာခင် နေ့တစ်နေ့ကို ပုံမှန်လည်ပတ်ပေတော့မည်။ အရာအားလုံးသည် နှောင်းအတိတ်မှာကျန်ခဲ့သော်လည်း သူ့အတွက်တော့ မနေ့တစ်နေ့ကလို အမှတ်ရနေဆဲပါ။ သူ သက်ပြင်းတစ်ချက်ကို အားရပါးရချလိုက်၏။ မျက်နှာပြင်ရှေ့က လေထုတွင် နှင်းခိုးနှင်းငွေ့တို့ ပလူပျံအောင် ဝေ့ဝိုက်တက်သွားလေသည်။ သတိုး ခေါင်းစွပ်ကို နားအထိအုပ်အောင်ဖုံး၍ ချင်းရိုးမ၏ ဆောင်းဒဏ်ကို အံတုနေလိုက်၏။

တောင်တန်းကြီးတွေပေါ်မှ လူသွားလမ်းကလေးများနှင့် ကျောက်ကမ်းပါးများဘေးတွင် ကပ်တယ်တည်ဆောက်ထားသော အိမ်လေးများက နှင်းမှုန်များအောက်တွင် ငွားငွားစွင့်စွင့် လှနေပါတော့သည်။ ဘယ်နေရာကြည့်ကြည့် ရှုမဆုံးသည့်အလှများနှင့် ပြည့်နှက်နေသည့် သည်နေရာသည်ဒေသသည် သူ့အတွက်တော့ လွမ်းငွေ့ဝေစရာတွေနှင့်သာ ပြည့်ဝနေတော့၏။ တစ်ခါတစ်ခါ သူငယ်ချင်းတွေကိုလွမ်းသည်။ သည်ကောင်တွေ

ချို့လည်း ဘယ်မှာနေလို့ နေကြမှန်းမသိတော့ပေ။ နောက်ဆုံးနှစ်ဖြေပြီး တည်းက ကွဲသွားလိုက်ကြတာ ဘွဲ့ယူတုန်းကတောင် အကုန်မတွေ့ရ တော့ပေ။ အေးကိုက နိုင်ငံခြားသင်္ဘောလိုက်သွားသည်။ ဝေယံနဲ့ ဖိုးဆုက က်ထပ်လိုက်ကြပြီး တစ်နှစ်လောက်ကြာတော့ ဩစတြေးလျရှိ အမျိုး တွေဆီ ပြောင်းသွားကြောင်းကြားရ၏။ ရဲဆွေလတ်နဲ့ ထက်မြတ်ကတော့ န်ကုန်မှာပဲရှိသေး၏။ သို့သော် သူတို့နှင့်လည်း သိပ်မတွေ့ဖြစ်ပါ။ သူတို့ လည်း ဘဝပင်လယ်ရုန်းကန်နေရ၍ အားတယ်လို့တောင်မရှိလှ။ အောင်ကို းတို့ စုံတွဲတော့ ရှမ်းပြည်မှာလိုလိုကြားရ၏။ မြို့တော့ အတိအကျမသိ။ ဲဆွေလတ်ပြောပုံအရတော့ စီးပွားရေး အတော်ကောင်းနေသည်ဟု ကြား ရသည်။ ဘွဲ့ယူတုန်းက သူနဲ့ရဲဆွေလတ်တို့လင်မယားသာ သွားဆုံ၍ သူငယ် ချင်းတွေအကြောင်းစုံကို သိရခြင်းပါ။ နောက်မို့ဆို သိရမှာတောင်မဟုတ်။ ကျန်တဲ့ကောင်တွေကတော့ အကုန်လုံး အဝေးရောက်ဘွဲ့တွေယူကြသည်။ ရှာတစ်ယောက်ကတော့ အခုထိ အပျိုကြီးပင်။ အေးကိုကို စောင့်နေသလား သိ။ သူတို့နှစ်ယောက်ကိုတော့ ဖြစ်စေချင်သည်။ အဖွဲ့လေးထဲ ဒီနှစ်ယောက် သာ ကျန်တော့သည်။ ဒါပေမဲ့ အေးကိုဆိုတဲ့ကောင်ကလည်း သိတဲ့အတိုင်း ကြောင်ကြောင်ရယ်၊ အခုလည်း ဘယ်နိုင်ငံဆိပ်ကမ်းကပ်ပြီး ကဲနေလည်း သိပေ။

သတိုး ကျောင်းကြီးက သူငယ်ချင်းတွေအကြောင်း တွေးရင်း စ်ယောက်တည်း ပြုံးနေမိတော့သည်။

"ဆရာ. . . မြို့က ဧည့်သည်ရောက်နေတယ်"

လာခေါ်သည့် ကျောင်းသားလေးကိုကြည့်ပြီး သူအံ့သြသွား၏။ ည်လို ဝေးလံခေါင်ဖျားသည့် ချင်းရွာတစ်ရွာမှ မူလတန်းဆရာလေး စ်ယောက်ထံ ဘယ်ကဧည့်သည်ရောက်လာသနည်း။ သူ နားကြားလွဲတာ တော့ မဖြစ်နိုင်၊ သူ လာခေါ်သည့်ကျောင်းသားလေးကို ခေါင်းညိတ်ပြ ိုက်ပြီး နောက်မှလိုက်ခဲ့လိုက်တော့သည်။ စိတ်ထဲမှာတော့ ရှုပ်ထွေးနေဆဲ





နားနေဆောင်ထဲဝင်လိုက်ရင်ပဲ ကိုယ့်မျက်လုံးကို မယုံနိုင်အောင် အံ့သြတကြီးဖြစ်သွားရ၏။

"ဟင်. . . နွေးနွေး. . . နင်. . . နင်ဘယ်လိုလုပ် ဒီရောက်လာတာ လဲဟင်"

"ငါ ဒီမှာတာဝန်ကျတယ်လေဟယ်. . . ငါလည်း အခု ဆရာမဖြစ်နေ ပြီဟ"

"ဟေ. . . ဟုတ်လား. . . ငါတောင် မသိပါလားဟ. . . အရိုးလေး လည်း ငါ့ကိုဘာမှမပြောဘူး"

"အေး ဟုတ်တယ်. . . ငါလည်း နင်ဒီမှာရှိတယ်လို့သိရတာနဲ့ ဒီကို ချက်ချင်းလိုက်လာတာဟ. . . လျှောက်ထားတာတော့ကြာပြီ အခုမှ(Posting) ပို့စတင်းကျတာ"

"အေးဟာ. . . ဘာပဲဖြစ်ဖြစ် ပျော်စရာကြီးပေါ့. . . ငါအရမ်းဝမ်းသာ တယ်ဟာ. . . ဒါနဲ့ ခဏတော့စောင့်ဦးဟာ. . . ငါ အတန်းတစ်ချက်ဝင်စရာ ရှိနေလို့. . . ခဏလေးပါ. . . ငါမကြာဘူး ပြန်လာမှာ"

သူ တကယ်ပျော်သွားတာပါ။ အထီးကျန်ဆန်တဲ့ သူ့ဘဝကြီးထဲကို သည်လိုသူငယ်ချင်းလေးတစ်ယောက် ရောက်လာတာ အားရစရာပါပဲ။ ဘာမှမဆိုင်ပါပဲနှင့် သူ သဲလင်းဖြူကို သတိရလိုက်သေးသည်။ သူရော နေထိုင်ကောင်းရဲ့လား၊ ဟိုမှာ အဆင်ရောပြေရဲ့လားမသိပေ။ ခွဲခွာခဲ့ရသည့် နှစ်တွေလည်း အတော်ကြာသွားပါပြီ။ စစ်မှန်သော မေတ္တာတရားနဲ့ သူ တကယ်သတိရပါသည်။ တစ်ခါတလေ ကျောင်းတော်ကြီးနှင့် သူငယ်ချင်း တွေကို လွမ်းစိတ်က ဘယ်လိုမှဖျောက်ဖျက်မရပေ။

"မင်္ဂလာပါ. . . ဆရာကြီး"

ကျောင်းသားလေးတွေ နှုတ်ဆက်သံကြားတော့မှ အတွေးပြတ်သွား ကာ သူ စာသင်ကျောင်းခန်းထဲ ရောက်မှန်းမသိရောက်နေမှန်း သိလိုက်ရ တော့၏။ သူ ပညာတွေကို အစွမ်းကုန် အန်ချသင်ပေးလိုက်၏။ နောင်လာ

မည့် သားကောင်းလေးတွေကတော့ သူတို့ဆရာလေးသင်သမျှ တစ်လုံးမကျန် လိုက်မှတ်နေကြသည်။ ဆရာကောင်းတပည့်လေးများပါပေ။ သို့သော် သူတို့ ဆရာလေးမှာ ဟိုစဉ်က ရင်ကွဲဖွယ် အချစ်ဇာတ်လမ်းလေးတစ်ပုဒ် ရင်ဝယ် ပိုက်ထားခဲ့ရတယ်ဆိုတာ သူတို့သိနိုင်မှာတော့မဟုတ်ပေ။ လေယာဉ်သံ ကြားတိုင်း သူ ကောင်မလေးပြန်ပါလာမလားလို့ ကောင်းကင်ကို မော့ကြည့် နေတာသာ သူတို့လေးတွေသတိထားမိရင် သူတို့ဆရာလေးအကြောင်း သိကောင်းသိလာပါလိမ့်မည်။ တောင်ဇလပ်ပန်းတွေကတော့ ပွင့်နေကြတိုင်း ဖူးပွင့်နေဆဲပါပေ။

**ကြိုးစားလျက်**
**မိုးဆက်လင်းထက်**

## တော်ဝင်မြို့စာအုပ်တိုက်မှ ရရှိနိုင်သောစာအုပ်များ


၁။ လေရူးသုန်သုန် — နံ့
၂။ ကမ္ဘာသစ်ရဲ့ ဖန်ဆင်းရှင် ဘီသိုဝင် — ရန်နောင်ဦး
၃။ ဂဏန်းများနှင့် ကခုန်ခြင်း — အောင်ကျော်
၄။ ရွှမ်ပဲလားရှားပုံတော် — လှမိုး(ပညာရေး)
၅။ ကဝေမျိုး၏ နိဒါန်း — အကြည်တော်
၆။ ဘီလူး — အကြည်တော်
၇။ ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် — အကြည်တော်
၈။ ရွှေမိုးသည်း — အကြည်တော်
၉။ နတ်နေကိုင်း — အကြည်တော်
၁၀။ မိုးတိမ်ပုံမြင် — အကြည်တော်
၁၁။ မြှုတ်ထွက်သွားသော ကျောနှိုးဆစ်ကလေးများ — အကြည်တော်
၁၂။ အသည်းကွဲနှစ်ဆယ့်လေးနာရီ — အကြည်တော်
၁၃။ ယောကျ်ားနှင့် တစ်ထောင့်တစ်ည — အကြည်တော်
၁၄။ အိမ်မက်အပိုင်းခွဲ-၉ — အကြည်တော်
၁၅။ ဒိုတန်းအောင်ဘီလူး — အကြည်တော်
၁၆။ နေတစ်ခြမ်းလတစ်ခြမ်း — အကြည်တော်
၁၇။ အပြစ်ကင်းတဲ့ချစ်ခြင်းမေတ္တာ — ကိုဆန်း+အေမင်းဆက်
၁၈။ အင်္ဂလိပ်လိုပြောမလို့လား - ၂ — ချစ်မူ
၁၉။ စီးပွားရေးဓာတ်ပုံပညာနှင့် မြင်ပွဲဝင်ဓာတ်ပုံပညာ — တက္ကသိုလ်နိုးဝင်း
၂၀။ ခေတ်မီစီးပွားဖြစ်ဓာတ်ပုံအတတ်ပညာ — တက္ကသိုလ်နိုးဝင်း
၂၁။ အိုင်အိုခင်းကိုကိုကြီးနှင့် — အကြည်တော်
၂၂။ နေနီနီ — ဝိမိုးနှင်း
၂၃။ ဝေလီဝေလင်းချစ်သူ — မိုးဆက်လင်းထက်
၂၄။ အိမ်မက်ပန်းအလွမ်းနှင်းဆီ — ညိုနှင်းအိမ်
၂၅။ ရသစာတမ်းများ — ပေါ်ဦးအိမ်
၂၆။ ဦးကောင်များ — အကြည်တော်
၂၇။ ကုလားအုတ်တွေနေတဲ့ တဲ — သာရွှေပြ
၂၈။ နှစ်ဂဏန်းရဲ့ပဥ္စလက် — ညိုနှင်းအိမ်
၂၉။ ကျွန်တော်ချစ်သူပြောသော သူ့ချစ်သူအကြောင်း — အကြည်တော်
၃၀။ ရတနာသုံးပါး၏ နိဒါန်းနှင့်နိဂုံး — ဂုဏ်ခင်ခင်လေး
၃၁။ အချစ်ရဲ့နကွတ် — မြည့်နိုင်မှူးအိမ်
၃၂။ ဓ — အကြည်တော်
၃၃။ လွန် — မိုးဆက်လင်းထက်
၃၄။ ဝဇီကိုင်နှင့် ဟာသဝတ္ထုတိုများ — ကုသ
၃၅။ သဏ္ဍာမပြောက် နတ်သမီး — မြည့်နိုင်မှူးအိမ်
၃၆။ ဇီးနပ်စ်ရဲ့ တတိယတောင်ပံ — မိုးဆက်လင်းထက်
၃၇။ အောင်မြေ — အကြည်တော်